အမှတ်စဉ် (၂၉)

# ၃၁ ဘုံကိုရှာဖွေခြင်းနှင့်အတူ

## လင်းသစ်

စိစစ်ဝေဖန်ရေး ဓမ္မစာစု



မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ပုံရိပ်နှင့်သဏ္ဌာန်ကိုရှု သတိပြု

၂၉၈၈၈

ခမ္မစာပေများ ထုတ်ဝေရေးကို
စီစဉ်ဆောင်ရွက်ပေးသော ဆရာကြီးဦးလေးမြိုင်
(စည်သူလေးမြိုင်)၊ (အမျိုးသားစာပေ
ဘဝတစ်သက်တာဆု) ရကို အမှူးထားကာ

နှုလုံးလှစာပေတိုက်၏
ကွယ်လွန်သူ ကျေးဇူးရှင် ဖခင်ကြီး ဦးချစ်အောင်
(၁၉၃၃-၁၉၈၆) အား ရည်စူး၍

သား ဒေါက်တာရွှေထွန်းအောင်+ဒေါက်တာ အိအိမင်း၊ မသန့်ရတီအောင်၊ မလင်းဝတီအောင် (နှုလုံးလှစာပေမိသားစု)၊ ခမ္မစာပေထုတ်ဝေသူ၊ ပါဝင်ရေးသား ပေးကြသော ဆောင်းပါးရှင် ခမ္မကလောင်ရှင်များ၊ တည်းဖြတ်ပြုပြင်ပေးသော အယ်ဒီတာအဖွဲ့ဝင်များ၊ စွဲမြဲစွာဖတ်ရှုအားပေးကြသော စာဖတ်ပရိသတ်များ၊ ခမ္မစာပေများ ထုတ်ဝေဖြန့်ချိရေး ဆောင်ရွက်ပေးကြသော ဝန်ထမ်းများ၊ မိသားစုများ. . . အားလုံး၏ ခမ္မဒါန။

ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

အမှတ် ၂၉၈၈၈
၁၈.၁.၁၈
ရက်စွဲ

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၄ - ခုနှစ်၊ ဇန်နဝါရီလ၊ အုပ်ရေ - ၅၀၀။

တန်ဖိုး - ၂၀၀၀ ကျပ်

မျက်နှာဖုံးပန်းချီ - သာတင့်ထက်

ကွန်ပျူတာစာစီနှင့် ဂရပ်ဖစ် - စောဝင်း (လုပ်အား)

ဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကေရီ

ဦးရွှေထွန်းအောင် (၀၂၀၇) လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊
ကန်တော်ကလေး၊ ရန်ကုန်မြို့က မျက်နှာဖုံးနှင့် အတွင်းစာသားများ
ရိုက်နှိပ်၍ ဦးရွှေထွန်းအောင် (၀၁၅၂၂) နှလုံးလှစာပေ၊
အမှတ် ၅၊ လမ်း ၁၀၀၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည်။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း ( CIP )

၂၉၄.၃

လင်းသစ်

၃၁ ဘုံကို ရှာဖွေခြင်းနှင့်အတူ / လင်းသစ် ။

- ရန်ကုန် ၊ နှလုံးလှစာပေ ၊ ၂၀၁၃ ။

၂၀၀ - စာ ၊ ၁၂.၉ × ၂၀ စင်တီ ။

(၁) ၃၁ ဘုံကို ရှာဖွေခြင်းနှင့်အတူ

နှလုံးလှ ဓမ္မစာစဉ်
အမှတ်စဉ် ( ၂၅ )

# ၃၁ ဘုံကိုရှာဖွေခြင်းနှင့်အတူ

## လင်းသစ်

နှလုံးလှစာပေ

အမှတ် ၅၊ လမ်း ၁၀၀၊ လွတ်လပ်ရေးရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၂၉၀၉၈၁/(၀၉) ၇၃၀၄၂၀၀၁

# မာတိကာ


| | |
|---|---|
| စိစစ်ဝေဖန် အမြင်မှန် | ၆ |
| တဖျပ်ဖျပ်လူးလွန့်စိတ် | ၈ |
| အလင်း၌သာရှိပါစေ | ၁၇ |
| အလင်း၌သာရှိပါစေ ( ၂ ) | ၂၃ |
| သိမ်မွေ့သောအမှားများနှင့် ပညာရှိသတိဖြစ်ခဲ | ၃၀ |
| ကြည်ညိုကိုးကွယ်ခြင်းနှင့်လိုက်ဖက်သော အပြောအဆိုအရေးအသား | ၃၈ |
| ၃၁ ဘုံကို ရှာဖွေခြင်း | ၄၆ |
| လေတို့သည်မတိုက် မြစ်တို့သည်မစီး | ၅၆ |
| ဗုဒ္ဓသာသနာ ကြာလရှည်ကြာ တည်ပါစေသော် | ၆၂ |
| မယုံကြည်အပ် ယုံကြည်အပ် | ၇၀ |

# မာတိကာ


| | |
|---|---|
| မြင်ခြင်း၏အကန့်အသတ်များနှင့် မြင်းမိုရ်တောင် | ၈၁ |
| ဘီလုံးလေလော သိမ်းငှက်လော | ၉၂ |
| မှိုဝဲအပ်သော ဒေါမနဿဝေဒနာ | ၁၀၁ |
| ရေမှုတ်တစ်ဖက်ဖြင့် ငြိမ်းမရသည့် ဘက်စုံမီးစရှင် | ၁၁၃ |
| သတိပဋ္ဌာန်လေးပါး ပွားများခြင်းအကျိုး | ၁၂၂ |
| ဓမ္မလော အဓမ္မလော | ၁၂၉ |
| ဗုဒ္ဓဟောကြားသော နိဗ္ဗာန်တရားတော် | ၁၄၃ |
| ကာမဂုဏ်တို့၏အပြစ်များနှင့် မဂ်ဖိုလ်ချမ်းသာ | ၁၅၄ |
| ဓမ္မကိုသိသူ အဓမ္မကိုဖြန့်ချိသူ | ၁၆၄ |
| စကားကြီးခြောက်ခွန်းသည်သာ | ၁၇၈ |
| အကုသိုလ်ကံများသည် အမှီတံကဲဖြစ်-မဖြစ် | ၁၈၇ |

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### စိစစ်ဝေဖန် အမြင်မှန်

နိုင်ငံအသီးသီး၏ ကိုယ်ပိုင်ယဉ်ကျေးမှုများသည် ထိုနိုင်ငံတွင် နေထိုင်ကြသော ပြည်သူအများစု၏ ကိုးကွယ်ရာဘာသာတရားအပေါ်တွင် တည်မှီဖြစ်ထွန်းလာကြသည်ဟု ဆိုနိုင်ပါသည်။ ဤသို့ဆိုလျှင် ဘာသာတရားကို သိနားလည်မှ ပြည်သူကို နိုင်ငံကို ယဉ်ကျေးမှုကို အတွင်းကျကျ နားလည်သိမြင်နိုင်မည်ဟု မှတ်ချက်ပြုရပါမည်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူထု၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာပေါ်တွင် တည်မှီကာ ဖြစ်ထွန်းကြီးကျယ်လာခဲ့ပါသည်။ ဗုဒ္ဓဘာသာအကြောင်းကို သေချာဂနသိမထားသူသည် မြန်မာနိုင်ငံအကြောင်း ထဲထဲဝင်ဝင် မသိနိုင်ပါ။ မြန်မာနိုင်ငံအကြောင်း မသိပါဘဲနှင့် မြန်မာပြည်သူ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်နေပါသည်ဟုဆိုလျှင် ကျေနပ်ဖွယ် လက်ခံနိုင်ဖွယ် မရှိသေးပါ။ အထူးသဖြင့် နိုင်ငံကို ရှေ့ဆောင်လမ်းပြပြုနေကြသည့် စာပေအနုပညာရှင်များ၊ နိုင်ငံရေးသမားများနှင့် နယ်ပယ်အသီးသီးမှ လူသိများထင်ရှားနေသူများ၏ ဘာသာရေးအသိအမြင်မှာ ကြည်လင်မှန်ကန်နေဖို့လိုအပ်လှပါသည်။

ဗုဒ္ဓဘာသာသည် အလွန်နက်နဲသိမ်မွေ့လှပါသည်။ တစ်ခဏချင်းနှံ့စပ်သိမြင်ရန်မှာ မဖြစ်နိုင်ပါ။ ထို့ကြောင့် မိမိလက်လှမ်းမီသမျှကလေးဖြင့် ဗုဒ္ဓဘာသာအကြောင်း သိနားလည်လေပြီဟုထင်လျှင် အမှားဘက်သို့ ဦးတည်သွားနိုင်ပါသည်။ အမှန်လမ်းကြောင်း အဖြောင့်အတွက်မူ ဆရာကောင်းလိုအပ်ပါသည်။

ဆရာကောင်းကို မိမိအစွဲအလမ်းဖြင့်တွေးလျှင် တွေ့နိုင်မည်မဟုတ်ပါ။ နာမည်ကျော်တိုင်း၊ ဘွဲ့ဂုဏ်ထူးများတိုင်း ဆရာကောင်းမဟုတ်နိုင်ပါ။ ဆရာကောင်းသည် မိတ်ဆွေကောင်းဖြစ်ပါသည်။ မိတ်ဆွေကောင်းသည် မိမိဘဝခရီးတစ်ခုလုံးအတွက် အပြည့်အဝအရေးပါလှပါသည်။ မိတ်ဆွေကောင်းဟုတ်-မဟုတ် မည်သို့သိနိုင်မည်နည်း။ အဖြေကို ဆရာလင်းသစ်၏ ယခုစာအုပ်တွင် တွေ့ရပါလိမ့်မည်။

ယနေ့အချိန်အခါတွင် လူတို့သည် နာမည်ဂုဏ်ဒြပ်နှင့် လာဘ်လာဘတို့၏နောက်သို့ လိုက်နေကြသဖြင့် မိတ်ဆွေကောင်းနှင့် ဝေးနေကြရှာပါသည်။ နာမည်ကြီးသူ ထင်ရှားသူတို့၏ ဟောပြောမှု၊ ရေးသားမှုများကို ဘုရားစကားတော် (ပိဋကတ်တော်) နှင့် ညီ၏-မညီ၏ တွေးဆချင့်ချိန်ခြင်း မပြုနိုင်ကြဘဲ လက်ခံယုံကြည်မိသဖြင့် အကျိုးနည်းစရာများ ဖြစ်ပေါ်နေပါသည်။ ဤသည်ကို လျစ်လျူရှုမထားနိုင်သော ဆရာလင်းသစ်က ဓမ္မရံသီမဂ္ဂဇင်း၊ ဓမ္မရတနာမဂ္ဂဇင်းတို့တွင် ဆောင်းပါးများဖြင့် ဝေဖန်ထောက်ပြအသိပေးထားပါသည်။

နာမည်ကြီးသူတို့ကို ဝေဖန်လေလျှင် နာမည်ကြီးအောင်လုပ်ယူသည်ဟု အများက စွပ်စွဲတတ်ကြပါသည်။ ဆရာလင်းသစ်၏ ဤသို့ နာမည်ကြီးအောင် လုပ်ယူခြင်းလော. . .။ သို့တည်းမဟုတ် ဆရာလင်းသစ် ဝေဖန်ထားသော တရားဟောဆရာများ၊ စာရေးဆရာများကပင် ဗုဒ္ဓ၏ တရားဓမ္မလမ်းကြောင်းမှ အမှန်တကယ် သွေဖည်နေသည်လော. . .။

စာဖတ်သူများအနေဖြင့် ဆရာလင်းသစ်၏ ယခုစာအုပ် "သုံးဆယ့်တစ်ဘုံကိုရှာဖွေခြင်း" ကို ဖတ်ရှု၍ အဖြေရှာကြည့်ကြစေလိုပါသည်။

မြန်မာနိုင်ငံသားများ မိတ်ဆွေကောင်းတွေ့နိုင်ကြစေရန် မိမိနိုင်ငံ၊ ပြည်သူ၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ကြစေရန် ရည်သန်၍ နှလုံးလှစာတည်းအဖွဲ့မှ စီစဉ်တင်ဆက်လိုက်ပါသည်။

မြင့်ဇော်

## တဖျပ်ဖျပ်လူးလွန့်စိတ်

(၁၆၊ ဇွန်လ၊ ၂၀၁၀-ထုတ် . . . ဂျာနယ်ပါ "မာရ်နတ် သို့မဟုတ် မိမိစိတ်" ဟူသော ဆောင်းပါးကို ဖတ်မိ၍ ဤဝေဖန်ချက်ဆောင်းပါးကို ရေးပါသည်။)

( ၁ )

ထိုဆောင်းပါးတွင် စာရေးဆရာကြီးက -

"အမှန်တရားကိုကြည့်ပါဟု ဗုဒ္ဓက မိန့်ဆိုထားသည်။ အမှန်တရားက တစ်နေရာရာကို ရွေ့မသွားပါနှင့်။ အမှန်တရားကို မျက်နှာလွှဲမသွားပါနှင့်။ အမှန်တရားနှင့် တသီးတခြားစီဖြစ်အောင် လှုံ့လပြုသည်နှင့်တစ်ပြိုင်နက် လမ်းမှားသွားလိမ့်မည်"ဟု ရေးသား ဖော်ပြထားသည်။

ဆရာကြီးဆိုလိုသော အမှန်တရားဆိုသည်မှာ ဘယ်လိုအမှန်တရား ကိုဆိုသနည်း . . . ။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထသစ္စာ လေးမျိုးကိုပင် ဆိုလိုသလော. . . ။

ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်းတရား၊ ဒုက္ခချုပ်ရာ၊ ဒုက္ခချုပ်ကြောင်းအကျင့် ဟူသော (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ) သစ္စာ လေးပါးအမှန်တရားကိုပင် ဆိုလိုပါသလော. . . ။

ဗုဒ္ဓကမိန့်ဆိုထားသည်ဟု သုံးထားသော်လည်း ဘယ်ကျမ်း၊ ဘယ်ပိဋကတ်၌ မိန့်ဆိုထားသည်ဟူ၍ ကိုးကားချက်ကို ဖော်ပြမထားပါ။

"ဗုဒ္ဓက အမှန်တရားကိုကြည့်ပါဟု မိန့်ဆိုထားသည်" ဟု ဆိုရာတွင် အမှန်တရားဟူသည် သာမန်မျက်စိဖြင့် ကြည့်မြင်၍၊ သာမန်အတွေးဖြင့် တွေးထင်၍ရသည်ဟု ဆိုလိုရိပ်ထွက်နေပါသည်။ ဝေါဟာရအသုံးအနှုန်း လေးနက်မှု မရှိပါ။ ဤဝေါဟာရဖြင့် တရားတော်၏ အနက်အဓိပ္ပာယ်ကို မထိတွေ့နိုင်ဟု ထင်မြင်မိပါသည်။

"အမှန်တရားကို မျက်နှာလွှဲမသွားပါနှင့်" ဟု ဆိုရာ၌ကား မမြင်ချင်၍ မျက်နှာလွှဲသွားသည်ဟူသော အနက်အဓိပ္ပာယ်မျိုး ကောက်ယူနိုင်ပါသည်။

ဗုဒ္ဓသည် ဤသစ္စာလေးပါး အမှန်တရားကို ဆရာမကူဘဲ မိမိကိုယ်တိုင် ထိုးထွင်းသိမြင် ဟောကြားနိုင်ရန်အတွက် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီများကို ဖြည့်ကျင့်ခဲ့ရပါသည်။ ဆရာကြီးက "မျက်နှာလွှဲမသွားပါနှင့်" ဟု အလွယ်ပြော ပြောထားပါသည်။ အမှန်တရားကို နဂိုကပင် မျက်နှာချင်းဆိုင် တွေ့နှင့်ထားဘိသကဲ့သို့ အဓိပ္ပာယ်ရောက်ပါသည်။ သစ္စာလေးပါးကို သိမြင်ရန်အတွက် ပါရမီဖြည့်ကျင့်ခဲ့ရခြင်းများကို မသိကျိုးကျွန်ပြုသကဲ့သို့၊ မျက်ကွယ်ပြုလိုက်သကဲ့သို့ ဖြစ်နေပါသည်။

လောဘ၊ မောဟ အဖိစီး ခံနေကြရ၍ အနိစ္စကိုပင် နိစ္စ၊ ဒုက္ခကိုပင် သုခ၊ အနတ္တကိုပင် အတ္တ၊ အသုဘကိုပင် သုဘဟု အထင်အမြင်မှားကာ သံသရာဝဋ်ဆင်းရဲ၌ အဖန်ဖန်တလဲလဲ ပြေးသွားကျင်လည်နေကြရသော သတ္တဝါများအား "အမှန်တရားကို မျက်နှာလွှဲမသွားပါနှင့်၊ အမှန်တရားနှင့် တသီးတခြားဖြစ်အောင် လှံ့လပြုလိုက်သည်နှင့် တစ်ပြိုင်နက် လမ်းမှားသွားလိမ့်မည်" ဟူသော တရားစကားကို ဟောကြားပေးသည်ဟု ဆိုခြင်းသည် သင့်လျော်လျောက်ပတ်ခြင်း ရှိနိုင်ပါ၏လော။

ထိုသတ္တဝါတို့တွင် အမှန်တရား(သစ္စာတရား) ကို မျက်မှောက်ပြုနိုင်ရန် လှံ့လထုတ်ကျင့်ကြံသူက အမှန်တရားနှင့် တသီးတခြားဖြစ်အောင် အဘယ်ကြောင့် လှံ့လပြုမည်နည်း။

ဆရာကြီးသည် သူ၏ ကိုယ်ပိုင်အတွေးအခေါ်များကို ဤသို့ ထည့်သွင်းရေးသားထားပါသည်။ နောက်ရေးသော စာပိုဒ်များတွင် ပိုထင်ရှား လာပါလိမ့်မည်။

( ၂ )

ဒုတိယအပိုဒ်၌ -

"ရေကန်ထဲကယူပြီး မြေကြီးပေါ်ပစ်ချလိုက်သော ငါးသည် တဖျပ်ဖျပ် ခုန်နေသည်။ ထိုနည်းအတိုင်းပင် မာရ၊ သို့မဟုတ် မာရ်နတ်၏ထောင်ချောက်ထဲက ထွက်လာသော စိတ်သည်လည်း တဖျပ်ဖျပ် လူးလွန့်နေသည်။ ဗုဒ္ဓ၏မိန့်မှာချက်သည် ထိုခေတ် ထိုအခါက ဘာသာစကားဖြင့်ပြောသော မိန့်မှာချက်ဖြစ်သည်။

"ယခုခေတ် ဘာသာစကားဖြင့် ပြောရမည်ဆိုလျှင် ရေကန် ထဲကထုတ်ပြီး မြေကြီးပေါ်ပစ်ချလိုက်သည်ဟု ဆိုရာ၌ ရေကန် ဟူသည်မှာ အမှန်တရားကိုဆိုလိုခြင်း ဖြစ်သည်။ ငါးဟူသည်မှာ လူ့ဘဝကိုဆိုလိုခြင်း ဖြစ်သည်။ လူ့ဘဝကို အမှန်တရားထဲမှ ထုတ်ပစ်လျှင် လူ့ဘဝသည် တဖျပ်ဖျပ်လူးနေရလိမ့်မည်" ဟု ဆက်ရေးထားပါသည်။

ဤ၌ ဆရာကြီးသည် "ယခုခေတ်ဘာသာစကားဖြင့် ပြောရမည် ဆိုလျှင်" ဟုဆိုပြီး သူ၏ထင်မြင်ယူဆချက်များကို မူရင်းတရားတော်မှ လွဲဖယ်၍ ဖော်ပြပါသည်။ 'ရေကန်'ကို 'အမှန်တရား' ဟု လွဲမှားစွာ တွေးခေါ် ပြီး 'ငါး' ကိုလည်း လူ့ဘဝဟု ကောက်ယူလိုက်ပါတော့သည်။

အမှန်ကား -

ဤတရားတော်မှာ ဓမ္မပဒပါဠိတော်၊ စိတ္တဝဂ်၊ မေဃိယတ္ထေရဝတ္ထု၌ ဟောကြားအပ်သောတရားတော် ဖြစ်ပါသည်။

"ရေတည်းဟူသော မှီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချအပ်သောငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသမာရ်

ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏" ဟု ဆဋ္ဌသင်္ဂါယနာတင်ပိဋကတ်တော်၊ ခုဒ္ဒကပါဌပါဠိတော် မြန်မာပြန်ကျမ်း (စာမျက်နှာ-၁၈) ၌ တွေ့နိုင်ပါသည်။

အင်္ဂုတ္တရနိကာယ်၊ ဒုကနိပါတ် (နှစ်ပါးစုတရားများအပိုင်း)၊ သဒ္ဓမ္မသမ္မောသသုတ်တွင်-

"မကောင်းသဖြင့်ထားအပ်သော ပုဒ်၊ ဗျည်းနှင့် မကောင်းသဖြင့်သိအပ်သော အနက်တို့သည် သူတော်ကောင်းတရား ပျက်စီးကွယ်ပျောက်ခြင်း၏ အကြောင်းများဖြစ်သည်။ ပုဒ်၊ ဗျည်းကို မကောင်းသဖြင့် ထားအပ်သည်ရှိသော် အနက်ကိုလည်း မကောင်းသဖြင့် သိအပ်မည်သာဖြစ်၏" ဟု ဟောထား၏။

အင်္ဂုတ္တရနိကာယ်၊ တေတ္တိံသတိမသုတ်၌ -

"အကြင်ရဟန်းတို့သည် မြတ်စွာဘုရား မဟောသောစကားကို မြတ်စွာဘုရားဟောသောစကားဟု ပြကုန်၏။ မြတ်စွာဘုရား ဟောသောစကားကို မြတ်စွာဘုရားဟောသောစကားမဟုတ်ဟု ပြကုန်၏။ ထိုရဟန်းတို့သည် လူနတ်ဗြဟ္မာများစွာတို့အတွက် ဆင်းရဲခြင်းငှာ ကျင့်ကုန်၏။ များစွာသော မကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်းတရားကိုလည်း ကွယ်ပျောက်စေကုန်၏" ဟုလည်း ဟောထား၏။

ဆရာကြီးသည် သူတော်ကောင်းတရား ကွယ်ပျောက်စေသူတစ်ဦးဖြစ်ကြောင်း ထင်ရှားပါလိမ့်မည်။

## ( ၃ )

ဆရာကြီးက -

"ဗုဒ္ဓလည်း နောက်ဆုံးနာရီရောက်ခါနီးအချိန်၌ ယင်းအဖြစ်မျိုးပင် ဖြစ်ပေါ်သည်။ မာရ၊ သို့မဟုတ် မာရ်နတ် ပေါ်လာသည်။ မာရ၊ သို့မဟုတ် မာရ်နတ်သည် စိတ်ဖြစ်သည်။

"စိတ်က 'အာသာဆန္ဒကို မစွန့်လွှတ်ပါနှင့်။ သင် ခြောက်နှစ် တိတိရှာနေရင်း မောဟိုက်ပင်ပန်းနေပြီ။ ရှာသည့်အတွက် မည်သည့် အရာမှ ရလိမ့်မည်မဟုတ်ပေ။ ရှာမှီးခြင်းသည် လမ်းပျောက်မည့် အခြေအနေကို ဖန်တီးခြင်းသာဖြစ်သည်။ တစ်နေရာရာ ရောက် သွားလိမ့်မည်မဟုတ်' ဟု ပြောသည်။ မာရ၊ သို့မဟုတ် မာရ်နတ်၊ သို့မဟုတ် စိတ်က ပြောပြနေသည်။

"သို့သော်လည်း ဗုဒ္ဓသည် မာရ၊ သို့မဟုတ် မာရ်နတ် ပြောပြ သည်ကို နားမထောင်ဘဲ မိမိလုပ်စရာရှိသည်ကို ဆက်လုပ်နေသည် ဖြစ်၍ လွတ်မြောက်ငြိမ်းချမ်းမှု ရသွားသည်" ဟု ရေးထားပါသည်။

နေရဉ္ဇရာမြစ်ကမ်းအနီး အဇပါလမည်သော မဟာဗောဓိညောင်ပင် အောက်၌ ဘုရားအလောင်းတော် တရားကျင့်စဉ် ဘုရားဖြစ်ခါနီးအချိန်၌ ဝင်ရောက်နှောင့်ယှက်သော မာရ်နတ်၏ပြောစကားကို ဖော်ပြထားသည်ဟု ယူဆရပါသည်။

မာရ်နတ်သည် ယခုဆရာကြီးရေးသကဲ့သို့ ပြောသည်ဟူ၍ကား မိမိ မဖတ်ဖူး၊ မမှတ်မိဖူးပါ။ မာရ်နတ်သည် နတ်စစ်သည်အပေါင်းဖြင့် အပရာ ဇိတပလ္လင်ကိုလုရန် ချီလာသည်ဟုသာ မှတ်သားမိပါသည်။

ခုဒ္ဒကနိကာယ်၊ သုတ္တနိပါတ်၊ မဟာဝဂ်လာပဓာနသုတ်၌ -

"ကာမတို့ကို သင်၏ ပထမစစ်သည်ဟူ၍ ဆိုရ၏။ မမွေ့လျော် ခြင်းကို ဒုတိယစစ်သည်ဟူ၍ ဆိုရ၏။ ---မိမိကိုယ်ကို ချီးမြှောက်မှု၊ သူတစ် ပါးတို့အား ရှုတ်ချမှုကို ဒသမစစ်သည်ဟု ဆိုရ၏။. . .

"မာရ်နတ် ငါသည် ထက်ဝန်းကျင်အရပ်မှ စစ်တိုက်ရန်ထွက်လာ သော စစ်သည်ဗိုလ်ပါအပေါင်းကို မြင်ရသောကြောင့် ငါ့ကို တည်နေရာမှ မရွေ့လျောပါစေလင့်ဟု (နှလုံးသွင်း၍) ဂိရိမေခလာဆင်နှင့်တကွဖြစ်သော မာရ်နတ်ကိုစစ်ထိုးရန် ရင်ဆိုင်ခဲ့၏။ သင်၏ အကြင်စစ်သည်ဗိုလ်ပါအပေါင်း ကို နတ်နှင့်တကွသော လောကသည် ခုခံနိုင်စွမ်းမရှိပေ" ဟူ၍လည်းကောင်း၊

တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရေးသားသော မဟာဗုဒ္ဓဝင်၌ -

"မာရ်နတ်သားသည် 'အို. . . သိဒ္ဓတ်မင်းသား၊ သင်သည် ငါ၏ဥစ္စာ ဤအပရာဇိတပလ္လင်တော် နေရာ၌ အဘယ်ကြောင့်ထိုင်နေသနည်း။ အို. . . သိဒ္ဓတ်မင်းသား၊ ယခုပင်လျှင် ရတနာပလ္လင်မှ အလျင်အမြန်ထသွားလော့' ဟု ပြောဆို၏။ (သူ၏ နတ်စစ်သည်များကိုလည်း သက်သေခံစေ၏။)

"ဗုဒ္ဓက 'ဟယ်-မာရ်နတ်၊ သင်ကား သင့်ပရိသတ်ကို မတရား သက်သေခံစေခဲ့လေပြီ။ ဤမြေကြီးကား သင့်အားလည်းကောင်း၊ ငါ့အား လည်းကောင်း သမာသမတ်ညီမျှသောမြေကြီး ဖြစ်ချေသည်။ စေတနာလည်း မရှိ။ ထိုသို့ သင်နှင့်ငါတို့အဖို့ သမာသမတ်ညီမျှ၍ လုံးဝစေတနာမရှိသော မဟာပထဝီဤမြေကြီးသည် ယခုပင်လျှင် ငါ၏သက်သေဖြစ်ပေလတ္တံ့.'။

"ထို့နောက် လက်ယာလက်တော်ဖြင့် မဟာပထဝီမြေကြီးကို ရှေးရှု ညွှန်ပြတော်မူလေ၏။ ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက် ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟည်းလေ၏။

"မာရ်နတ်သားလည်း အားထားကိုးကွယ်ရာ မရှိ၊ အလွန်အမင်း ကြောက်လန့်ရကား---ဦးတည်ရာသို့ ရှေးရှုပြေးလေတော့၏။

"မြတ်စွာဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ နေမဝင်မီပင် မာရ်နတ်ကို အောင်မြင်တော်မူ၍ ထိုနေ့ ညဥ့်ဦးယံဝယ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံဝယ် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံဝယ် အာသဝက္ခယဉာဏ်တည်းဟူသော ဝိဇ္ဇာဉာဏ်သုံးပါးကို အစဉ်အတိုင်းရတော်မူ၍ ဘုရားအဖြစ်သို့ ကဆုန်လပြည့်နေ့ မိုးသောက်ယံ တွင် ရောက်ရှိတော်မူလေ၏" ဟု လည်းကောင်း တွေ့ရပါသည်။

ဆရာကြီးရေးသကဲ့သို့ မာရ်နတ်ပြောသော စကားလုံးဝေါဟာရများ မပါရှိကြပေ။ ဆရာကြီးရေးသားချက်နှင့် ကွဲလွဲနေပါသည်။

( ၄ )

ဆက်၍ ထိုဆောင်းပါး၌ပင် -

"ရေကန်ထဲကထုတ်ပြီး မြေကြီးပေါ်ပစ်ချလိုက်သော ငါးသည် တဖျပ်ဖျပ်လူးနေသလို သင်တို့လည်း စိတ်တဖျပ်ဖျပ် ဖြစ်နေသည်။ အမှန်တရားနှင့် သစ္စာတရား=ရေကန်အပြင်ဘက်က လိုချင်တောင့်တ၊ အာသီသ=ရေကန်ပေါင်ပေါ်တွင် တဖျပ်ဖျပ်လူးနေသည်။ စိတ်အပေါ် မကောင်းဆိုးဝါး ဖိစီးနေသည်။

". . ဖြစ်လိုသည့် အာသီသ ရှိနေသည်။ . . လောကီလူ့ဘဝ၌နေပြီး လွတ်မြောက်ငြိမ်းချမ်းမှုရလိုသည့်ဆန္ဒ ရှိနေသည်။. . . ဖြစ်လိုသည့်အာသီသသည် မာရ (သို့) မာရ်နတ်ဖြစ်သည်။. . . ဖြစ်လိုသည့် အာသီသ=ကန်ပေါင်ပေါ်၌ ငါးကဲ့သို့ တဖျပ်ဖျပ်လူးနေကြသည်။

". . . အနီးအနား၌ပင် အမှန်တရားပင်လယ် ရှိနေသည်။ အမှန်တရားပင်လယ်ထဲ ရောက်သွားသည်နှင့် တဖျပ်ဖျပ် မလူးတော့ဘဲ လွတ်မြောက်ငြိမ်းချမ်းမှု ရရှိသွားသည်" ဟု အဆုံးသတ်ထားပါသည်။

ဆရာကြီးသည် မူရင်းတရားတော်၏ အနက်နှင့်တကွ နိမိတ်ပုံသင်္ကေတပြုထားသော စကားလုံး ဝေါဟာရများအားလုံးကို ကိုယ်ထင်သလို ကပြောင်းကပြန်လုပ်လိုက်ရုံမျှမကသေးဘဲ သူ့တွေးခေါ် ယူဆချက်များကိုပါ ထပ်မံဖြည့်စွက်ထားလိုက်ပါသေးသည်။

မူရင်းတရားတော်ကို ပြန်ဖော်ပြပေးပါဦးမည်။

"ရေတည်းဟူသော မှီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချအပ်သောငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသမာရ်ကိုယ်တွင်းရန်ကိုပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏" ဟူ၍ ဖြစ်ပါသည်။

ဤတရားတော်၌ ဤစိတ်အရ အဘယ်စိတ်ကို ယူသင့်ပါသနည်း။

မဇ္ဈိမနိကာယ်၊ လဋုကိကောပမသုတ်၌ -

"ဥဒါယီ၊ ပထမဈာန်၌ ဝိတက်ဝိစာရ မငြိမ်းသေး။ ထို့ကြောင့် ယင်းကို တုန်လှုပ်တတ်သောတရားဟု ငါဆို၏။ ဒုတိယဈာန်၌ ပီတိသုခ မငြိမ်းသေး။ ထို့ကြောင့် ယင်းကို တုန်လှုပ်တတ်သောတရားဟု ငါဆို၏။ တတိယဈာန်၌ ဥပေက္ခာ သုခမငြိမ်းသေး။ ထို့ကြောင့် ယင်းကို တုန်လှုပ်တတ်သော တရားဟု ငါဆို၏။ စတုတ္ထဈာန် ကိုကား မတုန်လှုပ်သောတရားဟု ငါဆို၏" စသည်ဖြင့် ဟောထားသည့်ပြင် -

"ပထမဈာန်ဝင်စားသူအား ကာမသညာတို့၏ ချုပ်ငြိမ်းသည်ဖြစ်၍ ကာမနယ်ပယ်မှ ထုတ်ဆောင်၍ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏" ဟု ဆိုရာတွင် ထိုပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန် ဝင်စားနေသောစိတ်ကို ဆိုလိုသည်ဟု သိမှတ်ရပါမည်။

## ( ၅ )

ဆရာကြီးထင်မြင်သကဲ့သို့ ရေကန်သည် အမှန်တရားနှင့် သစ္စာတရားကို နိမိတ်သင်္ကေတပြုထားခြင်း မဟုတ်။ ငါးသည် လူ့ဘဝကို ခိုင်းနှိုင်းထားခြင်း မဟုတ်ပါ။

ကန်ပေါင်ဆိုသည့်အရာသည် ဆန္ဒအာသီသကို ရည်ညွှန်း၏ဟုလည်း မပါပါ။ မကောင်းဆိုးဝါးဆိုသည့်အရာသည် ဆန္ဒအာသီသကိုပင် ရည်သွှန်း၏ဟုလည်း မပါပါ။


ဆရာကြီးက အာသာဆန္ဒကို ကန်ပေါင်ဟု ဆိုထား၏။ မကောင်းဆိုးဝါးဟုလည်း ဆိုလိုက်ပြန်သည်။ မာရ၊ သို့မဟုတ် မာရ်နတ်ဟုလည်း ဆိုပြန်ပါသည်။ မိမိ၏စိတ်ဟုလည်း ဆိုပြန်ပါသည်။

ဆရာကြီး၏ အတွေးအခေါ်များကို ချုပ်ကြည့်သောအခါ "လွတ်မြောက်ငြိမ်းချမ်းခြင်း (နိဗ္ဗာန်) ကိုရလိုခြင်းသည်လည်း မာရ၊ သို့မဟုတ် မာရ်နတ်ဖြစ်သည်ဟူသောအချက်နှင့် လွတ်မြောက်ငြိမ်းချမ်းခြင်း (နိဗ္ဗာန်)ကို

မလိုချင်မှုသာ လွတ်မြောက်ငြိမ်းချမ်းခြင်း (နိဗ္ဗာန်) ကို ရနိုင်သည်ဟူသော အချက်တို့ကို တွေ့မြင်လိုက်ရပါသည်။ ဆရာကြီးသည် ကာမစ္ဆန္ဒနှင့် ဓမ္မစ္ဆန္ဒ ဤနှစ်ခုကိုပင် ခွဲခြား၍ နားမလည်သေးဟူသောအချက်ကိုလည်း တွေ့မြင်လိုက်ရပါသည်။

ဆရာကြီးသည် တရားတော်ကို မိမိအယူအဆများဖြင့် မွမ်းမံအပ်သည်ဟုထင်မြင်ပြီး ပြင်ဆင်လိုက် ဖြည့်စွက်လိုက်လုပ်၍ သံသရာရေယဉ်ကြီးထဲ၌ ပျော်ပါးကျက်စားရင်း ဒိဋ္ဌေဂယဝဲဂယက်ထဲ၌ ပျက်စီးရပေတော့မည်။ ၎င်းဒိဋ္ဌေဂယဝဲဂယက်သည် "အမှန်တရားပင်လယ်" မဟုတ် ဟူ၍ သိမြင်နိုင်ပါဦးမည်လော။

*၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဓမ္မရံသီမဂ္ဂဇင်း*



## အလင်း၌သာရှိပါစေ

ဖေဖော်ဝါရီလ၊ ၂၀၁၁-ခုနှစ်ထုတ် မနောမယဂျာနယ်တွင် "သမ္မာဒိဋ္ဌိနှင့် သမ္မာသက်ပွ" ဟူသောဆောင်းပါးကို ဖတ်မိပါသည်။ ဆောင်းပါးတွင်-

"သမ္မာဒိဋ္ဌိ၏အဓိပ္ပာယ်သည် အမြင်အမျိုးမျိုးမှ လွတ်မြောက်ခြင်းဖြစ်သည်။ ဘက်လိုက်သောအမြင်မှ လွတ်မြောက်ခြင်းဖြစ်သည်။ . . . ဘက်လိုက်ခြင်းကင်းသော ပွင့်လန်းနေသောအမြင်ဖြစ်သည်။ ကြေးမုံပြင်ကဲ့သို့ အညစ်အကြေးကင်းရှင်းသော ကြေးမုံပြင်ကို အမြင်မျိုးဖြစ်သည်။

"သစ္စာတရားကိုသာ မြင်ရသောအမြင် ဖြစ်သည်။ သစ္စာတရားကို မည်ကဲ့သို့ကြည့်မြင်နိုင်မည်နည်း။ ကြေးမုံပြင်တွင် ဖုန်မှုန့်များ ကပ်နေလျှင် တစ်ဖက်စောင်းနင်းဖြစ်နေလျှင် အရောင်တင်ထားလျှင် သစ္စာတရားကို မည်ကဲ့သို့ မြင်နိုင်ပါမည်နည်း။ ထို့ကြောင့် သမ္မာဒိဋ္ဌိ၏အဓိပ္ပာယ်မှာ အခြားအမြင်မျိုး မရှိခြင်းဖြစ်သည်။

"သမ္မာဒိဋ္ဌိသည် ဟိန္ဒူအမြင်လည်း မဟုတ်ပေ။ မွတ်ဆလင်အမြင်လည်း မရောက်ပေ။ ခရစ်ယာန်၏အမြင်လည်း မဟုတ်ပေ။ အားလုံး၏အမြင်မှ ကင်းလွတ်နေသည်။ ထိုအချိန်ကျမှသာ သစ္စာတရားကို တွေ့မြင်ရလိမ့်မည်။ ယင်းအင်္ဂါရပ်သည် သမ္မာဒိဋ္ဌိဖြစ်သည်" ဟု ရေးသားဖော်ပြထားပါသည်။

ဝေဖန်ချက်ကိုမရေးမီ မြတ်စွာဘုရားဟောတော်မူသော သမ္မာဒိဋ္ဌိကို ဖော်ပြပေးပါမည်။ မြတ်စွာဘုရားက -

"ရဟန်းတို့၊ မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဆင်းရဲကိုသိသောဉာဏ်၊ ဆင်းရဲဖြစ်ကြောင်းကို သိသောဉာဏ်၊ ဆင်းရဲချုပ်ငြိမ်းရာကို သိသောဉာဏ်၊ ဆင်းရဲချုပ်ငြိမ်းရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်ကို သိသောဉာဏ်ပင်တည်း။ ရဟန်းတို့၊ ဤသည်ကို မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ဟု ဆိုအပ်၏" (သံယုတ်၊ တတိယတွဲ၊ ဝိဘင်္ဂသုတ်၊ စာ-၈) ဟု ဟောထားပါသည်။

ဘုရားဟောနှင့်ဆောင်းပါးရှင်၏ဖွင့်ဆိုချက် ကွဲလွဲပုံကို စာဖတ်သူများ မြင်နိုင်ကြပါပြီ။

ဆောင်းပါးရှင်က "သမ္မာဒိဋ္ဌိသည် ဟိန္ဒူအမြင်လည်း မဟုတ်ပေ၊ မွတ်ဆလင်အမြင်လည်း မရောက်ပေ၊ ခရစ်ယာန်၏အမြင်လည်း မဟုတ်ပေ။ အားလုံး၏အမြင်မှ ကင်းလွတ်နေသည်" ဟု ရေးပါသည်။

ဤ၌ အဘယ်ကြောင့် "ဗုဒ္ဓ၏အမြင် (သို့) ဗုဒ္ဓ၏တရား" ဟု မပြောပါသနည်း . . .။ ထို့အတူ "ဗုဒ္ဓဘာသာတို့၏အမြင် (ဝါ) တရား" ဟုလည်း အဘယ်ကြောင့် မဖော်ပြပါသနည်း . . .၊ ထိုသို့ရေးရမည်ကို ဘက်လိုက်သည်ဟု ထင်နေသည်လော. . .။ သို့ဖြစ်လျှင် အဘယ်ကြောင့် ဗုဒ္ဓ၏တရားကို ခေါင်းစဉ်တပ်၍ ရေးသားဖော်ပြနေပါသနည်း. . ဟု မေးခွန်းတို့ ပေါ်လာပါသည်။

"အားလုံး၏အမြင်မှ လွတ်ကင်းနေသည်" ဟု ဆိုခြင်းသည် ဗုဒ္ဓဟောကြားသောတရားမဟုတ်၊ မိမိ၏ထွင်လုံး၊ တွေးလုံးမျှသာပေလော။

"(သမ္မာဒိဋ္ဌိသည်) သစ္စာတရားကို မြင်ရသောအမြင် ဖြစ်သည်" ဟု ရေးခြင်းကတော့ မှန်သည်ဟု ဆိုစရာရှိပါသည်။ သို့သော် မြတ်ဗုဒ္ဓဟောကြားသော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟူသည့် သစ္စာလေးပါးအမှန်တရားကိုဆိုလိုကြောင်း ကွဲကွဲပြားပြားဖြစ်အောင် ရေးသားသင့်ပါသည်။

"အားလုံးအမြင်မှ ကင်းလွတ်နေသည်။ ထိုအချိန်ကျမှသာ သစ္စာတရားကို မြင်ရလိမ့်မည်" ဟု ရေးထားသဖြင့် "သစ္စာလေးပါးအမှန်တရားကို မြင်သောဉာဏ်မှ ကင်း၍ သစ္စာတရားကိုမြင်နိုင်သည်" ဟု အဓိပ္ပာယ်ထွက်နေပါသည်။ သို့ဆိုလျှင် ဆောင်းပါးရှင်ဆိုလိုသော သစ္စာတရားသည် ဗုဒ္ဓဟောကြားသော သစ္စာလေးပါး အမှန်တရားမဟုတ်နိုင်တော့ပြီ။ မည်သို့သော သစ္စာကို ဆိုလိုပါသနည်း။

မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သလ္လေခသုတ် (ဒုတိယတွဲ၊ စာ-၂၂) ၌ -

"ကံနှင့် ကံ၏အကျိုးရှိသည်ဟု အယူမှန်တာက သုစရိုက်သမ္မာဒိဋ္ဌိ" ဟုလည်းကောင်း၊

စာ-၂၇ ၌ "အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အယူမှားတို့မှ ရှောင်လွဲရန် မှန်သောအယူကိုယူခြင်း (ထိုအယူမှားများကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ပယ်ရမည်)"ကိုလည်းကောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။

"ရုပ်နာမ်သဘောတရားမျှသာရှိသည်ဟု သိမြင်သဘောကျတာ ဝိပဿနာသမ္မာဒိဋ္ဌိ၊ အကြောင်းအကျိုးစပ်လျက် မပြတ်ဖြစ်နေသည်ဟု သိမြင်သဘောကျတာ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲ၊ ဆင်းရဲ၊ အစိုးမရ-အနတ္တဟု သိမြင်သဘောကျတာလဲ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဖြစ်ပျက်သမျှ ရုပ်နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းတဲ့သဘောကိုတွေ့ရ၍ သစ္စာလေးတန် အမှန်တရားကိုသိမြင်တာ မဂ္ဂသမ္မာဒိဋ္ဌိ၊ အဲဒီမှာ 'ဖြစ်ပျက်သမျှ ရုပ်နာမ်သင်္ခါရ လုံးဝချုပ်ငြိမ်းတဲ့သဘောကို တွေ့ရ၍' ဆိုတဲ့စကားရပ်ဖြင့် နိဗ္ဗာန်မျက်မှောက်တွေ့ပုံကို ပြတယ်" ဟု သစ္စာလေးချက် တစ်ပြိုင်နက်မြင်ပုံကိုလည်း အကျယ်တဝင့် ဟောကြားထားပါသည်။

ဤမျှလောက်ဆိုလျှင် သစ္စာတရားကို သိမြင်ခြင်းမှာ အားလုံး၏ အမြင်မှ ကင်းလွတ်နေသည်ဆိုသော အမြင်မျိုးမဟုတ်ကြောင်း ရှင်းရှင်းကြီး သိနိုင်ပါပြီ။

ဆောင်းပါးရှင်က ဆက်လက်၍ -

"ဒုတိယမဂ္ဂင်သည် သမ္မာသက်ပ္ပ ဖြစ်သည်။ သမ္မာသက်ပ္ပသည် နှစ်ခွအမြင် မဟုတ်ပေ။ အတင်းအကျပ် စေ့ဆော်သည့်အတွက် မြင်ရသောအမြင် မဟုတ်ပေ။ မာန်မာနနှင့်ကြည့်၍မြင်ရသောအမြင် မဟုတ်ပေ။

"သမ္မာသက်ပ္ပ၏ အခြားအနက်အဓိပ္ပာယ်မှာ သူတစ်ပါးစေ့ဆော်သည့်အတွက်ကြောင့် ရသေ့ရဟန်းပြုခြင်းမျိုး မဟုတ်ပေ။ မိမိကိုယ်ပိုင်သဒ္ဓါတရား ပေါ်ပေါက်လာပြီး ရသေ့ရဟန်းပြုခြင်းမျိုးဖြစ်သည်။ ဘဝကို အဘက်ဘက်က အကဲဖြတ်လျက် ရင့်ကျက်မှုအခြေအနေရောက်မှ ဖြစ်ပေါ်လာသည့်အမြင် ဖြစ်သည်" ဟု ရေးသားထားပါသည်။

မြတ်စွာဘုရားဟောသော သမ္မာသက်ပ္ပကို ဝိဘင်္ဂသုတ်မှ ထုတ်နုတ်ဖော်ပြပါမည်။

"ရဟန်းတို့၊ မှန်သောအကြံ 'သမ္မာသက်ပ္ပ' ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ထွက်မြောက်လိုသော ကြံစည်မှု၊ မပျက်စီးစေလိုသော ကြံစည်မှု၊ မညှဉ်းဆဲလိုသော ကြံစည်မှုသည်ရှိ၏။ ရဟန်းတို့၊ ဤသည်ကို မှန်ကန်သောအကြံ 'သမ္မာသက်ပ္ပ' ဟု ဆိုအပ်၏။"

မြတ်စွာဘုရားက သမ္မာသက်ပ္ပကို 'မှန်ကန်သောအကြံ' ဟု ဟောသည်။ ဆောင်းပါးရှင်က "နှစ်ခွအမြင် မဟုတ်ပေ" ဟု 'အမြင်' ဖြင့် သုံးနှုန်းသည်။ အနက်ဖွင့်ဆိုပုံမှာလည်း ကွဲလွဲခြားနားနေပါသည်။

"သူတစ်ပါး စေ့ဆော်သည့်အတွက်ကြောင့် ရသေ့ရဟန်းပြုခြင်းမျိုး မဟုတ်ပေ" ဟု ဖော်ပြထားခြင်းသည် နေက္ခမ္မဝိတက်ကိုညွှန်းသည်ဟု ဆိုနိုင်ပါသည်။ ဤသို့ဆိုလျှင် အဗျာပါဒဝိတက်နှင့် အဝိဟိံသာဝိတက်တို့ကို အဘယ့်ကြောင့် ချန်လှပ်ထားပါသနည်း။

'အမြင်' နှင့် 'ကြံစည်မှု' စကားလုံးနှစ်လုံး၏ ကွဲပြားမှုရှိပုံကို ဆောင်းပါးရှင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးက ပိုပြီးသိသင့်ပါသည်။ သို့ပါလျက်

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
၃၁ ရဲ့ဘုံ့ရွှေ့စေ့ဖြင့်နှင့်အတူ


'အမြင်' ဟူ၍သာ တွင်တွင်သုံးနေခြင်းသည် မြတ်စွာဘုရား၏ တရားတော်များအပေါ် မရှိသေရာရောက်နေပါသည်။ အဝိဇ္ဇာအမြင် လွှမ်းမိုးခံနေရရှာပုံပေါ်လွင်နေပါသည်။ ခမ္မသံဝေဂယူနိုင်ရန်အတွက် သံယုတ္တနိကာယ်၊ လက္ခဏသံယုတ်၊ အရဟန္တဝဂ်၊ ပုဏ္ဏမသုတ်၌ပါသော တရားတော်ကို ကောက်နုတ်ဖော်ပြပါမည်။

"အရှင်ဘုရား၊ အဘယ်သို့ သိမြင်သောသူအား ဝိညာဏ်နှင့် တကွဖြစ်သော ဤကိုယ်၌လည်းကောင်း၊ အပြင်နိမိတ်အာရုံအားလုံးတို့၌လည်းကောင်း ငါ့ဟာ၊ ငါဟု ထင်မှတ်ခြင်း၊ မာန်ထောင်လွှားမှုကိန်းဝပ်ခြင်းတို့သည် မဖြစ်ပါကုန်သနည်း"

"ရဟန်း၊ အတိတ်-အနာဂတ်စသောအားဖြင့် ကွဲပြားသောရုပ်၊ ဝေဒနာ စသည်တို့ကို 'ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်'ဟူ၍ ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာရှုသောသူအား ဝိညာဏ်နှင့်တကွသော ဤကိုယ်၌လည်းကောင်း၊ အပြင်နိမိတ်အာရုံအားလုံးတို့၌လည်းကောင်း 'ငါ၊ ငါ့ဟာ' ဟုထင်မှတ်ခြင်း၊ မာန်ထောင်လွှားမှုကိန်းဝပ်ခြင်းတို့သည် မဖြစ်ကုန်"

ဗုဒ္ဓက ဤသို့ဟောကြားသောအခါ ရဟန်းတစ်ပါးအား "ရုပ်၊ ဝေဒနာစသည်တို့သည် အတ္တမဟုတ်ခဲ့သော် အတ္တမဟုတ်သူက ပြုအပ်သောကံတရားတို့သည် အဘယ်သို့လျှင် အတ္တကို ထိတွေ့နိုင်ပါမည်နည်း" ဟု အကြံဖြစ်၏။ ဗုဒ္ဓသည် ထိုရဟန်း၏စိတ်အကြံကိုသိ၍ ရဟန်းတို့အား ဤသို့မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ဤသာသနာ၌ အဝိဇ္ဇာလွှမ်းမိုးနေသည့် အချည်းနှီးသောယောကျ်ားသည် တဏှာရှေ့ဆောင်သောစိတ်ဖြင့် ငါဘုရား၏ အဆုံးအမကို ကျော်လွန်ထိုက်၏ဟု မှတ်ထင်ဖွယ်အကြောင်းရှိ၏။ ထို့ကြောင့် ငါသည် သင်တို့အား ထိုထိုတရားတို့၌ မေးခွန်းထုတ်၍ ဟောကြားအံ့။ ရုပ်သည် မြဲသလော မမြဲသလော"

"ရုပ်သည် မမြဲပါဘုရား"

၂၉၈၈၈

"မမြဲသောတရားသည် ချမ်းသာသလော၊ ဆင်းရဲသလော"


"ဆင်းရဲပါသည်ဘုရား"

ဤသို့စသည်ဖြင့် (အနတ္တလက္ခဏသုတ်နည်းတူ) ဟောကြားရာ ရဟန်းငါးရာတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ဆောင်းပါးရှင်သည် ထိုအချည်းနှီးသောရဟန်းကဲ့သို့ "မြတ်စွာဘုရား၏အဆုံးအမကို ကျော်လွန်ထိုက်၏" ဟု မှတ်ထင်၍ ထိုထို၌ဤ မရေမရာသောစာရှုပ်တို့ဖြင့် ဘုရားဟောသော တရားတော်တို့ကို ဖျက်သကဲ့သို့ ကျင့်ခြင်းပေလော . . .။

ပုဏ္ဏမသုတ်မှရဟန်းကား ဘုရားဟောကြားသော တရားအဆုံးမှာ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ရပါသည်။ ဆောင်းပါးရှင်လည်း "ဘုရား၏အဆုံးအမကို ဘုရား၏အဆုံးအမဖြစ်သည်" ဟု သိနိုင်သောဉာဏ် ဖြစ်ပေါ်နိုင်ပါစေ။

*၂၀၁၁-ခုနှစ်၊ ဇူလိုင်လ၊ ဓမ္မရံသီမဂ္ဂဇင်း*



## အလင်း၌သာရှိပါစေ ( ၂ )

၉-ဖေဖော်ဝါရီလ၊ ၂၀၁၁-ခုနှစ်ထုတ် မနောမယဂျာနယ်တွင် ပါရှိသော "မဂ္ဂင်ရှစ်ပါး" ဆောင်းပါးကို ဝေဖန်ပြဆိုပါမည်။ ထိုဆောင်းပါးသည် ၂-ဖေဖော်ဝါရီလတွင် ဖော်ပြခဲ့သော "သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပ" ဆောင်းပါး၏အဆက် ဖြစ်ပါသည်။

ဆောင်းပါးတွင် သမ္မာဝါစာမဂ္ဂင်ကို ဖော်ပြခြင်းမရှိဘဲ သမ္မာကမ္မန္တ မဂ္ဂင်မှ စတင်ထားပါသည်။

မြတ်စွာဘုရားက "ရဟန်းတို့၊ မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ' ဟူသည်အဘယ်နည်း။ ရဟန်းတို့၊ အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကိုယူမှုမှ ရှောင်ကြဉ်ခြင်း၊ မမြတ်သောမေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းသည်ရှိ၏။ ရဟန်းတို့၊ ဤသည်ကို မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ' ဟု ဆိုအပ်၏" (သံယုတ်၊ တတိယတွဲ၊ ဝိဘင်္ဂသုတ်၊ စာ-၈) ဟုဟောပါသည်။

အဆိုပါ ဆောင်းပါးရှင်ဆရာကြီးက -

"စတုတ္ထမဂ္ဂင်သည် သမ္မာကမ္မန္တ ဖြစ်သည်။ သမ္မာကမ္မန္တသည် အဓိပ္ပာယ်မရှိ အချည်းနှီးအလဟဿအလုပ်များကို မလုပ်ခြင်း ဖြစ်သည်။ ဘဝ၏အနှစ်သာရတွေ့ရသော အလုပ်လုပ်ခြင်းသည် သမ္မာကမ္မန္တဖြစ်သည်" ဟုရေးသား ဖော်ပြထားပါသည်။ မြတ်စွာဘုရားဟောကြားထားသည်နှင့် ကွဲလွဲနေပါသည်။

ထို့ပြင် "ဘဝ၏အနှစ်သာရတွေ့ရသော အလုပ်လုပ်ခြင်းသည် သမ္မာကမ္မန္တဖြစ်သည်" ဟု ရေးထားသဖြင့် ဘဝ၌အနှစ်သာရရှိသည် (ဝါ) အနှစ်အသား အတ္တရှိသောဘဝဟု ယူဆရာရောက်ပါသည်။ "လောက၌ ခိုင်မြဲသော၊ အစဉ်တည်တံ့သော၊ ဖောက်ပြန်ခြင်းသဘောမရှိသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူ၍မရှိ" ဟု မြတ်စွာဘုရားက ဟောကြားထားပါသည်။

ဆောင်းပါးရှင်ဆရာကြီးက "အချည်းအနှီး အလဟဿ အလုပ်များကိုလုပ်ပြီးနောက် ကြွင်းကျန်ရစ်သော စွမ်းပကားသည် လူတစ်ဦးတစ်ယောက်၏အာရုံကို အကျိုးရှိရာရှိကြောင်းဖြစ်သော အရပ်မျက်နှာဘက်သို့ ရှေးရှုစေသည်"

စသည်ဖြင့် တောင်တောင်အီအီစကားလုံးများကိုပါ အပိုထည့်ရေးထားသည်။ အတုအယောင်ဖြစ်သောတရားတို့၏ ဓမ္မတာအတိုင်း တိကျသည့်အနက်သဘောများ ကင်းမဲ့သော၊ ယေဘုယျဆန်သော စကားလုံးများဖြင့် တရားစစ်တရားမှန်ကို ဖုံးလွှမ်းဖျောက်ဖျက်ပစ်ရန် ကြံစည်ခြင်းဟု သဘောရပါသည်။

ဆဋ္ဌမမဂ္ဂင်ကို မြတ်စွာဘုရားက "ရဟန်းတို့ မှန်ကန်သောအားထုတ်မှု 'သမ္မာဝါယာမ' ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

"ဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

"မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏။ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

“ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှုပြည့်စုံစေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

“ရဟန်းတို့ ဤသည်ကို မှန်ကန်သောအားထုတ်မှု ‘သမ္မာဝါယာမ’ဟု ဆိုအပ်၏” ဟု ဟောထားပါသည်။

ဆရာကြီးက “ဆဋ္ဌမမဂ္ဂင်သည် သမ္မာဝါယာမဖြစ်သည်။ ဦးနှောက်ခြောက်စေသည့် အလုပ်ရှုပ်ခြင်းမျိုးကိုလည်း မပြုလုပ်ရပေ၊ အလုပ်မလုပ်ဘဲနှင့်လည်း ထိုင်မနေရပေ။ အပျင်းထူပြီးလည်း မနေရပေ။ သူတစ်ပါးက ‘တယ်အလုပ်လုပ်သောသူ’ ဟု ထင်ရလောက်အောင် အလုပ်ရှုပ်ဟန်လည်း ဆောင်မနေရပေ။ ယင်းအစွန်းနှစ်ဖက်ကြားထဲတွင် ရပ်တည်လျက် ပုံစံမှန်မှန် အလုပ်လုပ်ရမည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် သမ္မာဝါယာမ ဖြစ်သည်” ဟု မိမိ၏ ကိုယ်ပိုင်ထင်မြင်ချက်များကို ရေးသားဖော်ပြထားပါ၏။

မြတ်စွာဘုရား ဟောကြားထားသော တရားတော်များကို ကိုယ်လိုသလို ဆွဲယူ၍ အဓိပ္ပာယ်ဖွင့်ပြောဆိုခြင်းမှာ သာသနာတော်ကို ပျောက်ကွယ်သွားအောင် ပြုရာရောက်ပါသည်။

သတ္တမမဂ္ဂင်မှာ သမ္မာသတိဖြစ်သည်။ မြတ်စွာဘုရားက “ရဟန်းတို့ မှန်ကန်သောအောက်မေ့မှု ‘သမ္မာသတိ’ ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’၊ အောက်မေ့မှု ‘သတိ’ ရှိသည်ဖြစ်၍ လောက၌ မက်မောမှု ‘အဘိဇ္ဈာ’၊ နှလုံးမသာမှု ‘ဒေါမနဿ’ ကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ (ပ) ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ (ပ) စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ (ပ) သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့

ဤသည်ကို မှန်ကန်သောအောက်မေ့မှု 'သမ္မာသတိ' ဟု ဆိုအပ်၏" ဟူ၍ သတိပဋ္ဌာန်တရားလေးပါးကို ဟောပါသည်။

> ဆရာကြီးက "သမ္မာသတိသည် သတိတရားထားပြီး အလုပ်လုပ်ခြင်းဖြစ်သည်။ မေ့လျော့ပေါ့တန်ခြင်းမရှိဘဲနှင့် အလုပ်လုပ်ခြင်းဖြစ်သည်။ မိမိ မည်သည့်အလုပ်လုပ်သည်ကို သိရှိရမည်။ သတိထားရမည်။ ဒေါသထွက်နေလျှင် ငါဒေါသထွက်နေပါကလားဟူ၍၊ ငါစိတ်ဆိုးနေပါကလားဟူ၍ သတိထားရမည်။ ယင်းကဲ့သို့သော သတိမျိုးကို ၂၄- နာရီတိတိ ဖြန့်ကြက်ထားရမည်" ဟူ၍ ဖွင့်ဆိုရေးသားထားပါသည်။ မြတ်စွာဘုရားဟောထားသည်နှင့် ကွဲလွဲလွန်းလှပေသည်။

သမ္မာသမာဓိမဂ္ဂင်ကို မြတ်စွာဘုရားက"ရဟန်းတို့၊ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ဟူသည် အဘယ်နည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှဆိတ်၍သာလျှင်၊ အကုသိုလ်တရားတို့မှဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော၊ သုံးသပ်မှု 'ဝိစာရ' နှင့်တကွဖြစ်သော၊ နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော၊ နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပထမဈာန်သို့ရောက်၍နေ၏။

"ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' မရှိသော စိတ်ကိုကြည်လင်စေတတ်သော၊ စိတ်၏တည်ကြည်မှု 'သမာဓိ' ကိုဖြစ်စေတတ်သော တည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သည့် နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။

"နှစ်သက်မှု 'ပီတိ' ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာလျှင်နေ၏။ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာမှု 'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစား၏။ (အကြင်တတိယဈာန်ကြောင့်) ထိုသူကို လျစ်လျူရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာနေလေ့ရှိသူဟု

အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယဈာန်သို့ရောက်၍ နေ၏။

"ချမ်းသာမှု 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်၊ ဆင်းရဲမှု 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့်၊ ဝမ်းသာမှု 'သောမနဿ' နှလုံးမသာမှု 'ဒေါမနဿ' တို့ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲချမ်းသာ ကင်းသော၊ လျစ်လျူရှုမှုကြောင့်ဖြစ်သော၊ သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။

"ရဟန်းတို့၊ ဤသည်ကို မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ဟု ဆိုအပ်၏" ဟု ဟောထားပါသည်။

ဆရာကြီးက "ဘဝတစ်သက်တာအတွင်း လုပ်ရမည့်အလုပ်များကို သတိတရားထားပြီး လုပ်ရင်းလုပ်ရင်း တဖြည်းဖြည်း စိတ်နှလုံးကို ထိန်းချုပ်မှုသဘော ပါလာသည်။ တဖြည်းဖြည်း မျက်လုံးကိုမှိတ်လျက် အတွင်းသန္တာန်ထဲမှာပေါ်လာသော အလင်းရောင်နှင့် မိမိလည်း တစ်သားတည်းတစ်ခုတည်း ဖြစ်သွားပြီးလျှင် မိမိ၏ စိတ်နှလုံးကို ထိန်းချုပ်နိုင်သည့်အခြေအနေသည် သမ္မာသမာဓိ ဖြစ်၏" ဟု ဖော်ပြပါသည်။

အလင်းရောင်ဟု ဆရာကြီးရေးသောကြောင့် သလ္လေခသုတ်တရားတော်ကြီးစာအုပ် ဒုတိယတွဲမှာ "အရောင်အလင်းရဟန္တာ" အကြောင်း မဟာစည်ဆရာတော်ဘုရားကြီး ရေးခဲ့ဟောခဲ့ပုံကို ဖော်ပြပေးလိုက်ပါ၏။

"ဥပရိပဏ္ဏာသအဋ္ဌကထာ သာမဂါမသုတ်အဖွင့်မှာ ထုတ်ပြထားတဲ့ မိစ္ဆာဝိမုတ္တိဖြစ်ပုံဝတ္ထုများကို ထုတ်ပြချင်တယ်။ မထေရ်တစ်ပါးက တစ်ခဏချင်း ရဟန္တာဖြစ်စေနိုင်တဲ့ကမ္မဋ္ဌာန်းကို ဟောမယ်။ ကျောင်းခန်းထဲ ဝင်ပြီး မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းရမယ်။ အဲဒီလိုနှလုံးသွင်းနေစဉ်မှာ အရောင်အလင်းပေါ်လာရင် အဲဒါပထမမဂ်ပဲ။ အဲဒီပုဂ္ဂိုလ်ဟာ ဆက်ပြီး ရှုနေစဉ် ဒုတိယအကြိမ် အရောင်အလင်းပေါ်လာပြန်ရင် အဲဒါဒုတိယမဂ်ပဲ။ ထို့အတူ တတိယအကြိမ် စတုတ္ထအကြိမ် အရောင်အလင်းပေါ်လာရင်လဲ

တတိယမဂ်၊ စတုတ္ထမဂ်ပဲ။ ဒါလောက်ဆိုရင် အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်ပြီးဖြစ်တယ်လို့ ကမ္မဋ္ဌာန်းကို ဟောကြားညွှန်ပြပေးသတဲ့။

"သူ့တပည့်တွေက အဲဒီမထေရ်ကို ရဟန္တာလို့ပဲ ယုံကြည်ဆုံးဖြတ်ကြသတဲ့။ ပျံလွန်တော်မူတဲ့အခါ ပရိနိဗ္ဗာန်စံတယ်လို့ယုံကြည်ပြီး အကြီးအကျယ် ပူဇော်၊ အရိုးကောက် စေတီတည်ထားကြလို့ အာဂန္တုရဟန်းများက အရှင်တို့ ဆရာမထေရ်ကြီးတွေ့တဲ့ အရောင်အလင်းဟာ ပုထုဇဉ်ပဲလို့ ကျမ်းဂန်နဲ့အညီ ရှင်းပြကြတယ်။

"ဒါပေမဲ့ တပည့်တွေက ပုထုဇဉ်လို့ ပြောရပ့ါမလားလို့ မခံနိုင်ဖြစ်ပြီး ပြန်ငြင်းခုံကြသတဲ့။

**"အဲဒီလို ရဟန္တာမဟုတ်တဲ့ပုဂ္ဂိုလ်ကို ရဟန္တာလို့ အထင်မှားနေတဲ့အယူကို မစွန့်ရင် အဲဒီပုဂ္ဂိုလ်တွေမှာ မဂ်ဖိုလ်မရနိုင်ဘူး၊ နတ်ပြည်တောင် မရောက်နိုင်ဘူးလို့ အဲဒီအဋ္ဌကထာမှာ ပြဆိုထားပါတယ်"**

ဆရာကြီး၏ "မိမိအတွင်းသန္တာန်ထဲမှာ ပေါ်လာသော အလင်းရောင်" ဆိုသည်မှာ မြတ်စွာဘုရားဟောသော သမ္မာသမာဓိ၏ သုံးမျိုးသော ခဏိကသမာဓိ၊ ဥပစာသမာဓိ၊ အပ္ပနာသမာဓိများဖြင့် မိစ္ဆာသမာဓိကို ပယ်ကာ ဝိပဿနာဉာဏ်ဖြင့် အရိယမဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်းတည်းဟူသော အနက်သဘောကို မရမရောက်နိုင်ကြောင်း ထင်ရှားပါသည်။

ဆရာကြီးသည်မဂ္ဂင်ရှစ်ပါးကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ဘုရားဟောတရားတော်များနှင့် တူညီနေမည်စိုးသည့်အတွက် တမင်လွှဲပြီး ထွင်ရေးနေသည်ဟုပင် ထင်စရာရှိနေပါသည်။

ဤ၌ သံယုတ္တနိကာယ်၊ ပုပ္ဖသုတ်လာ မြတ်စွာဘုရား ဟောကြားထားသော တရားတော်ကို ဖော်ပြလိုက်ပါသည်။

". . . ရဟန်းတို့၊ လောက၌ လောကဓမ္မသည် ရှိ၏။ ထိုလောကဓမ္မကို မြတ်စွာဘုရားသည် ထိုးထွင်း၍သိ၏။ ထိုးထွင်း၍သိပြီးသော် ထင်ရှားပေါ်လွင်အောင် ဟောကြားပြသ၏။

"ထိုလောကဓမ္မဟူသည် အဘယ်နည်းဆိုသော် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ခန္ဓာငါးပါးပင်ဖြစ်၏။ ရဟန်းတို့၊ ဤသို့ မြတ်စွာဘုရားက ထင်ရှားပေါ်လွင်အောင် ဟောကြားပြသအပ်ပါလျက် အကြင်သူသည် မသိမမြင်။ ထိုသို့မသိမမြင်သော ပုထုဇဉ်လူမိုက်ကို ငါသည် မည်သို့ပြုနိုင်အံ့နည်း"

ဘုရား၏အဆုံးအမကို ဘုရား၏အဆုံးအမဖြစ်သည်ဟု သိသောဉာဏ် ဖြစ်ပေါ်နိုင်ပါစေ။

*၂၀၁၁-ခုနှစ်၊ အောက်တိုဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*



## သိမ်မွေ့သောအမှားများနှင့် ပညာရှိသတိဖြစ်ခဲ

## ( ၁ )

"မေတ္တာဓမ္မ သာသနာ့အလင်းရောင်တို့၏ အေးမြသောဆွဲငင်အား" ဟူသောစာအုပ်၏ ထူးခြားသောနာမည်ကြောင့် ကျွန်တော် စိတ်ဝင်တစား ဖတ်မိပါသည်။ စိတ်ဝင်စားခြင်းနှင့်အတူ စဉ်းစားတွေးခေါ်စရာများလည်း ပေါ်လာပါတော့သည်။

'ဓမ္မ'နှင့် 'ဆွဲငင်အား' ကို ယှဉ်တွဲဆက်စပ်သုံးနှုန်းထားခြင်းမှာ ဆန်းသစ်နေသည်ဟု ထင်မိပါသည်။ ထိုစာအုပ်ကိုရေးသားသူ ဆိုလိုသော 'ဓမ္မ' က ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော 'ဓမ္မ' ကို ဆိုလိုသည်ဟု သာ မြင်ပါသည်။ မြတ်ဗုဒ္ဓဟောကြားသော ဓမ္မ၏အနှစ်သာရသည် 'ဝိမုတ္တိ' (ကိလေသာတို့မှ လွတ်မြောက်မှု) ဖြစ်၏။ တစ်နည်းဆိုရလျှင် 'နိဗ္ဗာန်' ပင် တည်း။ 'နိဗ္ဗာန်' ကို ပြုပြင်စီရင်မှုတို့မှ လွတ်ကင်းသော၊ ငြိမ်သက်မွန်မြတ်သော 'အသင်္ခတ' ဓာတ်ဟူ၍လည်း ဆိုနိုင်ပါသည်။

မြတ်စွာဘုရား၏ အဆုံးအမ (သာသနာ) ဟု သိကြောင်းတရားမှာ လောဘကင်းကြောင်း၊ ဒေါသကင်းကြောင်း၊ မောဟကင်းကြောင်းတရား များသာ ဖြစ်သည်ဟုလည်း ဗုဒ္ဓကဟောကြားခဲ့ပါသေးသည်။ သို့ဖြစ်၍ ဓမ္မ၏အေးမြသောဆွဲငင်အားဟု သုံးနှုန်းခြင်းမှာ လျော်ကန်သင့်မြတ်မှု ရှိ-မရှိ တွေးချိန်စဉ်းစားထိုက်လှပေသည်။

( ၂ )

ထိုစာအုပ်စာမျက်နှာ ၉၉-တွင် ဝိပဿနာဆရာကြီးဂိုအင်ကာ၏ 'ဓမ္မဘဝတစ်လျှောက်နေသွားနည်းအတတ်ပညာ' စာအုပ်ထဲက စာပိုဒ်တချို့ကို ဖော်ပြထားပါသည်။

"ဒေါသ၊ ကြွှသာ၊ အာဃာတစသော ဖောက်ပြန်မှုများသည် ဟိန္ဒူလည်းမဟုတ်ပေ၊ ဗုဒ္ဓဘာသာလည်းမဟုတ်ပေ၊ ဂျိန်းလည်းမဟုတ်ပေ၊ ဖာရဆီလည်းမဟုတ်ပေ၊ မွတ်စလင်လည်းမဟုတ်ပေ၊ ခရစ်ယာန်လည်းမဟုတ်ပေ။ (ဘာသာ၊ ပုဂ္ဂိုလ်ပညတ်ကိုပယ်ပြီး အကုသိုလ်တရားများသက်သက်ကိုသာ ဆိုလိုဟန်ရှိပါသည်။) ထိုနည်းဝင်းပင် ယင်းဖောက်ပြန်မှုများမဖြစ်အောင် နေခြင်းသည် ဟိန္ဒူလည်းမဟုတ်၊ ဗုဒ္ဓဘာသာလည်းမဟုတ်ပေ၊ ဂျိန်းလည်းမဟုတ်ပေ၊ ဖာရဆီလည်းမဟုတ်ပေ၊ မွတ်စလင်လည်းမဟုတ်ပေ၊ ခရစ်ယာန်လည်းမဟုတ်ပေ။ ဓမ္မစစ်ဓမ္မမှန်သက်သက်သာ ဖြစ်သည်" ဟု ရေးသားဖော်ပြထားပါသည်။

ဤနေရာ၌ ရှင်းလင်းရန်လိုအပ်ပါသည်။ ဗုဒ္ဓဘာသာဟု အဘယ့်ကြောင့် ခေါ်ဝေါ်သုံးနှုန်းသနည်း. . .။

ဗုဒ္ဓသာသနာဟု ခေါ်ခြင်းကမူ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားဆုံးမခဲ့သော တရားဓမ္မအားလုံးကို ရည်ရွယ်ပြီး ခေါ်ဝေါ်သုံးနှုန်းခြင်း ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားထံတော်တွင်၊ သို့မဟုတ် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ ရဟန်းပြု၍ တရားကျင့်ကြံအားထုတ်ကြကုန်သော သေက္ခ၊ အသေက္ခ ပုဂ္ဂိုလ်အစုအပေါင်းကို သံဃာဟု ခေါ်ဝေါ်နိုင်ပါသည်။

ဗုဒ္ဓဘာသာဝင်ဆိုသည်မှာ ဘုရား၊ တရား၊ သံဃာကိုသာ ကိုးကွယ်ဆည်းကပ်ရာအဖြစ် ယုံကြည်မှုနှင့် သရဏဂုံတည်ကြပြီး သီလဆောက်တည်ကြသူများ၊ တရားဘာဝနာအားထုတ်ကြသူများ စသည်ဖြင့် ပုဂ္ဂိုလ်အမျိုးအစားများအလိုက် ကွဲပြားကြသော်လည်း ထိုပုဂ္ဂိုလ်အစုအဝေးကိုပင်

ဗုဒ္ဓဘာသာဝင်များအဖြစ် ခေါ်ဝေါ်နိုင်ကြပါသည်။ မိရိုးဖလာဗုဒ္ဓဘာသာဝင်များလည်း ရှိကြပါသည်။

အကြမ်းအားဖြင့် ခြုံပြောရလျှင် သရဏဂုံသုံးပါးတည်သောပုဂ္ဂိုလ်များကို ဗုဒ္ဓဘာသာဝင်များအဖြစ် မှတ်ယူရမည်ဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာကိုသာ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ရာအဖြစ် မှတ်ယူကြသော ပုဂ္ဂိုလ်များကိုကား ဥပါသကာ၊ ဥပါသိကာမများဟု ခေါ်ဝေါ်နိုင်ပါသည်။

ထို့ကြောင့် ထိုစာအုပ်တွင်ဖော်ပြထားသည့် "... ထိုနည်းရင်းပင် ယင်းဖောက်ပြန်မှုများ မဖြစ်အောင်နေခြင်းသည်... ဗုဒ္ဓဘာသာလည်း မဟုတ်ပေ၊ ... ဓမ္မစစ်ဓမ္မမှန်သက်သက်သာဖြစ်သည်" ဟူသောအဆိုအတွက် မေးခွန်းများထွက်လာပါသည်။

မြတ်စွာဘုရား၏ အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်ကြကုန်သော ရဟန်းသံဃာများ၊ အရိယာသူတော်ကောင်းများ၊ ဥပါသကာ၊ ဥပါသိကာမများအား မည်သို့ခေါ်ဝေါ်ကြရမည်နည်း...။

ပရမတ္ထအားဖြင့် ဓမ္မကိုကျင့်ကြကုန်သော ရုပ်နာမ်ခန္ဓာငါးပါးအဖြစ် မြင်နိုင်ကြပါသော်လည်း ပညတ်အခေါ်အဝေါ်အားဖြင့် မည်သို့ခေါ်ဆိုကြရမည်နည်း...။ လောက၌ ခေါ်ဝေါ်သုံးနှုန်းစရာပညတ်ကို မသုံးသင့်ဟုဆိုလျှင် မြတ်စွာဘုရား၏ တရားဟောကြားမှုသည်ပင်လျှင် ဖြစ်လာနိုင်စရာ မရှိပါ။

ဓမ္မဟုပြောလျှင် ဗုဒ္ဓကိုပါယှဉ်တွဲလျက်မြင်ရမည်မှာ သဘာဝကျပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဓမ္မကိုထုတ်ဖော်ဟောကြားသူမှာ တရားအလုံးစုံကို အကုန်အစင် အကြွင်းမရှိသိမြင်တော်မူသော ဗုဒ္ဓဖြစ်၍ပင်တည်း။ မြတ်စွာဘုရားက -

> "ရဟန်းတို့၊ ရဟန်းသည် အဘိဇ္ဈာများသူ၊ ကာမတို့၌ အားကြီးသောရာဂရှိသူ၊ ဖောက်ပြန်သောစိတ်ရှိသူ၊ ပြစ်မှားလိုသော စိတ်အကြံရှိသူ၊ လွတ်သောသတိရှိသူ၊ ဆင်ခြင်

ဉာဏ် မရှိသူ၊ မတည်ကြည်သူ၊ တုန်လှုပ်သောစိတ်ရှိသူ၊ မစောင့်စည်းသောဣန္ဒြေ ရှိသူဖြစ်ခဲ့မူ ထိုရဟန်းသည် ငါဘုရား၏သင်္ကန်းစွန်းကိုကိုင်၍ ငါဘုရားခြေရာ၌ ခြေကိုချနင်းလျက် နောက်မှပင် လိုက်ပင်လိုက်သော်လည်း ထိုရဟန်းသည် ငါဘုရားမှဝေးသည်သာတည်း၊ ငါဘုရားသည်လည်း ထိုရဟန်းမှ ဝေးသည်သာတည်း။

"အကြောင်းကားအဘယ်နည်း။ ရဟန်းတို့၊ ထိုရဟန်းသည် တရားကိုမမြင်၊ တရားကို မမြင်သည်ရှိသော် ငါဘုရားကို မမြင်သောကြောင့်ပင်တည်း" ဟု ဟောကြားခဲ့ပါသည်။

ထို့ကြောင့် ဓမ္မစစ်ဓမ္မမှန်ဟုပြောလျှင် ဗုဒ္ဓမြတ်စွာဘုရားကို ချန်လှပ်ထားခဲ့၍မရပါ။ ချန်လှပ်ခဲ့သောသူတို့သည်လည်း အမှန်တကယ် တရားဓမ္မကို မသိမမြင်ကြသောကြောင့်သာလျှင် ဖြစ်ပါလိမ့်မည်။ တစ်ဆက်တည်းပင် "ယင်းဖောက်ပြန်မှုများမဖြစ်အောင် နေခြင်းသည် . . . ဗုဒ္ဓဘာသာလည်း မဟုတ်ပေ. ." ဟူ၍ ပြောဆိုရန်လည်း မထိုက်ပါချေ။

## ( ၃ )

ထိုစာအုပ် စာမျက်နှာ-၉၉ တွင်

"သီလနှင့်ပြည့်စုံခြင်း၊ သမာဓိနှင့်ပြည့်စုံခြင်း၊ ပညာနှင့်ပြည့်စုံခြင်းတို့သည် ဗုဒ္ဓဘာသာတို့၏ဓမ္မသာဖြစ်ပါသလား။ တခြားပုဂ္ဂိုလ်များ၏ ဓမ္မ မဖြစ်ရတော့ဘူးလား။ ရာဂကင်းခြင်း၊ ဒေါသကင်းခြင်း၊ မောဟကင်းခြင်းတို့သည် ဂျိန်းတို့၏ဓမ္မသာ ဖြစ်ပါသလား၊ တခြားပုဂ္ဂိုလ်များ၏ဓမ္မ မဖြစ်ရတော့ဘူးလား။ မေတ္တာ၊ ကရုဏာစိတ်ဖြင့် လူ့အကျိုးဆောင်ရွက်သွားခြင်းသည် ခရစ်ယာန်တို့၏ဓမ္မသာ ဖြစ်ပါသလား၊ တခြားပုဂ္ဂိုလ်များ၏ဓမ္မ မဖြစ်နိုင်ဘူးလား။ ဇာတ်ခွဲခြားမှု မထားဘဲ လူမှုရေးညီမျှမှုကို မွတ်စလင်တို့၏ဓမ္မသာ ဖြစ်ပါသလား၊

တခြားပုဂ္ဂိုလ်များ၏ဓမ္မ မဟုတ်နိုင်ဘူးလား" ဟူ၍ ထပ်မံမေးခွန်း ထုတ်ထားသည်များကိုလည်း ဖတ်ရပြန်ပါသည်။

"သီလနှင့်ပြည့်စုံခြင်း၊ သမာဓိနှင့်ပြည့်စုံခြင်း၊ ပညာနှင့်ပြည့်စုံခြင်းများသည် ဗုဒ္ဓဘာသာဝင်တို့၏ဓမ္မ ဟုတ်ပါသလား" ဟု မေးလာခဲ့လျှင် ဟုတ်ပါသည်ဟုသာ ကျွန်တော့်အနေဖြင့် ဖြေဆိုမည်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုတရားများကို အဦးအစထုတ်ဖော်၍ ဟောကြားခဲ့သူမှာ သဗ္ဗညုတဗုဒ္ဓမြတ်စွာဘုရားသာလျှင် ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် တရားကို မူပိုင်ခွင့်ရယူလို၍ တောင်းခံနေကြသူများ မဟုတ်ပါ။ မည်သူတော့ တရားမနာရ၊ မကျင့်ရ၊ ရဟန်းမဝတ်ရ (ဝိနည်းနှင့်အညီ) စသည်ဖြင့် ပိတ်ပင်ထားခြင်းလည်း မရှိပါ။

သို့ရာတွင် မြတ်စွာဘုရားဟောသောတရားကို မြတ်စွာဘုရားဟောသောတရား မဟုတ်ဟုလည်းကောင်း၊ မြတ်စွာဘုရားမဟောသောတရားကို မြတ်စွာဘုရားဟောသောတရားဟုလည်းကောင်း ဟောပြောနေကြသူများ ရှိပါသည်။

မြတ်စွာဘုရားမပညတ်သော သိက္ခာပုဒ်ကို မြတ်စွာဘုရားပညတ်၏ဟုလည်းကောင်း၊ မြတ်စွာဘုရားပညတ်သော သိက္ခာပုဒ်ကို မြတ်စွာဘုရားမပညတ်ဟုလည်းကောင်း ပြောဟောနေကြသောပုဂ္ဂိုလ်များလည်း ရှိနေကြပါသည်။

သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သားသံဃာတော်များသည် စုဝေး၍ ဘုရားဟောဟု သိနိုင်စိမ့်ခြင်းငှာ သင်္ဂါယနာတင်ကြရသည်ဖြစ်ရာ ယနေ့အထိဆိုလျှင် ဆဋ္ဌသင်္ဂါယနာသို့တိုင် ရှိခဲ့ပါလေပြီ။

ထို့ကြောင့်လည်း မြတ်စွာဘုရား၏ သာသနာသည် သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမိပုဂ္ဂိုလ်၊ အနာဂါမိပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့ဖြင့် မဆိတ်သုဉ်းသည်ဖြစ်၍ ယနေ့တိုင် စစ်မှန်သော ဘုရားသာသနာကြီးမှာ တည်တံ့စည်ပင်

လျက်ရှိနေပါသည်။ ထို့ကြောင့်သာ ကမ္ဘာ့နိုင်ငံအသီးသီး၊ လူမျိုးအသီးသီး တို့သည် ကောင်းစွာလေ့လာသင်ယူနိုင်နေခြင်း မဟုတ်ပါလော။

ခုဒ္ဒကပါဠ်ပါဠိတော် မြန်မာပြန်၊ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု၌ -

"ကောင်းကင်၌ ခြေရာမရှိ၊ သာသနာ့ပြင်ပ၌ မဂ်ရဖိုလ်ရ ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော (တဏှာ၊ မာန၊ ဒိဋ္ဌိ) တရား၌ မွေ့လျော်ကုန်၏၊ ဘုရားရှင်တို့သည် သံသရာ ချဲ့ထွင်တတ်သောတရားတို့မှ ကင်းကုန်၏။

"ကောင်းကင်၌ ခြေရာမရှိ၊ သာသနာ့ပြင်ပ၌ မဂ်ရဖိုလ်ရ ရဟန်းမရှိ၊ မြဲကုန်သော သင်္ခါရတရားတို့သည် မရှိကုန်၊ ဘုရားရှင် တို့အား တုန်လှုပ်ခြင်းမရှိ" ဟု ဟောကြားထားသည်ကို တွေ့ရပါ လိမ့်မည်။

သောတာပန်အင်္ဂါလေးပါးတို့မှာ -

(၁) ဘုရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊

(၂) တရား၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊

(၃) သံဃာ၌ စွဲမြဲစွာ သက်ဝင်ယုံကြည်ခြင်း၊

(၄) အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်းတို့ ဖြစ် သည်။

ဤသောတာပန်အင်္ဂါလေးပါးအရလည်း သာသနာပြင်ပ၌ အဘယ့် ကြောင့် မဂ်ရဖိုလ်ရရဟန်း မရှိနိုင်ကြောင်း ကောင်းစွာ နားလည်သဘောပေါက် နိုင်ပါသည်။

သောတာပန်များမပြုထိုက်သော အမှုခြောက်ပါးကိုလည်း မြတ်စွာ ဘုရား ဟောကြားထားပါသေးသည်။

"အံမြင်မှန်နှင့်ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည်-

(၁) ဘုရား၌ မရိုသေဘဲနေခြင်းငှာ မထိုက်၊

(၂) တရား၌ မရိုသေဘဲနေခြင်းငှာ မထိုက်၊

(၃) သံဃာ၌ မရိုသေဘဲနေခြင်းငှာ မထိုက်၊

(၄) အကျင့်သိက္ခာ၌ မရှိသေဘဲနေခြင်းငှာ မထိုက်၊
(၅) ကပ်ရောက်သင့်သောအရာသို့ ကပ်ရောက်ခြင်းငှာ မထိုက်၊
(၆) ရှစ်ခုမြောက်သောဘဝကို ဖြစ်စေခြင်းငှာ မထိုက်" ဟု ဟောကြားပါသည်။

သို့ဖြစ်ရာ သီလ၊ သမာဓိ၊ ပညာတို့ပြည့်စုံခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏မွေ့သာ ဖြစ်ပါသလား. . . စသည်ဖြင့် မေးခွန်းထုတ်စရာ၊ ယုံမှားသံသယဖြစ်စရာ မလိုတော့ပါ။

## ဖြည့်စွက်ချက်

ဤဆောင်းပါးကို ကျွန်တော်သည် ၁၉၉၈-ခုနှစ်လောက်ကတည်းက အကြမ်းရေးသားခဲ့ပါသည်။ သို့သော် အကြောင်းကြောင်းများကြောင့် မည်သည့်မဂ္ဂဇင်းတိုက်ကိုမှ မပို့ဖြစ်ခဲ့ပါ။

ယခု ၂၀၁၁၊ မတ်လထုတ် 'အတွေးအမြင်' အမှတ် (၂၂၈)မှ "ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်လာသူ အနောက်နိုင်ငံသားတစ်ယောက်" ဟူသော စိုးမြင့် (မေ့ဆေး) ၏ ဆောင်းပါးကို ဖတ်မိပါသည်။ ဤတွင် ကျွန်တော်၏ စာမူကြမ်းကို အချောကိုင်လျက် မေ့ရဲသီမေ့ရတနာမဂ္ဂဇင်းသို့ ပေးပို့ရန် အကြောင်း ဖြစ်လာပါတော့သတည်း။

ထိုအတွေးအမြင်ပါဆောင်းပါးကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

". . . ခုလောက် ဗုဒ္ဓအပေါ် ယုံကြည်ချက်ပြင်းထန်လေတော့ အကယ်လို့ တစ်စုံတစ်ယောက်ကများ သူ့ကို 'မင်းဗုဒ္ဓဘာသာဝင်ဖြစ်သွားပြီလား' လို့ မေးငြားအံ့။ သူဘယ်လိုဖြေမယ် ထင်ပါသလဲ။ ကျွန်တော်မေးကြည့်တော့ သူက မဟုတ်ပါဘူးတဲ့။ စာရှုသူများ မျက်စိလည်သွားမလားပဲ။

". . . သူ့ကိုယ်သူ ဗုဒ္ဓဘာသာဝင်လို့ မခံယူတာ အကြောင်းရှိပါတယ်။ အမှန်တော့ ဗုဒ္ဓရဲ့တရားတွေဟာ တစ်လောကလုံးနဲ့ဆိုင်တဲ့ အမှန်တရားတွေပါ။ ဒီတရားတွေကို ဗုဒ္ဓရဲ့ဉာဏ်တော်နဲ့

ထိုးထွင်းသိခဲ့တာပါ။ ဗုဒ္ဓကတီထွင်ပြီး ဥပဒေတွေချမှတ်ရေးခဲ့တာ မဟုတ်ပါဘူး။ ဒီတရားတွေဟာ လူမျိုးတစ်မျိုး ဘာသာတစ်ခုတည်း နဲ့သာ ဆိုင်တယ်။ ကျန်လူတွေနှင့်မဆိုင်ဘူး ပြောလို့မရပါဘူး။

"ဝိပဿနာအလုပ်ဆိုတာ ဘယ်လူမျိုးမဆို ကျင့်နိုင်ရင် အကျိုးရှိမည့်တရားတွေပါ။ ဒီလိုကျင့်ဖို့ရာ ဗုဒ္ဓဘာသာထဲလည်း ဝင်စရာ မလိုပါ။ ဒါ့ကြောင့် ဝိပဿနာအလုပ်မှာ သမာဓိရအောင် (အသက်) ရှူသွင်းရှူထုတ်တာ (သို့) ဝမ်းဗိုက်ပိန်တာဖောင်းတာ တစ်ခုခုမှာ အာရုံစူးစိုက်မှတ်ဖို့ ဗုဒ္ဓကမှာခဲ့တာပါ။ ဗုဒ္ဓ၊ ဗုဒ္ဓလို့ ငါ့နာမည်ကို တစ်ချိန်လုံးရွတ်ဆိုနေရမယ်၊ ဒါမှသာ ငါဘုရား ကယ်တင်လိမ့်မယ် မမှာခဲ့ပါဘူး။

"...'ကိုလူဒို'ရဲ့ ဆိုလိုရင်းကလည်း ဒါပါပဲ။ ခုလိုလူတွေ အားလုံးနဲ့သက်ဆိုင်တဲ့ ဘာသာကြီးကို ဗုဒ္ဓဘာသာဝင်တွေကသာ ပိုင်တယ်ဆိုတဲ့ ကျဉ်းမြောင်းတဲ့ဝါဒကို သူလက်မခံနိုင်တာပါ။ သူ့သဘောက ဗုဒ္ဓရဲ့ဝါဒကို ကမ္ဘာအနှံ့ပြန့်စေချင်တာပါ။ ဒါ့ကြောင့် သူ့ကိုယ်သူ ဗုဒ္ဓဘာသာဝင်လို့ မသတ်မှတ်လိုတာပါ"

အဘယ်မျှပင်စကားလှအောင် သုံးထားသော်လည်း ဓမ္မနှင့်ဗုဒ္ဓ၊ ဓမ္မနှင့်ဗုဒ္ဓဘာသာ၊ ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓနှင့်ဗုဒ္ဓသာသနာစသည်ဖြင့် ခွဲခြား၊ ခွဲထုတ်ရန် ကြံစည်ခြင်းသာလျှင် ဖြစ်ပါသည်။ ထို့ပြင် ဓမ္မနှင့်သံဃာ ကိုပါ ခွဲထုတ်လိုသည့်သဘော ရှိနေပါသည်။

အမှန်မှာ သူရေးသလို (ပြောသလို) ဗုဒ္ဓဘာသာဝင်များသည် သေးသိမ်မယုတ်ညံ့ပါ။ "ငါ့စကားနွားရ" ဆိုသလို ပြောချင်တာ ပြောသွား ခြင်းသာ ဖြစ်ပါသတည်း။

*၂၀၁၁-ခုနှစ်၊ နိုဝင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*

## ကြည်ညိုကိုးကွယ်ခြင်းနှင့်လိုက်ဖက်သော အပြောအဆိုအရေးအသား

၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈-ရက်နေ့ထုတ် သတင်းဂျာနယ် တစ်ခု၌ နာမည်ကျော်သရုပ်ဆောင်တစ်ဦး၏အကြောင်း ရေးသားထားသော ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရသည်။

ထိုသရုပ်ဆောင်က "ကျွန်တော့်ဘာသာရေးအမြင်ထဲက စိတ်အဝင်စားဆုံး ဇာတ်ကောင်စရိုက်" ဟူ၍ဆိုကာ "လူတိုင်း လူတိုင်း ကိုယ်ကြည်ညိုသူ၊ ကိုယ်အားကျသူ၊ ကိုယ်တကယ် နက်နက် ရှိုင်းရှိုင်း စိတ်ဝင်စားသူဆိုတာ ရှိစမြဲပါပဲ။ . . . အခုကျွန်တော် လွတ်လပ်စွာ တွေးခေါ်တတ်စပြုလာတော့ ကျွန်တော် အားကျ၊ အကြည်ညိုဆုံးပုဂ္ဂိုလ်နဲ့ သူ့ရဲ့ဘဝတွေကို အားလပ်ချိန်တိုင်း စိတ် အတွေးမှာ နေရာပေးပြီး သုံးသပ်ကျေနပ်အားကျမိပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကတော့ ကျွန်တော်တို့ရဲ့ အနှိုင်းမဲ့ဗုဒ္ဓပါပဲ" ဟု ပြောဆိုထား ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားအပေါ်၌ (အလောင်းတော်ဘဝကို ရည်ညွှန်း၍ ဆိုသည်ပင်ဖြစ်စေ) "ဗုဒ္ဓဇာတ်ကောင်စရိုက်" ဟု သူလိုငါလိုပုဂ္ဂိုလ်တစ်ဦး ကဲ့သို့ ဆိုရာရောက်သောစကားကိုမူကား မဆို-မရေးသင့်ပါ။

မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ ရေးသားသော (မဟာဗုဒ္ဓဝင်၊ ဒု၊ စာ-၂၉၅) တွင် -

"အနန္တများစွာ စကြဝဠာလောကဓာတ်၌ သတ္တဝါတို့ပြုသမျှ ကောင်းမှုကုသိုလ်အစုကို ဉာဏ်ပညာချိန်ခွင်တစ်ဖက်၌ထား၍ ငါဘုရား၏ ပါရမီကောင်းမှုကုသိုလ်အစုကို ဉာဏ်ပညာချိန်ခွင် အခြားတစ်ဖက်၌ထား၍ ချိန်စက်ကြည့်မည်ဆိုက သတ္တဝါတို့ ပြုသမျှ ကောင်းမှုကုသိုလ်အစုသည် ငါဘုရား၏ ပါရမီဆယ်ပါး ကောင်းမှုများအနက် ပါရမီကောင်းမှုတစ်ခု၏ နှစ်ရာငါးဆယ့်ခြောက် စိတ်စိတ်လျှင် တစ်စိတ်ကိုပင် လိုက်၍မမီနိုင်ချေ။

"မှန်၏။ ငါကား တိရစ္ဆာန်ယုန်ငယ်ဖြစ်စဉ်ဘဝမှာပင် အလှူခံပုဂ္ဂိုလ် ငါ့ထံမှောက် လာရောက်သည်ကိုမြင်ရလျှင် အားရ ဝမ်းသာစွာ မိမိ၏အသားကို ဖုတ်ကင်ပေးလှူလိုသည့်အတွက် မီးပုံထဲသို့ ရဲရဲကြီးခုန်ချခဲ့လေပြီ" ဟူ၍ ရေးသားဖော်ပြထားပါသည်။

မြတ်စွာဘုရားလက်ထက် သာသနာတော်တွင်းမှ ရဟန်းတစ်ပါး ဖြစ်သော အရှင်ဗာကုလ၏ စင်ကြယ်သန့်ရှင်းပုံကို ဖော်ပြချင်ပါသေးသည်။ မဇ္ဈိမနိကာယ်၊ ဗာကုလသုတ်၌ -

အခါတစ်ပါး၌ အရှင်ဗာကုလသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေ၏။ ထိုအခါ အရှင်ဗာကုလ၏ လူဖြစ်စဉ်က မိတ်ဆွေဖြစ်သော ကဿပတက္ကတွန်းသည် အရှင် ဗာကုလထံ ချဉ်းကပ်၍ ဝမ်းမြောက်ဖွယ်စကားများကို ပြောဆိုပြီး ဤသို့မေးမြန်းလေသည်။

"ငါ့ရှင်ဗာကုလ၊ သင်ရဟန်းပြုသည်မှာ မည်မျှကြာပြီနည်း"

"ငါ့ရှင်ကဿပ၊ နှစ်ပေါင်းရှစ်ဆယ်ရှိပါပြီ"

"ငါ့ရှင်ဗာကုလ၊ ဤနှစ်ပေါင်းရှစ်ဆယ်အတွင်း သင်သည် မေထုန်အကျင့်ကို ဘယ်နှကြိမ်မှီဝဲခဲ့ပါသနည်း"

"ငါ့ရှင်ကဿပ၊ သင်သည် ငါ့အား ဤသို့မမေးသင့်ပါ။ 'ဤနှစ်ပေါင်းရှစ်ဆယ်အတွင်း သင့်အား ကာမသညာ ဘယ်နှကြိမ် ဖြစ်ပေါ်ခဲ့သနည်း' ဟူ၍သာ မေးသင့်ပါ၏"

"ငါ့ရှင်ဗာကုလ၊ ဤနှစ်ပေါင်းရှစ်ဆယ်အတွင်း သင့်အား ကာမသညာ ဘယ်နှကြိမ်ဖြစ်ပေါ် ဖူးပါသနည်း"

ယင်းသို့ ကဿပတက္ကတွန်းက မေးသောအခါ အရှင်ဗာကုလ က ရဟန်းပြုသည်မှစ၍ နှစ်ပေါင်းရှစ်ဆယ်အတွင်း မိမိအား ကာမ သညာဖြစ်ပေါ် ဖူးသည်ဟု မမှတ်မိကြောင်း ဖြေကြားသည်။ ထို့အတူ ဖျက်ဆီးလိုခြင်းနှင့်ယှဉ်သော ဗျာပါဒသညာ၊ ညှဉ်းဆဲလိုခြင်းနှင့် ယှဉ်သော ဝိဟိံသသညာ၊ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာ ဝိတက်တို့လည်း မဖြစ်ဖူးကြောင်း ဖြေကြားသည်။

ဤသည်မှာ ဗုဒ္ဓ၏တပည့်ဖြစ်သော အရှင်ဗာကုလရဟန်းသာလျှင် ဖြစ်ပါသေးသည်။ သို့ဖြစ်၍ အထက်ကဆိုခဲ့သော သဗ္ဗညုတမြတ်စွာဘုရား တို့၏ စိတ်တော်၊ ဉာဏ်တော်တို့အား ဇာတ်ကောင်စရိုက်ဟူ၍ သုံးနှုန်းခြင်း သည် မည်မျှမလိုက်ဖက်သော အသုံးအနှုန်းဖြစ်ကြောင်း တွေးလေသိလေ သိနိုင်ပါသည်။

* * *

"ဝိပဿနာအမြင်ဖြင့် မဖြစ်မနေရိုက်နေရသော အရေး ကြီးဆုံးရုပ်ရှင်" ဟုဆိုကာ "၃၁-ဘုံသားတိုင်း ကိလေသာမကုန် သရွေ့ ၃၁-ဘုံရိုက်ကွင်းတွင် ငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သုခခန်း၊ ဒုက္ခခန်းတွေကို အပီအပြင် သရုပ်ဆောင်ကြရပါသည်။

". . . လောကဖျော်ဖြေရေးဖန်သား၊ ပိတ်ကားရုပ်ရှင် မှာ. . . သရုပ်ဆောင်ပြီး အခကြေးငွေယူနေရပေမဲ့ ကျွန်တော့်စိတ် ထဲမှာ လောကလွတ်မြောက်ရေး၊ ဘဝချုပ်ငြိမ်းရေးရုပ်ရှင်ကို ပုံဖော် ၍ ဝိပဿနာဉာဏ်စက်နဲ့ ကိုယ်တိုင်အစမ်းသပ်ခံ ရိုက်ကူးနေမိ ပါတယ်။

"လောကလွတ်မြောက်ရေးတည်းဟူသော လောဘ၊ ဒေါသ၊ မောဟ ကိလေသာများကို ကျွန်တော့်စိတ်မှီရာ ဟဒယဝတ္ထုရိုက်ကွင်း ပေါ်မှာ ဝိပဿနာဉာဏ်စက်နဲ့ ဖြတ်ချရိုက်ကူးရပါတယ်။

"... လောကသံသရာ တကယ့်ယက်တွေ့ဘဝဇာတ်တွေမှာ သရုပ်ဆောင်ရတဲ့အခါ ဝိပဿနာဇာတ်ထုပ်စရိုက်ဟာ တကယ်နက်ရှိုင်းခက်ခဲမှန်း သိလာရပါတယ်။ ဝိပဿနာရုပ်ရှင်ထက် မဟာသုခုမဆန်တဲ့အနုပညာဆိုတာ မရှိတော့သလိုပါပဲ။

"မဟာသုခုမရုပ်ရှင် (အတွင်းရှုကွက်) ကို မြတ်စွာဘုရားရှင်က သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်ဆိုပြီး အကြမ်းအားဖြင့် မဟာသုခုမအကယ်ဒမီ ၄-ဆင့် ထားရှိခဲ့ပါတယ်။ ဒီအကယ်ဒမီမျိုးကို ရမယ်ဆိုရင် အပါယ်လေးဘုံဆိုတာ သွားရန်မရှိတော့သလို ပါရမီရင့်သန်ကြသူတွေဆိုရင်တော့ ဒီဘဝမှာတင် မဟာသုခုမနိဗ္ဗာန်ပါရဂူဘွဲ့ဆိုတဲ့ ပရိနိဗ္ဗာန်ကိုတောင် ရဟန္တာဖြစ်ကာ ပြုနိုင်ပါတယ်" ဟူ၍ ဆိုထားပါသည်။

ဥပမာပြပုံမှာ ဗုဒ္ဓတရားကိုချီးမြှောက်လိုခြင်းထက် မိမိ၏ သရုပ်ဆောင်အလုပ်ကို အဓိကမြှင့်တင်လိုက်ခြင်းသာဖြစ်ကြောင်း ထင်ရှားပါသည်။ "ဝိပဿနာရုပ်ရှင်ထက် မဟာသုခုမဆန်တဲ့ အနုပညာဆိုတာ မရှိတော့သလိုပါပဲ" ဟူ၍ ဝိပဿနာတရားကိုပင် မဟာအနုပညာအဖြစ် ထပ်တူပြုလိုက်ပါသည်။

ဤ၌ သံယုတ္တနိကာယ်၊ ဥပါသကဝဂ်၊ ကသိဘာရဒ္ဒါဇသုတ်လာ တရားတစ်ပုဒ်ကို ဖော်ပြချင်ပါသည်။

အခါတစ်ပါး၌ ဗုဒ္ဓသည် နံနက်ချိန်ဝယ် ထွန်ရှဉ်းပေါင်းငါးရာဖြင့် စပါးစိုက်ပျိုးနေသော ဘာရဒ္ဒါဇပုဏ္ဏား၏ လယ်ကွင်းသို့ ကြွတော်မူ၏။ လယ်လုပ်သားတို့အား ထမင်းကျွေးနေသော ပုဏ္ဏားသည် ဗုဒ္ဓကိုမြင်လျှင် (ဆွမ်းမလောင်းလိုသဖြင့်) အောက်ပါအတိုင်း ပြောဆိုလေသည်။

"ရဟန်း၊ ကျွန်ုပ်သည် ထွန်ယက်စိုက်ပျိုး၍စားရပါသည်။ သင်သည်လည်း ထွန်ယက်စိုက်ပျိုး၍ စားပါလော့"

"ပုဏ္ဏားး ငါသည်လည်း သင်ကဲ့သို့ပင် ထွန်ယက်စိုက်ပျိုး၍ စားပေ၏"

"အရှင်ဂေါတမ၊ ကျွန်ုပ်တို့သည် သင်၏ထွန်တုံး၊ ထွန်သွား၊ နွားများကို မတွေ့မြင်ပါ"

"ပုဏ္ဏားး ငါ့အား သဒ္ဓါသည် မျိုးစေ့ဖြစ်၏၊ အကျင့်သည် မိုးရေဖြစ်၏၊ ပညာသည် ထမ်းပိုးနှင့်ထွန်တုံးဖြစ်၏၊ ဟိရိသည် ထွန်သန်ဖြစ်၏၊ စိတ်သည် ကြိုးဖြစ်၏၊ သတိသည် ထွန်သွားနှင့် နှင်တံဖြစ်၏။

"ပုဏ္ဏားး ငါသည် ကိုယ်နှုတ်ကို စောင့်စည်းသူဖြစ်၏။ အာဟာရကို ရှာမှီးသုံးဆောင်ရာ၌ စောင့်စည်းသူဖြစ်၏။ ငါ့အား သစ္စာသည် ရိတ်ဖြတ်သောတံစဉ်ဖြစ်၏။ ကောင်းသောအာရုံ၌ မွေ့လျော်ခြင်းသည် လွတ်မြောက်ခြင်းဖြစ်၏။ ငါ့အား ဝီရိယသည် ဘေးကင်းရာသို့ရောက်အောင် ပို့ဆောင်ပေးသော ဝန်ဆောင်နွား ဖြစ်၏။

"ပုဏ္ဏားး ငါ့အား ဤသို့လျှင် လယ်ထွန်ခြင်းသည် ဖြစ်၏။ ထိုလယ်ထွန်ခြင်းသည် အမြိုက်နိဗ္ဗာန်တည်းဟူသော အသီးကိုဖြစ်စေ၏။ ဤသို့သော လယ်ထွန်ခြင်းကို ထွန်သည်ရှိသော် ဆင်းရဲအားလုံးမှ လွတ်မြောက်၏"

"အရှင်ဂေါတမသည် လယ်သမားစင်စစ် ဖြစ်ပါပေသည်။ ကျွန်ုပ်၏ထမင်းကို သုံးဆောင်ပါလော့"

"ပုဏ္ဏားး ငါသည် ဂါထာရွတ်ဆိုခြင်းကြောင့် ရသောထမင်းကိုမသုံးဆောင်။ ထိုကဲ့သို့သော ထမင်းကိုသုံးဆောင်ခြင်းသည် ကျိုးကြောင်းမြင်သိ ပညာရှိတို့၏ အစဉ်အလာမဟုတ်ပေ"

ဗုဒ္ဓက ယင်းသို့မိန့်ကြားသောအခါ ပုဏ္ဏားသည် ထိုမိန့်ကြားချက်ကို လွန်စွာနှစ်သက်လှသဖြင့် ဥပါသကာအဖြစ် ခံယူလိုက်လေသည်။

မြတ်စွာဘုရားက ဘာရဒွါဇပုဏ္ဏားအား တရားအကျင့်ကို ထင်ရှား စွာသိမြင်နိုင်စေရန် ပုဏ္ဏားအား နီးစပ်သောဥပမာတို့ဖြင့် ဟောကြား ပြသခြင်း ဖြစ်ပါသည်။ ခိုင်းနှိုင်းအပ်သောအရာလည်း ဖြစ်ပါသည်။ ပုဏ္ဏား အားလည်း ထင်ရှားသိမြင်စေပါသည်။ မြတ်စွာဘုရားတို့၏ တရားဟောခြင်း လည်း ဖြစ်ပါသည်။ မသင့်မတင့်သောအရာ (အဂတိ) ၌တည်၍ ဟောကြား ခြင်းမျိုးမဟုတ်ပါ။

ထိုသရုပ်ဆောင်ကဲ့သို့ မိမိလိုရာဆွဲ၍ ဥပမာယှဉ်နှိုင်းယှဉ်သင့်သည် ဆိုငြားအံ့။ ဓမ္မပဒ၊ ယမကဝဂ်လာ "စုန္ဒ" ဝက်ထိုးသမားဝတ္ထုထဲမှ ထိုစုန္ဒ၏ အလုပ်ကိုလည်း -

"စုန္ဒဝက်ထိုးသမားသည် ကြိုးတည်းဟူသော သတိပဋ္ဌာန်တရား လေးပါးဖြင့် ဝက်၏ လက်ခြေလေးဖက်ကို မြဲမြံစွာတုပ်နှောင်ကာ ဆန္ဒတည်း ဟူသော ဝက်၏ပါးစပ်ကိုဖွင့်ဟ၍ စိတ်တည်းဟူသော အာခေါင်အား ပညာ တည်းဟူသောတုတ်ဖြင့်ထောက်ကာ ဝီရိယတည်းဟူသော ကျိုက်ကျိုက်ဆူ နေသော ရေနွေးဖြင့် ကြိမ်ဖန်များစွာ လောင်းသည်ရှိသော် ကာမစ္ဆန္ဒ၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မာန၊ ဘဝ၊ ရာဂ၊ အဝိဇ္ဇာ အနုသယအစရှိသော အညစ်အကြေးများ ကုန်စင်သည်ဖြစ်၍ အရဟတ္တဖိုလ်တည်းဟူသော နိဗ္ဗာန် (ဝါ) စင်ကြယ်သောအသားကို ရအပ်ပေပြီ" ဟု ဆိုနိုင်တော့ပေလိမ့်မည်။

ထိုသို့ဆိုခြင်းသည်လည်း သင့်တော်သည်ဟုပင် ယူဆနိုင်အံ့လော။

* * *

"အရဟတ္တဖိုလ်ဆိုတာ သံသရာအစဉ်အတန်း သံသရာ အကန့်တို့ကို ဖြတ်တောက်ဖျက်ဆီးတတ်သော အကျင့်ဉာဏ်လို့ အဓိပ္ပာယ်ရပါတယ်။ . . . တကယ်တော့ ဒီအရဟတ္တဖိုလ်ဆိုတဲ့ စကားက လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀-ကျော်က မြို့ထဲရွာထဲ တောထဲ တွေမှာ ရေပန်းအစားဆုံးစကားလုံး ဖြစ်မယ်ထင်ပါတယ်။

"အရဟတ္တမဂ်ဆိုတဲ့ စကားလုံးကို ကြားလိုက်တယ်ဆိုရင်ပဲ (ပေါ်ဆဲတိုင်းကို တောက်လျှောက်ဖြတ်ခြင်း) ဆိုတဲ့အဓိပ္ပာယ်ဟာ ဘာသာပြန်သလို ဘုရားလက်ထက်မှာ အလိုအလျောက် ထွက်နေမလားလို့တောင် ထင်မိပါတယ်" ဟု ပြောဆိုရေးသားထားခြင်းမှာ မှားနေပါသည်။

အရဟတ္တမဂ်ဆိုတာ ပေါ်ဆဲတိုင်းကို တောက်လျှောက်ဖြတ်ခြင်း မဟုတ်ပေ။ လောကုတ္တရာစိတ် ၈-ပါး၌ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့သည် တစ်ကြိမ်သာလျှင် ဖြစ်ခွင့်ရှိကြပါသည်။ ထိုမဂ်စိတ်တို့ ဖြစ်ပြီးလျှင်ဖြစ်ပြီးချင်း နောက်မှ ဆိုင်ရာဆိုင်ရာ ဖိုလ်စိတ်တို့ ဖြစ်ကြပါသည်။ ထိုဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုလျက် ရဟန်း၏ အလိုရှိသလောက် ဝင်စားသလောက်ဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ကျ၍ သမာပတ်မှ ထပါသည်။

"ကိလေသာတို့မှလွတ်လျှင် လွတ်ပြီဟု သိသောဉာဏ်သည်ဖြစ်၏" ဟုဟောခြင်းသည် အရဟတ္တမဂ်ကိုဟောခြင်း ဖြစ်ပါသည်။ ကိလေသာတို့မှ လွတ်ခြင်းဖြစ်၍ တစ်ကြိမ်သာလျှင်ဖြစ်ခြင်း ဖြစ်ပါသည်။ ပေါ်ဆဲတိုင်းကို တောက်လျှောက်ဖြတ်ခြင်းဟုဆိုသကဲ့သို့ အကြိမ်ကြိမ်အခါခါလွတ်ခြင်း သဘော မဟုတ်ပါ။


ဥပမာဆိုရသော် တောအုပ်မှထွက်၍ မြစ်ကိုဖြတ်ကူးပြီး တစ်ဖက်ကမ်းကိုရောက်ပြီးသူအား နောက်ပြန်လှည့်၍ အကြိမ်ကြိမ် မြစ်ကိုပြန်ဖြတ်ကူးရန် အဓိပ္ပာယ်မရှိဟု ဆိုလိုသည့်သဘောပင် ဖြစ်ပါသည်။

ထိုအချက်သုံးချက်မှာ ကျွန်တော်မြင်မိသောအချက်များ ဖြစ်ပါ၏။ သတင်းဂျာနယ်ဆောင်းပါးပါ နာမည်ကျော်သရုပ်ဆောင်က အမှားများပါခဲ့လျှင် သည်းခံဖြည့်စွက်ဖတ်ပေးရန် ဖိတ်ခေါ်ခဲ့ပါသဖြင့် ဝေဖန်တင်ပြရခြင်း ဖြစ်ပါသည်။

ကောင်းသောအချက်များကိုလည်း ချီးကျူးမိပါသည်။ အသက်အရွယ်၊ အလုပ်အကိုင်၊ အောင်မြင်မှုမျိုးနှင့် မလိုက်အောင်ပင် ဘာသာတရားအပေါ်၌ လေ့လာအားထုတ်ခဲ့သည်မှာ ချီးကျူးထိုက်လှပါသည်။

"ဗုဒ္ဓစာပေတွေလေ့လာ၊ တရားတွေနာ၊ ဆရာသမားတွေဆီက ဩဝါဒတွေခံယူမှတ်သား၊ ကိုယ်တိုင်လဲ ဝိပဿနာအားထုတ်. . . . ဒီ့ထက် မေတ္တာစာတ်အားတွေ ကောင်းသည်ထက်ကောင်းအောင်၊ အသိဉာဏ်တရား တွေ ရင့်သည်ထက်ရင့်လာအောင် ကျွန်တော်ကြိုးစားပြီး ကျင့်ကြံရအုံးမှာပါ" ဟု ဆိုခြင်းကိုလည်း သာဓုခေါ်လိုက်ရပါသတည်း။

*၂၀၁၁-ခုနှစ်၊ ဒီဇင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*



## ၃၁ ဘုံကို ရှာဖွေခြင်း

၂၀၁၁၊ ဇွန်လထုတ်၊ အတွေးအမြင်စာအုပ်၌ ဖော်ပြပါရှိသော "၃၁-ဘုံကို ရှာဖွေတွေ့ရှိခြင်း" ဆောင်းပါးကိုဖတ်မိ၍ ကျွန်တော် အထိတ်တလန့်ဖြစ်မိပါသည်။ ထိုဆောင်းပါးရှင်သည် ဗုဒ္ဓ၏တရားများအပေါ် သံသယရှိနေခဲ့ပြီး ၃၁-ဘုံနှင့်ပတ်သက်၍ ယုံကြည်ရန်အခက်တွေ့နေရသည်ဟုဆိုပါသည်။ ထို့ကြောင့် ပိဋကတ်သုံးပုံမြန်မာပြန်များကို ဝယ်ဖတ်ခဲ့ရာမှ ၃၁-ဘုံကို ရှာဖွေတွေ့ရှိခဲ့ပြီဟု ဆိုပါသည်။

> သူက "၃၁-ဘုံကို ရှာဖွေတွေ့ရှိပါပြီ။ သေရရင်လည်း သေပျော်ပါပြီ။ မသေရသေး၍ လူ့ဘဝတွင် (၃၁-ဘုံတွင်) နေရသေးလျှင်လည်း ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်တို့ကို ပွားများ၍နေရသော နေရကျိုးနပ်ပြီဟု ဆိုနိုင်ပါသည်" ဟု ရေးပါသည်။

ဤနေရာ၌ သူဆိုလိုချင်သည်မှာ ၃၁-ဘုံသည် လူ့ဘုံလူ့ဘဝတွင်ပင်ရှိသည်ဟူ၍ ဖြစ်ပါသည်။ သူက ပိဋကတ်သုံးပုံပါ ဓမ္မသင်္ဂဏီကျမ်းကို ကိုးကား၍ ပြပါ၏။ သူကိုးကားပြသည်များကို အကျဉ်းဖော်ပြ၍ ဝေဖန်ထောက်ပြရှင်းလင်းရေးသားပါမည်။

* * *

ဆောင်းပါးရှင်က -

> "ဘာသာကြီးလေးခုအနှစ်သာရများ-စာအုပ်မှ 'ဗုဒ္ဓဘာသာ' အခန်းကို ဖတ်မှတ်ပါသည်၊ လေ့လာပါသည်။ ကျွန်တော့်တွင် ခံစား

နေရသော သံသယစိတ်တို့သည် ပြေပျောက်မသွားပါ။ လူ့ဘုံသာ တွေ့ရမြင်ရသည်။ ကျန်ဘုံ ၃၀-မှာ သေပြီးမှ ကုသိုလ်၊ အကုသိုလ် တို့၏စေ့ဆော်မှုကြောင့် ဖြစ်ပေါ်လာရမည်ဖြစ်သည်ဟု ဆိုသည်" ဟူ၍ ရေးထားပါ၏။

ဘာသာကြီးလေးခုအနှစ်သာရများစာအုပ်မှ စာ -၂၂၄၊ ၂၂၅ တွင် ဖော်ပြထားသည်ကို ထိုဆောင်းပါးတွင် ဖော်ပြထားပြီးဖြစ်ပါလျက် လွဲမှားစွာ အနက်ကောက်ယူခဲ့ပါသည်။

မူရင်းစာမှာ "ပုဂ္ဂိုလ်သတ္တဝါတို့သည် သေအံ့ဆဲဆဲအခါ၌ ဂတိ နိမိတ်ခေါ် မိမိ၏နောင်ဘဝဖြစ်မည့် ဘဝ၏အာရုံကို ထင်မြင်သည်။ မိမိသွား ရမည့်ခရီးကို ကြိုတင်မြင်ခြင်းဖြစ်သည်။ လူ့ပြည်သို့သွားရမည့်သူသည် လူ့ပြည်ဆိုင်ရာနိမိတ်များ၊ အပါယ်ဘုံသို့ ရောက်ရမည့်သူများသည် အပါယ်ဘုံ ဆိုင်ရာ နိမိတ်များ၊ နတ်ဘုံနှင့်ဗြဟ္မာဘုံသို့ ရောက်ရမည့်သူများသည်လည်း ဆိုင်ရာနိမိတ်များ ထင်လာကြသည်" ဟု ဖြစ်သည်။ သူယူဆပြောဆိုသကဲ့သို့ "ကျန်ဘုံ-၃၀ မှာ သေပြီးမှ ကုသိုလ်၊ အကုသိုလ်တို့၏ စေ့ဆော်မှုကြောင့် ဖြစ်ပေါ်လာရမည်ဖြစ်သည် ဟုဆိုသည်" ဟု ရေးထားခြင်းမဟုတ်ပေ။

၃၁-ဘုံဌာနများတွင် မိမိတို့၏ ကုသိုလ်၊ အကုသိုလ်အလျောက် ရောက်ရဖြစ်ရခြင်းဖြစ်သည်ဟု ရေးထားခြင်း ဖြစ်ပါသည်။

ထိုဆောင်းပါးရှင်က -

"ဆရာညိုသောင်း၏ ရေးသားချက်နှင့် အဘိဓမ္မာ၏ဆိုလို ရင်းမှာ များစွာကွဲပြားခြားနားနေပါသည်။ ရူပဗြဟ္မာ ၁၆-ဘုံ ဆိုသည်မှာ ရူပါဝစရကုသိုလ် ၁၆-ပါးမှရရှိသော ရူပါဝစရကုသိုလ် ဈာန်စိတ် ၁၆-ပါးကို ယူဆသတ်မှတ်ရမည် ဖြစ်ပါသည်။

"ကာမာဝစရကုသိုလ်နှင့် ရူပါဝစရကုသိုလ်တို့သည် ဒါန၊ သီလကြောင့်ရရှိသည်ဟု အဘိဓမ္မာတွင် မတွေ့ရပါ။ ဒါန၊ သီလ ဟူသော အသုံးအနှုန်းပင်လျှင် ဓမ္မသင်္ဂဏီကျမ်းတွင် ရေးသား ဖော်ပြချက်ကို လုံးဝရှာမတွေ့ပါ။ ဈာန်များကို အဆင့်ဆင့်ပွားများ ၍ ရရှိအပ်သောမျက်မှောက်တွင် ထင်ထင်ရှားရှားတွေ့ရှိအပ်သော၊

ရရှိအပ်သော ကုသိုလ်အဆင့်ဆင့်သာ ဖြစ်ပါသည်။ တမလွန်ဘဝ ရောက်မှ ရရှိအပ်သော ပြဟ္မာဘုံများ မဟုတ်ပါ။

"ထို့အတူ အရူပါဝစရကုသိုလ်ကံသည် အရူပပြဟ္မာဘုံသို့ တွန်းပို့နိုင်သည်ဟုဆိုခြင်းမှာလည်း ဓမ္မသင်္ဂဏီကျမ်းအလာနှင့် ကွဲလွဲနေပါသည်။ အရူပါဝစရကုသိုလ်ကိုပင်လျှင် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူ၍ အဆင့်ဆင့်ခွဲခြား သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ တမလွန်ဘဝရောက်ရှိမှ ရရှိအပ်သော အရူပပြဟ္မာဘုံဟူ၍ မဆိုလိုပါ။ မျက်မှောက်ဘဝတွင် ရရှိအပ်သော ဈာန်များဖြစ်ကြောင်း ဓမ္မသင်္ဂဏီကျမ်းတွင် လာသည့် အတိုင်း ဖော်ပြအပ်ပါသည်" ဟု ရေးသားဖော်ပြထားသည်။

ဤတွင်လည်း အနက်ယူပုံ လွဲချော်နေပြန်ပါသည်။

အရူပါဝစရကုသိုလ်ကို ပထမဈာန်၊ . . . စတုတ္ထဈာန်စသည်ဖြင့် ခွဲခြားထားပြီး မျက်မှောက်ဘဝတွင် ရရှိအပ်သောဈာန်များဖြစ်သည်ဟု ဆိုခြင်းသည် မှန်ပါသည်။ သူဆောင်းပါးတွင် ဓမ္မသင်္ဂဏီကျမ်းလာစကားကို 'ပဋ္ဌမာရုပ္ပဈာန်' ဟူသော ခေါင်းစဉ်ငယ်ဖြင့် "အဘယ်တရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အကြင်အခါ၌ အရူပဘုံ၌ဖြစ်ခြင်းငှာ အကြောင်း ဈာန်ကိုပွား၏။ (အရူပဘုံသို့ရောက်ကြောင်းဖြစ်သော ဈာန်ကိုပွား၏။) . . ." ဟု ဖော်ပြထားပါသည်။

"အရူပဘုံ၌ဖြစ်ခြင်းငှာ အကြောင်းဈာန်ကိုပွား၏" ဟူသော အဓိပ္ပာယ်သည် "လက်ရှိခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ အရူပ ပြဟ္မာ၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဈာန်ကိုပွား သည်" ဟု အနက်ယူရမည်ဖြစ်ပါသည်။

ဤသည်ကိုပင် မျက်မှောက်ဘဝတွင်ရရှိအပ်သော ဈာန်များနှင့် တမလွန်တွင်ရအပ်သော ဘုံဘဝတို့ကိုရောထွေး၍ မှားယွင်းစွာ အနက် ကောက်လွဲမိသူမှာ အဆိုပါဆောင်းပါးရှင်သာလျှင် ဖြစ်ပါသည်။ ဆရာ ညိုသောင်းလည်း မမှား၊ ဓမ္မသင်္ဂဏီကျမ်းသည်လည်း မပြည့်မစုံဆိုခြင်း မဟုတ်လေပြီ။

ဓမ္မသင်္ဂဏီကျမ်း၏ ကျမ်းဦးမှတ်ဖွယ်၌မှာပင် "မြတ်စွာဘုရားသည် နိက္ခေပကဏ္ဍဖြင့် ဝေဒနာတိက်ကိုဖွင့်ပြရာ၌- (က) သုခဘုံ၊ (ခ) ဒုက္ခဘုံ၊ (ဂ) အဒုက္ခမသုခဘုံဟူ၍ စိတ်စေတသိက်တရားတို့သည် ခံစားမှု (ဝေဒနာ)၏ ဖြစ်ပေါ်ရာဌာနဖြစ်သောကြောင့် ယင်းစိတ်စေတသိက်တရားတို့ကို (ဘုံ) ဟူသော ဝေါဟာရဖြင့် ရှေးဦးစွာ အကျဉ်းချုံး၍ ပြတော်မူသည်။ သုခဘုံကိုလည်း ကာမသုခဘုံ၊ ရူပသုခဘုံ၊ လောကုတ္တရာသုခဘုံဟူ၍ တစ်ဆင့်တက်၍ သုံးမျိုးခွဲပြတော်မူသည်။ ကာမသုခဘုံဟူသည် စိတ္တုပ္ပာဒကဏ္ဍ၌ ပြဆိုခဲ့သော ကာမသောမနဿသဟဂုတ်စိတ်စေတသိက်တို့ပင် ဖြစ်သည်" ဟု ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ထို့ကြောင့် ထိုဘုံဟူသောဝေါဟာရသည် စိတ်စေတသိက်တို့၏ ဖြစ်ပေါ်ရာဌာနအနေဖြင့် ဖော်ပြခြင်းမျိုးသာဖြစ်သည်။ ၃၁-ဘုံကို တိုက်ရိုက်ညွှန်းဆိုထားခြင်း မဟုတ်ပေ။

ထိုဘုံနှစ်မျိုးကို ဆောင်းပါးရှင်က ရောထွေးမြင်ခဲ့ဟန်တူပါသည်။ ထို့ကြောင့် သူ၏ဆောင်းပါး၌ "ဆရာညိုသောင်းစာအုပ်တွင် ရူပပြဟ္မာ ၁၆-ဘုံနှင့် အရူပပြဟ္မာ ၄-ဘုံတို့ကို တမလွန်ရောက်မှ ရရှိသည်ဟု ဆိုပါသည်။ ဓမ္မသင်္ဂဏီကျမ်းတွင် ရူပါဝစရကုသိုလ် ဈာန် ၁၆-ပါးနှင့် အရူပါဝစရကုသိုလ်ဈာန် ၄-ပါးတို့မှာ မျက်မှောက်ဘဝတွင်ပင် ရရှိကြောင်း ဖော်ပြထားပါသည်" ဟု ဈာန်ကို မျက်မှောက်ဘဝတွင်ရခြင်းနှင့် ဘုံကိုတမလွန်ဘဝတွင်ရရောက်ခြင်းတို့ကို ကွဲပြားစွာဖော်ပြထားလျက်ကပင် ခွဲခြား၍ မြင်နိုင်စွမ်းမရှိသဖြင့် အမှားကိုဆိုမိရက် ဖြစ်သွားလေသည်။

ဆောင်းပါးတွင်ထပ်မံ၍ "ရူပပြဟ္မာ ၁၆-ဘုံ၊ ရူပါဝစရကုသိုလ်ဈာန် ၁၆-ပါး၊ အရူပပြဟ္မာ ၄-ဘုံ၊ အရူပါဝစရကုသိုလ်ဈာန် ၄-ပါးတို့ကို ထပ်တူပြု၍ ကျွန်တော်စဉ်းစားမိပြန်ပါသည်။ တရားသဘောမှာ တူနေပါသည်။ တမလွန်နှင့် မျက်မှောက်ကာလကတော့ ကွာခြားနေပြန်ပါသည်" ဟု ရေးထားပြီး -

"၃၁-ဘုံမှ ဘုံ-၂၀ ကိုတော့ တွေ့ပါပြီ။ . . . တစ်ဆင့်တက်၍ ကျွန်တော် စဉ်းစားမိပါသည်" ဟုဆိုကာ ရူပါရုံကို အလွန်အကြူးခံစားနေ

သော နတ်တို့ကို အမှတ် (၁) နတ်လောက၊ သဒ္ဒါရုံကို. . . ဂန္ဓာရုံကို. . . ဓမ္မာရုံကို အလွန်အကြူးခံစားနေသော အမှတ် (၆) နတ်လောကဟူ၍ သူ့အထင်နှင့် သူ့အတွေးနှင့် နတ်ပြည်ခြောက်ထပ်ကို ကန်ထရိုက်ယူကာ တည်ဆောက်ပေးလိုက်ပါတော့သည်။

ဆက်၍ -

"ကျန်ရှိနေသော အပါယ် ၄-ဘုံကို အထူးရှာဖွေရန် မလိုတော့ပါ။ ကျွန်တော်တို့၏ မျက်မှောက်တွင် အစဉ်မပြတ် တွေ့နေ၊ မြင်နေ၊ ကြုံနေရပါသည်။ ဝတ်ပြတ်၍ တောင်းစားနေသူများ၊ အမှိုက်ပုံများတွင် ရှာဖွေကောက်စားနေသူများသည် ပြိတ္တာဟု ဆိုအပ်သောသူများ ဖြစ်ရပါမည်။

"လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းလျက် ကိုယ်ချင်းစာနာစိတ်မရှိဘဲ ရှာဖွေစုဆောင်းထားသမျှသော ပစ္စည်းဥစ္စာများကို မပေးရက်၊ မလှူရက်၊ မစားရက်၊ မသောက်ရက်နှင့် နောက်ဆုံးဆေးကုသမှုပင် မခံယူတော့ဘဲ အသေခံသွားသူ (အသူရကာယ်) များကိုလည်း မတွေ့ချင်မမြင်ချင်အဆုံးပင် ဖြစ်သည်။

"အိပ်၊ စား၊ ကာမ ဤသုံးဝနှင့် တိရစ္ဆာန်လိုနေသူများလည်း မရှားပေ။ ပေတဝတ္ထုမှ (နေ့စံ-ညခံ၊ ညစံ-နေ့ခံ) ငရဲများကို ကျွန်တော်တို့တစ်တွေ မခံရဖူးသူမရှိသလောက် ရှားပါးပါသည်။ ၃၁-ဘုံကို ရှာဖွေတွေ့ရှိပါပြီ" ဟု ရေးထားပါသည်။ ဤတွင်မျှမကသေး -

၃၁-ဘုံတွင် ကျင်လည်ကြကုန်သော သတ္တဝါ (လူသား) တို့သည် အမြင့်ဆုံးအရူပဘုံသို့ရရှိ၍ ဈာန်ခံစားစံစားနေရသော်လည်း (ဗြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စားကျင်းတရှုပ်ရှုပ်) မတည်မြဲနိုင်ပါ" ဟု နှစ်ခွယူဆနိုင်သော စကားလုံးတို့ဖြင့် ဥပမာပြုကာ ဆရာလုပ်လိုက်ပါသေးသည်။

ဗြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စားကျင်းတရှုပ်ရှုပ်ဆိုသော အဓိပ္ပာယ်မှာ "မတည်မြဲ" ဟူသော အနက်ကို ပုံပမာပြုထားခြင်းထက် "ပထမဈာန် အကျိုးပေးကြောင့် ဗြဟ္မာ့ပြည်တွင်ဖြစ်ပြီး တဝင်းဝင်းတောက်ပလျက်

နှစ်သက်ခြင်းပီတိလျှင်အစာရှိလျက် နေခဲ့ကုန်သော်လည်း ထိုပြဟ္မာပြည်မှ စုတေသော် ဂတိ၏ရှုပ်ထွေးသောအကြောင်းကြောင့် ဝက်သွားဖြစ်ရပြီး ဝက်စားကျင်းဝယ်မစင်လူး၍ တရှုပ်ရှုပ်ဖြင့် ညစ်ပေသောအစာများကို စားသောက်နေရသည်" ဟု အနက်ယူရမည်ဖြစ်ပါ၏။

(ဓမ္မပဒဝတ္ထု၊ တဏှာဝဂ်မှ ဝယ်မငယ်ဝတ္ထုကို အကြောင်းပြုပြီး ပေါ်လာသောဆိုရိုးစကားတစ်ခု ဖြစ်ပါသည်။)

"၃၁-ဘုံတွင်ကျင်လည်ကြကုန်သော လူသားတို့သည်" ဟု ရေးသည်မှာ ဆောင်းပါးရှင်သည် လူ့ဘဝတွင်သာ ၃၁-ဘုံရှိပါသည်ဟု ယူဆသော သူ၏အတွေးအခေါ်ကိုပါ အဓိပ္ပာယ်ပေါ်လွင်စေရန် နှစ်ခွမြင်စေလိုသော ရည်ရွယ်ချက်ဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်ဟု ထင်မြင်မိပါ၏။ ဆောင်းပါးရှင်သည် အပါယ်လေးဘုံကိုပါ လူ့ဘဝ၊ လူ့ဘုံ၌ပင် တွေ့မြင်နိုင်ကြောင်း ရဲတင်းစွာ တွေးခေါ်ယူဆထားပါသည်။

* * *

ဆောင်းပါးရှင်သည် ပိဋကတ်မြန်မာပြန်စာအုပ်များ (အုပ်ရေ-၃၀) ကို မှာယူဖတ်ရှုခဲ့သည်ဟု ဆိုပါသည်။ သို့သော် နတ်ပြည် ၆-ထပ်ကို အလွဲကြီးလွဲမှားစွာ တွေးခေါ်ထားပါသည်။

ဤ၌ ပိဋကတ်မြန်မာပြန် အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဥပေါသထဝဂ်၊ ဝိတ္ထတူပေါသထသုတ်လာ မြတ်စွာဘုရား၏ ဟောကြားချက်များထဲမှ အနည်းငယ်ထုတ်နုတ်ပြီး ဖော်ပြပေးချင်ပါသည်။

"ရဟန်းတို့၊ လူတို့၏နှစ်ပေါင်း ၅၀-သည် စတုမဟာရာဇ်နတ်တို့၏ တစ်ညနှင့်တစ်နေ့ဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လ၊ ထိုလဖြင့် လပေါင်းတစ်ဆယ့်နှစ်လသည် တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နှစ်ပေါင်း ၅၀၀-သည် စတုမဟာရာဇ်တို့၏ သက်တမ်းဖြစ်၏။

"ရဟန်းတို့၊ ဤလူ့ပြည်မှ မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောဥပုသ်ကို စောင့်သုံး၍ သေလွန်

သွားပြီး စတုမဟာရာဇ်နတ်အဖြစ်သို့ ရောက်ရန်အကြောင်းရှိ၏။ဤအကြောင်းကို ရည်ရွယ်၍ လူမင်း၏စည်းစိမ်သည် နတ်ချမ်းသာနှင့်နှိုင်းစာလျှင် မပြောလောက်ဖွယ် သေးငယ်သိမ်ဖျင်း၏ဟု ငါဆိုခဲ့ခြင်းဖြစ်ပေသည်။

"ရဟန်းတို့၊ လူတို့နှစ်ပေါင်း ၁၀၀-သည် တာဝတိံသာနတ်တို့၏ တစ်ညနှင့်တစ်နေ့ ဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လ၊ ထိုလဖြင့် လပေါင်းတစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း ၁၀၀၀-သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်၏။

"ရဟန်းတို့၊ လူတို့၏နှစ်ပေါင်း ၂၀၀-သည် ယာမာနတ်တို့၏ တစ်ညနှင့်တစ်နေ့ဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လ၊ ထိုလဖြင့် လပေါင်းတစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း ၂၀၀၀-သည် ယာမာနတ်တို့၏ သက်တမ်း ဖြစ်၏။

"ရဟန်းတို့၊ လူတို့၏နှစ်ပေါင်း ၄၀၀-သည် တုသိတာနတ်တို့၏ တစ်ညနှင့်တစ်နေ့ဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လ၊ ထိုလဖြင့် လပေါင်းတစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း ၄၀၀၀-သည် တုသိတာနတ်တို့၏ သက်တမ်းဖြစ်၏။

"ရဟန်းတို့၊ လူတို့၏နှစ်ပေါင်း ၈၀၀-သည် နိမ္မာနရတိနတ်တို့၏ တစ်ညနှင့်တစ်နေ့ဖြစ်၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လ၊ ထိုလဖြင့် လပေါင်းတစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း ၈၀၀၀-သည် နိမ္မာနရတိနတ်တို့၏ သက်တမ်းဖြစ်၏။

"ရဟန်းတို့၊ လူတို့၏နှစ်ပေါင်း ၁၆၀၀-သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ တစ်ညနှင့်တစ်နေ့ဖြစ် ၏။ ထိုညဖြင့် ညပေါင်းသုံးဆယ်သည် တစ်လ၊ ထိုလဖြင့် လပေါင်းတစ်ဆယ့်နှစ်လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် နှစ်ပေါင်း ၁၆၀၀၀-သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ သက်တမ်းဖြစ်၏။

"ရဟန်းတို့၊ ဤလူ့ပြည်မှ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကိုစောင့်သုံး၍ သေလွန်သွားပြီး ပရနိမ္မိတဝသဝတ္တီနတ်အဖြစ်သို့ ရောက်ရန်အကြောင်း ရှိ၏။ ဤ

အကြောင်းကို ရည်ရွယ်၍ လူမင်း၏စည်းစိမ်သည် နတ်ချမ်းသာနှင့် နှိုင်းစာလျှင် မပြောလောက်ဖွယ် သေးငယ်သိမ်ဖျင်းလှ၏ဟု ငါဆိုခဲ့ခြင်းဖြစ်ပေသည်" ဟူ၍ ဟောကြားထားပါသည်။

ထိုတရားကိုဖတ်ရှုပြီးသော် သီလတည်းဟူသော ကုသိုလ်ကံတို့၏ အကျိုးပေးကြောင့် နတ်ပြည်သို့ရောက်အပ်သည်ကို ရှင်းလင်းစွာ နားလည်နိုင်လောက်ပါသည်။ ထို့ကြောင့် ဒါန၊ သီလတို့ကြောင့် ကာမာဝစရကုသိုလ်ဖြစ်သည်ကို မငြင်းနိုင်ပါ။

မြတ်စွာဘုရားသည် ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်တို့ကို ဘုံသုံးပါး၌ ဖြစ်စေတတ်သောကြောင့် 'တေဘူမကကုသိုလ်' ဟူသောအမည်ဖြင့် ပြတော်မူပြန်ပါသည်။

ယင်းတေဘူမကကုသိုလ်ကိုလည်း အညံ့စား 'ဟီန' ကုသိုလ်၊ အလတ်စား 'မဇ္ဈိမ' ကုသိုလ်၊ အမြတ်စား 'ပဏီတ' ကုသိုလ်ဟူ၍ သုံးမျိုးခွဲခြား၍ ပြတော်မူသည်။

ထို့ပြင် ဆန္ဒကိုအကြီးအမှူးပြုသောကုသိုလ်၊ ဝီရိယကိုအကြီးအမှူးပြုသောကုသိုလ်၊ စိတ်ကိုအကြီးအမှူးပြုသောကုသိုလ်၊ ပညာကိုအကြီးအမှူးပြုသောကုသိုလ်ဟူ၍ လေးမျိုးခွဲခြားပြတော်မူပြန်သည်။ အဓိပတိလေးပါးတို့တွင် တစ်ပါးတစ်ပါးတို့၌ ဟီန၊ မဇ္ဈိမ၊ ပဏီတသုံးပါးစီထည့်၍ ၁၂-ပါးစီ ခွဲပြတော်မူပြန်သည်။

ကုသိုလ်ပြုလုပ်စဉ်အခါက ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ အညံ့စားဖြစ်ခဲ့သော် ဟီနကုသိုလ်ဖြစ်သည်။ အလတ်စားဖြစ်ခဲ့သော် မဇ္ဈိမကုသိုလ်ဖြစ်သည်။ အမြတ်စားဖြစ်ခဲ့သော် ပဏီတကုသိုလ်ဖြစ်သည်ဟု ကုသိုလ်ချင်းတူသော်လည်း ကုသိုလ်အမျိုးအစား ကွဲပြားပုံကို ပြတော်မူသည်။ ထို့ကြောင့် နတ်ဘုံ၌ နတ်ဖြစ်ရခြင်း တူညီကြသော်လည်း ဤအကြောင်းကြောင့် နတ်အတန်းအစား ကွဲပြားကြရပါတကားဟု သိမြင်နိုင်ပါသည်။ (ဒါန၏အကျိုးကြောင့် နတ်ပြည်သို့ရောက်ရခြင်းကို သံယုတ္တနိကာယ်၊ သဂါထာဝဂ်၊ ဒေဝတာသံယုတ်၊ အာဒိတ္တသုတ်တွင်ကြည့်ပါ။)

ထို့ကြောင့် နတ်ပြည်ခြောက်ထပ်ကို "ရူပါရုံကို အလွန်အကြူး ခံစားနေသော နတ်တို့ကို အမှတ် (၁) နတ်လောက၊ သဒ္ဒါရုံကို. . . ဂန္ဓာရုံကို. . . ဓမ္မာရုံကို အလွန်အကြူးခံစားနေသော အမှတ် (၆) နတ်လောက" ဟူ၍ မိမိထင်မြင်ရာရာ တွေးခေါ်ထားပုံမှာ လုံးဝမှားယွင်းနေကြောင်း သိမြင်လောက်ပါပြီ။

*　　*　　*

"ပေတဝတ္ထုမှ နေ့စံ-ညခံ၊ နေ့ခံ-ညစံငရဲများကိုလည်း ကျွန်တော်တို့တစ်တွေ မခံရဖူးသူမရှိသလောက် ရှားပါသည်" ဟု ငရဲဘုံကိုလည်း မှားယွင်းစွာ တွေးခေါ်လိုက်ပြန်ပါသည်။ ငရဲဘုံနှင့်ပတ်သက်၍ ဒေဝဒတ် မြေမျို၍ မဟာအဝီစိငရဲ၌ဖြစ်ပုံ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား အလိုဆိုးရှိသူများဟု စွပ်စွဲပြစ်မှားသူ ကောကာလိကရဟန်း အနာကြီးများ ပေါက်ကာ သေလွန်သော် ပဒုမငရဲ၌ဖြစ်ရပုံ၊ ပဒုမငရဲသက်တမ်း မည်မျှရှိပုံတို့ကို ဟောကြားထားသည်များကို ဖတ်မိပါလျှင် ငရဲဘုံသည် ကမ္ဘာမြေကြီးအတွင်း၌ရှိကြောင်းမှာ မမှားမယွင်း မှန်ကန်သည်ဟု နားလည်ရမည်သာ ဖြစ်ပါသည်။

ထို့အတူပင် ဂိဇ္ဈကုဋ်တောင်တွင် မြွေပြိတ္တာတစ်ကောင် (ယင်းမြွေပြိတ္တာမှာ လူ၏ဦးခေါင်း၊ မြွေ၏ကိုယ်ရှိ၏။ ခန္ဓာကိုယ်မှာ ၂၅-ယူဇနာ ပမာဏရှိ၏။ ဦးခေါင်းမှထသောမီးလျှံသည် အမြီးသို့တိုင်၏။ အမြီးမှထသော မီးလျှံသည် နံပါးနှစ်ဖက်သို့သွား၏။ နံပါးနှစ်ဖက်မှပြေးထွက်လာသော မီးလျှံသည် အလယ်သို့သက်ကုန်၏။) ကို မြင်ခဲ့သော ရှင်မောဂ္ဂလာန်အား အကြောင်းပြု၍ မြတ်စွာဘုရားကလည်း သက်သေပြုဟောကြားထားသော တရားတော်စသည်ဖြင့် အကျဉ်းမျှ စဉ်းစားချင့်ချိန်နိုင်ရန် ရေးပြလိုက်ပါသည်။

*　　*　　*

ဆောင်းပါးရှင်သည် ဤအယူမှား ဝါဒမှားတို့ကို ဆုပ်ကိုင်ထားမည်ဟုဆိုလျှင် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်၌ သမ္မာဒိဋ္ဌိနှင့် ဝေးရပေတော့မည်။ ထို့အတူပင် သာသနာတော်မှာလည်း ကြီးစွာသော ဆုတ်ယုတ်ခြင်းမျိုးဖြင့် ဆုတ်ယုတ်ရပေတော့မည်ဟုသာ ဆိုရမည်ဖြစ်ပါတော့သတည်း။

[မဟာသင်္ဂါယနာပါဠိတော် မြန်မာပြန်တွင် ကျမ်းဦးမှတ်ဖွယ်၌ သမ္မာဒိဋ္ဌိအယူနှင့်ပြည့်စုံခြင်း အချက် ၁၀-ချက်တွင် နံပါတ် (၉) အချက် (ခါ-ခိ) ၌ 'အတ္ထိသတ္တာ ဩပပါတိကာအရ လူတို့၏ (မံသစက္ခု) အသားစိုင် မျက်စိတို့ဖြင့် မမြင်နိုင်၊ မမြင်ကောင်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်မျက်စိတို့ဖြင့်သာ မြင်နိုင်သော ဥပပါတ်သတ္တဝါတို့သည် လောက၌ အဟုတ်ရှိ၏၊ အမှန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဥပပါတ် (ဩပပါတိက) သတ္တဝါမျိုးဆိုသည်ကား အမိဝမ်း၌ ပဋိသန္ဓေယူရသော (ဂဗ္ဘသေယျက) သတ္တဝါမျိုး မဟုတ်ကုန်၊ ရှေးရှေးဘဝတို့က ပြုခဲ့ကြသော 'ကံ' ၏ အစွမ်းအားဖြင့် မျက်စိ၊ နား၊ နှာ အင်္ဂါခြေလက်စသည် အပြီးအစီးတစ်ခါတည်း (ဘွားခနဲ) ဖြစ်ပေါ်ကြကုန်သော သတ္တဝါတို့တည်း။

ထိုဥပပါတ် (ဩပပါတိက) သတ္တဝါတို့ကိုမြင်လိုလျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရအောင်အားထုတ်၍ ရရှိပေါက်ရောက်လျှင် ထိုအဘိညာဉ်ပိုင်ရှင်ပုဂ္ဂိုလ်တို့သည် မြင်လိုက မြင်နိုင်ကြပေသည်-ဟု ဖော်ပြထားပါသည်။

*၂၀၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဓမ္မရံသီမဂ္ဂဇင်း*

## လေတို့သည်မတိုက် မြစ်တို့သည်မစီး

စာရေးသူသည် လူအများက လေးစားယုံကြည်ခြင်းခံရသော စာရေး ဆရာကြီးတစ်ဦးရေးသားခဲ့သည့် "ဓမ္မအပေါ်သစ္စာဖောက်မှုကြီး" ဟူသည့် ဆောင်းပါးကို ဖတ်ခဲ့ရပါသည်။ ဆောင်းပါးတွင် -

"ဓမ္မသည် သူ့သဘောကိုသူဆောင်၏။ သစ္စာသည် ရှေ့နှင့် နောက်ကို မှန်မှန်ကန်ကန်ဖြစ်အောင် ဆက်စပ်ပေး၏။ ရှေ့နှင့် နောက်ဆိုသည်မှာ စိတ်ကကြံစည်သည့်အတိုင်း နှုတ်ကပြောဆို ရာတွင် စိတ်နှင့်နှုတ် ရှေ့နှင့်နောက်ညီညွတ်ခြင်း၊ စိတ်ကကြံစည် သည့်အတိုင်း ကိုယ်ကပြုလုပ်ရာတွင် စိတ်နှင့်ကိုယ် ရှေ့နှင့်နောက် ညီညွတ်ခြင်း၊ နှုတ်ကပြောဆိုသည့်အတိုင်း ကိုယ်ကပြုလုပ်ရာတွင် နှုတ်နှင့်ကိုယ် ရှေ့နှင့်နောက်ညီညွတ်ခြင်းတို့ပင် ဖြစ်၏။ ဤသည် ကိုပင် 'ကံ' များ အချင်းချင်းသစ္စာရှိသည်ဟု ဆိုရ၏။ ဓမ္မအပေါ် သစ္စာရှိခြင်းဟူ၍လည်း ဆိုရ၏" ဟု ရှင်းပြထားပါသည်။

"ထိုသို့မဟုတ်ဘဲ စိတ်ကတစ်မျိုးကြံ နှုတ်ကတစ်မျိုးပြော ခြင်းသည်လည်းကောင်း၊ စိတ်ကတစ်မျိုးကြံ ကိုယ်ကတစ်မျိုးလုပ် ခြင်းသည်လည်းကောင်း၊ နှုတ်ကတစ်မျိုးပြော ကိုယ်ကတစ်မျိုးလုပ် ခြင်းသည်လည်းကောင်း 'ကံ' အချင်းချင်းအပေါ် သစ္စာဖောက် ခြင်းမည်၏။

"ကံအချင်းချင်းအပေါ် သစ္စာဖောက်ခြင်းသည်ပင် ဓမ္မ အပေါ်သစ္စာဖောက်ခြင်း မည်၏။. . ဓမ္မကြောင်းအရပြောလျှင်

လည်း ကံများအချင်းချင်း တစ်ခုအပေါ်တစ်ခုက သစ္စာဖောက်ခြင်းသည်လည်း ဓမ္မအပေါ် သစ္စာဖောက်ခြင်းပင်မည်၏။

"သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့၏ နိယာမအရ ပုဂ္ဂိုလ်ကဖြစ်စေ၊ ကံကဖြစ်စေ ဓမ္မအပေါ်သစ္စာဖောက်ပါက ဓမ္မသည် မလွဲမသွေ တုံ့ပြန်မည်ဖြစ်၏။ ဓမ္မသည် တိုက်ခိုက်ခြင်းခံရပါက ဓမ္မကလည်း ပြန်လည်တိုက်ခိုက်မည် ဖြစ်၏။ ဤသည်မှာ နိယာမဖြစ်၏။ ဤနိယာမကို ဓမ္မသည် မကျော်လွန်နိုင်" ဟူ၍ ဖော်ပြထားသည်။

ဤနေရာ၌ "စိတ်ကကြံစည်သည့်အတိုင်း နှုတ်ကပြောဆိုရာတွင်" ဟု မနောသင်္ခါရနှင့် ဝစီသင်္ခါရတို့ကို တွဲထားခြင်းမှာ စိတ်နှင့်နှုတ်တို့ ရှေ့နောက်ညီညွတ်သည်ကို ဆိုလိုသည်ဟု နားလည်မိပါသည်။ အကယ်၍ မညီမညွတ်ပြုမိသည်ဖြစ်အံ့။ (စိတ်ကတစ်မျိုးကြံ နှုတ်ကတစ်မျိုးပြောကို ဆိုလိုသည်။) ၎င်းကို ကံအချင်းချင်းသစ္စာဖောက်သည်ဟု ဆောင်းပါးရှင်က ဆိုပါသည်။

ဤနေရာတွင် ချွတ်ယွင်းချက်ရှိနေသည်ဟု မြင်မိပါသည်။ စိတ်က မကောင်းသော (အကုသိုလ်) အကြံကို ကြံမိသော် နှုတ်ကမပြောဘဲ အခြားအကြောင်းကိုသာ ပြောမိပါသော် ယင်းသို့ဖြစ်အောင် ထိန်းသိမ်းရာကိစ္စတွင် မည်သို့ဆိုရမည်နည်း။ ဓမ္မကို သစ္စာဖောက်သည်ဟူ၍ပင် ယူဆမည်လော။

ထို့အတူ စိတ်က (အကုသိုလ်ကို) ကြံစည်မိသည့်အတိုင်း ကိုယ်က မပြုလုပ်ဖြစ်အောင် စောင့်ထိန်းရာတွင်သော်လည်းကောင်း၊ နှုတ်က (အကုသိုလ်ကို) ပြောဆိုမိသည့်အတိုင်း ကိုယ်ကမလုပ်မိအောင် စောင့်ထိန်းခြင်းများတွင်လည်းကောင်း မည်သို့သတ်မှတ်မည်နည်း။

လေးနက်စွာ တွေးခေါ်ကြည့်ပါက"စောင့်ထိန်းမည်ဟု စိတ်ကဖြစ်ပြီးမှသာလျှင် နှုတ်၏စောင့်ထိန်းခြင်းသည် ဖြစ်၏" ဟု စဉ်းစားသော် စိတ်နှင့်နှုတ်သည် အလိုလိုသာလျှင် ရှေ့နောက်ညီညွတ်သည်သာတည်း။ ထို့ကြောင့်

စိတ်နှင့်နှုတ်ပြုသမျှတို့၌ ရှေ့နောက်မညီညွတ်ခြင်းသည် မရှိနိုင်ပါပြီ။ ကံ အချင်းချင်းသစ္စာဖောက်သည်ဟု ယူဆရန်မှာ မဖြစ်နိုင်တော့ပြီ။

ဆောင်းပါးရှင်ဆိုလိုသကဲ့သို့ စိတ်ကတစ်မျိုးကြံ၊ နှုတ်ကတစ်မျိုးပြော ခြင်းမျိုးမှာ မရှိနိုင်။ စိတ်ကတစ်မျိုးကြံ၊ ကိုယ်ကတစ်မျိုးလုပ်ခြင်းသည်လည်း မရှိနိုင်။ နှုတ်ကတစ်မျိုးပြော ကိုယ်ကတစ်မျိုးလုပ်ခြင်းသည်သာ ဖြစ်နိုင်ပါ တော့သည်။ ထိုနေရာတွင်လည်း နှုတ်ကဒေါသထွက်လွန်း၍ ပြောမှားဆိုမှား ဖြစ်မှားမိသည်ရှိအံ့၊ ကိုယ်သည်လည်း ထိုပြောဆိုမိသည့်အတိုင်း လိုက်လုပ်ရန် (ဆောင်းပါးရှင်၏ အယူအဆအရ သစ္စာစောင့်သိရန်) သာ ရှိပါတော့သည်။ ဤသို့သာဆိုလျှင် ခက်ကချေပြီ။

* * *

ထိုဆောင်းပါး၏ တစ်နေရာတွင်လည်း -

"အဘိဓမ္မမဟာရဋ္ဌဂုရု တောင်လေးလုံးဆရာတော်ကြီးက သူ၏ 'ပညာပါရမီအလင်းပြကျမ်း' စာမျက်နှာ-၅၀ ၌ ဤသို့ဖော်ပြ ထားသည်ကို တွေ့ရ၏။ ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ် ပေါများမှုများကို မငဲ့ကွက်မူ၍ မိမိတတ်သိသလို တတ်ပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် စာပေပို့ချခြင်းသည် ဒါနပါရမီ ဖြစ်၏။

ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ်လာဘ ပေါများမှု များကိုရည်ရွယ်၍ စာပေပို့ချခြင်းသည် ဒါနပါရမီမဖြစ်။ စာပေ ပို့ချနေခြင်းထက် မပို့ချဘဲအိပ်နေခြင်းက မြတ်သေးသည် ဟူ၍ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာများ၌ တိုက်ရိုက်ဆိုထားပါ သည်။ စာပေပို့ချနေပါလျက် သေလွန်လျှင် ငရဲကျမည်ဆိုလိုသည်။

(မျဉ်းသားထားသောစာတို့မှာ မူရင်း ပါရမီအလင်းပြကျမ်းပါ စာသားများလော၊ ဆောင်းပါးရှင်၏ မှတ်ချက်ပေးထားခြင်းလော ဟု မသဲကွဲ၍ မျဉ်းသားထားရခြင်း ဖြစ်ပါသည်။)

ဤသည်မှာ ဝစီကံနှင့် မနောကံတို့ အချင်းချင်း ရှေ့နှင့် နောက် မညီညွတ်သဖြင့် ဓမ္မအပေါ် သစ္စာဖောက်ခြင်းဖြစ်ကြောင်း

ဖော်ပြလိုရင်းဖြစ်၏။ ဓမ္မအပေါ် သစ္စာဖောက်သောအခါ ဓမ္မ၏ ပြစ်ဒဏ်ခတ်မှုအရ သေလွန်လျှင် ငရဲကျ၏" ဟုလည်းကောင်း၊ (ဤနေရာ၌ ကျွန်ုပ်မြင်သည်မှာ လာဘသက္ကာရလွှမ်းမိုးသော စိတ်ကသာလျှင် အပါယ်သို့ဆွဲချသည်ဟု မြင်မိပါ၏။)

"... ဓမ္မအပေါ် သစ္စာဖောက်ခြင်းလုပ်ငန်းဆိုသည်မှာ ဒုစရိုက်လုပ်ငန်းများဖြင့် ကြီးပွားခြင်းဖြစ်၏" ဟုလည်းကောင်း၊

"... အကုသိုလ်လုပ်ငန်းကြောင့် ကြီးပွားချမ်းသာခြင်းသည် လည်းကောင်း၊ ကုသိုလ်လုပ်ငန်းကြောင့် ဆင်းရဲမွဲတေခြင်းသည် လည်းကောင်း ဓမ္မအပေါ် သစ္စာဖောက်ခြင်းပင် ဖြစ်၏။ ကံနှင့် ကံ၏အကျိုးတို့ လိုက်လျောညီထွေမရှိခြင်းသည် ဓမ္မအပေါ် သစ္စာ ဖောက်ခြင်း မည်၏။ ဓမ္မအပေါ် သစ္စာဖောက်ခြင်းမှန်သမျှ ဓမ္မ၏ ဒဏ်ခတ်ခြင်းကို ခံရမည်မှာ မလွဲမသွေမှန်လှပေ၏" ဟုလည်း ကောင်း ဖော်ပြထားသည်။

မဇ္ဈိမနိကာယ်၊ မဟာကမ္မဝိဘင်္ဂသုတ်၌ မြတ်စွာဘုရားက "ကိုယ်၊ နှုတ်၊ စိတ်ဖြင့် စေ့ဆော်မှုရှိပြီး ချမ်းသာခံစားရမှု ဖြစ်စေနိုင်သောကံကိုပြုသည် ရှိသော် ထိုသူသည် ချမ်းသာကိုခံစားရ၏။ ဆင်းရဲခံစားရမှုဖြစ်စေနိုင်သော ကံကိုပြုသည်ရှိသော် ဆင်းရဲကိုခံစားရ၏။ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှုဖြစ်စေနိုင်သောကံကို ပြုသည်ရှိသော် ဆင်းရဲချမ်းသာမဟုတ်သော ဝေဒနာကို ခံစားရ၏" ဟု ဟောပါသည်။ "ကံအချင်းချင်း သစ္စာဖောက် သဖြင့် ဆင်းရဲကိုခံစားရ၏" ဟု မဟောပါ။

မနောသင်္ခါရ၊ ဝစီသင်္ခါရ၊ ကာယသင်္ခါရတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့် ဖြစ်ပေါ်ရခြင်းကို သံယုတ္တနိကာယ်၊ နိဒါနသံယုတ်၊ ဘူမိဇသုတ်တွင်လည်း မြတ်စွာဘုရားက ဤသို့ဟောကြားခဲ့ပါသည်။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ဗုဒ္ဓသီတင်းသုံးစဉ် ရှင်ဘူမိဇ သည် ရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ "ဆင်းရဲဒုက္ခကို ကိုယ်တိုင်ပြုအပ် ပါသလော" စသောမေးခွန်းကို မေးလျှောက်သည်။ ရှင်သာရိပုတ္တရာက "ဘူမိဇ၊ ဆင်းရဲသည် အကြောင်းကိုစွဲ၍ဖြစ်သောတရားဟု မြတ်စွာဘုရား

သည်ဟောကြားအပ်၏။ အဘယ်အကြောင်းကိုစွဲ၍ဖြစ်သနည်းဆိုသော် တွေ့ထိခြင်းဖဿကို စွဲ၍ဖြစ်၏။

"ဘူမိဇ ဆင်းရဲကို ကိုယ်တိုင်ပြုအပ်၏ဟူ၍လည်းကောင်း၊ ဆင်းရဲကို သူတစ်ပါးပြုအပ်၏ စသည်ဖြင့်လည်းကောင်း ပြောဆိုသော ရဟန်း၊ ပုဏ္ဏားတို့၏ ဆင်းရဲဒုက္ခသည်လည်း ဖဿဟူသောအကြောင်းကြောင့်ပင်ဖြစ်၏။ ထိုရဟန်း၊ ပုဏ္ဏားတို့သည် ဖဿနှင့်ကင်း၍ ဆင်းရဲဒုက္ခကို ခံစားနိုင်ဖွယ် အကြောင်း မရှိပေ" ဟု ဖြေကြား၏။

ယင်းသို့ဖြေကြားသည်ကို ရှင်အာနန္ဒာကကြား၍ ဗုဒ္ဓအား လျှောက်ကြား၏။ ဗုဒ္ဓက ကောင်းစွာဖြေကြားခြင်းဖြစ်ကြောင်း ထောက်ခံတော်မူပြီး အောက်ပါအတိုင်း ဆက်လက်ဟောကြားတော်မူလေသည်။

"အာနန္ဒာ၊ ကိုယ်ရှိခဲ့သော် ကိုယ်ဖြင့်စေ့ဆော်မှုဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏။ နှုတ်ရှိခဲ့သော် နှုတ်ဖြင့် စေ့ဆော်မှုဟူသောအကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏။ စိတ်ရှိခဲ့သော် စိတ်ဖြင့်စေ့ဆော်မှုဟူသော အကြောင်းကြောင့် အတွင်းသန္တာန်၌ ချမ်းသာဆင်းရဲသည် ဖြစ်ပေါ်၏။ ယင်းစေ့ဆော်ခြင်းတို့သည် အဝိဇ္ဇာဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်ကုန်၏။

"အာနန္ဒာ၊ မိမိသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်ပေါ်ရခြင်း၏ အကြောင်းဖြစ်သော ကာယသင်္ခါရကို ကိုယ်တိုင်ပြုလုပ်သည်လည်း ဖြစ်နိုင်၏။ သူတစ်ပါးပြုလုပ်သည်လည်း ဖြစ်နိုင်၏။ ကောင်းစွာသိသည်ဖြစ်၍ ပြုလုပ်သည်လည်း ဖြစ်နိုင်၏။ ကောင်းစွာမသိသည်ဖြစ်၍ ပြုလုပ်သည်လည်း ဖြစ်နိုင်၏။"

(ဝစီသင်္ခါရ၊ မနောသင်္ခါရတို့၌လည်း နည်းတူဟောကြား၏။)

"အာနန္ဒာ၊ ဤတရားတို့၌ အဝိဇ္ဇာသည် ကျရောက်၏။ မိမိသန္တာန်၌ ချမ်းသာဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သော ကိုယ်၊ နှုတ်၊ စိတ်တို့သည် အဝိဇ္ဇာအကြွင်းမဲ့ချုပ်သည်ရှိသော် မဖြစ်ကုန်တော့ချေ။ ချမ်းသာ ဆင်းရဲ၏ ပေါက်ဖွားဖြစ်ပေါ်ရာ မဟုတ်တော့ပေ" ဟု ဟောကြားထားပါသည်။

ဤ၌ "အာနန္ဒာ၊ မိမိသန္တာန်၌ ချမ်းသာ ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းဖြစ်သော ကာယသင်္ခါရကို ကိုယ်တိုင်ပြုလုပ်သည်လည်း ဖြစ်နိုင်၏။ သူတစ်ပါးပြုလုပ်သည်လည်း ဖြစ်နိုင်၏။ ကောင်းစွာသိသည်ဖြစ်၍ ပြုလုပ်သည်လည်း ဖြစ်နိုင်၏။ ကောင်းစွာမသိသည်ဖြစ်၍ ပြုလုပ်သည်လည်း ဖြစ်နိုင်၏" ဟူသော ဟောကြားချက်အရဆိုပါလျှင် ထိုကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတို့သည် အချင်းချင်း ရှေ့နောက် ညီညွတ်ခြင်းသည် အဝိဇ္ဇာကြွင်းကျန်သေးသမျှ အမြဲအစိုးတရ မရှိနိုင်ပြီ။

ထို့ကြောင့် ဤအရာတွင် (ဆောင်းပါးရှင်အလိုအတိုင်းဆိုလျှင်) သစ္စာနှင့်မညီလေပြီဖြစ်၍ (မကောင်းသော) အကျိုးသည် ကျိန်းသေပေးတော့မည်သာ ဖြစ်၏။ သို့သော်လည်း ချမ်းသာဆင်းရဲ ဖြစ်ပေါ်ပေါက်ဖွားရာ၌ အဝိဇ္ဇာသည်သာ အခရာဖြစ်ပါ၏။

"အလုံးစုံသောသင်္ခါရ (ခန္ဓာငါးပါး) တို့သည် မမြဲ၊ ဆင်းရဲ၏။ ဆင်းရဲသောတရားသည် အတ္တမဟုတ်၊ အတ္တမဟုတ်သောတရားတို့၌ ငါ့ဟာ၊ ငါ၊ ငါ၏ကိုယ်ဟူ၍ မရှုသင့်။ ထို့ကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်းအပြင်၊ အကြမ်းအနု၊ အယုတ်အမြတ်၊ အနီးအဝေးအားဖြင့် ကွဲပြားသော သင်္ခါရ (ခန္ဓာငါးပါး) ဟူသမျှကို 'ငါ့ဟာမဟုတ်၊ ငါ မဟုတ်၊ ငါ၏ကိုယ်မဟုတ်' ဟူ၍သာ ပညာဖြင့် ကောင်းစွာရှုရမည်ဖြစ်ကြောင်း" မြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ်တွင် ဟောကြားခဲ့ပါသည်။

သို့ဖြစ်သော် ဆောင်းပါးရှင်ဆိုလိုသော ကံများအချင်းချင်းသစ္စာရှိခြင်းဆိုသည်မှာ ကိုယ်ပိုင်ကြံဆထားသော တရားများသာလျှင် ဖြစ်ပါလိမ့်မည်။

စာရေးသူအနေဖြင့်မူ ကံများ ရှေ့နောက်အချင်းချင်း မညီညွတ်ရုံမျှဖြင့် ဓမ္မအပေါ် သစ္စာဖောက်သည်ဟုတော့ မယူဝံ့ပါချေ။

*၂၀၁၁-ခုနှစ်၊ မတ်လ၊ ဓမ္မရံသီမဂ္ဂဇင်း*

## ဗုဒ္ဓသာသနာ ကြာလရှည်ကြာ တည်ပါစေသော်

မြတ်စွာဘုရားသည် ကိမိလမြို့ကျည်းပင်တော၌ သီတင်း သုံးစဉ် အရှင်ကိမိလက မေးလျှောက်သဖြင့် သူတော်ကောင်းတရား ကြာမြင့်စွာ တည်ခြင်း-မတည်ခြင်း၏ အကြောင်းများကို ဖြေကြားတော်မူသည်။

"မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ဘုရား၊ တရား၊ သံဃာ၊ အကျင့် သိက္ခာနှင့် အချင်းချင်းတို့အပေါ် ရိုသေလေးစားမှု မရှိလျှင် သူတော်ကောင်းတရားသည် ကြာမြင့်စွာမတည်။ ရိုသေလေးစားမှု ရှိကြလျှင် သူတော်ကောင်းတရားသည် ကြာမြင့်စွာတည်၏" ဟူ၍ ဖြစ်ပါသည်။

ယခုအခါ၌ တရားအပေါ် ရိုသေလေးစားမှု နည်းပါးလာကြသော ကြောင့် အမှားဟောပြောမိ ရေးသားမိကြပုံများကို ဆင်ခြင်သတိပြုဖွယ်၊ သံဝေဂရယူဖွယ် ဖော်ပြလိုက်ပါသည်။

* * *

တရားတစ်ပုဒ်ကို နာယူရပါသည်။ ခန္ဓာငါးပါးတရားကို ဟောကြား သောတရား ဖြစ်ပါသည်။

"ခန္ဓာငါးပါးသည် ဆင်းရဲအတိဖြစ်ကြောင်း၊ ထို့ကြောင့် ခန္ဓာ ငါးပါးကို အလိုမရှိအပ်ကြောင်း၊ မိမိ၏ခန္ဓာကိုယ်ကြီးသည်လည်း သုံးဆယ့်နှစ်ကောဋ္ဌာသသာ ထင်ရှားကြောင်း၊ စက်ဆုပ်ဖွယ်အတိ

ဖြစ်၍ မုန်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခန္ဓာငါးပါးအားမုန်းကြ" ဟု ဟောပါသည်။

မြတ်စွာဘုရားသည် ခန္ဓာငါးပါးကို မုန်းကြရမည်ဟု မဟောပါ။ ငြီးငွေ့ရန်၊ မနှစ်သက်ရန်၊ အလိုမရှိရန်၊ မတောင့်တရန် စသည်ဖြင့်သာ ဟောပါသည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို ပယ်သတ်သောတရားသည် ဒေါသဖြစ်ပေါ်စေရန် အမုန်းတရားပွားများရခြင်းဖြစ်သည်ဟု ယူဆမိလျှင် အမှားကြီး မှားသွားပါလိမ့်မည်။

* * *

နောက်ထပ်အမှားကို ဖော်ပြပါဦးမည်။ ၎င်းမှာ မြတ်စွာဘုရား၏ တရားတော်ကို မိမိအမြင်ဖြင့် ထွင်၍ရေးသားသောကြောင့် ဖြစ်ပေါ်လာရသောအမှား ဖြစ်ပါ၏။ ဓမ္မရသကလေးဂျာနယ် (၂၃-၁၁- ၁၀) တွင် ဖြစ်ပါသည်။ "စိတ်ကိုကြိုးဖြတ်ကာ" ဟု ခေါင်းစဉ်ပေးထားပါသည်။

"ဘုရားရှေ့သွားပြီး ဘုရားရှိခိုးကြရတာတွေ၊ ဘုရားဂုဏ်တော်ပွားကြရတာတွေ၊ ထွက်လေဝင်လေကိုစူးစိုက်လို့ သမာဓိဖော်ထုတ်ကြရတာတွေဟာ ကြိုးချည်ခံထားရတဲ့စိတ်ကလေးကို ကြိုးဖြုတ်တာ၊ ကြိုးဖြေတာ 'ဘုရားရှိခိုးဖို့မအားဘူး၊ အလုပ်တွေအရမ်းများနေတယ်' အဲသည်လိုဆိုရင် စိတ်ကြိုးတုပ်ခံရမှာပေါ့၊ မျောနေမြုပ်နေမှာပေါ့။ သဒ္ဓါတရားက ကြိုးချည်တုပ်ခံရတဲ့စိတ်ကလေးကို နေ့တိုင်း ကြိုးဖြုတ်၊ ကြိုးဖြေပေးတယ်" ဟု ရေးထားပါသည်။

ရုတ်တရက်စဉ်းစားလျှင် မှန်သလိုလိုရှိသည်ဟု ထင်ရပါသည်။ ဤ၌ မြတ်စွာဘုရားဟောကြားထားသော စိတ်နှင့်ပတ်သက်သောတရားများကို ရှာဖွေ၍ ဖော်ပြပေးလိုက်ပါသည်။

"နှိမ်နင်းရန်ခဲယဉ်း၍ လျင်မြန်သောသဘောရှိသော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။"

"အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန်သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကိုရွက်ဆောင်တတ်၏။"

"အဝေးသို့သွားတတ်သော၊ တစ်ဦးတည်းကျက်စားသော၊ ကိုယ်ကောင်အထည်မရှိသော၊ (ဟဒယဝတ္ထု) လိုဏ်ဂူ၌မှီသောစိတ်ကို အကြင်သူတို့သည် စောင့်စည်း (ချုပ်တည်း) ကြကုန်၏။ (ထိုသူတို့သည်) မာရ်အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ္တံ့။"

"လေးသမားသည် မြားကိုဖြောင့်အောင်ပြုသကဲ့သို့ ပညာရှိသည် (အာရုံတို့၌) တုန်လှုပ်၍ လျှပ်ပေါ်လော်လည်ခြင်းသဘောရှိသော၊ စောင့်ထိန်းရန် တားမြစ်ရန်ခက်ခဲသောစိတ်ကို ဖြောင့်အောင်ပြု၏။"

အင်္ဂုတ္တရနိကာယ်၊ ပဏိဟိတအစ္ဆဝဂ်၊ အဌမသုတ်၌ "ရဟန်းတို့၊ စိတ်ကဲ့သို့ လျင်မြန်စွာပြောင်းလဲတတ်သည့် အခြားတစ်စုံတစ်ခုသောတရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ စိတ်သည် အလွန်လျင်မြန်စွာ ပြောင်းလဲတတ်၏။ စိတ်၏လျင်မြန်ပုံကို ဥပမာပြုခြင်းငှာပင် မလွယ်ချေ"ဟု ဟောကြားပါသည်။

"ရဟန်းတို့၊ မလုံခြုံစေအပ်သောစိတ်၊ မစောင့်ရှောက်အပ်သောစိတ်၊ မဆို့ပိတ်အပ်သောစိတ်သည် များစွာအကျိုးမဲ့ခြင်းငှာဖြစ်သကဲ့သို့ ထို့အတူ များစွာအကျိုးမဲ့ခြင်းငှာဖြစ်သည့် အခြားတစ်စုံတစ်ခုသော တရားကိုမျှလည်း ငါမမြင်ပေ။ ရဟန်းတို့၊ မလုံခြုံစေအပ်သောစိတ်၊ မစောင့်ရှောက်အပ်သောစိတ်၊ မဆို့ပိတ်အပ်သောစိတ်သည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်၏" ဟုလည်း ဟောကြားပါသည်။

ထို့ကြောင့် အလွန်လျင်မြန်ခြင်းသဘောရှိသော၊ စောင့်ထိန်းတားမြစ်ရန်ခက်ခဲသော စိတ်၏သဘောကို သိမြင်သည်ရှိသော် ဘုရားဂုဏ်တော်ပွားများခြင်း၊ ထွက်လေဝင်လေမှတ်၍ သမာဓိတည်ထောင်ခြင်းတို့၏သဘောသည် စိတ်ကိုတည်ကြည်အောင် အာရုံတစ်ခု၌စူးစိုက်ခြင်း၊

စောင့်စည်းခြင်း၊ ပွားများခြင်းဟု ယူဆရမည်ဖြစ်ပါသည်။ စိတ်ကိုကြိုးဖြုတ်ခြင်း ကြိုးဖြေခြင်းဟုယူသော် မသင့်မြတ်ပါ။

"ဘုရားရှိခိုးဖို့မအားဘူး၊ အလုပ်တွေအရမ်းများနေတယ်" ဟု အလုပ်ဖြင့်နှောင်ဖွဲ့ခြင်းကို ရည်ရွယ်၍ "စိတ်ကိုကြိုးချည်ခံထားရတယ်" ဟု ပြောခြင်းဖြစ်သည်ဟု ဆိုနိုင်သော်ငြားလည်း သမာဓိတည်ထောင်ခြင်းကို စိတ်ကြိုးဖြုတ်တာဟုသုံးခြင်း၏ အမှားကိုကား ရှောင်လွှဲ၍မရနိုင်ပါ။

သံယုတ္တနိကာယ်၊ ဆဠာယတနဝဂ္ဂ ဆပ္ပဏာကောပမသုတ်၌ "မြွေ၊ မိကျောင်း၊ ငှက်ဆင်၊ ခွေး၊ မြေခွေး၊ မျောက်ဟူသော တိရစ္ဆာန်ခြောက်ကောင်ကို ခိုင်ခံ့သောကြိုးတစ်ချောင်းဖြင့် ချည်နှောင်ထားသည်ရှိသော် ထိုတိရစ္ဆာန် အသီးသီးတို့သည် မိမိတို့ကျက်စားရာအရပ်သို့ ဆွဲငင်ကြကုန်ရာ၏။ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်သောအခါ၌ကား အားကြီးသောသတ္တဝါ၏နောက်သို့သာ ပါသွားကုန်ရာ၏။

"ထို့အတူပင် ကာယဂတာသတိကို မပွားများသောသူကို မျက်စိ၊ နားစသော အတွင်းအာယတနခြောက်ပါးတို့သည် မိမိတို့နှစ်သက်မြတ်နိုးအပ်သော အာရုံခြောက်ပါးသို့ ဆွဲဆောင်သွားကုန်၏။ ဤသို့ မျက်စိနားစသည်တို့၏ ဆွဲဆောင်မှုကိုခံရခြင်းသည် မစောင့်စည်းခြင်းဖြစ်သည်။

"မြွေ၊ မိကျောင်း၊ ငှက်ဆင်၊ ခွေး၊ မြေခွေး၊ မျောက်ဟူသော သတ္တဝါခြောက်ကောင်ကို ခိုင်ခံ့သောကြိုးဖြင့် ခိုင်ခံ့သောတိုင်၌ချည်ထားသည်ရှိသော် ထိုသတ္တဝါတို့သည် မိမိတို့ကျက်စားရာအရပ်သို့ အသီးသီးဆွဲငင်ကြကုန်ရာ၏။ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်သောအခါ၌ကား ထိုတိုင်၏အနီး၌သာလျှင် ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းကို ပြု၍နေကြကုန်ရာ၏။

"ထို့အတူပင် ကာယဂတာသတိကို ပွားများသောရဟန်းကို မျက်စိ၊ နားစသော ဣန္ဒြေခြောက်ပါးတို့သည် မိမိတို့နှစ်သက်မြတ်နိုးအပ်သော အာရုံခြောက်ပါးသို့ ဆွဲဆောင်ခြင်းမပြုနိုင်ချေ။ ဤသို့ မျက်စိ၊ နားစသည်တို့၏ဆွဲဆောင်မှုကို မခံရခြင်းသည် စောင့်စည်းခြင်းဖြစ်၏။"

ဤသို့လျှင် မျက်စိ၊ နားစသည့်အတွင်း အာယတနခြောက်ပါးကို ကြိုးတစ်ချောင်းတည်းဖြင့်ချည်ထားသော သတ္တဝါခြောက်ကောင်နှင့် ဥပမာပြု၍ ယင်းသို့ဆွဲဆောင်ရာသို့မပါအောင် စောင့်စည်းရန် ဟောကြားတော်မူသည်။

ဤတရားတော်၏အနက်ကို သေချာစွာ စူးစမ်းဆင်ခြင်ပါလျှင် စိတ်၏ဖြစ်ခြင်းသဘောတို့နှင့် စိတ်တည်ကြည်ရန် စောင့်စည်းခြင်း၊ သမာဓိထူထောင်ခြင်းတို့၏သဘောကို သေချာစွာ သိရှိနိုင်ပါလိမ့်မည်။

မြတ်စွာဘုရားဟောကြားသည့်တရားတို့ကို မိမိ၏ အမြင်အယူအဆတို့ဖြင့် မှမ်းမံ၍ဖြစ်စေ၊ မိမိအမြင်အယူအဆတို့ဖြင့် အစားထိုး၍ဖြစ်စေ၊ ထွင်၍ဖြစ်စေ ဟောကြားရေးသားခဲ့ပါလျှင် မှားတတ်ကြောင်း သံဝေဂရယူမိပါသည်။

* * *

တချို့က လွယ်လွယ်တွေးကာ ဘုရားဟောအတိုင်းဟောစရာမလို၊ မိမိကိုယ်တိုင်အမြင်၊ ခေတ်အမြင်စသည်တို့ကိုရော၍ ဟောမှ၊ ရေးမှ ပရိသတ်နားလည်လွယ်မည်ဟု ထင်ကြပါသည်။ 'ဗောဓိဉာဏ်အလင်းတန်း' စာအုပ်ထဲ၌ -

"..... ဘက်စုံလေ့လာပြီးလျှင်၊ နည်းမျိုးစုံဖြင့် ထွင်းဖောက်ဝင်ရောက်ပြီးလျှင် သကျမုနိဗုဒ္ဓ၏ ဗောဓိဉာဏ်အလင်းနှင့် သာဝကအဆက်ဆက်တို့၏ ဗောဓိဉာဏ်အလင်းကို သဘောပေါက်အောင် လေ့လာသင့်သည်။

"ထို့ကြောင့် သင်တို့အားလုံး သကျမုနိဗုဒ္ဓနှင့် .သာဝကအဆက်ဆက်တို့၏အကြောင်းကို တစ်ဆင့်ရှင်းလင်းပြောပြနိုင်ရန်အတွက် အသေးစိတ်လေ့လာကြရမည်။ သင်တို့၏ ရှင်းလင်းပြောပြချက်သည် သင်တို့၏နှလုံးသည်းပွတ်ထဲက စိမ့်ယိုစီးဆင်းလာသော ရှင်းလင်းပြောပြချက်ဖြစ်ဖို့ လိုအပ်သည်။ သူတစ်ပါးတို့၏

စကားကိုချေငှားပြီး ရှင်းလင်းပြောပြခြင်းမျိုး မဖြစ်သင့်ပေ” ဟု ရေးသားဖော်ပြထားသည်။

အလေးအနက် စဉ်းစားတွေးခေါ်၍ အထပ်ထပ်ပြန်ဖတ်ကြည့်လျှင် ထိုစာပိုဒ်၏ အနက်အဓိပ္ပာယ်ထဲတွင် ‘တရားကို ရိုသေလေးစားမှု ပျက်ကွက်ခြင်း၏အကြောင်း ဂုဏ်ပြုရေးသားပုံ’ ကို ထင်းထင်းကြီး မြင်နိုင်ပါသည်။

ထိုစာအုပ်၌ပင် -

“ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓထံတွင် ဘာဝနာတရားကျင့်ကြံအားထုတ်သူဖြစ်၍ တန်ခိုးဣဒ္ဓိပါဒ်ရရှိတော်မူသော မောဂ္ဂလ္လာနသည် ကွယ်လွန်သူမယ်တော် မည်သည့်ဘုံဘဝရောက်ရှိနေသည်ကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့်ကြည့်ပြီးလျှင် မယ်တော်အား သုဂတိဘုံဘဝ ပြန်လည်ရောက်ရှိလာအောင် ကြိုးစားအားထုတ်တော်မူသည်။ ငရဲဘုံရောက်ရှိနေ၍ တန်ခိုးဖြင့် သူ့မယ်တော်အတွက် ခဲဖွယ်ဘောဇဉ်ကို ပေးပို့သည်။

“. . . ဗုဒ္ဓထံ သူ့မယ်တော်အားကယ်ရန် လျှောက်ထားသောအခါ ဗုဒ္ဓက ‘ငါ့ရှင်မောဂ္ဂလ္လာန၊ သင်တစ်ဦးတည်း၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သင့်မယ်တော်၏အပြစ် ပပျောက်သွားအောင် ဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ပေ။ ရဟန်းသံဃာများအား အလှူဒါနပြုပြီးလျှင် သင်၏မယ်တော်အတွက် မေတ္တာပို့ပေးရန် တောင်းပန်ရမည်။ ရဟန်းတော်များ၏ ဆုတောင်းမေတ္တာသည် ငရဲခံနေရသော သင့်မယ်တော်အား ငရဲဘဝကလွတ်မြောက်သွားအောင် လုပ်ပေးပေလိမ့်မည်’။

“မောဂ္ဂလ္လာနသည် ဗုဒ္ဓညွှန်ကြားမိန့်မှာသည့်အတိုင်း ဆောင်ရွက်ပြီးလျှင် သူ၏မယ်တော်အား ငရဲဘဝမှလွတ်မြောက်အောင် ပြုလုပ်တော်မူသည်” ဟု ရေးသားဖော်ပြထားသည်။

ဗုဒ္ဓ၏တရားတော်များနှင့်မကိုက်ညီဘဲ အလွန်လွဲချော်စွာ စိတ်ကူးယဉ်ရေးထားသည်ကဲ့သို့ ရှိပါသည်။

"နည်းမျိုးစုံဖြင့် ထွင်းဖောက်ဝင်ရောက်ပြီးလျှင်" ဟုဆိုသည့်အတိုင်း ဗုဒ္ဓတရားတော်အား တလွဲတချော်ဖြစ်စေရန်၊ နှလုံးသည်းပွတ်ထဲမှ ယိုစီးလာသည့် မှားယွင်းသောအကြောင်းအချက်တို့ဖြင့် သူတော်ကောင်းတရား ကွယ်ပျောက်စေရန် ကျင့်သည်လောဟုသာ မေးခွန်းထုတ်ရပါတော့မည်။

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ဆဋ္ဌသင်္ဂါယနာတင်မှုနှင့် လုံးလုံးမကိုက်ညီပါ။ မောဂ္ဂလ္လာန၏မယ်တော်သည် ငရဲသို့မကျပါ။ ထို့ပြင် ငရဲခံနေရသူအား ဘုရားလည်း မကယ်နိုင်၊ သံဃာလည်း မကယ်နိုင်ပါ။

* * *

အင်္ဂုတ္တရနိကာယ်၊ ဒုက္ကဟိတသုတ်၌ -

"အကြင်သူတို့သည် လွဲမှားစွာသင်ယူအပ်ကုန်သော၊ သဒ္ဒါအားဖြင့် အတုအပဖြစ်ကုန်သော သုတ္တန် (မူရင်းဟောကြားချက်ကို ဆန်းကြယ်သော အဖွဲ့အနွဲ့တို့ဖြင့် တစ်မျိုးပြောင်း၍ ဖွဲ့ဆိုထားသော ဟောကြားချက်များ) တို့ဖြင့် ကောင်းစွာသင်ယူအပ်သော သုတ္တန်တို့၏ ပါဠိအနက်တို့ကို တားမြစ်ကုန်၏။ ထိုသူတို့သည် လူအများ၏အကျိုးမဲ့ကို ဖြစ်စေကုန်၏။ များစွာသော မကောင်းမှုကိုလည်း ပွားစေကုန်၏။ သူတော်ကောင်းတရားကိုလည်း ကွယ်ပျောက်စေကုန်၏။. ." ဟု ဟောထားပါသည်။

'သဒ္ဓမ္မသမ္မောသ' သုတ်တွင်လည်း -

"တရားကိုမသင်ယူခြင်း၊ နာကြားသင်ယူထားသော တရားကို သူတစ်ပါးတို့အား အကျယ်တဝင့် မဟောပြောခြင်း၊ အကျယ်တဝင့်မပို့ချခြင်း၊ အကျယ်တဝင့် မရွတ်ဖတ်ခြင်း၊ ထပ်တလဲလဲ ဆင်ခြင်သုံးသပ်မှုမပြုခြင်း ဟူသော အကြောင်းငါးပါးတို့သည် သူတော်ကောင်းတရားကို ကွယ်ပျောက်စေကုန်၏" ဟု ဟောထားပါသည်။


မြတ်စွာဘုရား၏တရားတော်တို့ကို ကောင်းစွာဆင်ခြင်၍ သတိပြုရှိသေရန် လိုအပ်လှပါပေသည်။

“လက်ရေးပင်ကောင်းသော်လည်း မျဉ်းကြောင်းလက်မလွတ်သာ” ဟူသောစကားကိုညွှန်း၍ ဗုဒ္ဓဟောကြားတော်မူခဲ့သောတရားများအား တတ်နိုင်လျှင် သင်္ဂါယနာတင်မှုများကို အခိုင်အခံ့ပြု၍သာလျှင် ဟောကြားခြင်း၊ ရေးသားဖော်ပြခြင်းများကို ပြုသင့်လှပါသည်။

မိမိအယူအဆများ၊ အထင်အမြင်များ၊ မသင့်လျော်သောဥပမာ ဥပမေယျများ ဖြည့်စွက်၍ဟောပြောခြင်း၊ ရေးသားခြင်းများကို ပြုလုပ်ခဲ့ကြပါလျှင် တရားတော်ကို မရှိသေရာရောက်မည်ဖြစ်ပြီး လူအများ၏ အကျိုးစီးပွားမဲ့ခြင်းကိုလည်း ဖြစ်စေနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ မလိုမုန်းထား မရှိပါ။ တရားကို သိမြင်နိုင်ကြပါစေသော်၊ သူတော်ကောင်းတရား ကာလရှည်လျား တည်နိုင်ပါစေသော်။

*၂၀၁၂-ခုနှစ်၊ ဧပြီလ၊ ဓမ္မရံသီမဂ္ဂဇင်း*



## မယုံကြည်အပ် ယုံကြည်အပ်

### တရား၏အနက်ကို ရိုသေစွာ စူးစမ်းဆင်ခြင်မှုမပြုခြင်းကြောင့်

ကျန်းမာရေးနှင့်ဆေးပညာဂျာနယ် (နိုဝင်ဘာလ ၂၃-ရက်၊ ၂၀၁၁) တွင် ဒေါက်တာအောင်ခင်ဆင့်၏ "မြတ်စွာဘုရား၏ နှလုံးသားတော်အကြောင်း" ဆောင်းပါး ပါရှိပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏တရားတော် (ကာလာမသုတ်) ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကိုလည်းကောင်း မသင့်မလျော် လွဲလွဲမှားမှား ရေးသားဖော်ပြထားသည်။

ဗုဒ္ဓဘာသာဝင်လူငယ်မောင်မယ်များ အမှတ်မမှားကြစေရန်နှင့် တခြားသောဘာသာဝင်များ၏ ကဲ့ရဲ့စွပ်စွဲခြင်း မဖြစ်ပေါ်စေရန်ရည်ရွယ်၍ မူရင်းတရားတော်နှင့်အညီ ရှင်းလင်းတင်ပြပေးလိုက်ရပါသည်။

ဒေါက်တာအောင်ခင်ဆင့်၏ ဆောင်းပါးတွင် ဤကဲ့သို့ ရေးသားဖော်ပြထားပါသည်။

> "............သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ပညာတော်သင်သွားစဉ်ကာလ ၁၉၈၀-ပြည့်နှစ်တုန်းက အဖြစ်အပျက်တစ်ခုပဲ ဖြစ်ပါတယ်။ . . . . . ကျွန်တော်နှင့်အတူ ပညာတော်သင် ရောက်ရှိနေကြသော အပေါင်းပါနှစ်ယောက်တို့ဟာ ကိုလံဘိုမြန်မာဘုန်းကြီးကျောင်းတွင် တည်းခိုခဲ့ကြပါသည်။
>
> ". . . . . တစ်နေ့ ကျွန်တော်တို့မှ ဘုန်းတော်ကြီးအား တရားဟောကြားပေးပါရန် ပန်ကြားခဲ့ရာ ဘုန်းတော်ကြီးက ဗုဒ္ဓဘာသာများဖြစ်ကြသည့်အတွက် မြတ်စွာဘုရားကို ရိုသေကိုင်းရှိုင်းမှု ပိုမို

ဖြစ်ရလေအောင်၊ နာကြားသူများဂာည်း သဘောပေါက်နားလည် သွားစေရန် မြန်မာဆန်ဆန် မြန်မာစကားဖြင့် ဟောကြားတော်မူခဲ့ပါတယ်။"

(ဤနေရာတွင် မြတ်စွာဘုရားကို ရိုသေကိုင်းရှိုင်းမှု ပိုမိုဖြစ်ရလေအောင်ဟုလည်းကောင်း၊ နာကြားသူများလည်း သဘောပေါက်နားလည်သွားစေရန် မြန်မာဆန်ဆန် မြန်မာစကားဖြင့် ဟောကြားတော်မူသည်ဟုလည်းကောင်း ရေးသားဖော်ပြထားသော်လည်း နောက်ပိုင်းတရားဟောရာတွင်မူကား ၎င်းရည်ရွယ်ချက်များနှင့် မကိုက်ညီတော့ပါ။

ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကိုပစ်ပယ်ပြီး ဗုဒ္ဓအား ရိုးရိုးသာမန်လူတို့ကဲ့သို့ ရေးသားဖော်ပြခြင်းနှင့် ဗုဒ္ဓတရားတော်များအား မြန်မာပြန်ထားသော ဆဋ္ဌမူပါဠိမြန်မာပြန်မူနှင့်လည်း မကိုက်ညီဘဲ လူသာမန်တို့ ဝါဒရေးရာ စည်းရုံးမှုများကဲ့သို့ ဖော်ပြထားခြင်းကို တွေ့ရပါသည်။ ထို့ကြောင့် ဤတရားမျိုးကို နိုင်ငံခြားရှိမြန်မာဘုန်းတော်ကြီးတစ်ပါးက ဟောပြောလိမ့်မည်ဟု ယုံကြည်ရန်မှာ အတော်ပင်ခက်ခဲလှပါသည်။)

"မြတ်စွာဘုရားဟာ မည်သူ့ကိုမှ မည်သောအခါမှ မာမာကျောကျော၊ အတင်းအဓမ္မ၊ မပြေမပြစ်၊ နိုင့်ထက်စီးနင်း၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း လုံးဝမရှိသူဖြစ်ပါတယ်။

"တစ်နေ့မှာတော့ မြတ်စွာဘုရားဟာ ပညာတတ် ကာလာမ ပုဏ္ဏားလူမျိုးများနေထိုင်ရာ ဒေသတစ်ခုသို့ ရောက်ရှိသွားခဲ့ပါတယ်။ ထိုသူများဟာ မိမိကိုယ်ကို အထင်ကြီးနေကြသူများ၊ မည်သူ့ကိုမှ အောက်ကျစွာ ဆက်ဆံလေ့မရှိသူများဖြစ်ကြောင်း မြတ်စွာဘုရားက ကြိုတင်သိရှိထားပြီးဖြစ်ပါတယ်. . . ။

"မြတ်စွာဘုရားသည် ယဉ်ကျေးသိမ်မွေ့သော နှလုံးသားတော်နှင့် ကာလာမပုဏ္ဏားမျိုးတို့နှင့် ရင်းနှီးရန်ကြိုးစားခဲ့ရာ အချို့သောပုဏ္ဏားတို့နှင့် စကားစမြည် ပြောဆိုလာနိုင်ခဲ့ပါတယ်။ ထိုသူများအား မြတ်စွာဘုရားမှ ဦးဆုံးပြောကြားသည့်စကားမှာ 'ငါပြော

တာလဲ မယုံနဲ့၊ သူများပြောတာလဲ မယုံနဲ့၊ အဖေ-အမေပြောတာလဲ မယုံကြနဲ့' ဟု လေးနက်သောစကား မဟုတ်သယောင် ပြောကြား ခဲ့ပါတယ်။

"ထိုအခါ ပုဏ္ဏားမျိုးတို့က 'ဒါဆို ဒို့တွေက ဘယ်သူပြောတာ ကို ယုံရမှာလဲ' ဟု ပြန်လည်မေးမြန်းရာ မြတ်စွာဘုရားက 'ကိုယ့် ဘာသာကိုယ် ကြိုးစားပြီးလုပ်ကြ၊ လုပ်တာမှန်တာကောင်းတာ တွေ့ရင် ကိုယ်လုပ်တဲ့အရာကို ယုံကြည်ကြ၊ ဆက်လုပ်ကြ၊ ငါပြော တာလဲ မယုံကြနဲ့' ဟူ၍ ပြောကြားခဲ့ပါသည်။

"ကာလာမပုဏ္ဏားမျိုးတို့က ပြန်မေးလိုက်သည်မှာ 'ဒါဆို ဒို့က ဘယ်သူပြောတာတွေကို ယုံရမှာလဲ၊ ပြောလေ' ဟု မေးမြန်းရာ မြတ်စွာဘုရား၏ ပြန်လည်ဖြေကြားချက်မှာ 'ကိုယ့်ဘာသာကိုယ် ကြိုးစားပြီး လုပ်ကြ၊ လုပ်တာမှန်တာ ကောင်းတာတွေတွေ့ရင် ကိုယ်လုပ်တာကိုယ်ယုံကြည်ကြ၊ ငါပြောတာလဲ မယုံကြနဲ့' ဟု မြတ်စွာဘုရားက ထပ်၍ပြောလိုက်ပါသည်။

(ဤသည်မှာ ကာလာမသုတ်ကို မှားယွင်းစွာ ရေးသားဖော်ပြထား ခြင်း ဖြစ်သည်။ ဆဋ္ဌမူပိဋကတ်တွင် ဖော်ပြထားသော တရားတော်များနှင့် ကွဲပြားနေပါသည်။ ဗုဒ္ဓမြတ်စွာဘုရားကိုလည်း ရိုးရိုးသာမန်လူပုဂ္ဂိုလ်တစ်ဦး ကဲ့သို့ ရည်မှတ်၍ ဖော်ပြထားသည်။)

"ဤသို့ပြောကြ၊ ဆိုကြ ရင်းနှီးလာခဲ့ကြပြီဖြစ်ပါတဲ့ ကာလာမ ပုဏ္ဏားမျိုးတို့ကို မြတ်စွာဘုရားက နေ့စဉ် ရင်းရင်းနှီးနှီး စကားပြော ၍ရလာသောအခါ မြတ်စွာဘုရားမှ 'ကာလာမပုဏ္ဏားမျိုးတို့၊ လောဘကြီးတာကောင်းသလား၊ ဒေါသကြီးတာကောင်းသလား၊ မောဟကြီးတာကောင်းသလား ယခုမေးတဲ့အမေးကိုတော့ စဉ်းစဉ်း စားစား လေးလေးနက်နက်သဘောနဲ့ ပြန်ဖြေကြဖို့ကောင်းတယ်၊ စဉ်းစားဖြေကြပေတော့' ဟု တရင်းတနှီး မေးမြန်းတဲ့ ပုံသဏ္ဌာန်နဲ့ မေးလိုက်ပြန်ပါတယ်။

'ဒို့တွေသိထားတာကတော့ လောဘကြီးတာမကောင်းဘူး၊ ဒေါသကြီးတာ မကောင်းဘူး၊ မောဟကြီးတာမကောင်းဘူး၊ လောဘ၊ ဒေါသ၊ မောဟမရှိတာ ကောင်းတယ်' လို့ ကာလာမ ပုဏ္ဏားမျိုးတို့က ပေါ့ပေါ့ကလေး ဖြေကြားလိုက်ကြပါတယ်။

"မြတ်စွာဘုရားသည် သူ၏ပျော့ပျောင်းနူးညံ့စွာ ခံစားမှု နှလုံးသားနှင့်မေးသမျှ အောင်မြင်လာတဲ့သဘောနဲ့ ဝမ်းသာစွာ ကာလာမပုဏ္ဏားတို့ကို ပြောလိုက်တာကတော့ 'မင်းတို့ဖြေကြား လိုက်တဲ့အဖြေက အလောဘကောင်းတယ်၊ အဒေါသကောင်းတယ်၊ အမောဟကောင်းတယ်ဆိုတော့ လောဘမရှိတာ၊ ဒေါသမရှိတာ၊ မောဟမရှိတာကောင်းတယ်လို့ မင်းတို့ပြောလိုက်တယ်ပေါ့နော်' ကာလာမပုဏ္ဏားတို့က ရင်းရင်းနှီးနှီး ကျေကျေနပ်နပ် မြတ်စွာ ဘုရားကို ဖြေကြားလိုက်တာကတော့ 'ဟုတ်တယ်၊ ဟုတ်တယ်၊ မင်း ပြောတာမှန်တယ်၊ ဒါဟာ ပညာရှိတွေ၊ ပညာတတ်တွေပြောနေတဲ့ စကားတွေပဲ။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဟု ပညာတတ်တွေပြောနေတဲ့စကားတွေ ဖြစ်တယ်' လို့ ကာလာမပုဏ္ဏားမျိုးတွေက ဆိုလိုက်ပြောလိုက်ပါ၍ မြတ်စွာဘုရား အောက်ကျို့စည်းရုံး၊ အနစ်နာခံ ပြောကြားလိုက်တာတွေဟာ ကာလာမပုဏ္ဏားမျိုးတို့အပေါ် အောင်ပွဲကြီးတစ်ခုဖြစ်ခဲ့ပါတယ်။

"သီရိလင်္ကာမှဘုန်းတော်ကြီးသည် ကျွန်တော်တို့မြန်မာ ဗုဒ္ဓဘာသာ ဆရာဝန်တွေကို ပါဠိမပါ မခက်မခဲ မမေ့မပျောက် နားလွယ်စေတဲ့ မြန်မာလို မြတ်စွာဘုရားရဲ့နှလုံးသားအကြောင်း ဟောကြားလိုက်ခြင်းပါခင်ဗျာ. . . ။"

အထက်ပါ အကြောင်းအရာများသည် ဒေါက်တာအောင်ခင်ဆင့်၏ ဆောင်းပါးမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။

"ကာလာမသုတ်၊ ကာလာမသုတ်" ဟု ကျွန်တော်တို့၏စာပေနယ် တွင် အင်မတန်အပြောများ ကိုးကားသူများခဲ့ပါသည်။ သို့သော် ကျွန်တော်

စိတ်ထဲတွင် ဘဝင်မကျဖြစ်နေမိပါသည်။ ဘာကို ဘဝင်မကျဖြစ်ရပါသနည်းဟု စဉ်းစားကြည့်မိသည်။

မိမိဖတ်ခဲ့ရသောစာများတွင် ကာလာမသုတ်၌ပါသော ဗုဒ္ဓဟောကြားသည့် မယုံကြည်ရာအကြောင်းဆယ်ပါးကိုသာ အဓိကထား ကိုးကားဖော်ပြခဲ့ကြပါသည်။ ဗုဒ္ဓမြတ်စွာဘုရားက ကာလာမသုတ်အား ဟောရသည့်အကြောင်းအရင်းကိုလည်း ရှင်းလင်းစွာ မဖော်ပြကြပါ။ မိမိတို့နှစ်ခြိုက်သည့်သံသယဝါဒီသဘောရောက်အောင် ဆွဲယူသုံးသပ်မှတ်ချက်ချ ရေးသားဖော်ပြကြသည်သာ များပါသည်။ မြတ်စွာဘုရားသည် “ငါပြောတာလဲ မယုံနဲ့” ဟု ထိုကာလာမသုတ်တွင် ဟောကြောင်းဒီ ရေးလာကြပါသည်။

ယခုလည်း ဒေါက်တာအောင်ခင်ဆင့်က ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကိုပါ ပစ်ပယ်ပြီး လူသာမန်ကဲ့သို့ မြတ်စွာဘုရားအား ရေးသားဖော်ပြထားပါသည်။ ထို့ကြောင့် စာဖတ်ပရိသတ်များ အယူအမြင် မလွဲမှားစေရန် ကာလာမသုတ်အား ပြည့်ပြည့်စုံစုံမဟုတ်သည့်တိုင် အနှစ်မပျက်ဖော်ပြပေးလိုက်ပါသည်။

ဤ၌ ဦးမောင်မောင်လေး (ပထမကျော်၊ ဓမ္မာစရိယ သိရောမဏိ) ရေးသားသော ပိဋကအနှစ်ချုပ် အင်္ဂုတ္တရနိကာယ်ကိုမှီး၍ ရေးသားပါကြောင်း ဝန်ခံပါသည်။

* * *

အခါတစ်ပါး၌ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းနှင့် ဒေသစာရီကြွချီစဉ် ကာလာမမင်းတို့၏ ကေသမုတ္တနိဂုံးသို့ ဆိုက်ရောက်ခဲ့လေသည်။

ကာလာမမင်းတို့သည် ထိုရဟန်းဂေါတမ ကေသမုတ္တနိဂုံးသို့ ကြွရောက်လာသည်ဟူသောသတင်းကို ကြားလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်လာကြသည်။ ပဋိသန္ထာရစကားကိုပြောဆိုပြီး ကာလာမမင်းတို့က မြတ်စွာဘုရားအား အောက်ပါစကားကို လျှောက်ကြားကြသည်။

"အရှင်ဘုရား၊ အချို့သော သမဏဗြာဟ္မဏတို့သည် ကေသမုတ္တနိဂုံးသို့ ဆိုက်ရောက်လာကြသည့်အခါ သူတို့သည် မိမိတို့၏အယူဝါဒကို သာလျှင် အမွှမ်းတင်ပြောဆို၍ သူတစ်ပါးတို့၏အယူဝါဒကို ရှုတ်ချပြောဆိုကြပါသည်။ တစ်ဖန် အခြားသောသမဏဗြာဟ္မဏတို့ ရောက်လာပြန်သောအခါ၌လည်း ထိုနည်းတူပင် ပြောဆိုကြပါသည်။

"အရှင်ဘုရား၊ ထိုသမဏဗြာဟ္မဏတို့တွင် အဘယ်သူတို့၏စကားသည်မှန်၍ အဘယ်သူတို့၏စကားသည် မှားသနည်းဟူ၍ ကျွန်ုပ်တို့အား ယုံမှားမှု၊ တွေးတောမှုများဖြစ်ခဲ့ရပါသည်"

(ဤအချက်သည် ဤကာလာမသုတ် ဟောတော်မူရခြင်း၏ အဓိက အကြောင်းအရင်းခံ ဖြစ်ပါသည်။)

ကာလာမမင်းတို့က ထိုသို့လျှောက်ကြားသော် မြတ်စွာဘုရားက ကာလာမမင်းတို့အား သူတစ်ပါးပြောကာမျှဖြင့် မယုံဘဲ ကိုယ်တိုင်သိမြင်အောင် ဆင်ခြင်စူးစမ်းပြီးမှ ပယ်သင့်သောတရားကိုပယ်၍ ဆောင်သင့်သောတရားကို ဆောင်ကြရန် လမ်းညွှန်တော်မူပါသည်။

"ကာလာမမင်းတို့၊ သင်တို့သည် ယုံမှားခြင်းငှာ သင့်ပေ၏။ တွေးတောခြင်းငှာ သင့်ပေ၏။ ယုံမှားသင့်သောအရာ၌သာလျှင် ယုံမှားခြင်းသည် ဖြစ်ခဲ့၏။

"ကာလာမမင်းတို့၊ သင်တို့သည် -

တစ်ဆင့်စကား ကြားရုံမျှဖြင့် အမှန်ဟု မယူကြကုန်လင့်။

မိဘဘိုးဘွားအဆက်ဆက် ပြောစကားများဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

'ဒီဟာက ဒီလိုတဲ့' ဟူ၍ မသေမချာ ပြောစကားများဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

စာပေကျမ်းဂန်နှင့် ညီညွတ်ရုံဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

'ဤအတိုင်းသာ ဖြစ်လောက်ရာ၏' ဟူ၍ ကြံဆခြင်းဟူသော အကြောင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

နည်းလမ်းယုတ္တိဖြင့် ချိန်ဆနိုင်ခြင်းဟူသော အကြောင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

အကြောင်းခြင်းရာကို ကြံဆခြင်းဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

တွေးကြံစဉ်းစား၍ ကျေနပ်နှစ်သက်လက်ခံထားသော မိမိ၏ အယူအဆနှင့် ညီညွတ်ရုံဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

နာယူထိုက်သောပုဂ္ဂိုလ်၏ စကားဖြစ်ခြင်းမျှဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

မိမိတို့၏ဆရာဖြစ်သော ရဟန်း၏စကား ဖြစ်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြကုန်လင့်။

"ကာလာမမင်းတို့၊ အကြင်အခါ၌ 'ဤတရားတို့သည် အကုသိုလ်တရားများ ဖြစ်၏။ ပြည့်စုံစွာ စွဲယူဆောက်တည်အပ်သည်ရှိသော် အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏' ဟူ၍ သင်တို့ကိုယ်တိုင်သာလျှင် သိကုန်ရာ၏။ ထိုအခါ သင်တို့သည် ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့။

"ကာလာမမင်းတို့၊ လောဘသည် သတ္တဝါ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားတိုးခြင်းငှာဖြစ်သလော. . . အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော. . ."

"အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ တပ်မက်ခြင်းရှိသော သတ္တဝါသည် လောဘဖြင့် လွှမ်းမိုးအပ် သိမ်းကျုံးစွဲယူအပ်သော စိတ်ရှိသည်ဖြစ်၍ သတ္တဝါကိုလည်း သတ်၏။ သူမပေးအပ်သောဥစ္စာကိုလည်း ယူ၏။ သူတစ်ပါးသားမယားကိုလည်း သွားလာ၏။ မုသားစကားကိုလည်း ပြော၏။ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါကို သတ်ခြင်းစသော

အမှုတို့သည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေသည်။

"ကာလာမမင်းတို့၊ ဒေါသသည် သတ္တဝါ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်းငှာ ဖြစ်သလော. . .၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ ဒေါသထွက်နေသောသတ္တဝါသည် ဒေါသဖြင့် လွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲယူအပ်သော စိတ်ရှိသည်ဖြစ်၍ သတ္တဝါကိုလည်း သတ်၏။ . . . မုသားစကားကိုလည်း ပြော၏။ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါကိုသတ်ခြင်းစသောအမှုတို့သည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေသည်။

"ကာလာမမင်းတို့၊ မောဟသည် သတ္တဝါ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်းငှာ ဖြစ်သလော. . .၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ တွေဝေသောသတ္တဝါသည် မောဟဖြင့် လွှမ်းမိုးအပ် သိမ်းကျုံးဆွဲယူအပ်သောစိတ် ရှိသည်ဖြစ်၍ သတ္တဝါကိုလည်းသတ်၏။ . . . မုသားစကားကိုလည်း ပြော၏။ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်း၏။ သတ္တဝါကိုသတ်ခြင်းစသောအမှုတို့သည် ထိုသတ္တဝါအား ရှည်မြင့်စွာအကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်လေသည်။

"ကာလာမမင်းတို့၊ ထိုအရာကို သင်တို့ မည်သို့ထင်ကြသနည်း။ ဤလောဘ၊ ဒေါသ၊ မောဟတို့သည် ကုသိုလ်တရားများဖြစ်သလော. . .၊ အကုသိုလ်တရားများ ဖြစ်ပါသလော"

"အကုသိုလ်တရားများ ဖြစ်ပါသည်ဘုရား"

"အပြစ်ရှိသောတရားများဖြစ်သလော၊ အပြစ်ကင်းသောတရား များ ဖြစ်သလော"

"အပြစ်ရှိသောတရားများ ဖြစ်ပါသည်ဘုရား"

"ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားများ ဖြစ်သလော၊ ပညာရှိတို့ ချီးမွမ်းအပ်သောတရားများ ဖြစ်ပါသလော"

"ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားများ ဖြစ်ပါသည်ဘုရား"

"ဤတရားတို့သည် အပြည့်အစုံ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်သလော၊ မဖြစ်ကုန်သလော"

"ဤတရားတို့သည် အပြည့်အစုံ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်ပါ၏"

"ကာလာမမင်းတို့၊ ဤသို့လောဘ၊ ဒေါသ၊ မောဟတို့၏ အစီးအပွားမဲ့မှု၊ ဆင်းရဲမှုကိုဖြစ်စေခြင်းဟူသော အနက်သဘောကိုရည်ရွယ်၍ သင်တို့သည် တစ်ဆင့်စကားကြားရုံမျှစသည်ဖြင့် အမှန်ဟုမယူကြကုန်လင့်၊ အကြင်အခါ၌ ဤတရားတို့သည် အကုသိုလ်တရား၊ အပြစ်ရှိသောတရား၊ ပညာရှိတို့ ကဲ့ရဲ့အပ်သောတရား၊ အစီးအပွားမဲ့မှု၊ ဆင်းရဲမှုကို ဖြစ်စေနိုင်သောတရားများ ဖြစ်ကုန်၏ဟူ၍ သင်တို့ကိုယ်တိုင် သိကုန်၏။ ထိုအခါ၌ ထိုတရားတို့ကို ပယ်စွန့်ကြကုန်လော့ဟူ၍ ငါမိန့်ကြားခဲ့ခြင်းဖြစ်ပေ၏။

"ကာလာမမင်းတို့၊ သင်တို့သည် တစ်ဆင့်စကားကြားရုံမျှဖြင့် အမှန်ဟု မယူကြကုန်လင့်၊ . . မိမိတို့၏ဆရာဖြစ်သောရဟန်း၏ စကားဖြစ်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြကုန်လင့်။

"ကာလာမမင်းတို့၊ အကြင်အခါ၌ ဤတရားတို့သည် ကုသိုလ်တရားများဖြစ်၏။ အပြစ်ကင်းသောတရားများ ဖြစ်၏။ ပညာရှိတို့ ချီးမွမ်းအပ်သောတရားများ ဖြစ်ကုန်၏။ ပြည့်စုံစွာ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟူ၍ ကိုယ်တိုင်သာလျှင် သိကုန်ရာ၏။ ထိုအခါ၌ သင်တို့သည် ထိုတရားတို့ကို ပြည့်စုံစေ၍ နေကြကုန်လော့။

"ကာလာမမင်းတို့၊ အလောဘသည် သတ္တဝါ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်လာသည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်းငှာ ဖြစ်သလော၊ အကျိုးစီးပွားမဲ့ခြင်းငှာ ဖြစ်သလော"

"အကျိုးစီးပွားတိုးပွားခြင်းငှာ ဖြစ်ပါသည်ဘုရား"

"ကာလာမမင်းတို့၊ မတပ်မက်သောသတ္တဝါသည် လောဘဖြင့် မလွှမ်းမိုးအပ်၊ သိမ်းကျုံးဆွဲငင်၍ မယူအပ်သောစိတ်ရှိသည်ဖြစ်၍ သူ့အသက်ကိုမသတ်၊ သူ့ဥစ္စာကိုမခိုးယူ၊ သူတစ်ပါးသားမယားကို မသွားလာ၊ မုသားစကားကိုမဆို၊ သူတစ်ပါးကိုလည်း ထိုအမှုများပြုကျင့်ရန် စေခိုင်းတိုက်တွန်းခြင်းမပြု၊ ယင်းသို့မပြုခြင်းသည် ထိုသတ္တဝါအား ရှည်မြင့်စွာ အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာဖြစ်၏" (ထို့နောက် အဒေါသ၊ အမောဟတို့ကိုလည်း ဤနည်းပင် ဟောပါသည်။)

"ကာလာမမင်းတို့၊ ဤအလောဘ၊ အဒေါသ၊ အမောဟသုံးပါးတို့သည် ကုသိုလ်တရားများဖြစ်သလော၊ အကုသိုလ်တရားများဖြစ်သလော"

"ကုသိုလ်တရားများ ဖြစ်ပါသည်ဘုရား"

"အပြစ်ရှိသောတရားများ ဖြစ်သလော. . .၊ အပြစ်ကင်းသောတရားများ ဖြစ်သလော"

"အပြစ်ကင်းသောတရားများ ဖြစ်ပါသည်ဘုရား"

"ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားများ ဖြစ်သလော. . .၊ ပညာရှိတို့ ချီးမွမ်းအပ်သောတရားများ ဖြစ်ပါသလော"

"ပညာရှိတို့ ချီးမွမ်းအပ်သောတရားများ ဖြစ်ပါသည်ဘုရား"

"ဤတရားတို့သည် အပြည့်အစုံ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်သလော. . .၊ မဖြစ်ကုန်သလော"

"ဤတရားတို့သည် အပြည့်အစုံ စွဲယူဆောက်တည်အပ်သည်ရှိသော် အကျိုးစီးပွားတိုးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်ပါ၏"

"ကာလာမမင်းတို့၊ ဤသို့ အလောဘ၊ အဒေါသ၊ အမောဟတို့၏ အစီးအပွားတိုးတက်မှု၊ ချမ်းသာမှုကိုဖြစ်စေခြင်းဟူသော အနက်သဘောကို ရည်ရွယ်၍ သင်တို့သည် တစ်ဆင့်စကားကြားရုံမျှစသည်ဖြင့် အမှန်ဟု မယူကြကုန်လင့်၊ အကြင်အခါ၌ ဤတရားတို့သည် ကုသိုလ်တရား၊ အပြစ်ကင်းသောတရား၊ ပညာရှိတို့ချီးမွမ်းအပ်သောတရား၊ အကျိုးစီးပွားတိုးတက်မှု၊ ချမ်းသာမှုကိုဖြစ်စေနိုင်သောတရားများ ဖြစ်ကုန်၏ဟူ၍ သင်တို့ကိုယ်တိုင် သိကုန်၏။ ထိုအခါ၌ ထိုတရားတို့ကို ပြည့်စုံစေ၍နေကြကုန်လော့-ဟူ၍ ငါမိန့်ကြားခဲ့ခြင်း ဖြစ်ပေသည်။"

* * *

ဤတွင် ကာလာမသုတ်မှာ မပြီးသေးပါ။ သို့သော် ဆိုလိုသော အနက်များ ပေါ်လွင်လောက်ပါပြီ။

ထိုကာလာမသုတ်တော်ပါ မယုံကြည်ရာအကြောင်းဆယ်ပါးထဲတွင် "ငါဘုရားပြောတိုင်းလဲ မယုံနဲ့" ဟူသော အနက်အဓိပ္ပာယ်အသုံးအနှုန်း မပါရှိပါ။ အကယ်၍ "ငါဘုရားပြောတိုင်းလဲ မယုံနဲ့" ဟူ၍ ဟောပြောခဲ့သည် ဖြစ်အံ့၊ ယခုဟောကြားတော်မူသော (ကာလာမသုတ်) တရားတော်ကိုပင် လျှင် မယုံကြည်လေနှင့်ဟု ဟောပြောသကဲ့သို့ပင် ရှိနေပါလိမ့်မည်။

ကာလာမသုတ်ကိုဖတ်ရှုပြီး တည့်မတ်ဖြောင့်မှန်စွာ အနက်ယူနိုင်ကြပါစေသော်။

*၂၀၀၂-ခုနှစ်၊ ဇွန်လ၊ ဓမ္မရံသီမဂ္ဂဇင်း*

## မြင်ခြင်း၏အကန့်အသတ်များနှင့် မြင်းမိုရ်တောင်

၂၀၁၁-ဇွန်လထုတ် အတွေးအမြင်စာအုပ်တွင် မောင်လူမော်(မြိတ်) ရေးသည့် "အနဝတတ်ရေအိုင်နှင့် မြင်းမိုရ်တောင်တွေ့ရှိခြင်း" ဆောင်းပါး၌ -

> "မြင်းမိုရ်တောင်နှင့် အနဝတတ်ရေအိုင်တို့အကြောင်းကို ဘာသာရေးဆိုင်ရာ ကျမ်းကြီးကျမ်းခံ့များတွင် ဖတ်ရှုရသဖြင့် သိရှိနေကြသည်။ တကယ်တမ်းတွင် ကမ္ဘာ့သဘာဝပထဝီ သိပ္ပံလက်တွေ့တွင် ရှာမတွေ့သဖြင့် ခေတ်လူငယ်တို့က မယုံကြည်ကြ။ ခေတ်သိပ္ပံပညာ၊ အာကာသဂြိုဟ်တု၊ ဒုံးပျံတို့ကမ္ဘာကို ဝန်းပတ်နေပြီး သီးခြားနေစကြဝဠာများကိုပင် မှတ်တမ်းဓာတ်ပုံရိုက်၍ ပေးပို့နေကြပြီ။ မြင်းမိုရ်တောင်နှင့် အနဝတတ်ရေအိုင်တို့ မပါဝင် မတွေ့ရှိရသဖြင့် မယုံကြည်သူတို့ကို အပြစ်ဆိုဖွယ်မရှိတော့ပေ" ဟု ရေးထားပါသည်။

ထိုမြင်းမိုရ်တောင်သံသယကိုအမှီပြု၍ အခြားသောပြဿနာများကိုပါ ထင်မြင်ချက်ပေးထားပါသည်။

> "ဗုဒ္ဓဘာသာစာပေများတွင် ရှေးပညာရှင်များက ရေးသားဖော်ပြရာ၌ မဟာသက္ကရာဇ်-၁၀၃ နေ့တွင် ဗုဒ္ဓဂေါတမသည် (ဆောင်းပါးရှင်၏ စကားအသုံးအနှုန်းမှာ လွဲမှားနေပါသည်။ အလောင်းတော်သိဒ္ဓတ္ထဟု သုံးနှုန်းသင့်ပါသည်။) သုဇာတာသတို့သမီးကပ်လှူသော ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ရွှေခွက်ကို

နေရဥ္စရာမြစ်အတွင်း မျှောခဲ့သည်။ ရွှေခွက်သည် မြစ်ညာသို့ဆန်တက်၍ ရေအောက်သို့မြုပ်ရာ ရှေးဘုရားရှင်တို့၏ ဆွမ်းဦးရွှေခွက်များနှင့် တိုက်ခတ်မိသံကြောင့် မြစ်အောက်ခြေတွင် အိပ်ပျော်နေသော ကာလနဂါးကြီး နိုးထခဲ့သည်ဟု ဆိုထားပါသည်။

"အိပ်ပျော်နေသော ကာလနဂါးကြီးဆိုသည်မှာ သစ္စာလေးပါး အမှန်တရားကို မသိသောကာလ၊ အဝိဇ္ဇာအမှောင်ကျသည့် အချိန်ကာလကို နဂါးကြီးနိုးထခဲ့ပြီဟု ခိုင်းနှိုင်းသောသဘောဖြစ်ပါသည်။ မြစ်၏မြေအောက်တွင်ရှိနေသော မြွေနဂါးကြီး မဟုတ်ပါ။ အနှိုင်းပြုဖော်ပြသည့်ကိစ္စ ဖြစ်ပါသည်။

"ဗုဒ္ဓပွင့်ထွန်းပြီဖြစ်၍ အဝိဇ္ဇာအမှောင်ဖုံးသောကာလကြီးပွင့်ထွန်းဖြစ်ပေါ်သည်ဟု ခိုင်းနှိုင်းသည်ကို သိရှိရန်လိုပါသည်။ ('ဗုဒ္ဓပွင့်ထွန်းပြီဖြစ်၍ အဝိဇ္ဇာအမှောင်ဖုံးသော ကာလကြီးမှနိုးထကာဝိဇ္ဇာဉာဏ်ပွင့်ထွန်းဖြစ်ပေါ်သည်ဟု ခိုင်းနှိုင်းသည်' ဟူ၍ ရေးမှဆောင်းပါးရှင်၏ဆိုလိုချက် ပေါ်လွင်ပါလိမ့်မည်။ ဆောင်းပါးရှင်ရေးသားထားသောဝါကျမှ ပေါ်ထွက်လာသော အနက်အဓိပ္ပာယ်မှာ ထိတ်လန့်ဖွယ်ကောင်းလှပေသည်။)

"ဒုတိယအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သုဒ္ဓိယစေင်ထံမှ (မဟာဗုဒ္ဓဝင်တွင် သောတ္ထိယမည်သော မြက်ထမ်းပုဏ္ဏားဟုလာသည်။) အလှူခံရရှိသော မြက် ၈-ဆုပ် အထိုင်ပြုခြင်းနှင့်ဖြစ်ပေါ်လာသည့် ရွှေပလ္လင်သည် ၁၄-တောင်အကျယ်အဝန်းရှိသည်ဆိုသော အနှိုင်းပြုသဲလွန်စနှင့် ကိန်းဂဏန်းသဲလွန်စမှာ အခြေခံမဂ္ဂင် ၈-ပါး တရားအစုအပေါင်းကို ကျင့်ဆောင်အောင်မြင်ခြင်းနှင့် မဂ်ဖိုလ် ၈-ဆင့်နှင့် တရားဂုဏ်တော် ၆-ပါး အပေါင်း ၁၄-ချက် အကျယ်အဝန်းမှာ ဓမ္မစက်ကို ဖော်ညွှန်းပါသည်။

"အခြေခံစရဏမဂ္ဂင် ၈-ပါးနှင့် အနှိုင်းမဲ့တန်ဖိုးဖြစ်သော ဓမ္မစက် ၁၄-ချက်တရားကို ဖော်ညွှန်းသည်သာ ဖြစ်ပါသည်။

သတ္တာရှေ့ပလ္လင်မဟုတ်ပါ" ဟု ထိုဆောင်းပါးရှင်က ထင်ရာမြင်ရာ ကောက်ချက်ချထုတ်ဖော်၍ ရေးသားထားပါသည်။

ဆောင်းပါးရှင် မောင်လူမော်(မြိတ်) က -

"မြင်းမိုရ်တောင်မှာ လူသားတို့၏ ခန္ဓာကိုယ်ဖြစ်နေသည်ကို သိရှိနိုင်ပါသည်။ အပြင်လောကတွင် ရှာဖွေ၍တွေ့မည်မဟုတ်ပါ" ဟုလည်းကောင်း၊

"ယခုရေးသားဖော်ပြလိုသည်မှာ လူ၏ သဘာဝကိုယ်ကောင်ကြီးသည် မြင်းမိုရ်တောင်၊ နှလုံးသားရေအိုင်ကြီးသည် အနဝတတ်အိုင်တို့ဟူ၍ ဖြစ်ပါသည်" ဟု အသေအချာဆိုကာ -

"မဂ္ဂင် ၈-ပါးစုံ မှန်ကန်သောအကျင့် ဒဿနအသိဖြင့် တင်ပြခြင်းဖြစ်ပါသည်" ဟု နိဂုံးချုပ်ထားပါ၏။

မြတ်စွာဘုရားဟောကြားသော မဂ္ဂင် ၈-ပါးကို အကျင့်ဒဿန အသိဟု ယူဆလိုက်သည်မှာ အလွန်အရုပ်ဆိုးလှပါ၏။ ဗုဒ္ဓတရားတော်များသည် ဒဿနအသိအမြင်များသာဖြစ်သည်ဟု ဆိုလိုက်ရာလည်း ရောက်နေပါသည်။ ဗုဒ္ဓ၏တရားတော်များသည် ဒဿနအသိသက်သက်မျှမဟုတ်၊ ကိုယ်တိုင် မျက်မှောက်ပြုသိမြင်နိုင်သော စစ်မှန်သောတရားများ ဖြစ်ကြပါသည်။

"မြင်းမိုရ်တောင်၊ အနဝတတ်ရေအိုင်၊ ကာလနဂါးနှင့် အပရာဇိတပလ္လင်" စသည်တို့၌ မောင်လူမော်(မြိတ်)သည် ယုံမှားသံသယဖြစ်လျက်ရှိသောကြောင့် "မယုံကြည်သူတို့ကို အပြစ်ဆိုဖွယ်မရှိ" ဟုပင် ပြောင်ပြောင်တင်းတင်း ရေးလာပြောလာခြင်းလည်း ဖြစ်တန်ရာပါသည်။

မြင်းမိုရ်တောင်ရှိ-မရှိပြဿနာကို ထီးချိုင့်မြို့၊ တည်တောဆရာတော်ကြီးက "ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ" စာအုပ်၊ အမှတ်စဉ် (၃)၊ ဒုတိယအကြိမ်ထုတ်၊ စာမျက်နှာ-၂၁ တွင် အကျယ်ရှင်းလင်း ဖော်ပြထားသဖြင့် ထိုစာအုပ်ကို ရှာဖွေဖတ်ရှုလျှင် သိနိုင်ပါလိမ့်မည်။

ကာလနဂါး၊ အနဝတတ်အိုင်နှင့် အပရာဇိတပလ္လင်တို့ကို တိပိဋက ဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသရေးသားသော မဟာဗုဒ္ဓဝင်၌ အတိအလင်း ဖော်ပြထားပါသည်။ မဟာဗုဒ္ဓဝင်ပထမတွဲ၊ ဒုတိယအုပ် နောက်ဆက်တွဲ၌ အပရာဇိတပလ္လင်အကြောင်းကို အကျယ်ရှင်းလင်းထား ရာတွင် -

"အလုံးစုံသော ဘုရားအလောင်းတော်တို့ မဟာဗောဓိပင်အရင်း၌ 'အရဟတ္တမဂ်ဉာဏ်ကို မရသမျှ ဤနေရာမှ ငါမထတော့ပြီ' ဟု အဓိဋ္ဌာန် စွဲကာ တင်ပျဉ်ခွေထိုင်နေရာဌာနအထူးသည် ဗောဓိပလ္လင်မည်၏။ ထိုဗောဓိ ပလ္လင်ကိုပင် မာရ်ငါးပါးကို အောင်ပွဲယူရာဖြစ်၍ အပရာဇိတပလ္လင်ဟူ၍ လည်း ခေါ်၏။

"ထိုပလ္လင်တော်မှာ ဗောဓိမဏ္ဍိုင်ကုန်းတော်ပေါ် အတောင်တစ်ရာ မြင့်၍ အလွန်တင့်တယ်သော ဗောဓိပင်၏အရင်း အရှေ့ဘက်မျက်နှာ လေးတောင်ကွာဌာနတွင် ဘုရားအလောင်းတော်များ မြက်ရှစ်ဆုပ်ကို ဖြန့်ကြဲ လိုက်သည်နှင့်တစ်ပြိုင်နက် ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီကောင်းမှု ကုသိုလ်ကံအဟုန်တို့ကြောင့် မြေအပြင်မှပေါ်ပေါက်လျက် ရတနာအမျိုးမျိုး တို့ဖြင့် ဆန်းကြယ်တင့်တယ်သော ပလ္လင်တော်ဖြစ်သည်။

"ဤပလ္လင်ကို ဘုရားအလောင်းတော်တို့ ဗောဓိခေါ် အရဟတ္တမဂ် ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ထိုးထွင်းသိမြင်ရာ (ဘုရားဖြစ်ရာ) ပလ္လင်ဖြစ် သောကြောင့် (ပါဠိလို) ဗောဓိပလ္လင်္က၊ (မြန်မာလို) ဗောဓိပလ္လင်ဟူ၍ ခေါ်၏" ဟု ဖော်ပြထားပါသည်။

မောင်လူမော်(မြိတ်) သည် ယင်းဖော်ပြချက်များကို ဘဝင်ကျပုံမရ သောကြောင့်လည်း မိမိထင်မြင်ယူဆသလို ထုတ်ဖော်ရေးသားလိုက်ခြင်း ဖြစ်ဟန်တူပါသည်။ ထိုသို့ရေးသားခြင်းကြောင့် သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များမှာ ဝှက်စာများရောနှော၍ ဟောထား သည့်နှယ် ဖြစ်သွားပါသည်။ သင်္ကေတများဖြင့် ပြည့်နှက်နေသည်ဟု စွပ်စွဲရာ လည်း ရောက်သွားခဲ့ပါသည်။

"မြင်းမိုရ်တောင်ကိုလည်း လူသား၏ခန္ဓာကိုယ်" ဟု ရေးသားဖော်ပြလိုက်ပါသည်။ ဤသို့မြင်ခြင်းသည် ဘုရား၊ တရား၊ သံဃာတို့၌ ယုံမှားသံသယ လွှန်ကဲနေသောကြောင့်သာ ဖြစ်ပါသည်။ ခေတ်ပေါ်သိပ္ပံနှင့် နည်းပညာ အတတ်တို့၏ ဩဇာလွှမ်းမိုးခံရမှုကြောင့်လည်းကောင်း၊ မျက်မြင်ဒိဋ္ဌ အယူဝါဒနောက်သို့ အစဉ်လိုက်သဖြင့်လည်းကောင်း ထိုသို့တွေးမိယူဆမိခြင်း ဖြစ်နိုင်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်များအပေါ် ယုံမှား သံသယမရှိစေခြင်းငှာ ကြိုးစား၍ ရှင်းလင်းတင်ပြပါမည်။

* * *

မဇ္ဈိမနိကာယ်၊ မဟာသီဟနာဒသုတ်၌ မြတ်ဗုဒ္ဓဟောကြားခဲ့ပုံကို ကောက်နုတ်၍ ဖော်ပြလိုပါသည်။

အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် ဝေသာလီပြည် အနောက်ဘက်ရှိ 'အပရပုရ' မည်သောတောအုပ်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ 'သုနက္ခတ္တ' မည်သော လိစ္ဆဝီမင်းသားသည် 'သာသနာ့ဘောင်' မှထွက်သွားပြီး ဝေသာလီပြည်ပရိသတ်အလယ်၌ ဤသို့ပြောဆိုလေသည်။

"ရဟန်းဂေါတမအား ပကတိလူတို့၏တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးသည် မရှိ။ ရဟန်းဂေါတမသည် မိမိဘာသာ ဆင်ခြင်ကြံဆ၍ မိမိစိတ်တွင် ထင်မြင်လာသည့်အတိုင်းသာ တရားကို ဟောကြား၏။ သို့သော်လည်း သူဟောကြားသည့်အတိုင်း ကျင့်သူအားမူ စိတ်ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်၏"

သုနက္ခတ္တက ဤသို့ပြောဆိုနေသည်ကို ရှင်သာရိပုတ္တရာသည် ဆွမ်းခံကြွရင်းကြားသိ၍ ဗုဒ္ဓအားလျှောက်ကြား၏။ ဗုဒ္ဓသည် ရှင်သာရိပုတ္တရာ အား အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"သာရိပုတ္တရာ၊ သုနက္ခတ္တက ထိုသို့ပြောဆိုခြင်းကား အမျက်ဒေါသ ကြောင့် ပြောဆိုခြင်းဖြစ်၏။ သို့သော် ငါ၏တရားသည် ငါဟောကြားသည့်

အတိုင်း ကျင့်သူအား ဆင်းရဲကုန်ဆုံးခြင်းကို ပြုနိုင်၏ဟုဆိုခြင်းမှာမူ ငါ့ကို ချီးမွမ်းရာရောက်၏။

"သာရိပုတ္တရာ၊ အချည်းနှီးသော သုနက္ခတ္တအား ငါ၏ဂုဏ်တို့ကို အနုမာနဉာဏ်ဖြင့်မှန်းဆ၍ သိခြင်းမျှပင် မဖြစ်ခဲ့ချေ။ သာရိပုတ္တရာ၊ ငါသည် 'အား' ဆယ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သောအရာကို ဝန်ခံခဲ့၏။ ပရိသတ်အလယ်၌ ရဲရင့်သောစကားကို မြွက်ဆိုခဲ့၏။ အားဆယ်ပါးကား -

(၁) အကြောင်းဟုတ်-မဟုတ်ကို အမှန်အတိုင်း ကွဲကွဲပြားပြား သိမြင်ခြင်း၊
(၂) အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့် အလုံးစုံသော ကံတို့၏ အကျိုးကို အမှန်အတိုင်း ကွဲကွဲပြားပြားသိမြင်ခြင်း၊
(၃) ဘုံဘဝအားလုံးသို့ လားရောက်ကြောင်း အကျင့်တို့ကို အမှန်အတိုင်း ကွဲကွဲပြားပြားသိမြင်ခြင်း၊
(၄) များစွာသောဓာတ်သဘော၊ အမျိုးမျိုးသောဓာတ်သဘောရှိသော လောကကို အမှန်အတိုင်း ကွဲကွဲပြားပြားသိမြင်ခြင်း၊
(၅) သတ္တဝါတို့၏ အလိုအဇ္ဈာသယအမျိုးမျိုးကို အမှန်အတိုင်း ကွဲကွဲပြားပြားသိမြင်ခြင်း၊
(၆) သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း၊
(၇) ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့၏ ညစ်ညူးခြင်း၊ ဖြူစင်ခြင်း၊ ထမြောက်ခြင်းတို့ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိမြင်ခြင်း၊
(၈) မိမိဖြစ်ခဲ့ဖူးသော ဘဝများစွာတို့ကို ပြန်ပြောင်းအောက်မေ့နိုင်ခြင်း၊
(၉) သတ္တဝါတို့၏ ကံအားလျော်စွာသေခြင်း၊ ဖြစ်ခြင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိမြင်နိုင်ခြင်း၊
(၁၀) အာသဝေါကင်းသော စေတောဝိမုတ္တိ ပညာဝိမုတ္တိကို မျက်မှောက်ပြု၍နေနိုင်ခြင်းတို့ ဖြစ်၏။

"သာရိပုတ္တရာ၊ ဤ 'အား' ဆယ်ပါးနှင့် ပြည့်စုံသော ငါ့ကို 'ရဟန်းဂေါတမအား ပကတိလူတို့၏တရားထက် သာလွန်သော အရိယာတို့၏ ဉာဏ်အမြင်ထူးသည် မရှိ' ဟူ၍ ပြောဆိုသူသည် ထိုစကားကို မစွန့်ဘဲသေခဲ့သော် ကျောန်မလွဲငရဲသို့ ကျရောက်မည်သာဖြစ်၏။

"သာရိပုတ္တရာ၊ ငါသည် ရဲရင့်ခြင်းလေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်သောအရာကို ဝန်ခံခဲ့၏။ ပရိသတ်အလယ်၌ ရဲရင့်သောစကားကို မြွက်ဆိုခဲ့၏။ အမြတ်ဆုံးသောတရားစက်ကို လည်စေခဲ့၏။ ရဲရင့်ခြင်းလေးပါးကား -

(၁) 'ကြွင်းမဲ့ဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်၏ဟူ၍ ဝန်ခံသော သင်သည် ဤမည်သောတရားကိုကား မသိမမြင်ချေ' ဟူ၍ တစ်စုံတစ်ယောက်သောသူကမျှ ထိုသို့စောကြောနိုင်ဖွယ် အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

(၂) 'အာသဝေါတရားအားလုံး ကုန်ခန်းပြီဟု ဝန်ခံသောသင့်အား ဤမည်သောအာသဝေါတို့ကား မကုန်ခန်းသေးပါ' ဟူ၍ တစ်စုံတစ်ယောက်သောသူကမျှ ထိုသို့စောကြောနိုင်ဖွယ် အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

(၃) 'မဂ်ဖိုလ်၏ အန္တရာယ်ကိုပြုတတ်သောတရားဟု သင်ဟောကြားသည့်တရားများကို ကျူးလွန်သူအား မဂ်ဖိုလ်၏အန္တရာယ် မဖြစ်ပါ' ဟူ၍ တစ်စုံတစ်ယောက်သောသူကမျှ စောကြောနိုင်ဖွယ် အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

(၄) 'ဆင်းရဲကုန်ဆုံးရန်အလို့ငှာ သင်ဟောကြားသောတရားသည် ဟောကြားသည့်အတိုင်း ကျင့်သူအား ဆင်းရဲကုန်ဆုံးစေရန် မစွမ်းနိုင်ပါ' ဟူ၍ တစ်စုံတစ်ယောက်သောသူကမျှ စောကြောနိုင်ဖွယ်အရိပ်နိမိတ်ကို မမြင်သောကြောင့် ဤအရေး၌ ငါသည် မကြောက်မရွံ့ ရဲရင့်ပေ၏။

"သာရိပုတ္တရာ၊ ဤရဲရင့်ခြင်းလေးပါးနှင့်ပြည့်စုံသော ငါသည် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်း၊ စတုမဟာရာဇ်နတ်၊ တာဝတိံသာနတ်၊ မာရ်နတ်၊

ပြဟ္မာဟူသော ပရိသတ်ရှစ်ပါးအလယ်သို့ရောက်သော် ကြောက်ရွံ့ဖွယ် အရိပ်နိမိတ်ကိုမမြင်ဘဲ ရဲရင့်စွာနေခဲ့ပေ၏။

"သာရိပုတ္တရာ၊ သတ္တဝါတို့သည် ဥဒ္ဒိဖြစ်သောသတ္တဝါ၊ သားအိမ်၌ ဖြစ်သောသတ္တဝါ၊ အညှိ၌ဖြစ်သောသတ္တဝါ၊ ကိုယ်ထင်ရှားဖြစ်သောသတ္တဝါ ဟူ၍ လေးမျိုးရှိ၏။ သာရိပုတ္တရာ၊ ဤသို့သိမြင်သောငါ့ကို 'ရဟန်းဂေါတမ အား ပကတိလူတို့၏တရားထက်သာလွန်သည့် အရိယာတို့၏ ဉာဏ်အမြင်ထူး သည် မရှိ' ဟူ၍ ပြောဆိုသူသည် ထိုစကားကိုမစွန့်ဘဲ သေလျှင် ဧကန်မလွဲ ငရဲသို့ကျရောက်မည်သာ ဖြစ်၏။

"သာရိပုတ္တရာ၊ သတ္တဝါတို့၏ လားရာဂတိတို့သည် ငရဲဘုံ၊ တိရစ္ဆာန် ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံ၊ နတ်ဘုံဟူ၍ ငါးပါးရှိ၏။ သာရိပုတ္တရာ၊ ငါသည် ထိုလားရာဂတိငါးပါးကိုလည်းကောင်း၊ ထိုဂတိငါးပါးသို့ လားရောက်ကြောင်း အကျင့်တို့ကိုလည်းကောင်း သိမြင်၏။ ထိုဂတိငါးပါးမှကင်းလွတ်ရာ နိဗ္ဗာန်နှင့် ယင်းနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကိုလည်း သိမြင်၏။ . . ." ဟု ဥပမာ များစွာဖြင့် ဟောကြားထားခဲ့ပါသည်။

ဤမျှဆိုလျှင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို အနုမာနဉာဏ် ဖြင့် မှန်းဆ၍သိနိုင်လောက်ပေပြီ။ သို့သော် အရာရာ၌ ခေတ်အမြင် ခေတ် အတွေးအခေါ်များဖြင့်သာ ချိန်ထိုးတတ်သော အကျင့်ရှိနေကြသည့် ထိုပုဂ္ဂိုလ်များ အလွယ်တကူလက်ခံနိုင်ရန် ခက်ခဲမည်ဟု တွေးမိပါသည်။ ထို့ကြောင့် ရှင်းလင်းစွာသိနိုင်မည်ဟုတွေးထင်မိသော အချက်အလက် များကို လေ့လာမိသမျှထဲမှ ထုတ်နုတ်၍ ဖော်ပြပေးလိုက်ပါသည်။

ခေတ်ပေါ်သိပ္ပံပညာရှင်တို့၏အဆိုအရ အနန္တစကြဝဠာကြီးသည် လွန်ခဲ့သောနှစ်ပေါင်း သန်းထောင်ပေါင်း ၁၀-ခန့်က မဟာပေါက်ကွဲမှုကြီးဖြင့် စတင်ခဲ့သည်ဟု ယူဆထားကြပါသည်။ လက်ရှိအချိန်အထိ ပြန့်ကားလျက်ရှိ နေပြီး ထိုကဲ့သို့ပြန့်ကားနေသော မဟာစကြဝဠာများ အများအပြား ပြည့်နှက် လျက်ရှိသည်ဟု ဆိုပါသည်။

ယနေ့စကြဝဠာကြီး၏ တစ်နေ့တခြား ကျယ်ပြန့်လာနေမှုသည် မမြင်နိုင်သော မည်းမှောင်စွမ်းအင်ကြောင့်ဟု ၂၁-ရာစုစကြဝဠာဗေဒပညာရှင်တွေက တွက်ချက်တွေ့ရှိခဲ့ကြပါသည်။

အိုင်စတိုင်းသည် အလျား၊ အနံ၊ အမြင့်ဟုဆိုသော မြင်နိုင်သည့် ဒိုင်မင်းရှင်း (တိုင်းဘက်) ၃-ခုနှင့် မမြင်နိုင်သောဒိုင်မေးရှင်း အချိန်ဆိုသော ၄-ခုမြောက်တိုင်းဘက်ကို သဟဇာတပေါင်းစပ်ပြခဲ့ပါသည်။ ထို့ပြင် ထို့ထက်လွန်သော ပုန်းကွယ်နေသည့်ဒိုင်မင်းရှင်း (တိုင်းဘက်) တွေကို မျိုးဆက်သစ်ရူပဗေဒပညာရှင်များက တွက်ချက်ပြခဲ့ကြပြန်ပါသည်။

ထိုအခါ လူ့လောကတွင် ပုန်းကွယ်နေသော အသိခက်သည့် အဆင့်မြင့် နတ်ဘုံဗိမာန်များ၊ အဆင့်နိမ့်ပြိတ္တာ၊ အသူရကာယ်၊ ငရဲစသော လောကသားများသည် ပုန်းကွယ်နေသော ဒိုင်မင်းရှင်းလောကသားများပေလောဟု တွေးထင်စရာရှိလာပါသည်ဟု ဖော်ပြချက်ကို မှတ်သားရဖူးပါသည်။

ထို့ပြင် တယ်လီပို့တေးရှင်း (တစ်နေရာက တစ်နေရာကို ရုတ်ခြည်းကူးပြောင်းခြင်း) သည်လည်း ယေဘုယျရီလေတီဗီတီသီအိုရီနှင့် ဆက်နွယ်နေသော တွင်းနက်များအပြင် ၎င်းတို့၏ထွက်ပေါက်ဖြစ်သော တွင်းဖြူတို့ကို ဆက်သွယ်ပေးသော တွင်းလိုဏ်ခေါင်းသီအိုရီတွေကြောင့် စိတ်ကူးယဉ်စရာကောင်းလှသည်ဟု ဆိုကြပါ၏။

ယခုအချိန်တွင်ကား ရူပဗေဒပညာရှင်များသည် လျှပ်စစ်ဆောင်အမှုန်တစ်ခု၏ ဂုဏ်သတ္တိများကို အခြားလျှပ်စစ်ဆောင် အမှုန်တစ်ခုပေါ်သို့ ကူးပြောင်းပေးနိုင်သော တယ်လီပို့တေးရှင်းကို အောင်မြင်ခဲ့ပြီဟုပင် ဖတ်လိုက်ရပါသည်။ ထိုအကြောင်းသည်လည်း အဘိညာဉ်၊ ဈာန်သမာပတ်တန်ခိုးတို့ဖြင့် တစ်နေရာမှ တစ်နေရာသို့သွားခြင်း၊ ကိုယ်ပွားများစွာ ဖန်ဆင်းခြင်း စသောတန်ခိုးများနှင့် အနည်းငယ်ဆင်သောသဘောပင်တည်းဟု တွေးခေါ်မိပါသည်။

ထိုသဘောကလေးကိုပင်လျှင် ခေတ်ပေါ် ရူပဗေဒ ပညာရှင်များက ကြိုးစားရှာဖွေနေဆဲ ရှိကြပါသေး၏။ ဤအကြောင်းများကို မှတ်သားမိသမျှ

အနည်းငယ် အကျဉ်းထည့်သွင်းရေးသား ဖော်ပြလိုက်ပါသည်။ သိပ္ပံနှင့် မျက်မြင်ဒိဋ္ဌတွင် ရှာဖွေမတွေ့သဖြင့် မယုံကြည်ချင်ကြသောပုဂ္ဂိုလ်များ စဉ်းစားချင့်ချိန်နိုင်ရန် ဖြစ်ပါသည်။

ထို့ပြင် မောင်လူမော်(မြိတ်) အနေဖြင့် မစဉ်းစားမိသော အချက် တစ်ချက် ရှိပါသည်။ ထိုအချက်မှာ ဒိဗ္ဗစက္ခုဉာဏ်ဟူသော စုတေခါနီးသတ္တဝါ များ၊ ပဋိသန္ဓေနေပြီးစသတ္တဝါများ၊ သုဂတိဘုံဘဝသို့ရောက်သူ၊ ဒုဂ္ဂတိဘုံဘဝ သို့ရောက်သူ၊ အပါယ်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ကံအားလျော်စွာ လားရောက်ကြရသော သတ္တဝါတို့၏အကြောင်းအရင်း ကုသိုလ်ကံ-အကုသိုလ် ကံ အစရှိသည်တို့အား မြင်နိုင်သော ဉာဏ်မျက်စိပင်တည်း။

မြင်းမိုရ်တောင်၊ တာဝတိံသာစသော နတ်ပြည် ၆-ထပ်၊ ဗြဟ္မာဘုံ အစရှိသည်တို့မှာ သာမန်လူတို့၏ မျက်စိဖြင့်မြင်နိုင်သောအရာများ မဟုတ် ကြပါ။ ဒိဗ္ဗစက္ခုဉာဏ်ဖြင့်သာ မြင်နိုင်သောအရာများဖြစ်သည်ကို ပြန်လည် စဉ်းစားသင့်ပါ၏။


မျက်မှောက်ခေတ်သိပ္ပံပညာသည် အနန္တစကြဝဠာ သက်တမ်းနှင့် စာသော် အလွန်တိုတောင်းသော သက်တမ်းဖြစ်သည့် ကမ္ဘာ့သက်တမ်း၏ အချိန်ကာလတစ်ခုအတွင်းရှိ တစ်ခုသောအချိန်ကလေး (လက်ဖျစ်တစ်တွက် မျှသာ) မှ စဉ်းစားကြံဆ တွက်ထုတ်စမ်းသပ်နေသော ပညာရပ်မျှသာ ဖြစ်ပါ သေးသည်။ ယခုခေတ် နက္ခတ်ကြည့်မှန်ပြောင်းများသည် ကြယ်စုကြီးများ၊ စကြဝဠာအရာဝတ္ထုများ အစရှိသည်တို့ကို လေ့လာနိုင်သောအစွမ်းများ ရှိကြပါသည်။ သို့သော်လည်း ထိုမှန်ပြောင်းများအား ဒိဗ္ဗစက္ခုကဲ့သို့ ထင်မှတ် ကြလျှင်မူ မည်သူ့အမှားဖြစ်လေမည်နည်း။

သံယုတ္တနိကာယ်မှ သားမုဆိုးတစ်ဦးအား ဆုံးမသော အရှင်ကဿပ ဂေါတ္တကို တောစောင့်နတ်က သတိပေးရွတ်ဆိုသည့်ဂါထာကို ပြန်လည်သတိ ရမိပါတော့သည်။

"ရဟန်း၊ ပညာမဲ့သောမုဆိုးကို အချိန်အခါမဟုတ်ဘဲ ဆုံးမသော ရဟန်းသည် မိုက်မဲသူဖြစ်၏ဟု ကျွန်ုပ်ထင်ပါ၏။ မုဆိုးမိုက်သည် နားထောင်

၏၊ သို့သော် မသိ။ ကြည့်၏၊ သို့သော် မမြင်။ ယင်က တရားဟောသော်လည်း သူကား အနက်အဓိပ္ပာယ်ကို နားလည်မည်မဟုတ်။ ကဿပ၊ သင်သည် မီးတိုင်ဆယ်တိုင်ထွန်းစေကာမူ မုဆိုးကား မြင်မည်မဟုတ်။ အကြောင်းကား ပညာမျက်စိ မရှိသောကြောင့်ပင်တည်း"

*၂၀၁၂-ခုနှစ်၊ ဇူလိုင်လ၊ ဓမ္မရံသီမဂ္ဂဇင်း*



## ဘီလုံးလေလော သိမ်းငှက်လော

အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သာရန္ဒဒသုတ်၌ လောက တွင် ရခဲသောရတနာငါးပါးဟူ၍ ဗုဒ္ဓဟောကြားတော်မူသော တရားတစ်ပုဒ် ရှိပါသည်။

"လောက၌ -

(၁) ပူဇော်အထူးကိုခံထိုက်ပြီး သိမြင်ဖွယ်မှန်သမျှကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော မြတ်စွာဘုရား၏ ဖြစ်ပေါ် လာခြင်းကို ရခဲ၏။

(၂) မြတ်စွာဘုရားဟောကြားသော ဓမ္မဝိနယကို တစ်ဆင့် ပြန်၍ ဟောကြားတတ်သောပုဂ္ဂိုလ်ကို ရခဲ၏။

(၃) မြတ်စွာဘုရား၏ ဓမ္မဝိနယကို ဟောပြလျှင် သိမြင် နားလည်သောပုဂ္ဂိုလ်ကို ရခဲ၏။

(၄) မြတ်စွာဘုရား၏ ဓမ္မဝိနယကို သိမြင်နားလည်သည့် အတိုင်း ကျင့်ကြံအားထုတ်သောပုဂ္ဂိုလ်ကို ရခဲ၏။

(၅) သူတစ်ပါးပြုဖူးသော ကျေးဇူးကိုသိတတ်၊ ထင်စွာ ပြု၍ သိတတ်သောပုဂ္ဂိုလ်ကို ရခဲ၏" ဟု ဟောထားပါသည်။

အတွေးအမြင်စာအုပ်၊ ၂၀၁၁-ခုနှစ်၊ ဇွန်လထုတ်၌ "ဘာသာ တရား၏ကိုယ်ထည်" ဟူသော ဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရပါသည်။

ဆောင်းပါးရှင်က -

"ယခုခေတ် တရားဟောပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်၊ နိဗ္ဗာန် အကြောင်းချည်း စွတ်ဟောနေ၍မဖြစ်တော့ဟု ထင်သည်။ အဓိက

မေတ္တာ၊ ကရုဏာထားရှိရေး၊ မေတ္တာကရုဏာထားတတ်ဖို့ ဖောင်းပေးဟောပြောစေချင်ပါသည်။ ဟောပြောပေးရပါလိမ့်မည်။ ကိုယ်မှတကယ်မလိုချင်သည့် နိဗ္ဗာန်ကြီးကို သူများဆီကို ဇွတ်အတင်း ထိုးပေးနေတာကတော့ သဘာဝကျ-မကျ စဉ်းစားစရာပင်" ဟု ရေးထားပါသည်။

ထိုဆောင်းပါးရှင်သည် တရားဟောဆရာတော်များအား နိဗ္ဗာန်ကို မလိုချင်ပါဘဲလျက် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောနေသည်ဟု စွပ်စွဲလိုက်ပါသေးသည်။ ထို့ပြင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုသော တရားတို့သည် လွယ်လင့်တကူ အလိုရှိတိုင်း ရနိုင်၊ ယူနိုင်၊ သူတစ်ပါးကိုပေးနိုင်သည့်သဘော အဖြစ် ရေးလိုက် ပြောလိုက်ပြန်ပါသေးသည်။

မဂ္ဂကထိကဆရာတော်များအား နိဗ္ဗာန်ရောက်ကြောင်းတရားကို ချည်း စွတ်ဟောမနေကြပါနှင့်တော့ဟု ဆိုခြင်းသည် မဂ္ဂကထိကရဟန်းတို့၏ ဂုဏ်အင်္ဂါကို ဖျက်ဆီးရာရောက်သွားနိုင်ပါသည်။ မြတ်စွာဘုရားက သံယုတ္တ နိကာယ်၊ မဂ္ဂကထိကသုတ်တွင် "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် စသည်တို့ကို ငြီးငွေ့ခြင်း၊ စွဲမက်မှုကင်းခြင်း၊ ချုပ်ငြိမ်းစေခြင်းငှာ ဟောလျှင် မဂ္ဂကထိကမည်၏" ဟု ဟောထားလေသည်။ ထို့ပြင် သူတော်ကောင်းတရားကို နှစ်သက်စွာနာယူလိုကြသော ဗုဒ္ဓဘာသာဝင်အပေါင်း တို့အားလည်း မဂ်ဖိုလ်၊ နိဗ္ဗာန်တရားကို မနာယူနိုင်စေရန် ပိတ်ပင်လိုက် သကဲ့သို့ ဖြစ်နေပါသည်။

ထိုဆောင်းပါးရှင်က -

> "ဘာသာဝါဒတိုင်းသည် မေတ္တာနှင့်ကရုဏာကို အခြေခံရသည်။ လူသားတို့အကြား အဓိကလိုအပ်နေသည်က မေတ္တာ၊ ကရုဏာသာ ဖြစ်သည်။ မရှိမဖြစ်လိုနေသည်က ကိုယ်ချင်းစာတရား ဖြစ်သည်။ . . . မြင့်မြတ်သော ကိုယ်ကျင့်တရားတို့သည် မေတ္တာ၊ ကရုဏာရေစီးကြောင်းမှ စီးဆင်း၍လာကြသည်။ မေတ္တာကရုဏာထားတတ်သူ၊ ထားရှိသူအတွက် ဒါနတရားလည်း ဟောဖို့မလို၊ သီလတရားလည်း ဟောဖို့မလို၊ မေတ္တာရှင်၊ ကရုဏာရှင်တို့မှာ

ဒါနနှင့်သီလက အလိုအလျောက် ပြီးပြည့်စုံ၍နေကြသည်" ဟု ရေးထားသည်။

တရားဟောရာ၌ ပရိသတ်အများဖြစ်၍ မြတ်စွာဘုရားဟောတော်မူသည့် ဒေသနာစဉ်အတိုင်း ဟောမှသာလျှင် ပြည့်စုံသောတရား ဖြစ်ပါလိမ့်မည်။

ဒါန၊ သီလ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော တရားတို့မှာ မြတ်စွာဘုရား ပွင့်တော်မမူသော်လည်း သိနိုင်၊ ကျင့်နိုင်၊ ပွားများနိုင်သော တရားများ ဖြစ်ကြပါသည်။ မဂ်ဖိုလ်၊ နိဗ္ဗာန်တရားများသည်သာလျှင် သဗ္ဗညုတဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူမှ ကြားရနာရသိရ၊ ကျင့်နိုင်အားထုတ်နိုင်သောတရားများ ဖြစ်ကြပါသည်။

မြတ်စွာဘုရားတရားတော်၏ အနှစ်သာရမှာ လာဘ်သပ်ပကာ အကျော်အစော ရရှိရန်အတွက်မဟုတ်၊ သီလ သမာဓိနှင့် ဈာန်သမာပတ် အဆင့်ဆင့်တို့ကို ရရှိရန်မျှအတွက်လည်း မဟုတ်။ စိတ်၏လွတ်မြောက်မှုအတွက်သာလျှင် ဖြစ်ပေသည်။ ဤစိတ်၏ လွတ်မြောက်မှုသည်သာလျှင် မြတ်စွာဘုရားအဆုံးအမ၏ အနှစ်သာရဖြစ်ပါသည်။ နောက်ဆုံးပန်းတိုင် ဖြစ်ပါသည်။

သံယုတ္တနိကာယ်၊ ဇမ္ဗုခါဒကသံယုတ်၊ ဒုက္ကရပဉ္စသုတ်၌ -

"ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ အဘယ်အရာသည် ခက်ခဲပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ ဤသာသနာ၌ ရဟန်းအဖြစ်သည် ခက်ခဲ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ ရဟန်းဖြစ်သူအား အဘယ်အရာသည် ခက်ခဲပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ ရဟန်းဖြစ်သူအား တရားဖြင့် မွေ့လျော်ရေးသည် ခက်ခဲ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ တရားဖြင့်မွေ့လျော်သော ရဟန်းအား ဘယ်အရာသည် ခက်ခဲပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ တရားဖြင့်မွေ့လျော်သောရဟန်းအား တရားနှင့်လျော်သောအကျင့်ကို ကျင့်ရေးသည် ခက်ခဲ၏"

"ငါ့ရှင်သာရိပုတ္တရာ၊ အဘယ်မျှကြာမြင့်အောင် တရားနှင့်လျော်သောအကျင့်ကို ကျင့်သောရဟန်းသည် ရဟန္တာဖြစ်နိုင်ပါသနည်း"

"ငါ့ရှင်ဇမ္ဗုခါဒက၊ မကြာမီပင် ရဟန္တာဖြစ်နိုင်၏" ဟု ဟောထားသည်။

လောက၌ ခက်ခဲသည်၏အဖြစ်တို့ကို သိမြင်စေလိုသည်ဖြစ်၍ ဟောပြထားခြင်းဖြစ်သည်။ လူ၊ သို့မဟုတ် ရဟန်းသည် အလွယ်တကူနှင့် မဂ်ဖိုလ်၊ နိဗ္ဗာန်ရနိုင်သည်ဟု မထင်အပ်ပါ။

* * *

ဆက်၍ဖော်ပြလိုသော တရားတစ်ပုဒ် ရှိပါသေးသည်။ မဇ္ဈိမနိကာယ်၊ စူဠဂေါပါလကသုတ် ဖြစ်ပါသည်။ ထိုသုတ်ကို ဗုဒ္ဓမြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း၊ ဥက္ကာစေလမြို့၊ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

"ရဟန်းတို့၊ ရှေးအခါက ပညာနည်းသော မာဂဓတိုင်းသား နွားကျောင်းသားတစ်ဦးသည် မိုးလေးလအဆုံး တန်ဆောင်မုန်းလ၌ ဤမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်းတို့ကို မစူးစမ်းမဆင်ခြင်ဘဲ ဆိပ်ကမ်းမဟုတ်သောနေရာမှ ဂင်္ဂါမြစ်၏မြောက်ဘက် ဝိဒေဟတိုင်းသို့ နွားတို့ကိုကူးစေ၏။ ထိုအခါ နွားတို့သည် မြစ်လယ်တွင် ရေအလျဉ်ဖြင့် မျောပါလျက် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြလေသည်။ ယင်းသို့ဖြစ်ရသည်မှာ နွားကျောင်းသားက မစူးစမ်းမဆင်ခြင်ဘဲ နွားတို့ကို တစ်ဖက်ကမ်းသို့ ကူးစေခြင်းကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤလောက၊ တစ်ပါးသောလောကတို့နှင့် ပတ်သက်၍လည်းကောင်း၊ မာရ်နတ်၏တည်ရာ၊ သေမင်း၏တည်ရာတို့နှင့် ပတ်သက်၍လည်းကောင်း မသိမလိမ္မာသော ရဟန်းပုဏ္ဏားတို့၏စကားကို

ကိုးစားယုံကြည်သူတို့သည် အကျိုးစီးပွားဆုတ်ယုတ်ပျက်ယွင်း၍ ဆင်းရဲခြင်း ကိုသာ တွေ့ကြုံခံစားရမည် ဖြစ်၏။

"ရဟန်းတို့၊ ရှေးအခါက ဉာဏ်ပညာနှင့်ပြည့်စုံသော မာဂဓ တိုင်းသား နွားကျောင်းသားတစ်ဦးသည် မိုးလေးလအဆုံး တန်ဆောင်မုန်း လ၌ ဤမှာဘက်ကမ်း၊ ထိုမှာဘက်ကမ်းတို့ကို စူးစမ်းဆင်ခြင်ကာ ဆိပ်ကမ်း ဖြစ်သောနေရာမှသာလျှင် ဂင်္ဂါမြစ်၏မြောက်ဘက် ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးစေ၏။ သူသည် ရှေးဦးစွာ ရှေ့ဆောင်နွားလားတို့ကို ကူးစေ၏။ ထိုနွား လားတို့သည် မြစ်ရေအလျဉ်ကို ကန့်လန့်ဖြတ်၍ ကူးသွားကြရာ တစ်ဖက်ကမ်း သို့ ချမ်းသာစွာဆိုက်ရောက်ကြသည်။

"ထို့နောက် အားကောင်းသောနွားနှင့် နွားသိုးတို့ကိုလည်းကောင်း၊ နွားပေါက်နှင့်နွားမတို့ကိုလည်းကောင်း၊ နွားငယ်ကလေးများနှင့် မသန်စွမ်း သော နွားတို့ကိုလည်းကောင်း တစ်သုတ်ပြီးတစ်သုတ် ကူးစေရာ ထိုနွား အားလုံးမှာလည်း ချမ်းသာစွာဖြင့် တစ်ဖက်ကမ်းသို့ ရောက်ကြလေသည်။ အယုတ်ဆုံးအားဖြင့် မွေးဖွားစနွားငယ်သည်ပင် မိခင်နွားမ၏ မြည်တွန်သံကို အမှတ်ပြုလျက် မြစ်ရေအလျဉ်ကို ဖြတ်ကူးလေရာ တစ်ဖက်ကမ်းသို့ ချမ်းသာ စွာ ဆိုက်ရောက်လေ၏။ ယင်းသို့ဖြစ်ရသည်မှာ နွားကျောင်းသားက စူးစမ်း ဆင်ခြင်၍ နွားတို့ကိုတစ်ဖက်ကမ်းသို့ ကူးစေသောကြောင့်ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤလောက၊ တစ်ပါးသောလောကတို့နှင့် ပတ်သက်၍လည်းကောင်း၊ မာရ်နတ်၏တည်ရာ၊ သေမင်း၏တည်ရာတို့နှင့် ပတ်သက်၍လည်းကောင်း လိမ္မာသောရဟန်း ပုဏ္ဏားတို့၏စကားကို ယုံကြည် ကိုးစားသူတို့သည် အကျိုးစီးပွားတိုးတက်၍ ချမ်းသာသုခကို ရရှိကြမည် ဖြစ်ပေ၏။ (ပ)

"ရဟန်းတို့၊ ငါဘုရားသည် ဤလောက၊ တစ်ပါးသောလောကတို့နှင့် ပတ်သက်၍လည်းကောင်း၊ မာရ်နတ်၏တည်ရာ၊ သေမင်း၏တည်ရာတို့နှင့် ပတ်သက်၍လည်းကောင်း ကျွမ်းကျင်လိမ္မာ၏။ ငါ၏စကားကို ကိုးစား ယုံကြည်သူတို့သည် အကျိုးစီးပွားတိုးတက်၍ ချမ်းသာသုခကို ရရှိကြမည် ဖြစ်ပေ၏။"

ဘုရားရှင်က ဤသို့ဟောကြားသောအခါ ရဟန်းတို့သည် ထိုဟော ကြားချက်ကို လွန်စွာနှစ်ခြိုက်ကြလေသည်ဟု တွေ့ရပါသည်။

လက်သမား၏ ပဲခွပ်ရိုးလက်ကိုင်၌ကိုင်သော လက်ချောင်းရာများ ထင်ကျန်သည့် ပဲခွပ်ရိုးကုန်ခြင်း ဥပမာသဘောကဲ့သို့ အာသဝတို့၏ ကုန်ကြောင်းကို ပွားများအားထုတ်နေသော ရဟန်းသည်လည်း အာသဝ တို့ကုန်သည်ရှိသော် ကုန်ပြီဟုသိပြီး ရဟန္တာဖြစ်ကြောင်း ဥပမာသဘောကဲ့သို့ တရားသို့အစဉ်လိုက်၍၊ ယုံကြည်မှုသို့အစဉ်လိုက်၍ ကျင့်ရင်းနှင့်ပင် အာသဝ တို့ကုန်ကာ နိဗ္ဗာန်သို့ရောက်ရလိမ့်မည်ဟု ဟောထားခြင်းဖြစ်ပါသည်။

"ဘာသာတရား၏ကိုယ်ထည်" ဆောင်းပါး၌ ဖော်ပြပါရှိသော "နိဗ္ဗာန်ကိုမလိုချင်သေးလို့ နိဗ္ဗာန်လိုချင်စိတ်ကလေး ပေါက်လာအောင် ဟောပေးစမ်းပါ" ဟု ဓမ္မကထိကဘုန်းကြီးထံ တရားတောင်းသော စာချ ဘုန်းကြီးသည်လည်း တရားသို့အစဉ်လိုက်ခြင်းဖြင့် နိဗ္ဗာန်သို့ရရောက်နိုင် ကြောင်းကို သိနိုင်လောက်ပေပြီ။ အဓိကအချက်မှာ မြတ်စွာဘုရား၏ အဆုံးအမကို ကိုးစားယုံကြည်လိုက်နာရန်ပင် ဖြစ်ပါသည်။

* * *

သံယုတ္တနိကာယ်၊ သကုဏဂ္ဃိသုတ်၌ -

"ရဟန်းတို့၊ ရှေးအခါက သိမ်းငှက်တစ်ကောင်သည် ဘီလုံးငှက်ကို ဖမ်းမိလေသည်။ ထိုအခါ ဘီလုံးငှက်က 'မိမိကျက်စားရာမဟုတ်သော သူတစ်ပါးနယ်မြေ၌ ကျက်စားမိခြင်းမှာ မှားလေစွ' ဟု မြည်တမ်း၏။ 'သင်၏ ကျက်စားရာနယ်မြေကား အဘယ်နည်း' ဟု သိမ်းငှက်ကမေးသော် ထွန်ချေးခဲများရှိရာအရပ်ဖြစ်ကြောင်း ဘီလုံးငှက်က ဖြေ၏။

"ထိုအခါ သိမ်းငှက်သည် မိမိ၏ခွန်အားကို ယုံကြည်သဖြင့် ဘီလုံး ငှက်အား လွှတ်လိုက်သည်။ ဘီလုံးငှက်သည် ထွန်ချေးခဲများရှိရာအရပ်သို့ သွား၍ ကြီးမားသောထွန်ချေးခဲတစ်တုံးပေါ်သို့တက်ပြီး 'အို-သိမ်းငှက်၊ သင်သည် ယခု ငါ့ကိုဖမ်းလှည့်ပါလော့'ဟု ဆို၏။ သိမ်းငှက်သည် အတောင် နှစ်ဖက်ကိုယှက်၍ ဘီလုံးငှက်ကိုတိုးသုတ်ရန် ကြိုးစားသည်။ ဘီလုံးငှက်သည်

ထွန်ချေးခဲကြားထဲသို့ ဝင်သွား၏။ သိမ်းငှက်သည် ရင်ဘတ်ဖြင့် ထွန်ချေးခဲကို တိုက်မိသဖြင့် သေဆုံးရှာလေသည်။

"ရဟန်းတို့၊ ဤသို့လျှင် မိမိကျက်စားရာမဟုတ်သော သူတစ်ပါး နယ်မြေ၌ ကျက်စားသူများ ပျက်စီးခြင်းသည် ဖြစ်တတ်၏။ . . . ထို့ကြောင့် သင်တို့သည် မိမိတို့ကျက်စားရာမဟုတ်သော သူတစ်ပါးနယ်မြေ၌ မကျက်စားကြကုန်လင့်။ ရဟန်းတို့၊ မိမိကျက်စားရာမဟုတ်သော သူတစ်ပါးနယ်မြေ၌ ကျက်စားသူအား မာရ်နတ်သည် နှောင့်ယှက်ဖျက်ဆီးရန် အကြောင်းအခွင့်ကို ရနိုင်၏။

"ရဟန်းတို့၊ ရဟန်းအား မိမိကျက်စားရာမဟုတ်သော သူတစ်ပါး နယ်မြေဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်ငါးပါးပင်ဖြစ်၏။

"ရဟန်းတို့၊ သင်တို့သည် မိမိကျက်စားရာဖြစ်သော ဘိုးဘပိုင် နယ်မြေ၌ ကျက်စားကြကုန်လော့။ . . . မိမိကျက်စားရာဖြစ်သော ဘိုးဘပိုင် နယ်မြေ၌ ကျက်စားသူတို့အား မာရ်နတ်သည် နှောင့်ယှက်ဖျက်ဆီးရန် အကြောင်းအခွင့်ကို ရနိုင်လိမ့်မည်မဟုတ်။ ရဟန်းတို့၊ ရဟန်းအား မိမိ ကျက်စားရာဖြစ်သော ဘိုးဘပိုင်နယ်မြေဟူသည် အဘယ်နည်းဆိုသော် သတိပဋ္ဌာန်လေးပါးပင်ဖြစ်၏" ဟု ဟောထားပါသည်။

ထို့ကြောင့် မိမိကျက်စားရာမဟုတ်သောအရပ်၌ ကျက်စားမိ လေသော အန္တိပုဂ္ဂိုလ်သည် လောကပါလတရားတို့ကိုသာ ဟောပြောခြင်းကို ပြုကြပါလော့ဟု ဆိုချေပြီ။ မည်သို့ပင်ဆိုစေ မင်္ဂဖိုလ်နိဗ္ဗာန်တရားသာလျှင် ဘုရားသာသနာ အစစ်အမှန်ဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်များက သိကြပါ သည်။

မဇ္ဈိမနိကာယ်၊ နေဥ္စာနီသုတ်၌လည်း ဤသို့ဖော်ပြထားသည်။

တစ်ပါးသောအခါဝယ် နေဥ္စာနီပုဏ္ဏားသည် အသည်းအသန် မကျန်းမမာဖြစ်၍ လူတစ်ယောက်ကိုစေလွှတ်ကာ ရှင်သာရိပုတ္တရာကို ပင့်ခေါ်စေ၏။

ရှင်သာရိပုတ္တရာသည် ဓနဉ္စာနိပုဏ္ဏားကြီးအိမ်သို့ ကြွလာ၍ ရောဂါ သက်သာမှုရှိ-မရှိ မေးမြန်းတော်မူသည်။ ပုဏ္ဏားကြီးက ရောဂါမသက်သာ ကြောင်း ဖြေကြားသောအခါ ရှင်သာရိပုတ္တရာက အောက်ပါဩဝါဒများကို မိန့်ကြားတော်မူလေသည်။

"ပုဏ္ဏား၊ ငရဲသားနှင့် တိရစ္ဆာန်တို့တွင် ဘယ်သူက မြတ်သနည်း"

"အရှင်သာရိပုတ္တရာ၊ ငရဲသားနှင့် တိရစ္ဆာန်တို့တွင် တိရစ္ဆာန်က မြတ်ပါသည်"

"ပုဏ္ဏား၊ တိရစ္ဆာန်နှင့် ပြိတ္တာတို့တွင် ဘယ်သူက မြတ်သနည်း"

"အရှင်သာရိပုတ္တရာ၊ တိရစ္ဆာန်နှင့် ပြိတ္တာတို့တွင် ပြိတ္တာက မြတ်ပါ သည်"

(ပြိတ္တာနှင့်လူ၊ လူနှင့်စတုမဟာရာဇ်နတ်၊ စတုမဟာရာဇ်နတ်နှင့် တာဝတိံသာနတ် စသည်တို့ကိုလည်း အထက်ပါနည်းအတိုင်းပင် မေးခြင်း ဖြေခြင်း ပြုလုပ်လေသည်။)

"ပုဏ္ဏား၊ ပရနိမ္မိတဝသဝတ္တီနတ်နှင့် ဗြဟ္မလောကတို့တွင် ဘယ်သူက မြတ်သနည်း"

"အရှင်သာရိပုတ္တရာ၊ အရှင်သည် ဗြဟ္မလောကဟု ဆိုလိုက်ပါ သလော"

ဓနဉ္စာနိပုဏ္ဏားက ဤသို့မေးသောအခါ ရှင်သာရိပုတ္တရာက ပုဏ္ဏား တို့သည် ဗြဟ္မလောကသို့ ညွတ်သောစိတ်ရှိကြောင်းသိမြင်၍ ဗြဟ္မလောကသို့ ရောက်ကြောင်းဖြစ်သည့် မေတ္တာ၊ ကရုဏာစသော ဗြဟ္မဝိဟာရတရား ပွားများနည်းကို ဟောကြားလေသည်။

တရားဟောကြား၍ ရှင်သာရိပုတ္တရာကြွသွားပြီး မကြာမီမှာပင် ဓနဉ္စာနိပုဏ္ဏားသည် ကွယ်လွန်၍ ဗြဟ္မလောကသို့ ရောက်သွားလေသည်။ အရှင်သာရိပုတ္တရာသည် ကျောင်းသို့ပြန်ရောက်သောအခါ ဗုဒ္ဓမြတ်စွာထံ

ချဉ်းကပ်၍ ဓနဥ္စာနီပုဏ္ဏား မှာကြားလိုက်သည့်အတိုင်း အသည်းအသန် မကျန်းမမာဖြစ်နေသော ဓနဥ္စာနီပုဏ္ဏားက မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးတိုက်လိုက်ပါကြောင်း လျှောက်ကြားလေသည်။

"သာရိပုတ္တရာ၊ သင်သည် အဘယ်ကြောင့် ဓနဥ္စာနီပုဏ္ဏားကို တစ်ဆင့်တက်၍ ပြုဖွယ်ကိစ္စရှိပါလျက် ဗြဟ္မလောကသို့ရောက်ကြောင်း အကျင့်ကို တည်စေခဲ့ဘိသနည်း" ဟူ၍ ဗုဒ္ဓမြတ်စွာက မေးတော်မူသော် ပုဏ္ဏားတို့သည် ဗြဟ္မလောကသို့ ကိုင်းညွတ်သောစိတ်ရှိသူများဖြစ်၍ ထိုအကျင့်၌ တည်စေခဲ့ခြင်းဖြစ်ပါကြောင်း ရှင်သာရိပုတ္တရာက လျှောက်ထားလေသည်။

(ငင်းနောက် ရှင်သာရိပုတ္တရာသည် ဗြဟ္မပြည်သို့ကြွ၍ ဓနဥ္စာနီ ဗြဟ္မာကြီးအား သစ္စာလေးပါးတရားကို ဟောကြားလေ၏။ ထိုအချိန်မှစ၍ ရှင်သာရိပုတ္တရာသည် လေးပိုဒ်ရှိသော ဂါထာပင်ဖြစ်စေ သစ္စာလေးပါးမှ လွတ်သောတရားကို ဟောကြားခြင်းမပြုတော့ဟု အဋ္ဌကထာက ဖြည့်စွက်ဖွင့်ဆိုပါသည်။)

မဂ်ဖိုလ်၊ နိဗ္ဗာန်တရားသည်သာလျှင် လိုလားအပ်၊ နှစ်သက်အပ်၊ ပညာရှိတို့ ချီးမွမ်းအပ်သောတရားဖြစ်ကြောင်း ထင်ရှားလှပါသည်။ ထိုမဂ်ဖိုလ်တရားတို့အား ချုပ်ချယ်သောစကားလုံးများကို သုံးနှုန်း၍ "ဘာသာတရား၏ကိုယ်ထည်" ဆောင်းပါးကို ရေးမိလေသောပုဂ္ဂိုလ်သည် မိမိ၏ကျက်စားရာ၌ မသိမလိမ္မာခြင်းမှတစ်ပါး အခြားသောအကြောင်း ရှိပါသေးအံ့လောဟု ဆိုရန်ကိုမူ ထိုဆောင်းပါးရှင်မှတစ်ပါး အခြားသိသူ မရှိနိုင်တော့ပြီ။

*၂၀၁၂-ခုနှစ်၊ ဩဂုတ်လ၊ ဓမ္မရံသီမဂ္ဂဇင်း*

## မှီဝဲအပ်သော ဒေါမနဿဝေဒနာ

မဇ္ဈိမနိကာယ်၊ မဟာဓမ္မသမာဒါနသုတ်တွင် မြတ်စွာဘုရားသည် တရားဆောက်တည်ခြင်းလေးမျိုးကို ဟောကြားတော်မူပါသည်။

"ရဟန်းတို့၊ တရားဆောက်တည်ခြင်းလေးမျိုး ရှိ၏။ ပညာ ဉာဏ်နည်းပါး၍ မိုက်မဲတွေဝေသူသည် ထိုတရားဆောက်တည်ခြင်း လေးမျိုးကို အမှန်အတိုင်း ခွဲခြား၍မသိမြင်သဖြင့် မှီဝဲသင့်သော တရားဆောက်တည်ခြင်းကို ရှောင်ကြဉ်၍ မမှီဝဲသင့်သောတရား ဆောက်တည်ခြင်းကို မှီဝဲ၏။ ထို့ကြောင့် ထိုသူအား မနှစ်သက် ဖွယ်ရာတရားများ တိုးပွား၍ နှစ်သက်ဖွယ်တရားများ လျော့ပါး ဆုတ်ယုတ်ကုန်၏။

"ပညာရှိသောပုဂ္ဂိုလ်သည်ကား တရားဆောက်တည်ခြင်း လေးမျိုးကို အမှန်အတိုင်းသိမြင်သဖြင့် မမှီဝဲသင့်သော တရား ဆောက်တည်ခြင်းကို ရှောင်ကြဉ်ပြီး မှီဝဲသင့်သော တရားဆောက် တည်ခြင်းကို မှီဝဲ၏။ ထို့ကြောင့် ထိုသူအား မနှစ်သက်ဖွယ်တရား များ လျော့ပါးဆုတ်ယုတ်၍ နှစ်သက်ဖွယ်တရားများ တိုးပွား ကုန်၏. . ." ဟု ဟောပါသည်။

ထိုတရားဆောက်တည်ခြင်းလေးမျိုးမှာ -

(၁) ပစ္စုပ္ပန်တွင်လည်း ဆင်းရဲ၍ တမလွန်တွင်လည်း ဆင်းရဲသော ဆောက်တည်ခြင်း၊

(၂) ပစ္စုပ္ပန်ချမ်းသာကာ တမလွန်ဆင်းရဲသော ဆောက်တည်ခြင်း၊

(၃) ပစ္စုပ္ပန်ဆင်းရဲ၍ တမလွန်ချမ်းသာသော ဆောက်တည်ခြင်း၊
(၄) ပစ္စုပ္ပန်ချမ်းသာပြီး တမလွန်တွင်လည်း ချမ်းသာသော ဆောက်တည်ခြင်းဟူ၍ ဖြစ်ပါသည်။

မကောင်းမှုအကုသိုလ်ကံ ပြုလုပ်ခြင်းများ၊ ရှောင်ကြဉ်ခြင်းများအား ပစ္စုပ္ပန်ဆင်းရဲချမ်းသာခြင်း၊ တမလွန်ဆင်းရဲချမ်းသာခြင်းများနှင့် တွဲစပ်ကာ ဟောကြားခဲ့ခြင်း ဖြစ်ပါသည်။

* * *

မူလမေမြာစရိယဦးကြည်၏ "မဇ္ဈိမပဏ္ဏာသပါဠိရှင်းချက် (တတိယ အကြိမ်)" စာအုပ် စာမျက်နှာ-၂၈ တွင် -

"မဟုတ်ဘူး ဦးထွန်းလွင်၊ စာတွေ ကျမ်းဂန်တွေ နိုင်လုံနေလို့ ယုံရတာဟာ ဘုရားလဲမကြိုက်ပါဘူး။ အလုပ်သဘောနဲ့ ခိုင်လုံမှ နေရာကျမှာ။ ဒီတော့ ကျွန်တော်မေးမယ်၊ ဦးထွန်းလွင် စဉ်းစဉ်းစားစားပြန်ပြောပါ။ အမှန်အတိုင်းထိုင်တဲ့ ကြိယာပုတ်နဲ့ အားထုတ်တဲ့ယောဂီဟာ နန့်အထိုင်ကြာလာတော့ မခံသာတဲ့ ဒုက္ခဝေဒနာတွေဟာ ခန္ဓာကိုယ်မှာ တွေ့မြဲပေါ့။ အဲဒီလို ဒုက္ခဝေဒနာ တွေ့လာတဲ့ ဦးထွန်းလွင်ရဲ့စိတ်ဟာ ဒီမခံသာမှုကို ဘယ်လိုသဘော ထားမလဲ"

"အင်း-အမှန်အတိုင်းဆိုရင် စိတ်မသက်မသာ ဖြစ်နေပါတယ်။ ဒါချုပ်မှ တရားရမယ်ဆိုလို့သာ အောင့်နေရပါတယ်"

"ဟုတ်တယ်၊ ဒါအမှန်အတိုင်းပဲ။ အဲဒါဟာ (ကာယိကဒုက္ခ) ကိုယ်ဆင်းရဲရဲ့နောက်က (စေတသိကဒုက္ခ) စိတ်ဆင်းရဲဒေါမနဿ မဖြစ်ပါဘူးလို့ ငြင်းဝံ့မလား"

"ဟာ-ဟုတ်ပါပြီ၊ ဒေါမနဿတော့ ဖြစ်မှာပါပဲ၊ ဖြစ်ပါတယ် လေ"

"ဖြစ်ကိုဖြစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အနာဂါမ်မဖြစ်သေးတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဒေါသမပယ်နိုင်သေးတော့ ဒီလို ကိုယ်

ဆင်းရဲတွေ့လာရင် ဒီဆင်းရဲကို အစားထိုးရှုနိုင်တဲ့ တရားတစ်ခုခု မရှိလို့ ဒီဒုက္ခကိုသာ သိရှိခံစားနေရရင် ဒုက္ခနောက်က ဒေါမနဿ က ဝင်နေကျမို့ မိမိကိုယ်တိုင် မသိလိုက်ပေမဲ့ သူကတော့ ဝင်ပြီး သားဖြစ်သွားပြီ။

". . . တစ်နည်းလည်းပဲ ဒီဒုက္ခဟာ ဒေါမနဿမရောက် အောင် ဣရိယာပုတ်ပြောင်းလဲပေးလိုက်ရင် ဒေါမနဿ ဆက်မဖြစ် ဘူးပေါ့။ ဒီလိုဒေါမနဿဖြစ်လာရင် စိတ်ငြိမ်သက်မှုမရ၊ မင်္ဂဖိုလ် တရားဝေးရော။ ဒီလိုဒုက္ခမှမခံနိုင်လျှင်မဖြစ်ဆိုပြီး ပေတေရှုနေရ ပါတယ်ဆိုကတဲက ဒီခန္ဓာကိုယ်ကို တစ်နည်းတစ်ဖုံ ညှဉ်းပန်းရာ ကျမနေဘူးလား"

"နှိပ်စက်ထားသလိုတော့ ကျနေတာပေါ့"

"ဒီလိုဆိုရင် 'အတ္တနော ကိလမထဿ အနုယောဂေါ' လို့ အဋ္ဌကထာပြထားတော့ ကိုယ်ကို တစ်နည်းတစ်ဖုံ ကသိကအောက် ဖြစ်အောင်လုပ်ထားတာဟာ တရားနည်းလမ်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုညှဉ်းဆဲခံနေရာက ဒီခန္ဓာငါးပါးဆိုတဲ့ ကာယပဲ၊ ခန္ဓာငါးပါးဟာ (အနတ္တ) သူ့သဘောလို့ အနတ္တလက္ခဏာ သုတ်မှာ ဘုရားဟောတာ ဦးထွန်းလွင်တို့ သိထားသားပဲ. . . အစိုးမရတဲ့ အနတ္တခန္ဓာကိုယ်ကို (အတ္တ) ငါ့သဘောအနေနဲ့ အစိုးရ သလိုလုပ်နေတာနဲ့ကော မတူဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီဒုက္ခတွေ သည်းမခံနိုင် ရင် မအောင့်နိုင်ရင် ခန္ဓာကိုယ်ကိုတွယ်တာလို့. . . နိဗ္ဗာန်ရမှာ မဟုတ်ဆိုတော့ တွယ်တာနှစ်သက်မှုကင်းအောင် ဒုက္ခများများ မြင်နိုင်သလောက်မြင်အောင် အောင့်အည်းသည်းခံပြီး အားထုတ်ရ တာပါ"

"ဒါ့ကြောင့် ဒီဟာတွေကို သေသေချာချာသိလာမှ ဘုရားရဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ဟာ အလွန်တန်ဖိုးရှိလာတာပဲ။ ကာမသုခလ္လိက

နယ်ကိုကြောက်လို့ ပြေးလိုက်တာ အတ္တကိလမထနယ်ထဲ ဝင်တိုးတာပဲ။ ဒါ သာသနာပမှာ ပြုလုပ်နေကြတဲ့သဘောတွေပဲ. . ."

ဟူ၍ ဖြစ်ပါသည်။

ဤနေရာတွင် ဆရာကြီးဦးကြည်၏အယူအဆ အတွေးအမြင်မှာ အနည်းငယ်လွဲချော်နေသည်ဟု မြင်မိပါသည်။ ထို့ကြောင့်လည်း ယခုဆောင်းပါးအစတွင် တရားဆောက်တည်ခြင်းလေးပါးကို ဖော်ပြပေးခဲ့ခြင်း ဖြစ်ပါသည်။

တရားအားထုတ်ရာတွင် တွေ့ကြုံရသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့အား ကျော်လွှားနိုင်ဖို့ဆိုသည်မှာ မလွယ်ကူပါ။ လွယ်ကူသည်ဆိုပါက တရားအားထုတ်သူတိုင်းလိုလို မဂ်ဖိုလ်ရကုန်ကြပါလိမ့်မည်။

မြတ်စွာဘုရားက "ဆင်းရဲဒုက္ခကို ရင်းနှီး၍ နိဗ္ဗာန်ကိုရနိုင်မည်ဆိုပါက ရယူသင့်ကြောင်း နံနက် လှံအချက်တစ်ရာ၊ နေ့လယ် လှံအချက်တစ်ရာ၊ ညနေတွင်လည်း လှံအချက်တစ်ရာ အထိုးခံပြီး သက်တမ်းနှစ်တစ်ရာစေ့၍လွန်သော် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ အရိယသစ္စာလေးပါးကို ထိုးထွင်း၍သိလိမ့်မည်ဟု တစ်စုံတစ်ယောက်က ဆိုငြားအံ့။ မိမိ၏အကျိုးစီးပွားကို တကယ်လိုလားသော အမျိုးကောင်းသားသည် ထိုလှံဖြင့်ထိုးမည့်အရပ်သို့ ချဉ်းကပ်သင့်ကြောင်း၊

"အဘယ်ကြောင့်ဆိုသော် သံသရာသည် မသိအပ်သော အစရှိ၏။ လှံဖြင့် ထိုးခံရခြင်း၊ သန်လျက်ဖြင့် ခုတ်ခံရခြင်း၊ မြားဖြင့် ပစ်ခံရခြင်း၊ ပုဆိန်ဖြင့် ပေါက်ခံရခြင်းတို့၏ ရှေ့အစွန်းသည် မထင်သောကြောင့် ဖြစ်သည်" ဟု ဟောကြားထားပါသည်။

ဆရာကြီးက "ကာယိကဒုက္ခနောက်က ဒေါမနဿက ဝင်နေကျမို့ ဒေါမနဿ ကျိန်းသေဖြစ်လိမ့်မည်။ ဒီဒုက္ခကို ဒေါမနဿမရောက်အောင် ဣရိယာပုတ် ပြောင်းလဲပေးရမယ်။ ဒီလိုဒုက္ခမှ မခံနိုင်လျှင် မဖြစ်ဆိုပြီး ပေတေရှုနေရင် ဒီခန္ဓာကိုယ်ကို ညှဉ်းပန်းရာကျနေသည်" ဟု ရေးထားရာ

ဒီဃနိကာယ်၊ သက္ကပဥှသုတ်မှလည်း အနည်းငယ်ကောက်နုတ် ဖော်ပြပေးလို ပါသည်။ ထိုတရားတော်၌ -

"အရှင်ဘုရား၊ အဘယ်သို့ကျင့်သောရဟန်းသည် ခဲ့ထွင် မှတ်သားတတ်သော 'ပပဉ္စသညာ' တရားအစု၏ ချုပ်ရာနိဗ္ဗာန် သို့ ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်ပါသနည်း"

"သိကြားမင်း၊ ဝမ်းမြောက်မှုသောမနဿသည် မှီဝဲသင့်သော ဝမ်းမြောက်မှု၊ မမှီဝဲသင့်သော ဝမ်းမြောက်မှုဟူ၍ နှစ်မျိုးရှိ၏။ နှလုံးမသာမှု ဒေါမနဿ၊ လျစ်လျူရှုမှု ဥပေက္ခာတို့သည်လည်း ထို့အတူပင် နှစ်ပါးစီရှိကုန်၏။

"သိကြားမင်း၊ အကြင်ဝမ်းမြောက်မှုကို မှီဝဲသူအား အကုသိုလ် တရားများ တိုးပွားလာ၍ ကုသိုလ်တရားများ ဆုတ်ယုတ်ကုန်၏။ ထိုဝမ်းမြောက်မှုကို မမှီဝဲသင့်။

"အကြင်ဝမ်းမြောက်မှုကို မှီဝဲသူအား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏။ ထိုဝမ်းမြောက်မှု ကို မှီဝဲသင့်၏။

"ထိုမှီဝဲသင့်သော ဝမ်းမြောက်မှုတွင်လည်း ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ခြင်း ဝိစာရမရှိသော ဝမ်းမြောက်မှုသည် သာလွန် ၍ မွန်မြတ်၏"

(နှလုံးမသာမှု ဒေါမနဿ၊ လျစ်လျူရှုမှု ဥပေက္ခာတို့သည် လည်း ထို့အတူပင် ခွဲခြား၍ဟောတော်မူသည်။)

"အရှင်ဘုရား၊ အဘယ်သို့ကျင့်သော ရဟန်းသည် ဣန္ဒြေ တို့ကို စောင့်စည်းရန်အလို့ငှာ ကျင့်သည်မည်ပါသနည်း"

"သိကြားမင်း၊ မျက်စိဖြင့် မြင်သိအပ်သော ရူပါရုံသည် မှီဝဲ သင့်သောရူပါရုံ၊ မမှီဝဲသင့်သော ရူပါရုံဟူ၍ နှစ်ပါးရှိ၏။ ထို့အတူ ပင် နားဖြင့်ကြားသိအပ်သော သဒ္ဒါရုံ၊ နှာခေါင်းဖြင့် နံသိအပ်သော ဂန္ဓာရုံ၊ လျှာဖြင့်စားသိအပ်သော ရသာရုံ၊ ကိုယ်ဖြင့် တွေ့သိအပ်

သော ဖောဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့်တွေးသိအပ်သော ဓမ္မာရုံတို့သည်လည်း နှစ်ပါးစီရှိကြကုန်၏”

[“အကြင်ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်ကုန်၏။ ထိုရူပါရုံကို မမှီဝဲသင့်။ အကြင်ရူပါရုံကို မှီဝဲသူအား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားကုန်၏။ ထိုရူပါရုံကို မှီဝဲသင့်ပေ၏။

(သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့ကိုလည်း ထိုနည်းတူပင် ခွဲခြား၍ သိအပ်၏။)

“သိကြားမင်း၊ ဤသို့ကျင့်သော ရဟန်းသည် ဣန္ဒြေတို့ကို စောင့်စည်းရန်အလို့ငှာ ကျင့်သည်မည်ပေ၏”] ဟု ဟောကြားထားသည်တို့ကို ဆင်ခြင်ကြည့်ပါလျှင် **တရားဘာဝနာအားထုတ်ရာ၌ တွေ့ကြုံခံစားရသည့် ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့မှာ မှီဝဲအပ်သော တရားများဖြစ်ကြောင်းကို သိမြင်နိုင်ပါသည်။**

ထိုဝေဒနာတို့ကား တရားကျင့်ရာမှ လုံ့လစိုက်ထုတ်မှုကြောင့် ပေါ်ပေါက်လာရသော တရားများသာဖြစ်လေရာ အတ္တကိလမထာနုယောဂ ဟူသည့် မှားသောအမြင်မှ ပေါက်ဖွားလာသော မိမိကိုယ်ကို ညှဉ်းဆဲသော အကျင့်နှင့် အတူတူပင်တည်းဟု မှတ်ယူခဲ့သော် ထိုသို့မှတ်ယူခြင်းမှာ မမှန်ကန်ကြောင်း သိအပ်ပါသည်။

သံယုတ္တနိကာယ်၊ အနောတ္တပ္ပိသုတ်၌ “ဗာရာဏသီပြည်၊ မိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ရှင်သာရိပုတ္တရာသည် ရှင်မဟာကဿပထံ ချဉ်းကပ်၍ ဤသို့မေးလျှောက်၏။

“ငါ့ရှင်ကဿပ၊ ပြင်းစွာအားထုတ်ခြင်း မရှိသူ၊ ထိတ်လန့်ခြင်း မရှိသူသည် သစ္စာလေးပါးကို သိခြင်းငှာမထိုက်၊ ငြိမ်းအေးခြင်းငှာ မထိုက်၊ ယောဂကုန်ရာ အမြတ်ဆုံး အရဟတ္တဖိုလ်ရခြင်းငှာ မထိုက်၊ ပြင်းစွာအားထုတ်ခြင်းရှိသူ၊ ထိတ်လန့်ခြင်းရှိသူသည်သာ သစ္စာလေးပါးကိုသိခြင်းငှာ ထိုက်၏၊ ငြိမ်းအေးခြင်းငှာ ထိုက်၏။

ယောဂကုန်ရာ အမြတ်ဆုံး အရဟတ္တဖိုလ်ရခြင်းငှာ ထိုက်၏ဟု ဆိုအပ်ပါ၏။ ငါ့ရှင်ကဿပ၊ အဘယ်မျှ ပြင်းစွာအားထုတ်ခြင်း မရှိသူ ဖြစ်ပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် 'ငါ့အား မဖြစ်သေးသော အကုသိုလ်တရားဆိုးတို့ ဖြစ်ပွားလာခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏။ ဖြစ်ပေါ်လာသော အကုသိုလ် တရားဆိုးများကို မပယ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏။ မဖြစ်သေးသောကုသိုလ်တရားများ မဖြစ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏။ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ ချုပ်ပျောက်သွားခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏' ဟူ၍ ပြင်းစွာအားထုတ်ခြင်းကို မပြု။ ငါ့ရှင်သာရိပုတ္တရာ၊ ဤမျှဖြင့် ပြင်းစွာအားထုတ်ခြင်းမရှိသူ ဖြစ်၏". . . . .

"ငါ့ရှင်ကဿပ၊ အဘယ်မျှဖြင့် ပြင်းစွာအားထုတ်ခြင်းရှိသူ ဖြစ်ပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာ၌ ရဟန်းသည် 'ငါ့အား မဖြစ်သေးသည့် အကုသိုလ်တရားဆိုးများ ဖြစ်ပေါ်လာခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏။ ဖြစ်ပေါ်လာသော အကုသိုလ် တရားဆိုးများကို မပယ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်ရာ၏။ မဖြစ်သေးသော ကုသိုလ်တရားများ မဖြစ်ခဲ့သော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏။ ဖြစ်ပေါ်လာသော ကုသိုလ်တရားများ ချုပ်ပျောက်သွားသော် အကျိုးမဲ့ခြင်းငှာ ဖြစ်ရာ၏' ဟူ၍ ပြင်းစွာအားထုတ်ခြင်းကို ပြု၏။ ငါ့ရှင်သာရိပုတ္တရာ၊ ဤမျှဖြင့် ပြင်းစွာအားထုတ်ခြင်းရှိသူ ဖြစ်၏" . . . . . ဟု ဟောသောတရားတော်ကိုလည်းကောင်း၊

ဒုတိယဒသဗလသုတ်တွင်လည်း -

"ရဟန်းတို့၊ ဤသို့ ငါဘုရားက ဟောကြားအပ်သည်ရှိသော် ယုံကြည်ခြင်းသဒ္ဓါဖြင့် ရဟန်းပြုသော အမျိုးကောင်းသားသည်

မိမိကိုယ်၌ အသွေးအသားခန်းခြောက်၍ အရေ၊ အကြောနှင့် အရိုးများသာ ကြွင်းစေကာမူ ယောကျ်ားတို့၏ စွမ်းအင်လုံ့လဖြင့် ရောက်သင့်ရောက်ထိုက်သောအရာသို့ မရောက်ဘဲ အားထုတ်မှုကို ရပ်တန့်ခြင်းမပြုမူ၍ အားထုတ်ခြင်းငှာ သင့်၏။

"ရဟန်းတို့၊ ပျင်းရိသောသူသည် ယုတ်ညံ့သော အကုသိုလ်တရားတို့နှင့် ရောပြွမ်းသည်ဖြစ်၍ ဆင်းရဲစွာနေရ၏။ မိမိ၏အကျိုးကိုလည်း ဆုတ်ယုတ်စေ၏။ ရဟန်းတို့၊ ထက်သန်သောလုံ့လရှိသူသည်ကား ယုတ်ညံ့သောအကုသိုလ်တရားတို့မှ ကင်းဆိတ်သည်ဖြစ်၍ ချမ်းသာစွာနေရ၏။ မိမိအကျိုးကိုလည်း ပြည့်စုံစေ၏။

"ရဟန်းတို့၊ ယုတ်ညံ့သောလုံ့လဖြင့် မြတ်သောအရာသို့ မရောက်နိုင်၊ မြတ်သောလုံ့လဖြင့်သာ မြတ်သောအရာသို့ ရောက်နိုင်၏။ ရဟန်းတို့၊ ဤအကျင့်မြတ်သည် ကြည်လင်သော သောက်သုံးဖွယ်ဖြစ်၏။ မြတ်စွာဘုရားသည်လည်း ထင်ရှားရှိ၏။ ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် ဤသာသနာ၌ မရသေးသောအရာကို ရရှိရန် လုံ့လကို အားထုတ်ကြလော့။

"ယင်းသို့ အားထုတ်သည်ရှိသော် သင်တို့သည် ရဟန်းအဖြစ်သည် အကျိုးရှိလိမ့်မည်၊ သင်တို့အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့သူတို့အားလည်း အကျိုးများလိမ့်မည်။ ရဟန်းတို့၊ မိမိအကျိုး၊ သူတစ်ပါးအကျိုးကို မြင်သောသူသည် မမေ့မလျော့သောသတိဖြင့် အမှုကိစ္စဟူသမျှကို ပြီးမြောက်စေခြင်းငှာ သင့်ပေ၏"ဟု ဟောကြားထားသော တရားတော်များကိုသော်လည်းကောင်း ဆင်ခြင်သုံးသပ်သော် ဝိပဿနာအားထုတ်ရာတွင် လုံ့လဝီရိယစိုက်ထုတ်ခြင်းကို မြတ်စွာဘုရား ချီးမွမ်းတော်မူကြောင်းကို သိနိုင်ပါ၏။

ထို့ပြင် လုံ့လဝီရိယထက်သန်ခြင်းကိုလည်း မြတ်စွာဘုရားက ဤသို့ ဟောကြားထားခဲ့ပါသေး သည်။ သံယုတ္တနိကာယ်၊ ဘိက္ခုသံယုတ်၊ ယဋသုတ်၌ -

အခါတစ်ပါးတွင် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး၍ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေကြ၏။ ထိုအခါ ရှင်သာရိပုတ္တရာသည် ရှင်မောဂ္ဂလာန်ထံချဉ်းကပ်၍ ပဋိသန္ဓာရစကား ပြောဆိုလေသည်။

"...........

"အရှင်မောဂ္ဂလာန်အား မည်သူနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ငါ့အား မြတ်စွာဘုရားနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသည်"

"...........

"ငါ့ရှင်မောဂ္ဂလာန်၊ အရှင်မောဂ္ဂလာန်အား အဘယ်သို့လျှင် မြတ်စွာဘုရားနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသနည်း"

"ငါ့ရှင်သာရိပုတ္တရာ၊ ငါသည် မြတ်စွာဘုရားအား 'အဘယ်မျှလောက်ဖြင့် ထက်သန်သော လုံ့လရှိသူဟူ၍ ဆိုအပ်ပါသနည်း' ဟု မေးလျှောက်ခဲ့၏။

'မောဂ္ဂလာန်၊ ဤသာသနာ၌ ရဟန်းသည် စင်စစ် အရေအကြော အရိုးသာ ကြွင်းပစေ၊ ကိုယ်၌ အသားအသွေး ခန်းခြောက်ပစေ၊ ယောကျ်ားတို့၏စွမ်းအား လုံ့လဝီရိယဖြင့် ရောက်သင့်ရောက်ထိုက်သော အရဟတ္တဖိုလ်သို့ မရောက်ဘဲ ရပ်တန့်ခြင်း မဖြစ်စေအံ့-ဟူ၍ ထက်သန်သောလုံ့လ ရှိသည်ဖြစ်၍နေ၏။ မောဂ္ဂလာန်၊ ဤသို့လျှင် ထက်သန်သောလုံ့လရှိသူဖြစ်၏' ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူ၏။ ငါ့ရှင်သာရိပုတ္တရာ၊ ဤသို့လျှင် ငါ့အား မြတ်စွာဘုရားနှင့် တရားစကားပြောဆိုခြင်းသည် ဖြစ်ခဲ့ပါသည်"...

အထက်ပါတရားတော်တွင်လည်း ထက်သန်သော လုံ့လရှိခြင်းအား ဘုရားဟောနှင့်အညီ သိရှိနိုင်ပါပြီ။ ထို့ကြောင့် တရားအားထုတ်ရာတွင် တွေ့ကြုံခံစားရသော ကာယိကဒုက္ခနှင့် စေတသိကဒုက္ခတို့အား ကျော်လွှားနိုင်အောင် ထက်သန်သောလုံ့လပြုခြင်းသည် မှန်ကန်သော အားထုတ်မှုပင်ဖြစ်ကြောင်း ရှင်းလင်းစွာ သိနိုင်ပါပြီ။ ဆရာကြီးဦးကြည် ရေးသကဲ့သို့ မဇ္ဈိမပဋိပဒါမကျသော အတ္တကိလမထာနုယောဂ အကျင့်မျိုးမဟုတ်ကြောင်းမှာ ထင်ရှားနေပါပြီ။

ဤနေရာတွင် တစ်ဆက်တည်းဖော်ပြပေးလိုသည်မှာ ဆရာကြီး ဦးဆန်းလွင်၏ "ထေရဝါဒ အခြေခံအယူအဆများကို အဆင့်မြင့်နားလည်ခြင်း" စာအုပ် စာ-၁၃၂ တွင်လည်း -

"အေး-ဟုတ်တာပေါ့။ . . . . . ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့ အင်္ဂလိပ်စာတော်တယ်ဆိုတာ ဒီလိုပဲ သူကြိုက်တာတွေ့ရင် အာဂုံဆောင်ထားတယ်။ ဒီစာထဲမှာ ဘုရားအလောင်း ခန္ဓာကိုညှဉ်းဆဲလို့ တရားမရဘဲ ကြုံလှီအားပြတ်ပြီး မြေကြီးပေါ်ကို လဲကျသွားတယ်၊ အဲဒါအကျင့်လွန်တာ"

"ဟုတ်တယ်၊ ဘုန်းကြီးလဲ ကံကောင်းလို့၊ ခုကြည့် ခြေထောက်မဖြတ်ရတာ။ ဗုဒ္ဓဘာသာတရားတွေအပေါ်မှာ အစွန်းရောက်အမြင်တွေ ရှိနေတဲ့ ရဟန်းတစ်ပါးနဲ့တွေ့တယ်။ သူက ဝါကြီးတော့ ဘုန်းကြီးရဲ့ဆရာလုပ်တယ်။ ဘာသင်သလဲဆိုတော့ သူက 'ခန္ဓာကို မညှာနဲ့၊ သံသရာမှာကြာသွားမယ်' ဆိုပြီး ဆုံးမတယ်။ ဘုန်းကြီးကလဲ တရားထူးရချင်တာနဲ့ ကိုယ်ခန္ဓာမှာ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတွေရှိနေတာကို ထည့်မစဉ်းစားဘဲ သူခိုင်းတာတွေကို စွန့်စွန့်စားစား လုပ်ပစ်လိုက်တယ်။ တရားမရဘဲ လူကတော့ ပိန်ကြုံသွားပြီး ကံကောင်းလို့ ခြေထောက်ကို မဖြတ်လိုက်ရတာ။ အဲဒါ အစွန်းရောက်တာ။ မဇ္ဈိမပဋိပဒါကို နားမလည်တာ"

"နေပါဦးဘုရား၊ သံသရာမှာကြာခဲ့တာ ခန္ဓာကိုညှာခဲ့လို့လား ဘုရား"

"အမှန်ကတော့ ဒိဋ္ဌိမပြုတ်ခဲ့လို့ပါကွယ်။ ဒိဋ္ဌိမပြုတ်တော့ ငါ့ကိုယ်၊ ငါ့ဟာ အစွဲသန်နေတာပေါ့။ ဒီလိုအမြင်မှားတဲ့သူဟာ ခန္ဓာကိုယ်ကို ငါ့ခန္ဓာလို့စွဲတာကိုး။ ဒါကြောင့် ခန္ဓာကို သက်ညှာတဲ့ သဘော၊ ခန္ဓာအလိုကိုလိုက်တဲ့သဘော ရှိတာပေါ့"

"ဟင်-ဒါဆိုရင် အရှင်ဘုရားတွေ့ခဲ့တဲ့ ဆရာတော်က ခန္ဓာကို ညှဉ်းဆဲရင် ဒိဋ္ဌိပြုတ်တယ်လို့များ ထင်နေသလားမသိဘူးနော်"

"အဲဒါပေါ့ကွယ်။ ဆရာများနဲ့တွေ့ရင် ချောက်ကျတတ်တယ် ဆိုတာ။ အမှန်ကတော့ ဝိပဿနာဉာဏ်အမြင်၊ မဂ်ဉာဏ်ရမှသာ ဒိဋ္ဌိပြုတ်မှာပေါ့။ အဲဒါ သူက ခန္ဓာကို နှိပ်စက်ခိုင်းနေတော့ လွဲကုန်တာပေါ့" ဟု ရေးသားထားခြင်းသည်လည်း အောက်ပါ သံယုတ္တနိကာယ်၊ သူဒသုတ်တရားတော်မှ 'စားတော်ကဲ' ကဲ့သို့ ကျွမ်းကျင်မှု မရှိသောကြောင့်ဟုသာ မှတ်ယူမိပါတော့သည်။

"ရဟန်းတို့၊ ဉပမာကား မလိမ္မာသော စားတော်ကဲသည် မင်းအား ဟင်းအမျိုးမျိုးကို စီမံချက်ပြုတ်၍ ဆက်သ၏။ သို့သော် အဘယ်ဟင်းကို မင်းသည် နှစ်သက်၍ အဘယ်ဟင်းကို မနှစ်သက်ကြောင်း မှတ်သားခြင်း မပြု၊ ထိုစားတော်ကဲသည် မင်းထံမှ လခရိက္ခာ ဆုလာဘ်တို့ကို များစွာ ရမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် မင်း၏အကြိုက်ကို မသိသောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ မလိမ္မာသောရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ သို့သော် ထိုရဟန်း၏စိတ်သည် မတည်ငြိမ်၊ ကိလေသာအညစ်အကြေးတို့သည်လည်း မကင်းပျောက်။ ထိုရဟန်းသည် ထိုကမ္မဋ္ဌာန်းအာရုံကို စိတ်ထဲ၌ စွဲမှတ်ထားခြင်းငှာ မစွမ်းနိုင်။ (ဝေဒနာစသည်တို့၌လည်း နည်းတူ) ရဟန်းတို့၊ ထိုရဟန်းသည် မျက်မှောက် ချမ်းသာစွာ နေရခြင်းကိုလည်းကောင်း၊ သတိသမ္ပဇဉ်ကိုလည်းကောင်း ရမည်

မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကမ္မဋ္ဌာန်းအာရုံကို စိတ်ထဲ၌ စွဲမှတ်ထားရန် မစွမ်းနိုင်သောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ လိမ္မာကျွမ်းကျင်သော စားတော်ကဲသည် မင်းအား အမျိုးမျိုးသောဟင်းတို့ကို စီမံချက်ပြုတ်၍ ဆက်သ၏။ ထိုစားတော်ကဲသည် အဘယ်ဟင်းများကို မင်းသည် နှစ်သက်၍ အဘယ်ဟင်းများကို မနှစ်သက်ကြောင်း သိရှိမှတ်သား၏။ ထိုစားတော်ကဲသည် မင်းထံမှ လခရိက္ခာ ဆုလာဘ်တို့ကို များစွာရရှိစေရာ၏။ အဘယ်ကြောင့်ဆိုသော် မင်း၏အကြိုက်ကို သိရှိမှတ်သားတတ်သောကြောင့် ဖြစ်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ဤသာသနာ၌ လိမ္မာကျွမ်းကျင်သော ရဟန်းသည် ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ ထိုရဟန်း၏ စိတ်သည် တည်ငြိမ်၏၊ ကိလေသာအညစ်အကြေးတို့သည် ကင်းပျောက်ကုန်၏။ ထိုရဟန်းသည် ကမ္မဋ္ဌာန်းအာရုံကို စိတ်ထဲ၌ စွဲမှတ်ထားနိုင်၏။ (ဝေဒနာစသည်တို့၌လည်း နည်းတူ)

"ရဟန်းတို့၊ ထိုရဟန်းသည် မျက်မှောက်ချမ်းသာစွာ နေရခြင်းကိုလည်းကောင်း၊ သတိသမ္ပဇဉ်ကိုလည်းကောင်း ရနိုင်ပေရာ၏။ အဘယ်ကြောင့်ဆိုသော် ကမ္မဋ္ဌာန်းအာရုံကို စိတ်ထဲ၌ စွဲမှတ်ထားနိုင်သောကြောင့် ဖြစ်၏"

*၂၀၁၂-ခုနှစ်၊ စက်တင်ဘာလ၊ ဓမ္မရတနာမဂ္ဂဇင်း*

## ရေမှုတ်တစ်ဖက်ဖြင့် ငြိမ်းမရသည့် ဘက်စုံမီးစရှင်

"ပေါတလိယ၊ ဤလောက၌ ပုဂ္ဂိုလ်လေးမျိုးရှိ၏။ ယင်းတို့မှာ -

(၁) ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကို သင့်လျော်သောအခါ အမှန်အတိုင်းပြောဆိုတတ်ပြီး ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုကား မပြောဆိုတတ်သူ၊

(၂) ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို သင့်လျော်သောအခါ အမှန်အတိုင်း ပြောဆိုတတ်ပြီး ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကိုမူ မပြောဆိုတတ်သူ၊

(၃) ကဲ့ရဲ့ထိုက်သူက ကျေးဇူးမဲ့ကိုလည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း မပြောဆိုတတ်သူ၊

(၄) ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကိုလည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း သင့်လျော်သောအခါ အမှန်အတိုင်း ပြောဆိုတတ်သူတို့ ဖြစ်၏။

"ပေါတလိယ၊ ဤပုဂ္ဂိုလ်လေးယောက်တို့တွင် အဘယ်ပုဂ္ဂိုလ်ကို သင်အနှစ်သက်ဆုံးဖြစ်သနည်း"

"အရှင်ဂေါတမ၊ ဤပုဂ္ဂိုလ်လေးယောက်တို့တွင် ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကိုလည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း မပြောဆိုတတ်သူကို ကျွန်ုပ်တို့ အနှစ်သက်ဆုံးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လျစ်လျူရှုခြင်းသည် နှစ်သက်ဖွယ်ကောင်းလှသောကြောင့် ဖြစ်ပါသည်"

"ပေါတလိယ၊ ဤပုဂ္ဂိုလ်လေးယောက်တို့တွင် ကဲ့ရဲ့ထိုက်သူ၏ ကျေးဇူးမဲ့ကိုလည်းကောင်း၊ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း သင့်လျော်သောအခါ အမှန်အတိုင်းပြောဆိုတတ်သူကို ငါအနှစ်သက်ဆုံး ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုထိုအရာ၌ သင့်လျော်သော အချိန်အခါ ကိုသိခြင်းသည် နှစ်သက်ဖွယ်ကောင်းလှသောကြောင့် ဖြစ်၏" ဟူ၍ မြတ်စွာ ဘုရားသည် ပေါတလိယပရိဗိုဇ်အား မိန့်ကြားသည်။

*(အင်္ဂုတ္တရနိကာယ်၊ အသုရဝဂ်၊ ပေါတလိယသုတ်)*

* * *

ဓမ္မကထိက စာရေးဆရာတစ်ဦး၏ "ကျွန်ုပ်ဘဝမှ ဆောင်စရာနှင့် ရှောင်စရာများ" စာအုပ်၊ စာ-၁၃ တွင် -

"ကုသိုလ်ဖြစ်တာချင်းတူသော်လည်း မြန်မာအများစုသည် ကရုဏာကုသိုလ်ကိုသာ ယူတတ်ကြပြီး မုဒိတာကုသိုလ်ကို မယူ တတ်ကြပေ။ သေချာတွေးကြည့်လျှင် ကရုဏာကုသိုလ်ဖြစ်ဖို့ အတွက် မိမိအိတ်ထဲက စိုက်ထုတ်ရသေးသော်လည်း မုဒိတာ ကုသိုလ်ဖြစ်ဖို့အတွက်ကား တစ်ပြားတစ်ချပ်မှ မကုန်ခြင်းပင် ဖြစ်၏။

"သို့သော် မြန်မာအများစုသည် ပိုက်ဆံကုန်သော ကရုဏာ ကုသိုလ်သာ ဖြစ်လိုကြ၏။ ပိုက်ဆံမကုန်သော မုဒိတာကုသိုလ်ကား မဖြစ်လိုကြပေ။ မုဒိတာကုသိုလ် အဖြစ်နည်းသောကြောင့် မြန်မာ နိုင်ငံသည် သယံဇာတပစ္စည်း ပေါများကြွယ်ဝလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတို့တွင် အောက်ဆုံးအဆင့်သို့ ရောက်နေရခြင်းဖြစ်သည်။

"ဣဿာသည် ပညာမဲ့တို့၏ဣဿာနှင့် ပညာတတ်တို့၏ ဣဿာဟု နှစ်မျိုးရှိ၏။ ပညာမဲ့တို့၏ဣဿာသည် ပေါ်လွင်

ထင်ရှား၏။ ပညာတတ်တို့၏ဣဿာကား သိမ်မွေ့နူးညံ့၏။ မပေါ်လွင် မထင်ရှားပေ။

"ပညာတတ်တို့သည် မိမိထက်သာသွားသူအပေါ် မနာလိုဖြစ်သည့်အခါ ထိုသူ၏ မှားကွက်ကလေးများကို မဂ္ဂဇင်းစာမျက်နှာတွင် ထောက်ပြတတ်၏။ စေတနာမှန်ဖြင့်ဆိုလျှင် ထိုစာရေးဆရာထံ စာရေးပြီး အားနည်းချက် ချို့ယွင်းချက်ကလေးကို သတိပေးရမည်ဖြစ်သည်။

"မဂ္ဂဇင်းစာမျက်နှာတွင် ဖွလိုက်ပြီဆိုသည်နှင့် ငါကသာ တတ်သည်၊ ထိုစာရေးဆရာသည် ဘာမျှမတတ်၊ ပညာမတတ်သော ထိုစာရေးဆရာကို မကိုးကွယ်ကြနဲ့၊ ငါ့ကိုသာ ကိုးကွယ်ကြဟူသော မာန၊ လောဘ၊ ဣဿာ၊ မစ္ဆရိယသဘောများသည် အလိုလိုပါသွားပြီဖြစ်သည်" ဟု ရေးသားထားသည်။

ထိုစာအုပ်၏ စာ-၆၈၊ ၆၉ တွင် ရေးသားထားသောစာပိုဒ်၏ အနက်အဓိပ္ပာယ်များနှင့် နှိုင်းယှဉ်ကြည့်သောအခါ ဟောပြောချက်များ ရှေ့နောက်မညီညွတ်ကြောင်း တွေ့ရပါသည်။

"ပရိသတ်များ များပြားသည့်အတွက် ဝမ်းသာစရာသတင်းနှင့်အတူ ပရိသတ်လှူသော ဓမ္မပူဇာငွေကို တခြားဝေယျာဝစ္စများတွင် အသုံးပြုမည်။ ပိုသောငွေကိုမှ ဓမ္မကထိကအား လှူမည်ဟူသော စိတ်မကောင်းဖွယ်ရာသတင်းကလည်း တစ်ခါတည်း ကပ်ပါလာသည်။

"ပထမညဟောသည့် ဓမ္မပူဇာငွေကို ညတွင်းချင်းမကပ်ကတည်းက သံသယတော့ ဝင်မိသည်။ ယခုတော့ သံသယရှိသည့်အတိုင်း ဖြစ်နေလေသည်။ စာရေးသူ စဉ်းစားရပြီ။ သူတို့ကို ခေါ်ပြောရင်ကောင်းမလား၊ ခေါ်မပြောဘဲ သူတို့ထိုက်နဲ့သူတို့ကံဆိုပြီး ပစ်ထားရရင်ကောင်းမလား အတော်ကြာအောင် စဉ်းစားရသည်။

“. . . . ပစ်ထားလိုက်လျှင် မိမိကိုတော့ မုန်းစရာ၊ စိတ်ဆိုးစရာ မရှိ၊ သို့သော် သူတို့မှာ တရားပွဲလုပ်တိုင်း ဓမ္မကထိကငွေကို ခိုးယူသုံးစွဲသော သူခိုးများဘဝသို့ ရောက်ကြပေတော့မည်။

“များသောအားဖြင့် လူတို့သည် မိမိအမှားကိုထောက်ပြပြီး ဆုံးမလျှင် နာခံသောသူသည် အင်မတန်ရှားသည်။ စိတ်ဆိုးသွားသောသူကသာ များသည်။ . . . . ဆုံးမမည့်သူ သဲလုံးအတူတူများပါစေဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။ သာမဏေငယ် ဆုံးမသော်လည်း နားထောင်မည်ဟု အရှင်သာရိပုတ္တရာ နှလုံးသွင်းသည်။ အပြစ်ပြဆုံးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။

“. . . . သာသနာ၌ ဩဝါဒကင်းသောရဟန်း မာရ်နတ်စာဖြစ်သည်။ . . . . ရှင်ရာဟုလာက နေ့စဉ် သဲများကိုလက်နှင့်ဆုပ်ပြီး ‘ဤသဲလုံးအရေအတွက်နှင့်အမျှ ဆုံးမသောဆရာများကို ရပါစေ’ ဟု အဓိဋ္ဌာန်ပြု၏။ ယခုခေတ်လူငယ်အများစုကား ‘ငါ့ကို ဆုံးမမည့်သူမှန်သမျှ သဲများဖြစ်သွားပါစေ’ ဟု ဆုတောင်းမည့်သူများ ဖြစ်၏။

“. . . . ဗုဒ္ဓကလည်း ဓမ္မပဒတွင် ဟောကြားထားပြီးသားရှိ၏။ အဆုံးအမ ဩဝါဒပေးသူကို မသူတော်များက မုန်းတီး၏။ သူတော်ကောင်းများက ချစ်မြတ်နိုး၏” ဟု အထက်က ‘ဖွ’ သည်ဆိုသော ဟောပြောရေးသားချက်နှင့် ဆန့်ကျင်သောတရားကို ရေးပါသည်။

အပြစ်ပြဆုံးမခြင်းသည် မဂ္ဂဇင်းစာမျက်နှာများပေါ်တွင် ‘ဖွ’ ခြင်းမဟုတ်ပါ။ ဤနေရာ၌ လိုအပ်၍သာ မဂ္ဂဇင်းစာမျက်နှာများပေါ်သို့ ရေးသားတင်ပြရခြင်း ဖြစ်သည်။

“ငါကသာတတ်သည်၊ ထိုစာရေးဆရာသည် ဘာမှမတတ်၊ ပညာမတတ်သော ထိုစာရေးဆရာကို မကိုးကွယ်ကြနဲ့၊ ငါ့ကိုသာကိုးကွယ်ကြ” ဟူသော သဘောအထိရောက်သော ဝေဖန်ချက်ပင်ဖြစ်ပါစေ ပညာရှိတို့

မည်သည် မိမိ၏အပြစ်ကိုသာ မြင်အောင်ကြည့်ရှုရမည် ဖြစ်ပါသည်။ သူတစ်ပါးတို့ ပြစ်တင်စောဒနာသကဲ့သို့ မိမိတွင် ထိုအချက်များမရှိပါက၊ မဟုတ်မမှန်ပါက မဟုတ်မမှန်ကြောင်းကို ပြန်လည်ရှင်းပြ ပြောဆိုရန်သာ ဖြစ်ပါသည်။

> "မြန်မာအများစုသည် ပိုက်ဆံကုန်သော ကရုဏာကုသိုလ်သာ ဖြစ်လိုကြ၏။ ပိုက်ဆံမကုန်သော မုဒိတာကုသိုလ်ကား မဖြစ်လိုကြပေ။ မုဒိတာကုသိုလ် အဖြစ်နည်းသောကြောင့် မြန်မာနိုင်ငံသည် သယံဇာတပစ္စည်း ပေါများကြွယ်ဝလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတို့တွင် အောက်ဆုံးအဆင့်သို့ ရောက်နေရခြင်းဖြစ်သည်" ဟု ဆိုထားပါသည်။

မုဒိတာကုသိုလ်ပွားများမှု နည်းသောကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး (ဤနေရာတွင် ဘာသာရေးကို မထည့်သွင်းနိုင်ပါ။) တို့တွင် အောက်ဆုံးအဆင့် ရောက်နေကြရပါသလား၊ ဒါမှမဟုတ် ဆိုင်ရာဆိုင်ရာ အုပ်ချုပ်ရေးစနစ်၊ တရားဥပဒေအကျိုးသက်ရောက်မှု၊ စည်းကမ်းစနစ်ကျနမှု စသည်တို့၏ အားနည်းချက်များကြောင့်ပေလားဆိုသည်ကို မငဲ့ညှာဘဲ အဂတိမဖက်ဘဲ သေချာစွာ ဝေဖန်ဆန်းစစ်ကြည့်စေလိုပါသည်။

မြန်မာတို့တွင် မုဒိတာကုသိုလ်စိတ် နည်းလှသည်ဟု ပြစ်တင်ထားသည်။ ထိုအချက်မှာ မှန်ကန်မှုမရှိနိုင်ပါ။ မြန်မာလူမျိုးတို့သည် အခြားသောဘာသာဝင်များကဲ့သို့ ဖန်ဆင်းရှင် (ဝါ) မဟာဗြဟ္မာကို ယုံကြည်ကိုးကွယ်သူများ (အများအားဖြင့်) မဟုတ်ကြပါ။ ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ထိုပုဂ္ဂိုလ်ဟောပြောသောတရား၊ ထိုပုဂ္ဂိုလ်၏ကိုယ်ကျင့် သီလ၊ ထိုပုဂ္ဂိုလ်၏ ကျော်ကြားမှု စသည်တို့အပေါ်တွင် ချင့်ချိန်ဝေဖန်၍ ယုံကြည်ခြင်းပြုကြပါသည်။ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကိုကား များသောအားဖြင့် ပြုလေ့မရှိကြပါ။

ဘုရားဟောတရားဖြစ်သော သုတ္တန်နှင့်ညီသလော၊ ဝိနည်းနှင့်ညီသလော၊ အဘိဓမ္မာနှင့်ညီသလောဟု ဆန်းစစ်ကာ ယုံကြည်ထိုက်မှ ယုံကြည်ကိုးကွယ်ခြင်း ပြုကြပါသည်။

ယုံကြည်ထိုက်ပါသလောဟု ဝေဖန်နိုင်ရန်မှာလည်း အချိန်ကာလ တစ်ခုအထိ စောင့်ကြည့်ကြပါသည်။ အရိယာတို့ချီးမွမ်းအပ်သည့် သီလရှိ-မရှိကို သိရှိရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ တချို့မှာ ပြည်သူက ယုံကြည်ကိုးကွယ်ကြခါမှ သိက္ခာချ၍ လူထွက်သွားကြခြင်း၊ မာတုဂါမနှင့် ငြိစွန်း၍ လူထွက်ကြခြင်း၊ လာဘသက္ကာရနောက်လိုက်၍ တရားဝိနည်းနှင့် မညီ ပြုကျင့်ကြခြင်း အစရှိသောအမှုတို့ကို ပြုကြသည့်ပုဂ္ဂိုလ်များ ဖြစ်သွားတတ်ကြပါသည်။

လောကီနယ်တွင်လည်း ထို့အတူပင်ဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦး ထင်ရှားကျော်ကြားလာလျှင်သော်လည်းကောင်း၊ ကြွယ်ဝချမ်းသာလာလျှင်သော်လည်းကောင်း ထိုပုဂ္ဂိုလ်သည် မည်သည့်နည်းလမ်းဖြင့် ဂုဏ်ထူးဘွဲ့ထူးများ ရလာသနည်း၊ သို့မဟုတ် ကြွယ်ဝချမ်းသာလာသနည်း။ တရားနည်းလမ်းနှင့် အညီလော-မညီသလောဟု လေ့လာ၍သာလျှင် လက်ခံတတ်ကြပါသည်။ သို့တိုင် ထိုပုဂ္ဂိုလ်အပေါ်တွင် အကျင့်သီလနှင့်ပတ်သက်၍ ကဲ့ရဲ့စရာရှိပါသလောဟူ၍ စူးစမ်းဆင်ခြင်တတ်ကြပြန်ပါသည်။

ထို့ကြောင့်ပင်လျှင် မြန်မာလူမျိုးများသည် တစ်ပါးသောလူမျိုးတို့ကဲ့သို့ လွန်စွာယုံကြည်ဆည်းကပ်ကြခြင်း၊ အလျင်စလိုကိုးကွယ်ကြခြင်း၊ လွန်ကဲသောယုံကြည်ခြင်း၊ လွန်ကဲသောအရိုအသေပေးခြင်း အစရှိသည်များကို ပြုခဲလှခြင်းဖြစ်သည်ဟု မိမိမြင်ပါသည်။ သို့သော်လည်း ယခုအခါတွင် ထိုသို့မဟုတ်ကြတော့ဘဲ မီဒီယာတချို့၏ ကိုယ်ကျိုးကြည့်မှုများကြောင့် မြန်မာပြည်သူအများစုမှာ မျက်စိမှိတ်၍ ယုံကြည်နေကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် မုဒိတာစိတ် နည်းပါးလှသည်ဟု ဆိုခြင်းကို လက်မခံနိုင်ခြင်း ဖြစ်ပါသည်။

မြန်မာလူမျိုးများ ယုံကြည်ကိုးကွယ်ကြသော ဗုဒ္ဓဘာသာ (ဗုဒ္ဓအဆုံးအမ) ဆိုသည်မှာ အလွန်မွန်မြတ်၍ အဖိုးထိုက်လှသော ကြုံကြိုက်ခဲလှသော တရားရတနာဖြစ်ပါသည်။ ထိုဗုဒ္ဓအဆုံးအမကို အားကိုးအားထားပြု၍ နေကြသော လူမျိုးတစ်မျိုးက အခြားသောလူမျိုးများအောက် နိမ့်ကျ

သယောင် ပြောဆိုကြခြင်းမှာ ဟုတ်မှန်ပါ၏လောဟု အလေးအနက် စဉ်းစား ဝေဖန်သင့်ပါသည်။

* * *

ထိုစာအုပ်၏ စာ-၂၇၊ ၁၀ တွင်လည်း -

"ဓမ္မပဒမှာလာတဲ့ ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်၊ ဒါပေမဲ့ မင်းတစ်ပါးရဲ့ ဝတ္တရားတွေကို ထမ်းဆောင်နေပါတယ်။ ဆိုလိုတာက သေဒဏ်ကျတဲ့လူဆိုရင် သေဒဏ်ချနေရတာပါ။ အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတဲ့ သီဟစစ်သူကြီးဆိုရင် သောတာပန်ပါ။ ဒါပေမဲ့ စစ်သူကြီးတာဝန်ကို ဆက်လက်ထမ်းဆောင်နေပါတယ်။

"သောတာပန်ဘုရင်ရဲ့ သေဒဏ်ချမှတ်မှုကြောင့် ရာဇဝတ်သား အသတ်ခံရတယ်။ စစ်သူကြီးရဲ့စီမံမှုကြောင့် စစ်တပ်က သွားတိုက်ရာမှာ သူပုန်တွေသေကြရတယ်။ ဒီဘုရင်နဲ့ ဒီစစ်သူကြီးမှာ ပါဏာတိပါတကံ မထိုက်ဘူးလားလို့ မေးခဲ့ရင် သေစေလိုတဲ့စေတနာဆိုး မပါတဲ့အတွက်ကြောင့် မထိုက်ဘူးလို့ပဲ ဖြေရမယ်" ဟု ရေးသားထားပါသည်။

သေဒဏ်ချလျှင် သေမည်ကိုသိလျက် သောတာပန်ဘုရင် ဗိမ္ဗိသာရမင်းကြီးက ရာဇဝတ်သားများအား သေဒဏ်ပေးသည်ဟု မဖတ်ဖူးပါ။

မဟာဝဂ်ပါဠိတော်မြန်မာပြန် သီဟစစ်သူကြီးဝတ္ထု-၃၇၇ တွင်လည်း -

"ထိုအခါ မြတ်စွာဘုရားသည် နံနက်ချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကိုယူကာ သီဟစစ်သူကြီးအိမ်သို့ ကြွတော်မူ၍ ခင်းထားသော နေရာ၌ ရဟန်းသံဃာတို့နှင့်အတူ ထိုင်နေတော်မူ၏။

"ထိုအခါ၌ များစွာသောနိဂဏ္ဌတို့သည် ဝေသာလီပြည်၌ 'ယနေ့ သီဟစစ်သူကြီးသည် ဆူဖြိုးသော ကျွဲနွားဆိတ်ဝက်အစရှိသော သတ္တဝါတို့ကို သတ်၍ ရဟန်းဂေါတမအား ဆွမ်းလုပ်ကျွေး၏။ ရဟန်းဂေါတမသည်

သိလျက် ရည်၍သတ်သော ထိုအမဲသားကို စား၏။ မိမိကိုစွဲ၍သတ်သော မကောင်းမှုကံကို (ရ၏)' ဟု ဟစ်အော်ကြွေးကြော်ကုန်၏။

"ထိုအခါ၌ ယောကျ်ားတစ်ယောက်သည် သီဟစစ်သူကြီးအိမ်သို့ ချဉ်းကပ်ပြီးလျှင် သီဟစစ်သူကြီး၏နားရင်း၌ 'အရှင်စစ်သူကြီး သိပါလော့၊ များစွာသောနိဂဏ္ဌတို့သည်. . . . . ဟစ်အော်ကြွေးကြော်ကုန်၏' ဟု ပြောကြား၏။

'အမောင်၊ မသင့်လျော်ချေ။ ထိုအရှင်နိဂဏ္ဌတို့သည် ရှည်စွာသော နေ့ညဉ့်ပတ်လုံးလည်း မြတ်စွာဘုရား၏ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ တရားတော်၏ကျေးဇူးမဲ့ကို အလိုရှိကုန်၏၊ သံဃာတော်၏ကျေးဇူးမဲ့ကို အလိုရှိကုန်၏။

'ထိုအရှင်နိဂဏ္ဌတို့သည် မြတ်စွာဘုရားကို ထင်ရှားမရှိဘဲ အချည်းနှီး မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲကြသည်ကား မစဲနိုင်ကြကုန်။ ငါတို့သည်ကား အသက်ဟူသောအကြောင်းကြောင့်လည်း သေစေလိုသော စေတနာဖြင့် သူ၏အသက်ကို မသတ်စေကုန်' ဟု ပြောဆို၏" ဟု ဖော်ပြထားပါသည်။

ထို့ကြောင့် "သောတာပန်ရဲ့ သေဒဏ်ချမှတ်မှုကြောင့် ရာဇဝတ်သား အသတ်ခံရတယ်။ စစ်သူကြီးရဲ့စီမံမှုကြောင့် စစ်တပ်ကသွားတိုက်ရာမှာ သူပုန်တွေသေကြရတယ်။ ဒီဘုရင်နဲ့ ဒီစစ်သူကြီးမှာ ပါဏာတိပါတကံ မထိုက်ဘူးလားလို့ မေးခဲ့ရင် သေစေလိုတဲ့စေတနာဆိုး မပါတဲ့အတွက်ကြောင့် မထိုက်ဘူးလို့ပဲဖြေရမယ်" ဟုဆိုခြင်းသည် ကောင်းစွာဆိုခြင်းမဟုတ်ဟု သိမြင်ရပါသည်။

သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ် သုံးပါးတို့ကို ပယ်ပြီးဖြစ်သည်။ ဒုစရိုက်ဆယ်ပါးမှ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ဟုဆိုသော ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒ၊ ပိသုဏဝါစာဟုဆိုအပ်သော ဝစီဒုစရိုက်

နှစ်ပါး၊ မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော မနောဒုစရိုက်တစ်ပါး စုစုပေါင်း ခြောက်ပါး တို့ကိုလည်း ပယ်အပ်ပြီးဖြစ်ပါ၏။

ထို့ပြင် ဘုရား၊ တရား၊ သံဃာတို့အပေါ်၌ ယုံမှားသံသယမရှိတော့သဖြင့် အသက်ဟူသောအကြောင်းကြောင့် ယုံကြည်ကိုးကွယ်မှုကို မစွန့်ခြင်း စသောတရားတို့နှင့်လည်း ပြည့်စုံနေပါသည်။

ထို့ကြောင့် “သောတာပန်ဘုရင်က သေဒဏ်ပေးတာ စေတနာ မပါသောကြောင့် ပါဏာတိပါတကံ မထိုက်” ဟုဆိုခြင်းသည် မသင့်။ ထို့အတူပင် “သောတာပန်စစ်သူကြီးရဲ့ စီမံချက်ကြောင့် စစ်တိုက်ရာမှာ သူပုန်တွေ သေကြရတယ်၊ သေစေလိုသောစေတနာဆိုး မပါတဲ့အတွက်ကြောင့် ပါဏာတိပါတကံ မထိုက်” ဟု ဆိုခြင်းသည်လည်း သီဟဝတ္ထုလာတရားတော်နှင့် မတူကွဲပြားသောရေးသားဖော်ပြချက်သာလျှင်ဖြစ်ကြောင်း တင်ပြရင်း နိဂုံး ချုပ်လိုက်ရပါသည်။

*၂၀၁၂-ခုနှစ်၊ စက်တင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*

## သတိပဋ္ဌာန်လေးပါး ပွားများခြင်းအကျိုး

## ( က )

မြတ်စွာဘုရားက "ရဟန်းတို့၊ တည်ရာ ကရွတ်ခွေမရှိသောအိုးသည် လိမ့်လွယ်၍ တည်ရာ ကရွတ်ခွေရှိသောအိုးသည် မလိမ့်နိုင်သကဲ့သို့ ထို့အတူ တည်ရာမရှိသောစိတ်သည် ပျံ့လွင့်လွယ်၏။ တည်ရာရှိသောစိတ်ကား ပျံ့လွင့်ခဲ၏။ ရဟန်းတို့၊ စိတ်၏တည်ရာဟူသည် အဘယ်နည်းဆိုသော် အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်ပင် ဖြစ်ပေ၏" ဟု သံယုတ္တနိကာယ်၊ ကုမ္ဘသုတ်တွင် ဟောကြားခဲ့ပါသည်။

မဂ္ဂင်ရှစ်ပါးကို သီလမဂ္ဂင် ၃-ပါး၊ သမာဓိမဂ္ဂင် ၃-ပါးနှင့် ပညာမဂ္ဂင် ၂-ပါးဟူ၍ ခွဲခြားနိုင်ပါသည်။ မဂ္ဂင်ရှစ်ပါးမှ သမ္မာသတိမှာ သမာဓိမဂ္ဂင်တွင် ပါဝင်ပြီး ၎င်းသည် သတိပဋ္ဌာန်လေးပါးကို ဟောထားခြင်းဖြစ်ပါသည်။

သတိပဋ္ဌာန်လေးပါး (သမ္မာသတိ=မှန်သောသတိရခြင်း) မှာ "ကိုယ်၌ ကိုယ်" ဟု အဖန်ဖန်ရှုလျက်နေခြင်း (ကာယာနုပဿနာ)၊ "ဝေဒနာ တို့၌ ဝေဒနာ" ဟု အဖန်ဖန်ရှုလျက်နေခြင်း (ဝေဒနာနုပဿနာ)၊ "စိတ်၌ စိတ်" ဟု အဖန်ဖန်ရှုလျက်နေခြင်း (စိတ္တာနုပဿနာ)၊ "တရားသဘောတို့၌ တရားသဘော" ဟု အဖန်ဖန်ရှုလျက်နေခြင်း (ဓမ္မာနုပဿနာ) တို့ ဖြစ်ပါ သည်။

ထိုသတိပဋ္ဌာန်လေးပါးတွင်လည်း ကာယာနုပဿနာတွင် ဝင်သက် ထွက်သက်ကိုရှုခြင်း၊ ဣရိယာပုတ်ကိုရှုခြင်း၊ သမ္ပဇဉ်ဉာဏ်ဖြင့် ဆင်ခြင်ခြင်း၊ သုံးဆယ့်နှစ်ကောဋ္ဌာသတို့၌ စက်ဆုပ်ဖွယ်ဟုရှုခြင်း၊ ခန္ဓာကိုယ်ကြီးတွင်

ဓာတ်လေးပါးကို ပထဝီ တေဇော အာပေါ် ဝါယောဟု ရှုဆင်ခြင်ခြင်း၊ သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းစသည်ဖြင့် ဗဟိဒ္ဓနှင့်အဇ္ဈတ္တ နှစ်မျိုးစလုံးတွင် ကိုယ်၌ ကိုယ်ဟုရှုဆင်ခြင်ကာ ကိုယ်၌ဖြစ်ခြင်းသဘော-ပျက်ခြင်းသဘော-ဖြစ်ခြင်းပျက်ခြင်းသဘောတို့အား အဖန်ဖန်ရှု၍နေခြင်းကို ကာယာနုပဿနာသတိပဋ္ဌာန်အဖြစ် ဟောပြထားပါ၏။

ကာယဂတာသတိတည်းဟူသော တရားစကားလုံးသည်လည်း သတိပဋ္ဌာန်လေးပါးမှ ကာယာနုပဿနာသတိပဋ္ဌာန်ကိုပင် ဆိုလိုခြင်းဖြစ်ပါသည်။ သံယုတ္တနိကာယ်၊ သတိပဋ္ဌာနသံယုတ်၊ သတိသုတ်တွင် သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်းကို မြတ်စွာဘုရားသည် ဤသို့ဟောပါသည်။

"ရဟန်းတို့၊ ရဟန်းသည် သတိသမ္ပဇဉ်နှင့် ပြည့်စုံလျက်နေရာ၏။ ဤကား ငါတို့၏အဆုံးအမ ဖြစ်၏။ ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် သတိနှင့်ပြည့်စုံလျက် နေရာသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ကိုယ်၌ကိုယ်ဟု အဖန်ဖန်ရှုလျက်နေ၏။ (ပ) တရားသဘောတို့၌ တရားသဘောဟု အဖန်ဖန်ရှုလျက်နေ၏။ ရဟန်းတို့၊ ရဟန်းသည် ဤသို့လျှင် သတိနှင့်ပြည့်စုံလျက်နေ၏။

"ရဟန်းတို့၊ ရဟန်းသည် အဘယ်သို့လျှင် သမ္ပဇဉ်ဖြင့်ပြည့်စုံလျက် နေရာသနည်းဆိုသော် ဤသာသနာ၌ ရဟန်းသည် ရှေ့သို့တိုးခြင်း၊ နောက်သို့ဆုတ်ခြင်း၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ တည့်တည့်ကြည့်ခြင်း တစောင်းကြည့်ခြင်းနှင့် ကွေးခြင်းဆန့်ခြင်း ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်း၌၊ စားခြင်း သောက်ခြင်း ကိုက်ခြင်း လျက်ခြင်း ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၌၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း နိုးကြားခြင်း၌၊ စကားပြောခြင်း ဆိတ်ဆိတ်နေခြင်း၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ရဟန်းတို့၊ ရဟန်းသည် ဤသို့လျှင် သမ္ပဇဉ်နှင့်ပြည့်စုံလျက်နေရာ၏။ ဤကား ငါတို့၏ အဆုံးအမ ဖြစ်၏" ဟု ဟောထားပါသည်။

အင်္ဂုတ္တရနိကာယ်၊ ဧကကနိပါတ်၊ ကာယဂတာသတိဝဂ်တွင် "ကာယဂတာသတိတည်းဟူသော တစ်ခုသောတရားကိုပွားများလျှင် ကြီးစွာ

သော ထိတ်လန့်ခြင်း သံဝေဂဉာဏ်အလို့ငှာ ဖြစ်၏။ ကြီးစွာသောအကျိုးကို ရရှိခြင်းငှာ ဖြစ်၏။ ကြီးစွာသော ယောဂလေးပါးကုန်ရာ (နိဗ္ဗာန်) သို့ ရောက်ခြင်းငှာဖြစ်၏။ သတိသမ္ပဇဉ်အလို့ငှာ ဖြစ်၏။ (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရခြင်းငှာ ဖြစ်၏။ အမျိုးမျိုးသောဓာတ်တို့ကို ထိုးထွင်း၍သိနိုင်၏။ များစွာသော ဓာတ်တို့ကို ခွဲခြမ်း၍သိနိုင်၏။ သောတာပတ္တိဖိုလ်စသော ဖိုလ်လေးပါးကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းငှာ ဖြစ်၏။ ဝိဇ္ဇာနှင့် ဝိမုတ္တိတို့ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏" ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပုံကို ဖော်ပြထားပါသည်။

ဤ၌ ဓမ္မကထိကပုဂ္ဂိုလ်ကျော်တစ်ပါး၏ "မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်" (စာ-၅၇) ၌ ရေးသားထားချက်များကို ဝေဖန်ဆန်းစစ်နိုင်ကြစေရန် ဖော်ပြလိုပါသည်။

( ခ )

"ဥပမာအားဖြင့် စင်္ကြံလျှောက်တဲ့အခါ 'သွားတယ်၊ သွားတယ်' လို့ ရှုမှတ်နေတယ်။ ရှုမှတ်စအချိန်မှာ ခြေထောက်တွေက သွားတယ်လို့သိနေရင် ခြေထောက်ဆိုတဲ့ပညတ် ခံနေတယ်။ 'ငါသွားတယ်' လို့ သိနေရင် ငါဆိုတဲ့ပညတ် ခံနေတယ်။ ကာယာနုပဿနာသတိပဋ္ဌာန်တော့ ခေါ်နိုင်တယ်။ သဘောတရားဆိုက်အောင် အသိမပါတဲ့အတွက် ဓမ္မာနုပဿနာသတိပဋ္ဌာန်အမည်တော့ မရနိုင်သေးဘူး။ ဓမ္မာနုပဿနာသတိပဋ္ဌာန်အမည် မရရင်လည်း ဝိပဿနာဉာဏ်စစ်စစ်ကြီး မဖြစ်သေးဘူးလို့ မှတ်ရမယ်။

"ဉာဏ်ရင့်လာတဲ့အခါကျတော့မှ သွားချင်တဲ့စိတ်က စိတ္တဇဝါယောဓာတ်ကို ဖြစ်စေတယ်။ စိတ္တဇဝါယောဓာတ်ကြောင့်သွားတဲ့ အမူအရာ ကာယဝိညတ်ဖြစ်တယ်။ တကယ်တော့ သွားတယ်ဆိုတာ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ရဲ့ လှုပ်ရှားနေတဲ့သဘောကလေး

ပါလားလို့ သိသွားတယ်။ လှုပ်ရှားတဲ့သဘောကလေးလို့ သိသွားတဲ့ အခါကျမှ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရ ငါမဟုတ်တဲ့ သဘောတွေပါ ဉာဏ်မှာ ထင်ရှားသွားတယ်။ ဒီအခါကျမှ ဓမ္မာနုပဿနာအထိ ဆိုက်ရောက်ပြီး ဝိပဿနာဉာဏ်စစ်စစ် ဖြစ်တယ်။

"အာရုံရဲ့အရသာကို ခံစားတဲ့အခါမှာလည်း 'ငါခံစားတယ်' လို့သိနေရင် ငါဆိုတဲ့ပညတ် ခံနေတယ်။ ဒါကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်တော့ ဖြစ်တယ်။ ဓမ္မာနုပဿနာသတိပဋ္ဌာန် မဖြစ်ဘူး။ ဉာဏ်ရင့် တဲ့အခါ ငါဆိုတာ မရှိတဲ့တရား၊ ခံစားတဲ့ သဘောတရားကလေးသာ ရှိနေတယ်။ ဒီ သဘောတရားကလေးလည်း 'မမြဲတဲ့၊ ဆင်းရဲ တဲ့၊ အစိုးမရတဲ့ သဘောတရားပဲ' လို့ သိသွား ရင် ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရောက် တယ်။ ဒီအခါကျမှ ဝိပဿနာဉာဏ်စစ်စစ် ဖြစ်တယ်။

"အာရုံသိစိတ်တစ်ခုခုကို ရှုမှတ်တဲ့အခါ မှာလည်း 'ငါသိတယ်' လို့ ရှုမှတ်နေရင် ငါ ဆိုတဲ့ပညတ်ခံနေတယ်။ ဒါ့ကြောင့် စိတ္တာ နုပဿနာသတိပဋ္ဌာန်တော့ ဖြစ်တယ်။ ဓမ္မာ နုပဿနာသတိပဋ္ဌာန် မဖြစ်ဘူး။ ဉာဏ်ရင့် လာတဲ့အခါကျမှ ငါဆိုတာ မရှိ၊ အာရုံကို သိတတ်တဲ့သဘောကလေးသာ ရှိတယ်။ ထိုအာရုံကိုသိတတ်သောသဘောကလေး သည် မမြဲ၊ ဆင်းရဲ၊ အစိုးမရ၊ ငါမဟုတ်လို့ သိသွားမှ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ရောက်တယ်။ ဒီအခါကျမှ ဝိပဿနာဉာဏ် စစ်စစ်လည်း ဖြစ်တယ်" ဟူ၍ "ဓမ္မာနုပဿနာသတိပဋ္ဌာန်ကိုသာ ဝိပဿနာဉာဏ် စစ်စစ်ဖြစ်ကြောင်း" ထပ်ကာထပ်ကာ ရေးသားထားပါသည်။

ဤသို့ဆိုလျှင် ကျန်သော သတိပဋ္ဌာန်သုံးပါး မှာ ဝိပဿနာဉာဏ် စစ်စစ် မဖြစ်ကြောင်း၊ ၎င်းသတိ ပဋ္ဌာန်သုံးပါးတို့ကို ရှုဆင်ခြင်၍ မဂ်ဖိုလ် ကိုပင် မရနိုင်ကြောင်း သဘောသက်ရောက်လျက် ရှိပါ၏။

## ( ဂ )

"သတိပဋ္ဌာန်အားထုတ်ရာတွင် 'ငါသွား တယ်'၊ 'ငါခံစားတယ်'၊ 'ငါသိတယ်' ဟူ၍ ရှုမှတ်ခဲ့သော် ငါဆိုတဲ့ပညတ်ခံနေတဲ့အတွက် ဓမ္မာနုပဿနာမဖြစ်၊ ဆိုင်ရာဆိုင်ရာ ကာယ၊ ဝေဒနာ၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်တွေပဲဖြစ်တယ်" ဟုလည်း ဖော်ပြထားပါသည်။

ဤနေရာတွင် ကာယာနုပဿနာသတိပဋ္ဌာန်မှာပင်လျှင် "သွားလျှင်သွားသည်ဟု သိ၏၊ ရပ်လျှင် ရပ်သည်ဟု သိ၏၊ ထိုင်လျှင် ထိုင်သည်ဟု သိ၏၊ အိပ် (လျောင်း) လျှင် အိပ်(လျောင်း) သည်ဟု သိ၏။ တည်ရှိနေတိုင်းသော အခြင်းအရာအားဖြင့် ကိုယ်၏တည်နေပုံကို သိ၏" ဟုသာ ဟောပါသည်။

ထို့အတူ ဝေဒနာနုပဿနာတွင်လည်းကောင်း၊ စိတ္တာနုပဿနာတွင်လည်းကောင်း "ချမ်းသာမှုကိုခံစားလျှင် ချမ်းသာမှုကို ခံစား၏ဟုသိ၏။ တပ်မက်မှုရှိသောစိတ်ကို တပ်မက်မှုရှိသော စိတ်ဟုသိ၏" အစရှိသည်ဖြင့်သာ ဟောကြားခဲ့ပါ သည်။

"မဂ်ဖိုလ်ရမည့်သမာဓိအဆင့်ဆင့်" စာအုပ်တွင် ဓမ္မာနုပဿနာအဆင့်ကိုရောက်မှ ဝိပဿနာဉာဏ်အစစ်ဟု ရေးပါသည်။ သို့သော် မြတ်စွာဘုရားသည် ဒီဃနိကာယ်၊ မဟာသတိပဋ္ဌာနသုတ်တွင် သတိပဋ္ဌာန်လေးပါးပွားများခြင်း၏အကျိုးကို ဤသို့ဟောကြားထားပါသည်။

> "ရဟန်းတို့၊ အကြင်တစ်စုံတစ်ယောက် သောပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို ငါဘုရားဟောကြားသည့်နည်းအတိုင်း ခုနစ်နှစ်ပတ်လုံး ပွားများငြားအံ့၊ ထိုပုဂ္ဂိုလ်သည် ယခုမျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကိုဖြစ်စေ၊ စွဲလမ်းမှုကြွင်းကျန်သေးလျှင် အနာဂါမိဖိုလ်ကိုဖြစ်စေ မုချရမည်ဟု မျှော်လင့်အပ်၏။
>
> "ရဟန်းတို့၊ ခုနစ်နှစ်ကိုထားဘိဦး၊ အကြင်တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် ဤသတိပဋ္ဌာန်လေးပါးကို

ငါဘုရားဟောကြားသည့်နည်းအတိုင်း ခုနစ်ရက်မျှပွားများအံ့၊ ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ဖြစ်စေ၊ စွဲလမ်းမှုကြွင်းကျန်သေးလျှင် အနာဂါမိဖိုလ်ကိုဖြစ်စေ မုချရမည်ဟု မျှော်လင့်အပ်၏။

"ရဟန်းတို့၊ သတ္တဝါတို့၏စိတ် စင်ကြယ်ရန်၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းများကို လွန်မြောက်နိုင်ရန်၊ ကိုယ်စိတ်ဆင်းရဲများ ချုပ်ငြိမ်းရန်၊ နည်းမှန်လမ်းမှန်သို့ ဆိုက်ရောက်ရန်၊ ဆင်းရဲငြိမ်းရာနိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ရန်တစ်ကြောင်းတည်းသောခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင် ဖြစ်ပေသည်" ဟု ဟောကြားထားသည်။ ဓမ္မာနုပဿနာတစ်မျိုးတည်းကိုသာလျှင်ကွက်၍ တစ်ကြောင်းတည်းသော ခရီးလမ်းဟု ဆိုလိုခြင်းမဟုတ်သည်မှာ ထင်ရှားလှပါသည်။

အမှန်ကတော့ ကာယာနုပဿနာသတိပဋ္ဌာန်မှ အာနာပါနကမ္မဋ္ဌာန်း (ထွက်သက်ဝင်သက်) ကို ရှုမှတ်ရာတွင် ညောင်းညာကိုက်ခဲခြင်းဝေဒနာတို့ ပေါ်လာသည်ရှိသော် ၎င်းတို့အားရှုမှတ်လျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်သွားပါသည်။ ထိုမှ မိမိစိတ်၏ တပ်မက်မှု၊ ပြစ်မှားမှု အစရှိသည် တို့ကို လိုက်၍ရှုမှတ်သော် စိတ္တာနုပဿနာ ဖြစ်သွားပါသည်။ ထို့ပြင် မိမိ၏ ကာမစ္ဆန္ဒနီဝရဏအစရှိ သည့်တရားများကို လိုက်၍ရှုမှတ်သော် ဓမ္မာနုပဿနာ ဖြစ်သွားပါလိမ့်မည်။

ထို့ကြောင့် သတိပဋ္ဌာန်တရားတစ်ခုကို အားထုတ်သော် ကျန်သော သတိပဋ္ဌာန်တရားများလည်း အလိုလိုပါဝင်သွားပါတော့သည်။ သို့သော်လည်း ထိုသို့မှတ်ရင်းမှ မိမိသန်ရာ နှစ်သက်ရာ၊ စတင်ရှုမှတ်ခဲ့သော သတိပဋ္ဌာန်သို့သာ ပြန်ရောက်သွားတတ်ပါသည်။


ထို့ပြင် သတိပဋ္ဌာန်လေးပါးကို ပွားများရှုမှတ်ရာမှ အတူတကွ သဟဇာတဖြစ်ကြသော သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊

ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတရားတို့ကိုလည်း ပွားများအားထုတ်နေခြင်းဖြစ်သည်ဟုပါ ဆိုနိုင်လေသည်။

ထို့ကြောင့်လည်း မြတ်စွာဘုရားသည် -

"သတ္တဝါတို့၏ စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းများကို လွန်မြောက်နိုင်ရန်၊ ကိုယ်စိတ်ဆင်းရဲမှုများ ချုပ်ငြိမ်းရန်၊ နည်း မှန်လမ်းမှန်သို့ ဆိုက်ရောက်ရန်၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် တစ်ကြောင်းတည်းသော ခရီးလမ်းကား ဤသတိ ပဋ္ဌာန်လေးပါးတို့ပင် ဖြစ်ပေသည်" ဟု ဟောကြားခဲ့ခြင်းဖြစ်ပါကြောင်း လေးစားစွာ ရေးသားတင်ပြလိုက်ရပါသည်။

*၂၀၁၂-ခုနှစ်၊ အောက်တိုဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*



## ဓမ္မလော အဓမ္မလော

### ( က )

အခါတစ်ပါး၌ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ -

"အရှင်ဂေါတမသည် 'ငါနှင့်ငါ့တပည့်တို့ အားသာလျှင် အလှူကို ပေးလှူအပ်၏၊ တစ်ပါးသူတို့အား မပေးလှူအပ်၊ ငါနှင့်ငါ့တပည့်တို့အား လှူ သောအလှူသည်သာလျှင် အကျိုးကြီး၏၊ တစ်ပါးသောသူတို့အား လှူသောအလှူသည် အကျိုးမကြီး' ဟူ၍ ဟောပြောလေ့ရှိကြောင်း ကျွန်ုပ် ကြားဖူး ပါသည်။ ထိုစကား မှန်ပါသလော" ဟု မေးလျှောက်၏။

ထိုအမေးကို ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

"ဝစ္ဆ၊ ထိုစကားသည် မမှန်။ မဟုတ်မမှန် စွပ်စွဲခြင်းသာ ဖြစ်၏။ **ဝစ္ဆ၊ သူတစ်ပါးအလှူပေးသည်ကို တားမြစ်သူသည် အလှူရှင်၏ ကောင်းမှုအန္တရာယ်ကို ပြုသည်မည်၏။ အလှူခံပုဂ္ဂိုလ်၏ လာဘ် အန္တရာယ်ကို ပြုသည်မည်၏။ ထိုသူသည် ပထမဦးဆုံး မိမိကိုယ်မိမိ တူးဖြိုဖျက်ဆီးအပ်ပြီး ဖြစ်၏။ ဤသို့လျှင် ထိုသူသည် မိမိနှင့်တကွ သုံးဦး၏သားတို့၏အန္တရာယ်ကို ပြုသူဖြစ်၏။**

"ဝစ္ဆ၊ စင်စစ် ငါသည် 'မစင်တွင်း၊ မစင်မြောင်းထဲ၌ရှိသော သတ္တဝါ တို့သည် ဤရေဖြင့် မျှတ ကြပါစေ' ဟူသောစိတ်ဖြင့် အိုးဆေးရေ ခွက်ဆေး ရေတို့ကို ထိုတွင်းထဲ မြောင်းထဲသို့ စွန့်သွန်ခြင်းဟူသော အကြောင်း ကြောင့်ပင် ကောင်းမှုဖြစ်ခြင်းကို ဟောကြား၏။ လူဖြစ်သူအား ပေးလှူရာ၌မူ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

"ဝစ္ဆ၊ သို့သော်လည်း ငါသည် သီလရှိသူအား ပေးလှူခြင်းကို အကျိုးကြီး၏ဟု ဆို၏။ သီလမရှိသူအား ပေးလှူခြင်းကို အကျိုးကြီး၏ဟု မဆိုပေ။ ထိုသီလရှိသူသည်လည်း ပယ်အပ်ပြီးသော အင်္ဂါငါးပါးရှိ၍ ပြည့်စုံသော အင်္ဂါငါးပါးရှိသူ ဖြစ်ရာ၏။

"ပယ်အပ်ပြီးသော အင်္ဂါငါးပါးဟူသည် ကာမဂုဏ်ကို လိုလားခြင်း ကာမစ္ဆန္ဒ၊ သူတစ်ပါး ပျက်စီးစေလိုခြင်း ဗျာပါဒ၊ လေးလံထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ၊ စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တတစ်ဖန်ပူပန်ခြင်း ဥဒ္ဓစ္စ ကုက္ကုစ္စ။ တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာတို့ ဖြစ်၏။

"ပြည့်စုံရမည့်အင်္ဂါငါးပါးကား အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလအစု၊ သမာဓိအစု၊ ပညာအစု၊ ဝိမုတ္တိအစု၊ ဝိမုတ္တိဉာဏ်အမြင်အစုတို့ ဖြစ်၏" *(အင်္ဂုတ္တရနိကာယ်၊ ဝစ္ဆဂေါတ္တသုတ်)*

အဘယ်ကြောင့် ဤဒေသနာတော်ကို ရှေးဦးစွာဖော်ပြရသနည်း ဆိုသော် ယခုတင်ပြလိုသော အကြောင်းအရာများသည် သူတစ်ပါးတို့၏ လာဘ်အန္တရာယ်ကိုပြုသည်ဟု စာဖတ်သူများက မထင်ကြစေလိုသောကြောင့် ဖြစ်ပါသည်။

( ခ )

တရားဟောဆရာတစ်ဦးရေးသားသော "မြန်မာတို့၏အသက်" (စာ-၁၀၈) တွင် ဤသို့ဖော် ပြထားသည်။

မဓုရသဝါဟိနီကျမ်းတွင် သီဟိုဠ်က ရှင်သီဝလိဟု ခေါ်ဆိုလောက်အောင် လာဘ်လာဘပေါမျှားသော မထေရ်တစ်ပါးအကြောင်းကို မှတ်တမ်းတင်ထားသည်ဟု အစပြုကာ -

တစ်နေ့ (စူဠနာဂ) မထေရ်ဆွမ်းစားပြီး ကျောင်းဆောင်သို့ပြန်အလာတွင် ပိန်ချုံးချည့်နဲ့နေသော ခွေးသားအုပ်မတစ်ကောင်သည် မထေရ်နားရောက်လာပြီး မော့ကြည့်ကာ အစာရလိုရငြား အလှူခံလေသည်။ ခွေးငယ်လေးငါးကောင်ကလည်း ခွေးမကြီး၏ နို့ကိုစို့လိုက်၊ နို့မထွက်သဖြင့် ပြန်လွှတ်ကာ တအင်အင်ညည်းလိုက်နှင့် အလုပ်ရှုပ်နေကြသည်။

. . . ခွေးငတ်မကို အစာကျွေးချင်သော သဒ္ဓါစာတ်ကို မထေရ်သည် ထိန်းမထားနိုင်တော့။ သမံတလင်းတစ်နေရာကို သုတ်သင်ရှင်းလင်းပြီးလျှင် အာခေါင်ကိုလက်ညှိုးထိုးကာ အန်ချပြီး ခွေးမကိုကျွေးလိုက်၏။ . . . မထေရ်သည် ဒုတိယအကြိမ် အန်၍ကျွေးပြန်၏။ ခွေးမစားပြီးသည်နှင့် အိုးခြမ်းကွဲတစ်ခုကို ဆေးကြောပြီး ရေသန့်သန့်ကိုထည့်ကာ တိုက်၏။ . . . မထေရ်သည် ခွေးမကိုကြည့်ပြီး သူ့အလှူကို ပီတိသောမနဿ လွန်စွာဖြစ်မိ၏။

ထို့ကြောင့် "ငါသည် မိမိအတွက်ကို မငဲ့ကွက်ဘဲ စွန့်လှူရသော ဤကောင်းမှုကြောင့် ဖြစ်ရာဘဝ၌ လာဘ်လာဘအရာတွင် အမြတ်ဆုံးဖြစ်ရပါလို၏။ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကိုလည်း လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏" ဟူ၍ ဝမ်းမြောက်စွာဆုတောင်း၏။

ဤနေရာတွင် မြေနှင့်တူသော အလှူခံသည် ခွေးမ၊ ရေနှင့်တူသော လှူဖွယ်ဝတ္ထုသည် အန်ဖတ်မျှသာဖြစ်၍ လွန်စွာညံ့ဖျင်း၏။ သို့သော် မျိုးစေ့နှင့်တူသော စေတနာသည်ကား ထက်သန်ကောင်းမွန်လွန်းလှသောကြောင့် ထိုဒါနသည် မထေရ်မြတ်ကို ယခုဘဝမှာပင် ချက်ချင်းကောင်းကျိုးပေး၏။ ထိုနေ့ညမှာပင် အနုရာဓနေပြည်တော်ရှိ ဒကာ-ဒကာမတို့သည် ထောပတ်၊ တင်လဲ၊ ပျားသကာ၊ စတုမဓုတို့ကို မထေရ်မြတ်ထံသို့ ထားစရာမရှိအောင်ပင် လာ၍လှူကြ၏။

မထေရ်မြတ်သည် ထူပါရုံတိုက်အတွင်းရှိ သံဃာတော်သုံးသောင်းကို ပြန်၍လှူရ၏။ မနက်အရုဏ်ဆွမ်းအချိန်တွင်လည်း ဆွမ်းနှင့်ဆွမ်းဟင်းများ ထားစရာမရှိအောင် တစ်ပုံတစ်ပင်ကြီး လာလှူကြပြန်သဖြင့် သံဃာ သုံးသောင်းကိုပင့်၍ တစ်ဆင့်ပြန် လှူရပြန်သည်။

နေ့ဆွမ်းခံကြွချိန်တွင်ကား ထူပါရုံကျောင်းတိုက်ကြီးအထွက်မှာပင် နတ်များကိုယ်တိုင် မထေရ်မြတ်ကို ဆွမ်းလှူရန် စောင့်နေကြသည်မှာ တစ်မျှော်တစ်ခေါ်ကြီး မဆုံးနိုင်အောင် များပြားလှ၏။ သံဃာသုံးသောင်းကိုပါပင့်၍ ကြွရာ အားလုံးအတွက် လုံလောက်အောင်ရလေ၏။

. . . အရှင်မြတ်ကြွနေကျ စန္ဒဝက်လမ်းမကြီး၏ အစွန်ဆုံးအိမ်သည် စူဠနာဂမထေရ်ကို ဆွမ်းလောင်းခွင့်ရရန် ၃၂-နှစ်ကြာ စောင့်ရ၏။ သီဟိုဠ်တစ်ကျွန်းလုံးတွင် လာဘ်လာဘအရာတွင် အရှင်သီဝလိမထေရ်ကဲ့သို့ ကျော်စောထင်ရှားလေသည်။

ထိုများပြားလှသော လာဘ်လာဘများကို အလှူခံနေရသည့်ကြားထဲကပင် ဝိပဿနာကိုရှုမှတ်ရာ လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် လေးမဂ်လေးဖိုလ်ရ၍ ရဟန္တာဖြစ်၏။ မထေရ်မြတ်တောင်းခဲ့သည့် ဆုအတိုင်း နှစ်ခုစလုံးပြည့်ခြင်းဖြစ်၏။

. . . ဗုဒ္ဓဘာသာအများစုသည် ရတနာသုံး ပါးနှင့်ပတ်သက်သော နေရာတို့၌ကား ပိုရုံမက လျှံထွက်အောင်ပင် လှူကြ၏။ သို့သော် အစိုးရတန်းကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားတို့ကိုကား လှူရကောင်းမှန်း မသိကြ။ လှူရကောင်းမှန်းသိသူများကလည်း ရတနာသုံးပါးကိုလှူတာလောက် ကောင်းကျိုးများများမရနိုင်ဟုယူဆကာ မလှူဖြစ်ကြပြန်ပေ။

စူဠနာဂမထေရ်သည် . . . အောက်တန်း အကျဆုံးဖြစ်သော ခွေးကိုပင် စေတနာထက်သန်စွာလှူခဲ့သဖြင့် ယခုဘဝမှာပင် ကောင်းကျိုးပေးသေးရာ ခွေးထက်အဆင့်မြင့်သော လူသားတို့ကို စေတနာထက်သန်စွာ လှူနိုင်မည်ဆိုလျှင် ပိုမို၍ပင် ကောင်းကျိုးပေးစရာရှိပါ၏။

## ( ဂ )

စာရေးသူသည် ခွေးတို့၏လာဘ်အန္တရာယ်ကို မပြုပါ။ ထို့အတူပေးလှူခြင်း၏ကောင်းမှု အကျိုး စီးပွားကိုလည်း ဖျက်ဆီးရန် မရည်ရွယ်ပါ။ သို့သော် ယခုဖော်ပြသော သီဟိုဠ်မှ မစုရသဝါဟိနီကျမ်းလာတရားကို ဗုဒ္ဓတရားနှင့်ညီ-မညီကို ဝေဖန်ဆန်းစစ်ကြည့်လိုပါသည်။

သံယုတ္တနိကာယ်၊ ဣဿတ္တသုတ်တွင် ဤသို့ဖော်ပြထားပါသည်။

အခါတစ်ပါး၌ ကောသလမင်းကြီးသည် ဗုဒ္ဓထံချဉ်းကပ်၍ -

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ အလှူကိုပေးလှူထိုက်ပါသနည်း" ဟု မေးလျှောက်၏။

"မင်းကြီး၊ အကြင်ပုဂ္ဂိုလ်၌စိတ်သည် ကြည်ညို၏။ ထိုပုဂ္ဂိုလ်၌ အလှူကို ပေးလှူထိုက်၏"

"အရှင်ဘုရား၊ အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီးပါသနည်း"

"မင်းကြီး၊ အဘယ်ပုဂ္ဂိုလ်၌အလှူကို ပေးလှူထိုက်သနည်းဟူသော မေးခွန်းနှင့် အဘယ်ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီးပါသနည်းဟူသော မေးခွန်းတို့သည် တစ်မျိုးစီဖြစ်၏။ မင်းကြီး၊ စင်စစ် သီလရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးကြီး၏။ သီလမရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးမကြီး။ မင်းကြီး၊ ဤအရာ၌ သင့်ကို ငါတစ်ခုမေးအံ့။ သင်မင်းကြီးအား စစ်တိုက်ရန်အကြောင်း ဖြစ်ပေါ်နေသောအချိန်၌ လေးအတတ်ကို မကျွမ်းကျင်၍ ကြောက်ရွံ့တတ်သောလုလင်တစ်ယောက် သင့်ထံသို့ရောက်လာခဲ့သော် သင်သည် ထိုလုလင်ကို အလိုရှိပါမည်လော"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သောအချိန်၌ ထိုကဲ့သို့သောလုလင်ကို အလိုရှိမည် မဟုတ်ပါ"

"မင်းကြီး၊ အကယ်၍ သင်မင်းကြီးအား စစ်တိုက်ရန်အကြောင်း ဖြစ်ပေါ်နေချိန်တွင် လေးအတတ် ၌ ကျွမ်းကျင်၍ ရဲရင့်သော လုလင်တစ်ဦး သင့်ထံရောက်လာခဲ့သော် သင်သည် ထိုလုလင်ကို အလိုရှိပါမည်လော"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သောအချိန်၌ ထိုကဲ့သို့သောလုလင်ကို အလိုရှိမည်သာ ဖြစ်ပါသည်"

"မင်းကြီး၊ ထိုနည်းတူပင် မည်သည့်အမျိုးမှမဆိုထွက်၍ ရဟန်းပြုပြီး ကာမစ္ဆန္ဒစသော နီဝရဏ ငါးပါးကိုပယ်၍ ရဟန္တာတို့၏ဥစ္စာဖြစ်သော သီလ သမာဓိစသော အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းအား ပေးလှူအပ်သော အလှူသည် အကျိုးကြီး၏"

ဗုဒ္ဓသည် ကောသလမင်းကြီးအား ယင်းသို့ဖြေကြားတော်မူပြီး အောက်ပါဂါထာတို့ကို မိန့်မြွက်တော်မူ၏။

"မင်းကြီး၊ လေးအတတ် ခွန်အားလုံ့လနှင့်ပြည့်စုံသော လုလင်ကိုသာ စစ်တိုက်ရာ၌ အလိုရှိသည်ဖြစ်၍ ကျွေးမွေးပြုစုရာ၏။ ရဲရင့်ခြင်းမရှိသူကို အမျိုးတူသောအကြောင်းကြောင့် ကျွေးမွေးပြုစုရန် မသင့်ချေ။ ထို့အတူပင် သည်းခံခြင်း၊ ရဲရင့်ခြင်းဟူသော တရားနှစ်ပါးတို့နှင့် ပြည့်စုံ၍ မြတ်သော အသက်မွေးခြင်းရှိသော ပညာရှိကို အမျိုးအားဖြင့်ယုတ်စေကာမူ ပူဇော်ခြင်းပြုရာ၏။

"နှလုံးမွေ့လျော်ဖွယ်ဖြစ်သော ကျောင်းသခ်မ်းတို့ကို ပြုလုပ်ရာ၏။ ထိုကျောင်း၌ အကြားအမြင်များသူတို့ကို နေစေရာ၏။ တောအရပ်၌ ရေအိုးစင်တို့ကိုလည်း ပြုလုပ်ရာ၏။ မညီညွတ်သောအရပ်၌ တံတား၊ လမ်းတို့ကိုလည်း ပြုလုပ်ရာ၏။ ဖြောင့်မတ်စွာကျင့်သောပုဂ္ဂိုလ်တို့အား ကြည်လင်သောစိတ်ဖြင့် ဆွမ်းခဲဖွယ်၊ အဖျော်၊ အဝတ်သင်္ကန်း၊ ကျောင်းအိပ်ရာနေရာတို့ကို ပေးလှူရာ၏။

"များစွာသော လျှပ်စီးလက်ခြင်း၊ တိမ်တောင်တိမ်လိပ်တက်ခြင်းတို့နှင့် ပြည့်စုံသောမိုးသည် ထစ်ချုန်း၍မြေကြီးကို စွတ်စိုစေလျက် ကုန်းကိုလည်းကောင်း၊ ချိုင့်ဝှမ်းကိုလည်းကောင်း ပြည့်စေသကဲ့သို့ ထို့အတူ သဒ္ဓါတရား၊ အကြားအမြင်တို့နှင့် ပြည့်စုံသောပညာရှိသည် စားသောက်ဖွယ်များကို ပြုလုပ်စီမံ၍ အလှူခံပုဂ္ဂိုလ်တို့ကို ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏။ အလွန်ဝမ်းမြောက်လျက် ပေးလှူ၏။ အခြားသူများကိုလည်း 'ပေးကြပါ၊ လှူကြပါ' ဟု ပြောဆို၏။ ထိုသို့ပြောဆိုခြင်းသည် မိုးချုန်းသံကဲ့သို့ ဖြစ်၏။ ပြန့်ပြောသော ထိုကောင်းမှုရေအလျဉ်သည် ပေးလှူသူကို စွတ်စိုစေ၏"

ဤဒေသနာတော်၌လည်း သီလရှိသောပုဂ္ဂိုလ်တို့၌ ပေးလှူသော အလှူကို အကျိုးရှိသည်ဟု ဟောကြားထားခြင်းကို တွေ့ရပါလိမ့်မည်။ ဝစ္ဆဂေါတ္တသုတ်၌ ဟောကြားချက်နှင့် အတူတူပင်ဖြစ်ပါသည်။

ဒါနဟူသောကောင်းမှု၏ အကျိုးကို တမလွန်တွင် ရနိုင်သည်ကိုလည်း -

"အိမ်ကိုမီးလောင်စဉ် အပြင်သို့ထုတ်အပ်သော အိုးခွက်သည် အိမ်ရှင်၏အကျိုးစီးပွားအလို့ငှာ ဖြစ်၏။ အပြင်သို့မထုတ်အပ်သော အိုးခွက်ကိုကား မီးလောင်သွားသည်သာဖြစ်၏။ ထို့အတူ အိုခြင်း သေခြင်းဖြင့် လောင်မြိုက်နေသောလောကကို ဒါနဖြင့် ထုတ်ဆောင်အပ်၏။ ပေးလှူအပ်သောပစ္စည်းသည် ကောင်းစွာထုတ်ဆောင်အပ်သော ပစ္စည်းမည်၏" ဟု အာဒိတ္တသုတ်တွင် ဟောကြားထားသည်။

ဒါန၏အကျိုးကို နေ့မကူးဘဲ ခံစားရရှိသောအဖြစ်ကို ယခုသီဟိုဠ်မှ တရားတော် ခွေးသားအုပ်မကိုလှူသောဒါနခန်းတွင် ထူးထူးခြားခြား ဖတ်မိရပါသည်။ မိမိနားလည်သော နေ့မကူးဘဲ ချက်ချင်းအကျိုးပေးသော ဒါနမျိုးသည်ကား နိရောဓသမာပတ်ဝင်စားရာမှ ထလာသော ရဟန္တာပုဂ္ဂိုလ်မျိုးအားသာလျှင် ပေးလှူသောဒါနအကျိုးသည် နေ့မကူးဘဲ အကျိုးပေးပါသည်။

(ဓမ္မပဒမှ ကောဓဝဂ်၊ ဥတ္တရာဥပါသိကာမဝတ္ထု၌ တွေ့နိုင်ပါသည်။ အရှင်သာရိပုတ္တရာမထေရ်သည် နိရောဓသမာပတ်မှ ထတော်မူပြီး မည်သူ့အား ချီးမြှောက်ရမည်ကို ကြည့်တော်မူကာ ပုဏ္ဏလယ်ထွန်ရာကိုကြွသွား၍ အလှူခံ၏။ အရှင်သာရိပုတ္တရာအား လှူသောကြောင့် လယ်ထဲမှ မြေစာခဲများအားလုံး ရွှေဖြစ်သွားကြပါသည်။)

ယခုသော် ထူးဆန်းလှပေစွ။ ခွေးသားအုပ်မ သည် သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံလှပေစွဟု မှတ်သားရတော့မည်လော။

မြတ်စွာဘုရားလက်ထက်တွင် ရဟန်းတစ်ပါးမှာ ရောဂါမှထစဖြစ်၍ ...သားစွပ်ပြုတ်အလိုရှိသဖြင့် သုပ္ပိယာဥပါသိကာမထံ အလှူခံ၏။ ထိုနေ့သည် ဥပုသ်နေ့ဖြစ်သောကြောင့် အသားဟင်းလျာဝယ်မရသဖြင့် သုပ္ပိယာက မိမိ၏ပေါင်သားကို လှီးဖြတ်ပြီး ချက်ပြုတ်လောင်းလှူလိုက်ပါသည်။

ထိုကဲ့သို့သော အလှူဒါနမျိုးသည်ပင် ချက်ချင်းအကျိုးပေးသော အကြောင်းမရှိခဲ့ပါ။ မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက်ကာ တရားနာရန် အခေါ် လွှတ်သောအခါတွင်မှ ပေါင်မှအနာမှာ ပျောက်ကင်းကာ ချမ်းသာရာရသောအကြောင်း ဖြစ်ခဲ့ပါသည်။ ယခုသော် ခွေးသားအုပ်မကို

ပေးလှူသောအလှူသည် ချက်ချင်းအကျိုးပေးလေ၏။ ဘုန်းတန်ခိုးကြီးလှ ဘိသည်တကား။

မြတ်စွာဘုရားသည် လာဘသက္ကာရကို မချီးမွမ်း၊ လာဘသက္ကာရ လွှမ်းမိုးခံရသောကြောင့် အပါယ်ငရဲသို့ ကျရောက်ရခြင်းကိုသာလျှင် ဟောကြားခဲ့ပါသည်။

သိဂါလသုတ်တွင် -

"ရဟန်းတို့၊ ဥပမာကား ဝဲနာရောဂါစွဲကပ်နေသော မြေခွေးအိုသည် တွင်းထဲ၌လည်းကောင်း၊ သစ်ပင်ရင်း၊ လွင်တီးခေါင် စသောအရပ်တို့၌လည်းကောင်း မပျော်မွေ့နိုင် သကဲ့သို့ ထို့အတူ ဤသာသနာ၌ လာဘသက္ကာရဖြင့် လွှမ်းမိုး ဆွဲငင်အပ်သောစိတ်ရှိသော ရဟန်းသည် သစ်ပင်ရင်း၊ လွင်တီးခေါင်စသည့် ဆိတ်ငြိမ်ရာအရပ်တို့၌ မပျော်မွေ့နိုင်။ ရောက်ရာအရပ်၌ အကျိုးမဲ့ပျက်စီးခြင်းသို့သာ ရောက်ရ၏" ဟူသောတရားနှင့် -

ဓမ္မပဒဗာလဝဂ် (တိဿမထေရ်ဝတ္ထု) တွင် 'အညာ ဟိ လာဘူပနိသာ. . .' အစချီသော "လာဘ်လာဘကိုရလိုကြောင်း' အကျင့်သည် တစ်ပါးတည်း၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်သည်ကား တစ်ပါးသာတည်း။ ထိုအကျင့်တရားနှစ်ပါး ကို ထူးသောဉာဏ်ဖြင့်သိ၍ ဘုရားရှင်၏ တပည့်သာဝက ဖြစ်သော ရဟန်းမြတ်သည် ပူဇော်လာဘ်လာဘကို မနှစ်သက် ပေရာ၊ ဆိတ်ငြိမ်လေရာ တောတောင်၌သာ အဖော်မမှီး တစ်ကိုယ်တည်းနေ၍ ကျင့်စဉ်ကို အမှန်ပွားစေရာ၏" ဟူသော တရားတို့ကို သိဟိုဠ်မှ စူဠနာဂမထေရ်သည် မသိယောင် ပေတကား. .။ လာဘ်လာဘအတွက် ခွေးသားအုပ်မကို ဒါနပြု၍ ဆုတောင်း ရှာလေသည်တကား. . .။

အနာထပိဏ်သူဌေးကြီးသည် ငါးဆယ့်လေးကုဋေသော အသပြာ ကို သာသနာတော်၌ လှူဒါန်းပြီး ကျောင်းကိုဆောက်၍ တစ်နေ့လျှင်သုံးကြိမ်

မြတ်စွာဘုရားထံသို့သွား၏။ နေ့တိုင်းနေ့တိုင်း အလှူကိုပေးကာ သီလကို စောင့်ရှောက်၏။ ဤသို့ဖြင့် အနာထပိဏ်သူဌေးကြီးတွင် ပစ္စည်းဥစ္စာတို့ ကုန်ခန်း လေ၏။ လှူဒါန်းမှုကိုကား လက်မလျှော့။

မြတ်စွာဘုရားသည် "ဒါယကာသူဌေးကြီး၊ ခေါင်းပါးသော ဆန်ကွဲထမင်းကို လှူရသည်ဟု စိတ် မကောင်းမဖြစ်နှင့်၊ စင်စစ် သူဌေးကြီးသည် ချစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့ကို ပေးလှူရ၏။ မြတ်သောအလှူခံပုဂ္ဂိုလ်ကို တွေ့ရခဲ ကြုံရခဲ၏"ဟုဆိုကာ"ဝေလာမသုတ်"ကို ဟောကြားတော်မူပါသည်။

"သူကြွယ်၊ ရှေးအခါက ဝေလာမမည်သော ပုဏ္ဏားတစ်ယောက် ရှိခဲ့၏။ ထိုပုဏ္ဏားသည် ဤသို့သဘောရှိသောအလှူဒါနကို ပေးလှူခဲ့၏။ ငွေထည် ပစ္စည်းတို့နှင့်ပြည့်သည့် ရွှေခွက် ရှစ်သောင်းလေးထောင်၊ ရွှေထည် ပစ္စည်းတို့နှင့်ပြည့်သည့် ငွေခွက် ရှစ်သောင်းလေးထောင်၊ ရတနာခုနစ်ပါးကို့နှင့်ပြည့်သည့် ကြေးခွက် ရှစ်သောင်းလေးထောင်တို့ကို ပေးလှူခဲ့၏။

"ရွှေတန်ဆာများဆင်ယင်၍ ဆင်ပေါင်း ရှစ်သောင်းလေးထောင် တို့ကိုလည်း ပေးလှူခဲ့၏။ . . . ရထားပေါင်း ရှစ်သောင်းလေးထောင်၊ . . . နို့ညှစ်နွားမပေါင်း ရှစ်သောင်းလေးထောင်၊ . . . မိန်းမပျိုပေါင်း ရှစ်သောင်း လေးထောင်၊ . . . ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင်၊ . . . ဝတ်စုံ 'ကောဋိ' ပေါင်း ရှစ်သောင်းလေးထောင်တို့ကိုလည်း ပေးလှူခဲ့၏။

"သူကြွယ်၊ ထိုမျှကြီးကျယ်သည့်အလှူကြီးကို ပေးလှူခဲ့သော ဝေလာမပုဏ္ဏားသည် အခြားသူ မဟုတ်၊ ငါဘုရားပင်တည်း။ သူကြွယ်၊ ထိုဝေလာမ၏အလှူ၌ မြတ်သောအလှူခံပုဂ္ဂိုလ် တစ်ယောက်မျှမရှိခဲ့။ တစ်ဦး တစ်ယောက်သောသူကမျှ ထိုအလှူကို မစင်ကြယ်စေခဲ့။

"သူကြွယ်၊ ထိုဝေလာမပုဏ္ဏားလှူဒါန်းသော အလှူကြီးထက် အယူမှန်နှင့်ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်တစ်ပါးအား ဆွမ်းလုပ်ကျွေးရခြင်းသည် ပို၍အကျိုးကြီး၏။

"အယူမှန်နှင့်ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်တစ်ရာအား ဆွမ်းလုပ်ကျွေးခြင်းထက် သကဒါဂါမ်ပုဂ္ဂိုလ်တစ်ပါးအား ဆွမ်းလုပ်ကျွေးရခြင်းသည် ပိုမို၍အကျိုးကြီး၏။

(ဤမှအဆင့်ဆင့်တက်၍ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ၊ ပစ္စေက ဗုဒ္ဓါ၊ သမ္မာသမ္ဗုဒ္ဓတို့ကို လှူဒါန်းခြင်းက ပို၍အကျိုးကြီးကြောင်း ဟောကြား ပါသည်။) *(အင်္ဂုတ္တရနိကာယ်၊ ဝေလာမသုတ်)*

ယခု သီဟိုဠ်စူဠနာဂမထေရ်၏ ခွေးသားအုပ်မအား လှူသောဒါန သည် ဝေလာမပုဏ္ဏား၏ အလှူထက်ပင် အကျိုးကြီးမားလှပေစွဟု အံ့ဩရ တော့မည်လော။

အနာဂတ်ပိဋကသူဌေးကြီးသော်မှ ချက်ချင်းလက်ငင်း အကျိုးမပေး သေးသော ဒါနကောင်း မှုသည် ဖြစ်တုံသေး၏။ ထိုသီဟိုဠ်မှ မဝုရသဝါဟိနီ ကျမ်း၌ကား "အရှင်မြတ်ကြွနေကျ စန္ဒဝက်လမ်းမကြီး၏ အစွန်ဆုံးအိမ်သည် စူဠနာဂမထေရ်ကို ဆွမ်းလောင်းခွင့်ရရန် ၃၂-နှစ်ကြာစောင့်ရ၏" ဟု ဆို၏။ စဉ်းစားဆင်ခြင်၍ ယုံသင့်ပါသည်။

ခွေးသားအုပ်မထံတွင် ဒါနပြု၍ "အမြတ်ဆုံးတရားဖြစ်သော နိဗ္ဗာန် မင်္ဂဖိုလ်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏" ဟု ဆုတောင်းပြန်သေး၏။

အင်္ဂုတ္တရနိကာယ်၊ စုန္ဒီသုတ်၌ -

"သမီးစုန္ဒီ၊ ခြေမရှိသောသတ္တဝါ ခြေနှစ်ချောင်းရှိသော သတ္တဝါ ခြေများစွာရှိသောသတ္တဝါတို့တွင်လည်းကောင်း၊ ရုပ်ရှိသော သတ္တဝါ ရုပ်မရှိသောသတ္တဝါတို့တွင်လည်းကောင်း၊ သညာရှိသော သတ္တဝါ သညာမရှိသောသတ္တဝါ သညာရှိသည်လည်းမဟုတ်-မရှိသည်လည်းမဟုတ်သောသတ္တဝါတို့တွင်လည်းကောင်း ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး၍ သိအပ်ဖွယ်ရာအဖြာဖြာကို မှန်စွာကိုယ်တိုင်သိမြင်နိုင်သော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။

"ထိုမြတ်စွာဘုရား၌ ကြည်ညိုသူတို့သည် အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသူများ ဖြစ်ကုန်၏။ အမြတ်ဆုံးပုဂ္ဂိုလ်၌ ကြည်ညိုသူတို့အား အမြတ်ဆုံးအကျိုးသည် ဖြစ်၏" ဟု ဟောခဲ့ပါသည်။

ဤနေရာ၌ကား မေးခွန်းတစ်ခုပေါ်လာပါသည်။ ခွေးသားအုပ်မအား ပေးလှူသောအကျိုးသည် အမြတ်ဆုံးအကျိုးထိပင် ပေးနိုင်ပါ၏လော။

တရားဟောဆရာက "ဗုဒ္ဓဘာသာအများစုသည် ရတနာသုံးပါးနှင့် ပတ်သက်သော နေရာတို့၌ကား ပိုရုံမက လျှံထွက်အောင်ပင် လှူကြ၏။ သို့သော် အစိုးရတန်းကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတားတို့ကိုကား လှူရကောင်းမှန်းမသိကြ" ဟုလည်း ရေးခဲ့ပါ၏။

သူရေးသကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့သည် မသိနားမလည်ကြဟုပင် စာဖတ်သူအများက ယုံကြည်သွားနိုင်ပါသည်။ သူ၏အမြင်မှာ မမှန်ဟု ပြောချင်ပါသည်။

> "နှလုံးမွေ့လျော်ဖွယ်ဖြစ်သော ကျောင်းသင်္ခမ်းတို့ကို ပြုလုပ်ရာ၏။ ထိုကျောင်း၌ အကြားအမြင်များသူတို့ကို နေစေရာ၏။ တောအရပ်၌ ရေအိုးစင်တို့ကိုလည်း ပြုလုပ်ရာ၏။ မညီညွတ်သောအရပ်၌ တံတားလမ်းတို့ကိုလည်း ပြုလုပ်ရာ၏" ဟု ဟောကြားထားသော ဣသိဂိလိသုတ်ကို ပြန်ကြည့်စေလိုပါသည်။

မာဃလုလင်ဝတ္ထုတွင်လည်း မာဃလုလင်၏ လမ်းတို့ကို ညီညွတ်အောင်ဖောက်လုပ်ခြင်း၊ တံတားတို့ကို ပြုလုပ်ခြင်း၊ ဇရပ်ဆောက်လုပ်ခြင်း အစရှိသည်တို့ကို အကျယ်တဝင့်ဟောကြားထားခဲ့ပါသည်။ ထိုကောင်းမှုတို့သည် ယခုဗုဒ္ဓဘာသာဝင်များ လှူရကောင်းမှန်းမသိကြဟူသော ဆေးရုံ၊ ကျောင်း၊ လမ်း၊ တံတားတို့ကဲ့သို့ပင် မဟုတ်ပါလော။

သို့ပါသော်လည်း အများစုအနေဖြင့် ရတနာသုံးပါး၌သာလျှင် ပေးလှူပူဇော်နေကြခြင်းမှာ အမြတ်ဆုံးသောအရာတို့အား ပူဇော်လိုကြခြင်းကြောင့်သာ ဖြစ်ပါသည်။ ရှည်လှစွာသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရလိုခြင်းအကျိုးငှာ၊ ဘေးဒုက္ခအပေါင်းတို့မှ လွတ်ကင်းရလိုခြင်းအကျိုးငှာ ကိုးကွယ်ရာအမှန်ကို သိမြင်ပြီးကြ၍ အလွန်ကြုံကြိုက်ခဲလှသော မြတ်စွာဘုရား သာသနာတော် အတွင်း၌သာလျှင်

ရတနာသုံးပါးအား လှူဒါန်းပူဇော် ခြင်း အမျိုးမျိုးတို့ကို ပြုနေကြခြင်း ဖြစ်ပါသည်။

ထိုဗုဒ္ဓဘာသာဝင်များအား မသိနားမလည်ကြဟုဆိုခြင်းမှာ အမှန် တကယ် ဆိုထိုက်ပါသလောဟု ပြန်လည်စဉ်းစားစေလိုပါသည်။

( ဃ )

ထိုတရားဟောဆရာရေးသော "စုန်လမ်းနှင့် ဆန်လမ်း" (စာ-၃၄၆) တွင် -

"အလှူခံပုဂ္ဂိုလ် ၁၄-ဦးရှိတဲ့အထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး က အကျိုးကြီးတဲ့ဟာကို ရွေးလှူဖို့စိတ်နဲ့ဟောတာ မဟုတ်ပါဘူး။ အကျိုး ကွာခြားပုံကို သိစေချင်လို့ဟောတာ ဖြစ်ပါတယ်။ ယောဂီတို့အနေနဲ့ အကျိုး ကြီးတဲ့ပုဂ္ဂိုလ်ရွေးမယ်ဆိုရင် လောဘပါသွားမယ်။ အဲလိုမရွေးရဘူး။ ပုံစံ ကလေးပြမယ်။ ပါရမီထိုက်သောဒါနနဲ့ မထိုက်သောဒါန ရှင်းသွားအောင်။

"အခုယောဂီတို့ရှေ့မှာ သာသနာပမှာ ဈာန်ရနေတဲ့ရသေ့ တစ်ယောက် တွေ့နေပြီ။ တစ်ခါ ဟိုဘက်မှာလဲပဲ ခွေးကလေးတစ်ကောင်ဟာ အစာငတ်ပြီးတော့ လမ်းဘေးမှာလဲနေတယ်။ အလှူခံပုဂ္ဂိုလ်နှစ်ယောက် တွေ့ပြီ။ ဈာန်ရတဲ့ရသေ့ကိုလှူရင် ဘဝကုဋေတစ်သိန်း ချမ်းသာမယ်။ အစာ ငတ်ပြီးတော့လဲနေတဲ့ ခွေးကလေးကိုကျွေးရင် ဘဝတစ်ရာချမ်းသာမယ်။

"စီးပွားတွက်တွက်မယ်ဆိုရင်တော့ ရသေ့ကိုလှူချင်စိတ်တွေ မပေါ် နိုင်ဘူးလား။ လူအများစုဟာ အဲဒီရသေ့ကို ပုံလှူကြတယ်တဲ့။ . . . အဲဒီ အချိန်မှာ ယောဂီတို့က ဘဝကုဋေကစ်သိန်းချမ်းသာကိုပဲ ယူမယ်ဆိုပြီးတော့ ငတ်ပြီးတော့လဲနေတဲ့ ခွေးကလေး ကိုတော့ မကျွေးဘဲနဲ့ ဈာန်ရတဲ့ရသေ့ကို သွားပြီးတော့လှူလိုက်မယ်ဆိုရင်တဲ့ ယောဂီရဲ့ဒါနဟာ ပါရမီ မထိုက်သောဒါန ဖြစ်သွားတယ်။ အဲဒီဒါနဟာ နိဗ္ဗာန်မပို့တော့ဘူး။ ဘာဖြစ်လို့ ငါကောင်းစားဖို့ ဆိုတဲ့ ဒိဋ္ဌိနဲ့လောဘပါသွားလို့ပဲ။

"အဲဒီမှာ ဩော်-အလှူခံပုဂ္ဂိုလ်ချမ်းသာရင်ပြီးရော၊ ဟိုမှာက ပိုနေ တာ မလိုဘူး၊ ဒီမှာ လိုနေတဲ့ အစာမစားရရင် သေမယ့်ခွေးကလေးပဲ လှူမယ်

ဆိုရင်လဲ ယောဂီတို့ရဲ့ဒါနဟာ ပါရမီထိုက်သောဒါန၊ . . . ငါကောင်းစား ဖို့ဆိုတဲ့ ငါဆိုတဲ့ဒိဋ္ဌိလဲ မပါဘူး။ ကောင်းစားဖို့ဆိုတဲ့ လောဘလဲမပါဘူး။ ဒါကြောင့် အဲဒီဒါနရှင်ဟာ ဖြစ်ရာဘဝမှာ လူချမ်းသာ နတ်ချမ်းသာလဲ ခံစားရသလို နိဗ္ဗာန်ချမ်းသာကိုလဲ ရောက်တယ်မဟုတ်လား" ဟု ရေးသား ဖော်ပြထားပါသည်။

တရားဓမ္မဆိုင်ရာ မိမိလိုသလို တွေးခေါ်ထားမှု (ငါကောင်းစားဖို့ အလှူပေးတယ်ဟု တစ်ဖက်သတ်အမြင်) အား သံယုတ္တနိကာယ်၊ ဠက္ကသုတ္တ သုတ်မှ -

"မင်းကြီး၊ စင်စစ် သီလရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုးကြီး၏။ သီလ မရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းသည် အကျိုး မကြီး။ မင်းကြီး၊ ဤအရာ၌ သင့်ကို ငါတစ်ခုမေးအံ့။ သင်မင်းကြီး အား စစ်တိုက်ရန်အကြောင်း ဖြစ်ပေါ်နေသောအချိန်၌ လေး အတတ်ကို မကျွမ်းကျင်၍ ကြောက်ရွံ့တတ်သော လုလင်တစ်ယောက် သင့်ထံသို့ ရောက်လာခဲ့သော် သင်သည် ထိုလုလင်ကို အလိုရှိပါမည် လော"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သောအချိန်၌ လုလင်ကို အလိုရှိမည်မဟုတ်ပါ"

"မင်းကြီး၊ အကယ်၍ သင်မင်းကြီးအား စစ်တိုက်ရန် အကြောင်း ဖြစ်ပေါ်နေချိန်တွင် လေးအတတ်၌ကျွမ်းကျင်၍ ရဲရင့် သောလုလင်တစ်ဦး သင့်ထံရောက်လာခဲ့သော် သင်သည် ထိုလုလင် ကို အလိုရှိပါမည်လော"

"အရှင်ဘုရား၊ တပည့်တော်သည် ထိုကဲ့သို့သောအချိန်၌ ထိုကဲ့သို့သော လုလင်ကို အလိုရှိမည်သာ ဖြစ်ပါသည်"

"မင်းကြီး၊ ထိုနည်းတူပင် မည်သည့်အမျိုးမှမဆိုထွက်၍ ရဟန်းပြုပြီး ကာမစ္ဆန္ဒ စသော နီဝရဏငါးပါးကို ပယ်၍ ရဟန္တာတို့ ၏ဥစ္စာဖြစ်သောသီလ သမာဓိစသော အင်္ဂါ ငါးပါးနှင့်ပြည့်စုံသော ရဟန်းအား ပေးလှူအပ်သောအလှူသည် အကျိုးကြီး၏" ဟူသော

တရားကဲ့သို့ လောကမှလွတ်မြောက်လို၍ ပါရမီတို့ကို ဖြည့်ဆည်းရာ၌ သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံသော အလှူခံပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည် အလွန်အကျိုးကြီးလှပါကြောင်း၊ ပါရမီထိုက်သော ဒါနပင်ဖြစ်ပါကြောင်း ပြောကြားလိုပါ၏။

ခွေးကလေးကို လှူသောအလှူသည် စစ်တိုက်ရာတွင် လေးအတတ်ကို မကျွမ်းကျင်၍ ကြောက်ရွံ့တတ်သော လုလင်တစ်ယောက်အား လက်ရုံးပြုသကဲ့သို့ပင် ဖြစ်နေပါလိမ့်မည်။

သို့သော်လည်း ရသေ့အားလှူရာဝယ် ခွေးငယ်အားလည်း ခွဲ၍မလှူနိုင်ပါသလောဟု မေးခွန်းရှိနေ၍ မေးလိုပါသေးသည်။

အထူးသဖြင့်ကား -

မိမိလိုသလို ဆွဲယူ၍ပြောချင်သောကြောင့် အထူးထူးသောဝတ္ထုကြောင်းများကို ကြံဆ၍သော်လည်းကောင်း၊

အနုပညာဖြင့် ဖန်တီးအပ်သော ဝတ္ထုဇာတ်လမ်းများမှ မှီ၍သော်လည်းကောင်း၊

ဘုရားဟောမဟုတ်သော သီးခြားတရားများမှသော်လည်းကောင်း ထုတ်နုတ်ကိုးကားသည့်အခါတွင် -

ဗုဒ္ဓ၏ စစ်မှန်သောတရားတော်များနှင့် ကွဲလွဲဆန့်ကျင်သွားတတ်ပါကြောင်းကို သိမြင်မိသမျှ အကျိုးလိုသောစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါကြောင်း. . . ။

*၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*

## ဗုဒ္ဓဟောကြားသော နိဗ္ဗာန်တရားတော်

အခါတစ်ပါး၌ ဗုဒ္ဓသည် သမ္ဗောဓိဉာဏ်ကို ရရှိပြီးစဖြစ်၍ ဥရုဝေလတော၊ နေရဉ္ဇရာမြစ်ကမ်းရှိ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းကိန်းအောင်းနေစဉ် ဗုဒ္ဓမြတ်စွာအား ဤသို့စိတ်အကြံဖြစ်လေသည်။

"ငါသိထားသော ဤတရားကား နက်နဲ၏။ သိနိုင်မြင်နိုင်ခဲ၏။ ငြိမ်းအေးမွန်မြတ်၏။ တက္ကီပုဂ္ဂိုလ်တို့ ကျက်စားရာမဟုတ်။ သိမ်မွေ့၏။ ပညာရှိတို့သာ သိနိုင်၏။ ဤသတ္တဝါအပေါင်းကား ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍နေကြ၏။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်ခြင်းဟူသောသဘောကို သိမြင်ရန်မလွယ်။ ပြုပြင်မှုငြိမ်း၍ ဥပဓိအားလုံးကို ပယ်စွန့်ရာ၊ တဏှာရာဂကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို သိမြင်ရန် မလွယ်။ အကယ်၍ ငါတရားဟောခဲ့သော် သတ္တဝါအပေါင်းသည် နားလည်နိုင်မည်မဟုတ်။ ငါ့အား စိတ်ပင်ပန်းရုံ၊ ကိုယ်ဆင်းရဲရုံမျှသာ ဖြစ်ရာ၏။"

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားအား အလွန်အံ့ဩဖွယ်ကောင်းသော ဤဂါထာတို့သည် ရှေးကမကြားဖူးဘဲ စိတ်တော်၌ထင်လာကြသည်။

"ငါသည် ခဲယဉ်းစွာကျင့်သဖြင့် သိအပ်သောတရားကို ယခုဟောပြောခြင်းငှာ မသင့်။ ရာဂ၊ ဒေါသနှိပ်စက်ခြင်း ခံနေရသူတို့သည် ဤတရားကို အလွယ်တကူသိနိုင်မည်မဟုတ်။ အမှောင်ထုဖုံးလွှမ်း၍ ရာဂစွဲကပ်နေသူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော သံသရာရေဆန်တရားကို မြင်နိုင်ကြမည်မဟုတ်ချေ"

ယင်းသို့ ဆင်ခြင်တော်မူသော ဗုဒ္ဓမြတ်စွာ၏စိတ်သည် တရားဟောရန်မညွတ်ဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူလေသည်။

* * *

အထက်ပါတရားတော်သည်ကား သံယုတ္တနိကာယ်၊ ဗြဟ္မသံယုတ်၊ ပထမဝဂ်၊ ဗြဟ္မာယာစနသုတ်တွင် ဖော်ပြထားသောတရား ဖြစ်ပါသည်။ နိဗ္ဗာန်ရောက်ကြောင်းတရား၏ သိနိုင်ခဲပုံ၊ နက်နဲသိမ်မွေ့ပုံကို ဤတရားတော်အရ ထင်ရှားစွာ သိနိုင်ကြပါသည်။

ထိုသို့ သိမြင်နိုင်ခဲခြင်းကြောင့် နိဗ္ဗာန်နှင့်ပတ်သက်၍ အမျိုးမျိုးသော ယူဆချက်များကို ဗုဒ္ဓဟောကြားအပ်သော တရားတော်များနှင့် ကွဲလွဲစွာ ဆရာအသီးသီးတို့ ဖွင့်ဆိုလာကြသည်ကို တွေ့ရ၊ မြင်ရ၊ ဖတ်ရနာကြရသည်။

ထိုအထဲမှတချို့ကို မှတ်သား၍ ပြန်လည်ဖော်ပြပေးလိုပါသည်။ တစ်ဆက်တည်း မြတ်စွာဘုရားဟောကြားထားခဲ့သော နိဗ္ဗာန်တရားတော်များနှင့် တိုက်ဆိုင်ပြီး ဘုရားဟောနှင့် ကိုက်ညီမှုရှိ-မရှိကို စာဖတ်ပရိသတ်များ နှိုင်းချိန်နိုင်ရန် ရေးသားဖော်ပြလိုပါသည်။

* * *

ပထမဦးစွာ "နိဗ္ဗာန်အကြောင်းသိမှတ်ဖွယ်ရာ" (ဦးကံညွန့်) စာအုပ်ထဲမှ ကောက်နုတ်၍ဖော်ပြပါမည်။

## နိဗ္ဗာန်နှင့်အလင်းဓာတ်

(၁) ဘုရားဟော ၃-ကျမ်းမှ ရှင်းလင်းချက် -

(က) ဥဒါန်းပါဠိတော်လာ 'တမောတတ္ထ နဝိဇ္ဇတိ' အရ နိဗ္ဗာန်မှာ အမှောင်ဓာတ်မရှိဟု တိုက်ရိုက်ဟောထားသဖြင့် အမှောင်ဓာတ်မရှိဘဲ အလင်းဓာတ်သဘောသာရှိသည်ဟု သိသာခြင်း၊

(ခ) ဥဒါန်းပါဠိတော်၊ ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ်လာ 'နဥဘောစန္ဒိမသူရိယာ' စသော ပါဠိတော်အရ အသင်္ခတနိဗ္ဗာန်မှာ သင်္ခတနယ်ရှိနေနှင့်လတို့မှလာသော အရောင်မျိုးမရှိ၊ (အသင်္ခတ) နယ်သည် လင်းကြည်မှုသာရှိသည်ဟူသော သဘာဝပြဆိုခြင်း။

(ဂ) မူလပဏ္ဏာသပါဠိတော်၊ ဗြဟ္မနိမန္တနိကသုတ်လာ 'သဗ္ဗတောပဘံ' အရ နိဗ္ဗာန်မှာ အမှောင်ဓာတ်မရှိ၊ ထာဝစဉ် ကြည်လင်တောက်ပမှုသာရှိသည်ဟု တိုက်ရိုက် ဘုရားဟောထား ခြင်း။

ဤ ၃-ချက်ဖြင့်ပင် နိဗ္ဗာန်၏ သဘာဝဂုဏ်သတ္တိကို သိနိုင် တော့သည်။ ယခုမျက်မှောက်လောကရှိ နိဗ္ဗာန်ကိုတွေ့နိုင်သူ အရိယာဖိုလ်ကို ဝင်စားနိုင်သူတိုင်းလည်း ဘုရားဟောအတိုင်းပင် တွေ့နေ သိနေကြပါတော့သည်။

(၂) ရဟန္တာဟော ၂-ကျမ်းမှ -

(က) နေတ္တိပါဠိတော်၊ သာသနပဋ္ဌာန အသေက္ခဘာဂိယ သုတ်၌ ရဟန္တာအရှင် ကစ္စာယနမဟာထေရ်ကလည်း ဥဒါန်းပါဠိ တော် ဘုရားဟောကိုပင်ထောက်ခံပြီး 'တမောတတ္ထ နဝိဇ္ဇတိ' ဟုပင် နိဗ္ဗာန်၏ဂုဏ်သတ္တိကို ကိုယ်တွေ့အဖြစ် ဟောကြားထားပါ သည်။

(ခ) မိလိန္ဒပဉှာပါဠိတော်၊ နိဗ္ဗာနံ-ရူပသဏ္ဌာနပဉှာ၌ ရဟန္တာ အရှင် နာဂသေနမဟာထေရ်က မိလိန္ဒမင်းကြီးအား ဟောကြား ရာတွင်လည်း 'နိဗ္ဗာနံ ဥဇ္ဇောတတ္တကရံ' ဟု ဟောထားပြန်ရာ အဓိပ္ပာယ်မှာ (သင်္ခတ) နယ်သုံး ပတ္တမြားတို့သည် ထွန်းတောက်ပ ခြင်းကိုပြုနိုင်သလို၊ အသင်္ခတဓာတ်နိဗ္ဗာန်သည်လည်း ပင်ကိုသတ္တိ အရ ထွန်းတောက်ခြင်းကို ပြုနိုင်စွမ်းရှိသည်ဟု ဟောထားပြန်

သဖြင့် နိဗ္ဗာန်သည် အမှောင်ဓာတ်မဟုတ်၊ ထွန်းပနေသည့်သဘော ဟု သိနိုင်ခြင်းတို့ပင် ဖြစ်ပါသည်။

*(နိဗ္ဗာန်အကြောင်းသိမှတ်ဖွယ်ရာ၊ စာ-၈၄)*

ဥဒါန်းပါဠိတော်၊ ပဌမနိဗ္ဗာနပဋိသံယုတ္တသုတ်တွင် (အသခ်တ) နယ်သည် လင်းကြည်မှုသာရှိသည်ဟု ဘုရားဟောထားကြောင်း ဆိုထားရာ ဆဋ္ဌသင်္ဂါယနာတင် ဥဒါန်းပါဠိတော်မြန်မာပြန်၌မူ -

"ရဟန်းတို့၊ အကြင်နိဗ္ဗာန်အရပ်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် မရှိ။ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာယတန စျာန်လည်း မရှိ။ ပစ္စုပ္ပန်လောက တမလွန်လောကလည်း မရှိ။ နှစ်ပါးစုံသော လနေတို့လည်း မရှိကုန်။ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း။

"ရဟန်းတို့၊ ထိုနိဗ္ဗာန်၌လည်း တစ်စုံတစ်ခုသောဘဝမှ လာခြင်းကို ငါမဟော၊ တစ်စုံတစ်ခုသောဘဝသို့ သွားခြင်းကိုလည်း ငါမဟော၊ တစ်စုံ တစ်ခုသောအရပ်၌ တည်ခြင်းကိုလည်း ငါမဟော၊ ရွေ့လျောစုတေခြင်းကို လည်း ငါမဟော၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဟော၊ ထိုနိဗ္ဗာန် သည် တည်ရာမရှိ၊ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှု မရှိသည်သာတည်း။ ဤသဘော သည်သာ ဆင်းရဲ၏အဆုံးတည်း" ဟု ဖော်ပြထားပါသည်။

လင်းကြည်မှုဆိုသည်မှာ အလင်းရောင်နိမိတ်ဖြစ်လေရာ အာရုံပြု အပ်သောတရားသာ ဖြစ်ပါသည်။ နိဗ္ဗာန်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့သည် မတည်၊ နိဗ္ဗာန်သည် တည်ရာမရှိ၊ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှုမရှိဟု ဟောထားသည်ဖြစ်လေရာ အဘယ်မှာလျှင် လင်းကြည်သည်ဟု ဆိုရအံ့နည်း။

ထို့ပြင် မူလပဏ္ဏာသပါဠိတော်၊ ဗြဟ္မနိမန္တနိကသုတ်တွင်လည်း "နိဗ္ဗာန်သည် အမှောင်ဓာတ်မရှိဘဲ ထာဝစဉ်ကြည်လင်တောက်ပသည်ဟု ဟောကြားထားကြောင်းဆိုထားရာ ထိုကြည်လင်တောက်ပသည်" ဟု

ရေးသားဖော်ပြထားချက်သည်လည်း တရား၏အနက်ကို လွဲမှားစွာ ကောက်ယူမိခြင်းမှတစ်ပါး အခြားဖြစ်နိုင်စရာ မရှိပါ။

* * *

မေတ္တာရှင် (ရွှေပြည်သာ) ၏ "မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်" စာအုပ်တွင် စာ-၃၂ ၌

"သဗ္ဗေဓမ္မာအနတ္တာ-ကိုထောက်ပြီး နိဗ္ဗာန်ကို 'အနတ္တ' လို့ ဟောတဲ့ရေးတဲ့သူတွေ လက်ခံတဲ့သူတွေ အတော်များပါတယ်။ သဘာဝတရားနဲ့ကြည့်ရင်ကိုပဲ ဒီစကားဟာ မှားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ပုဒ်တွေဟာ ခန္ဓာငါးပါးရဲ့ အပြစ်တွေကို ပြတဲ့ပုဒ်တွေပါ။ နိဗ္ဗာန်ဟာ ခန္ဓာငါးပါး မဟုတ်ပါဘူး။ ဒါ့ကြောင့် နိဗ္ဗာန်ကို အနတ္တလို့ မဆိုသင့်ဘူးလို့ ပဏ္ဍာမအနေနဲ့ မယ်တော်တို့မှတ်ထားကြပါ" ဟု ရေးသားဖော်ပြထားပါသည်။

စာ-၃၅ တွင်လည်း -

"ဒီနေရာမှာ ဗုဒ္ဓက နိဗ္ဗာန်ကို နိစ္စ၊ သုခလို့ တိုက်ရိုက်ဟောခဲ့သော်လဲ အတ္တလို့တော့ တိုက်ရိုက်မဟောခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိတ္ထိတွေယူဆထားကြတဲ့ အတ္တခေါ် ဝိညာဉ်ကောင်နဲ့ အယူမှားသွားမှာစိုးလို့ပဲ။ နိဗ္ဗာန်ကို အတ္တလို့ ပရိယာယ်အားဖြင့်ပြောတာက ဝိညာဉ်ကောင်လို့ပြောတာ မဟုတ်ပါဘူး။ ခိုင်မြဲတဲ့ အနှစ်သာရရှိတယ်လို့ ပြောတာပါ" ဟူ၍လည်းကောင်း၊

"လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ (၃+၄)" စာ-၄၁၊ ၄၂ တွင် -

"သင်္ခတတရားသည် အနိစ္စ အမြဲမရှိ။
အသင်္ခတတရားသည် နိစ္စ အမြဲရှိ၏။
သင်္ခတတရားသည် ဒုက္ခ ဆင်းရဲ၏။
အသင်္ခတတရားသည် သုခ ချမ်းသာ၏။

သင်္ခတတရားသည် အနတ္တ အနှစ်သာရမရှိ။
အသင်္ခတတရားသည် အတ္တ အနှစ်သာရရှိ၏။
တိတိကျကျ ပြည့်ပြည့်စုံစုံဆိုလျှင် ဤကဲ့သို့ ဟောရမည်ဖြစ်၏" ဟူ၍လည်းကောင်း ရေးသားထားပါသည်။

ထိုအယူတို့မှာ ဘုရားဟောနှင့် ကိုက်ညီမှုမရှိဟု မြင်မိပါ၏။

အင်္ဂုတ္တရနိကာယ်၊ ဒုတိယအဘဗ္ဗဋ္ဌာနသုတ်တွင် မြတ်စွာဘုရားသည် "အမြင်မှန်နှင့်ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည်- (၁) တစ်စုံတစ်ခုသော သင်္ခါရကို နိစ္စဟုချဉ်းကပ်ရှုခြင်းငှာ မထိုက်၊ (၂) တစ်စုံတစ်ခုသော သင်္ခါရကို သုခဟု ချဉ်းကပ်ခြင်းငှာ မထိုက်၊ (၃) တစ်စုံတစ်ခုသော သဘာဝဓမ္မကို အတ္တဟု ချဉ်းကပ်ခြင်းငှာ မထိုက်၊ . . . . . (၆) သာသနာ၏ပြင်ပ၌ အလှူခံပုဂ္ဂိုလ်မြတ်ကို ရှာခြင်းငှာ မထိုက်" စသည်ဖြင့် ဟောကြားခဲ့ပါသည်။

ထို့ကြောင့် တစ်စုံတစ်ခုသော သဘာဝဓမ္မဟု ဟောကြားရာတွင် ယင်းသဘာဝဓမ္မများ၌ ပရမတ္ထသစ္စာများဖြစ်ကြသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော တရားလေးပါးစလုံး ပါဝင်သည်ဟု ကောက်ယူရမည်ဖြစ်ပါသည်။ နိဗ္ဗာန်ကို အတ္တဟု ချဉ်းကပ်ခြင်းငှာမထိုက်ဟု ဆိုလိုပါသည်။

သံယုတ္တနိကာယ် အသင်္ခတသံယုတ်တွင် နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားခဲ့ရာ၌ နိဗ္ဗာန်ကို -

"အသင်္ခတ-အကြောင်းတရားများက ပြုလုပ်ဖန်တီး၍ မရသောတရား၊ အနတ-တဏှာဟူသော တိမ်းညွတ်ခြင်းမရှိရာ၊ အနာသဝ-အာသဝေါတရားလေးပါးကင်းရာ၊ သစ္စ-မှန်ကန်သောတရား၊ ပါရ-ဟိုဘက်ကမ်း၊ နိပုဏ-သိမ်မွေ့သောတရား၊ သုဒုဒ္ဒသ-အလွန်မြင်နိုင်ခဲသောတရား၊ အဇဇ္ဇရ-ဆွေးမြည့်ခြင်းမရှိသောတရား၊ ဓုဝ-ခိုင်မြဲသောတရား၊ အပလောကိတ-ပျက်စီးခြင်းမရှိသောတရား၊ အနိဒဿန-မျက်စိဖြင့်မမြင်ရသောတရား၊ နိပ္ပပဉ္စ-ပပဉ္စတရားသုံးပါးမရှိရာ၊ သန္တ-ငြိမ်းချမ်းသောတရား၊ အမတ-သေခြင်းမရှိသောတရား၊ ပဏီတ-မွန်မြတ်သောတရား၊ သိဝ-အေးချမ်းသောတရား၊ ခေမ-ဘေးကင်းသောတရား၊ တဏှာက္ခယ-တဏှာကုန်ရာ၊

အစ္စရိယ-အံ့ချီးထိုက်သောတရား၊ အဗ္ဘုတ တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်ပါဘဲလျက် ထင်ရှားရှိသောတရား၊ အနီတိက-ဆင်းရဲမရှိသောတရား၊ အနီတိကဓမ္မ-ဆင်းရဲခြင်းသဘောမရှိသောတရား၊ နိဗ္ဗာန-ငြိမ်းအေးရာ၊ အဗျာပဇ္ဈ-ဆင်းရဲခြင်းမရှိရာ၊ ဝိရာဂ-ရာဂကင်းရာ၊ သုဒ္ဓိ-စင်ကြယ်သောတရား၊ ဝိမုတ္တိ-လွတ်မြောက်ရာ၊ အနာလယ-ကပ်ငြိခြင်းမရှိရာ၊ ဒီပ-ကိုင်းကျွန်းသဖွယ်ဖြစ်သောတရား၊ လေဏ-ပုန်းအောင်းရာဖြစ်သောတရား၊ တာဏ-စောင့်ရှောက်ရာဖြစ်သောတရား၊ သရဏ-ဘေးကိုဖျက်ဆီးတတ်သောတရား၊ ပရာယန-လဲလျောင်းရာဖြစ်သောတရား" အစရှိသည့် ပရိယာယ်ဝေါဟာရ ၃၃-ပုဒ်ဖြင့် ဟောကြားခဲ့ရာတွင် "အသင်္ခတတရားသည် အတ္တ-အနှစ်သာရရှိသည်" ဟူ၍ မဟောသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

* * *

အဗျာကတသံယုတ်၊ အာနန္ဒသုတ်တွင် -

အခါတစ်ပါး၌ ဝစ္ဆဂေါတ္တပရိဗိုဇ်သည် ဗုဒ္ဓထံချဉ်းကပ်၍ -

"အတ္တသည် ရှိပါသလော" ဟုမေးရာ ဗုဒ္ဓက ဆိတ်ဆိတ်နေ၏။

"အတ္တသည် မရှိပါသလော" ဟု မေးသောအခါလည်း ဆိတ်ဆိတ်ပင် နေ၏။ ဝစ္ဆဂေါတ္တ ထွက်ခွာသွားသောအခါ ရှင်အာနန္ဒာသည် ဗုဒ္ဓအား-

"အဘယ့်ကြောင့် ဝစ္ဆဂေါတ္တ၏အမေးကို မဖြေကြားပါသနည်း" ဟု မေးလျှောက်၏။ ထိုအခါ ဗုဒ္ဓက အောက်ပါအတိုင်း ဖြေကြား၏။

"အာနန္ဒာ၊ အတ္တသည်ရှိ၏ဟုဖြေခဲ့သော် ငါ၏အဖြေသည် သဿတအယူရှိသူတို့နှင့် တူရာ၏။ အတ္တသည် မရှိဟုဖြေခဲ့သော် ငါ၏အယူသည် ဥစ္ဆေဒအယူရှိသူတို့နှင့် တူရာ၏။ ထို့ပြင် အတ္တသည်ရှိ၏ဟုဖြေခဲ့သော် ငါ၏အဖြေသည် 'အလုံးစုံသောတရားတို့သည် အနတ္တဖြစ်ကုန်၏' ဟူ၍ အသိဉာဏ်ဖြစ်ခြင်းငှာ မလျော်သည်ဖြစ်ရာ၏။ အတ္တသည် မရှိဟုဖြေခဲ့သော် ဝစ္ဆဂေါတ္တအား 'ငါ၏အတ္တသည် ရှေးကရှိခဲ့ပြီး ယခုမရှိတော့ပြီလော' ဟူ၍

အလွန်အကဲတွေဝေခြင်းငှာ ဖြစ်ရာ၏”ဟု ဟောကြားသည်ကို ဆင်ခြင်သော် ‘သဗ္ဗေဓမ္မာအနတ္တာ’ ၌ နိဗ္ဗာန်တရားလည်း ပါဝင်ကြောင်း သတိပြုနိုင်လိမ့်မည် ဖြစ်ပါသည်။ (နိဗ္ဗာန်သည် အနတ္တဖြစ်၏ဟူ၍ အသိဉာဏ်ဖြစ်ခြင်းငှာ လျော်စေလိုသောကြောင့် အတ္တရှိ၏ဟုမဖြေကြောင်း ဆိုလိုပါသည်။)

* * *

မူလပရိယာယသုတ်တွင်လည်း မြတ်စွာဘုရားသည် ခပ်သိမ်းသော တရားတို့၏ အကြောင်းရင်းမူလကို ရဟန်းငါးရာတို့အား ဟောကြားရာတွင် ရဟန္တာတို့၏အမြင်အား အောက်ပါအတိုင်း ဟောကြားပါသည်။

“ရဟန်းတို့ အာသဝေါကုန်ပြီးသော ကျင့်သုံးဖွယ်ဟူသမျှကို ကျင့်သုံးပြီးသော၊ ပြုဖွယ်ကိစ္စရှိသမျှကို ပြုလုပ်ပြီးသော၊ ဝန်ထုပ်ဝန်ပိုးကို ချထားပြီးသော၊ ကိုယ်ပိုင်အကျိုးကို ရရှိပြီးသော၊ ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူးသိ၏။

“ပထဝီဓာတ်ကို ပထဝီဓာတ်ဟု အထူးသိ၍ ထိုပထဝီဓာတ်ကို ‘ငါ၊ ငါ့ဟာ’ ဟု မကြံ။ ငါသည် ပထဝီဓာတ်၌တည်၏ဟု မကြံ။ ငါသည် ပထဝီဓာတ်မှ ဖြစ်ပေါ်လာ၏ဟု မကြံ။ ပထဝီဓာတ်ကို ‘ငါ့ဟာ’ ဟု မကြံ။ ပထဝီဓာတ်ကို လွန်စွာမနှစ်သက်၊ အဘယ့်ကြောင့်ဆိုသော် ထိုရဟန္တာရဟန်းသည် ပထဝီဓာတ်ကို ကောင်းစွာဝေဖန်ပိုင်းခြား၍သိပြီး ဖြစ်သောကြောင့်ပေတည်း။

“ရဟန်းတို့ အာသဝေါကုန်ပြီးသော (ပ) ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည် အာပေါဓာတ်. . . တေဇောဓာတ်. . . ဝါယောဓာတ်ကို ဝါယောဓာတ်ဟု အထူးသိ၏။ လူစသော သတ္တဝါ. . စတုမဟာရာဇ်စသော နတ်. . မာရ်နတ်. . ဗြဟ္မာတို့ကို ဗြဟ္မာဟု အထူးသိ၏။ . . မြင်အပ်သောအာရုံ. . ကြားအပ်သောအာရုံ. . တွေ့သိအပ်သောအာရုံ. . . ကြံသိအပ်သောအာရုံကို ကြံသိအပ်သောအာရုံဟု အထူးသိ၏။

"တစ်မျိုးတည်းဖြစ်ခြင်း (ဧကတ္တ) အမျိုးမျိုးဖြစ်ခြင်း (နာနတ္တ)၊ အလုံးစုံသောသက္ကာယကို အလုံးစုံဟု အထူးသိ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟုအထူးသိ၍ ထိုနိဗ္ဗာန်ကို 'ငါ၊ ငါ့ဟာ' ဟု မကြံ။ 'ငါသည် နိဗ္ဗာန်၌တည်၏' ဟု မကြံ။ 'ငါသည် နိဗ္ဗာန်မှဖြစ်ပေါ်လာ၏' ဟု မကြံ။ ထိုနိဗ္ဗာန်ကို ငါ့ဟာဟု မကြံ။ နိဗ္ဗာန်ကို လွန်စွာမနှစ်သက်။ အဘယ်ကြောင့်ဆိုသော် ထိုရဟန္တာရဟန်းသည် နိဗ္ဗာန်ကို ကောင်းစွာ ဝေဖန်ပိုင်းခြား၍ သိပြီးဖြစ်သောကြောင့်လည်းကောင်း၊ ရာဂ၊ ဒေါသ၊ မောဟတို့ကုန်ခန်း၍ ရာဂ၊ ဒေါသ၊ မောဟကင်းစင်သူဖြစ်သောကြောင့် လည်းကောင်း ဖြစ်ပေ၏" ဟူ၍ ဟောကြားထားသည်ကို ထောက်ချင့်၍လည်း နိဗ္ဗာန်ကို အတ္တဟုမယူအပ်ကြောင်း ပို၍သာလျှင် ထင်ရှားပါသည်။

* * *

အသင်္ခတတရားကို သုခချမ်းသာဟုဆိုရာ၌ သုခဝေဒနာကို ခံစားရသည်ဖြစ်၍ သုခချမ်းသာဟု ဟောခြင်းမဟုတ်ပေ။ ထိုအကြောင်းကို ဝေဒနာသံယုတ်၊ ပဉ္စကင်္ဂသုတ်တွင် -

"အာနန္ဒာ၊ ရဟန်းဂေါတမသည် 'သညာဝေဒနာတို့၏ချုပ်ခြင်း (နိရောဓသမာပတ်) ကို ချမ်းသာဟူ၍ ပညတ်၏။ ထိုသညာဝေဒနာတို့၏ ချုပ်ခြင်းသည် အဘယ့်ကြောင့် ချမ်းသာသနည်း။ အဘယ်သို့ချမ်းသာသနည်း' ဟူ၍ အယူတစ်ပါးရှိသော ပရိဗိုဇ်တို့က ပြောဆိုဖွယ်အကြောင်းရှိ၏။

"အာနန္ဒာ၊ ဤသို့ပြောဆိုသော ပရိဗိုဇ်တို့ကို 'ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် ချမ်းသာခံစားမှုကိုသာလျှင်ရည်ရွယ်၍ ချမ်းသာဟုပညတ်သည် မဟုတ်၊ အကြင်အကြင်အရာ၌ ချမ်းသာခြင်းကို ရအပ်၏။ ထိုထိုအရာကို ချမ်းသာဟူ၍ မြတ်စွာဘုရားသည် ပညတ်တော်မူ၏' ဟု တုံ့ပြန်ပြောဆိုကြကုန်လော့" ဟု ဟောကြားထားခဲ့သည်ကိုကြည့်လျှင် သိနိုင်ပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သော နိဗ္ဗာန်တရားတော်သည် လွန်စွာ သိမ်မွေ့၍ မြင်နိုင်ခဲသည်ဟုဆိုခြင်းမှာ မှန်ကန်လှကြောင်းကို ယခုကဲ့သို့

တွေဝေဖွယ်၊ အငြင်းပွားဖွယ် အမြွက်ဝါဒများက တရားစစ်တရားမှန်သဖွယ် ဝင်ရောက်ထိုးဖောက်လာနေခြင်းကိုကြည့်လျှင် ထင်ရှားစွာသိရပါတော့သည်။

ထိုစာအုပ် (လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ၊ အတွဲ ၃+၄)၊ စာ-၅၀ တွင် -

> "ဂုဏ်ဟူသည် ဂုဏောမှ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ဂုဏ်ရှိလျှင် ဂုဏောရှိသည်ဟု မှတ်အပ်၏။ ဂုဏောဟူသည် ပုဂ္ဂိုလ်၊ ဒြပ်သဘောတရား အရာဝတ္ထုတစ်ခုခု ဖြစ်၏. . . . . ဖော်ပြထားသော ၃၂-မျိုးသော ဂုဏ်တို့သည် နိဗ္ဗာန်ဟူသောဂုဏောမှ ထွက်ပေါ်လာခြင်း ဖြစ်၏။ နိဗ္ဗာန်ဟူသော ဂုဏောမရှိဘဲနှင့် ထိုဂုဏ် ၃၂-ပါး ထွက်ပေါ်မလာနိုင်ပေ" ဟုလည်း ရေးသားဖော်ပြထားပါသည်။

ထိုရေးသားချက်အရ နိဗ္ဗာန်ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၊ ဒြပ်သဘောတရားတစ်ခု၊ အရာဝတ္ထုတစ်ခု ဖြစ်နေပြန်ပါသည်။

ဥဒါန်းပါဠိတော် မြန်မာပြန်၊ တတိယနိဗ္ဗာန ပဋိသံယုတ္တသုတ်တွင် မြတ်စွာဘုရားသည် -

"ရဟန်းတို့၊ ဖြစ်ပေါ်မှုမရှိသော၊ ထင်ရှားဖြစ်နေမှုမရှိသော၊ ပြုလုပ်ထားမှုမရှိသော၊ စီရင်ထားမှုမရှိသော နိဗ္ဗာန်သည် ရှိ၏။ ရဟန်းတို့၊ ဖြစ်ပေါ်မှုမရှိသော၊ ထင်ရှားဖြစ်နေမှုမရှိသော၊ ပြုလုပ်ထားမှုမရှိသော၊ စီရင်ထားမှုမရှိသော ထိုနိဗ္ဗာန်သည် အကယ်၍မရှိပါမူ ဤလောက၌ ဖြစ်ပေါ်လာမှု၊ ထင်ရှားဖြစ်နေမှု၊ ပြုလုပ်ထားမှု၊ စီရင်ထားမှုသဘောရှိသော ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် မထင်ရှားရာ။

"ရဟန်းတို့၊ အကြောင်းကြောင့် ဖြစ်ပေါ်လာမှုမရှိသော၊ ထင်ရှားဖြစ်နေမှုမရှိသော၊ ပြုလုပ်ထားမှု၊ မရှိသော၊ စီရင်ထားမှုမရှိသော ထိုနိဗ္ဗာန်သည် ရှိ၏။ ထို့ကြောင့်သာ ဖြစ်ပေါ်လာမှု၊ ထင်ရှားဖြစ်နေမှု၊ ပြုလုပ်ထားမှု၊ စီရင်ထားမှု ခန္ဓာပဉ္စကမှ ထွက်မြောက်ရာသည် ထင်ရှား၏" ဟု ဥဒါန်းကျူးရင့်

တော်မူသောတရားကို ဖော်ပြထားရာ နိဗ္ဗာန်သည် မရှိသောတရားမဟုတ်၊ ထင်ရှားရှိနေသောတရား ဖြစ်ပါသည်။

သို့သော်လည်း ထိုနိဗ္ဗာန်၌ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှုမရှိ၊ တည်ရာမရှိသည် ဖြစ်လေရာဘုံဌာန၊ ပုဂ္ဂိုလ်၊ ဒြပ်သဘောတရား၊ အရာဝတ္ထုတစ်ခုခုဟု ယူဆရန်ကား မသင့်ပြီ။

လောကသည် များသောအားဖြင့် ရှိခြင်း-မရှိခြင်းဟူသော တရားနှစ်ပါးကို မှီ၍နေပါ၏။ လောကဖြစ်ပေါ်ကြောင်းကို အမှန်အတိုင်း ပညာဖြင့်ကောင်းစွာမြင်သည်ရှိသော် လောက၌ မရှိခြင်းဟူသောအယူသည် မဖြစ်။ လောကချုပ်ငြိမ်းရာကို အမှန်အတိုင်း ပညာဖြင့် ကောင်းစွာသိမြင်သော် လောက၌ ရှိခြင်းဟူသောအယူသည် မဖြစ်တော့ပါ။

အားလုံးရှိသည်ဟူသောအယူသည် အစွန်းတစ်ခုဖြစ်ပြီး အားလုံးမရှိဟူသောအယူသည် အစွန်းတစ်ခု ဖြစ်ပါသည်။ အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မြဲ၏ဆိုသောအယူနှင့် အတ္တသည်လည်းကောင်း၊ လောကသည်လည်းကောင်း မမြဲဆိုသောအယူစသည်တို့သည် မိစ္ဆာအယူများသာလျှင် ဖြစ်ကြပါသည်။

မြတ်စွာဘုရား၏တရားသည်ကား ယင်းအစွန်းနှစ်ပါးသို့ မကပ်ရောက်ဘဲ အဝိဇ္ဇာကြောင့် သင်္ခါရသည်ဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်သည်ဖြစ်၏ စသည်ဖြင့် တည့်မတ်စွာဟောကြားထားသောတရားတော် ဖြစ်ပါသည်။

*၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ၊ ဓမ္မရံသီမဂ္ဂဇင်း*

## ကာမဂုဏ်တို့၏အပြစ်များနှင့် မက်ဖွယ်ချမ်းသာ

"ငါးဖြာအာရုံ ကာမဂုဏ်လား၊ ခြောက်ဖြာအာရုံ ကာမဂုဏ်လား။ ကာမဂုဏ်ချမ်းသာလို့ ဆိုလိုက်လို့ရှိရင် ခြောက်မျိုးရှိပါတယ်။ အဆင်းမျိုးစုံကို ခံစားတဲ့ချမ်းသာ၊ အသံမျိုးစုံကို ခံစားတဲ့ချမ်းသာ၊ အနံ့မျိုးစုံကိုခံစားတဲ့ ချမ်းသာ၊ အရသာမျိုးစုံကိုခံစားတဲ့ ချမ်းသာ၊ အထိအတွေ့မျိုးစုံကိုခံစားတဲ့ ချမ်းသာ၊ အတွေးအကြံမျိုးစုံကိုခံစားတဲ့ချမ်းသာလို့ ကာမဂုဏ်ချမ်းသာ ခြောက်မျိုးရှိပါတယ်။ . . အပြည့်အစုံပြောမယ်ဆိုရင်တော့ အာရုံခြောက်ပါး ကာမဂုဏ်တရား၊ ခြောက်ဖြာအာရုံကာမဂုဏ် ဖြစ်ပါတယ်" ဟု ရှင်းလင်းထားသော တရားဆောင်းပါးကို ဖတ်မိလိုက်ပါသည်။

ယခင်က ကာမဂုဏ်ဟုဆိုလျှင် ငါးပါးသာဖြစ်ကြောင်းကို နားလည်သဘောပေါက်ထားရာမှ ယခုကဲ့သို့ ကာမဂုဏ်ဆိုတာ ခြောက်ပါးရှိတယ်ဟု ရေးသားဟောပြောလာသည်ကို တွေ့ရသောအခါ မိမိစိတ်၌ ရှင်းရှင်းလင်းလင်း ခွဲခွဲခြားခြား သိရှိနိုင်စေရန် တရားစာအုပ်များတွင် ပြန်လည်ရှာဖွေ ဖတ်ရှုမိပါသည်။ ထိုအခါမိမိတွေ့ရသော မြတ်စွာဘုရား၏ တရားတော်များကို ပြန်လည်ဖော်ပြပေးလိုစိတ် ဖြစ်လာပါသည်။

သံယုတ္တနိကာယ်၊ နသန္တိသုတ်တွင် "ခန္ဓာငါးပါးသည် လိုချင်မှုကြောင့် ဖြစ်၏။ ဆင်းရဲသည် လိုချင်မှုကြောင့်ဖြစ်၏။ လိုချင်မှုကိုဖျောက်လျှင် ခန္ဓာငါးပါး ပျောက်၏။ ခန္ဓာငါးပါးပျောက်လျှင် ဆင်းရဲပျောက်၏။ လောက၌ ဆန်းကြယ်သောအာရုံတို့သည် ကာမဂုဏ်မဟုတ်။ သတ္တဝါတို့၏ ကြံစည်တပ်မက်မှုသည်သာလျှင် ကာမဂုဏ်ဖြစ်၏။ လောက၌ ဆန်းကြယ်သော

အာရုံတို့သည် အစဉ်တည်ရှိနေကုန်သည်သာ ဖြစ်၏။ စင်စစ် ပညာရှိတို့သည် ထိုအာရုံတို့၌ လိုချင်မှုကို ပယ်ဖျောက်ကြကုန်၏" ဟု ဗုဒ္ဓဟောကြားထားပါသည်။ ၎င်းတရားတော်၌ သတ္တဝါတို့၏ ကြံစည်တပ်မက်မှုကိုသာလျှင် ကာမဂုဏ်ဟု ဟောပြောထားပါသည်။

ထို့ပြင် မဇ္ဈိမနိကာယ်၊ မဟာဒုက္ခက္ခန္ဓသုတ်တွင် "ရဟန်းတို့၊ ကာမဂုဏ်တို့၏ သာယာဖွယ်ဟူသည် အဘယ်နည်းဆိုသော် ကာမဂုဏ်တို့သည် လိုလားအပ်၊ နှစ်သက်မြတ်နိုးအပ်သည်ဖြစ်၍ ချစ်ခင်ဖွယ်၊ တပ်စွန်းဖွယ်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဟူ၍ ငါးပါးရှိ၏။ ကာမဂုဏ်ငါးပါးကို အစွဲပြု၍ဖြစ်သော ချမ်းသာခြင်း၊ ဝမ်းမြောက်ခြင်းသည် ကာမဂုဏ်တို့၏သာယာဖွယ် ဖြစ်၏" ဟု ဟောကြားထားပါသည်။ ချစ်ခင်နှစ်သက် တပ်စွန်းဖွယ်ဖြစ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့၌ ကြံစည်တပ်မက်ခြင်းကိုသာလျှင် ကာမဂုဏ်ဟု ခေါ်ဝေါ်သည်မှာ ရှင်းနေပါသည်။

ထို့ကြောင့် နှစ်သက်တပ်စွန်းဖွယ်ဖြစ်သော အတွေးအကြံမျိုးစုံကို နောက်ထပ်ကာမဂုဏ်တစ်ပါးအဖြစ် ထပ်တိုး၍ ကာမဂုဏ်ခြောက်ပါးဟု ဆိုသော် မည်သို့လျှင် ထူးခြားမည်နည်း။ အတွေးအကြံမျိုးစုံကို ခံစားခြင်းတည်းဟူသော ကာမဂုဏ်ဟူ၍ တစ်ပါးပြုပြီး ထပ်တိုးသော် တူသောသဘောကိုသာလျှင် ထပ်တိုးလိုက်ခြင်းသာ ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ဘာကိုကြံစည်တပ်မက်ပါသနည်းဆိုလျှင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့ကို ကြံစည်ခြင်းသာလျှင်ဖြစ်ရာ ထိုတရားငါးမျိုးကိုသာလျှင် ကာမဂုဏ်ငါးပါးဟု ခေါ်ပါသည်။ စင်စစ်အားဖြင့် ကာမဂုဏ်ခြောက်ပါးအကြောင်းရေးသားချက်တွင် ကာမအာရုံခြောက်ပါးနှင့် ကာမဂုဏ်ငါးပါးတို့ကို ခွဲခြား၍ မသိဘဲ ရောယှက်နေခြင်းမျှသာဖြစ်ကြောင်း တွေ့ရပါသည်။

သို့ဖြစ်၍ ကာမဂုဏ်တို့မှာ ခြောက်ပါးမဟုတ်မူဘဲ ငါးပါးသာဖြစ်ပြီး ၎င်းငါးပါးသည် မြတ်စွာဘုရား၏ တရားတော်များနှင့် မကွဲလွဲပါသောကြောင့် မူလဘုရားဟောအတိုင်း ကာမဂုဏ်တို့ကို ငါးပါးဟုသာ မှတ်ယူသင့်ပါသည်။

ကာမအာရုံခြောက်ပါးတို့တွင် ဂုဏမည်ထိုက်သော ကာမအာရုံတရား၊ ဂုဏမမည်သော ကာမအာရုံတရားဟူ၍ နှစ်မျိုးရှိပါသည်။ ဂုဏမမည်သော ကာမအာရုံတရားတို့ကို "ကာမဂုဏ်" ဟု မြတ်ဗုဒ္ဓမဟောပါ။ ဂုဏမည်ထိုက်သော ကာမအာရုံတရားတို့ကိုသာလျှင် "ကာမဂုဏ်" ဟု မြတ်ဗုဒ္ဓ ဟောတော်မူပါသည်။

* * *

ထို့ပြင် တစ်ဆက်တည်း ကာမဂုဏ်တို့၏အပြစ်ကိုလည်း ကူးယူဖော်ပြပေးလိုပါသည်။ အကြောင်းမှာ "ယခုခေတ် တရားဟောပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်အကြောင်းချည်း စွတ်ဟောနေ၍မဖြစ်တော့။ အဓိက မေတ္တာ၊ ကရုဏာထားရှိရေး မေတ္တာကရုဏာထားတတ်ဖို့ ဇောင်းပေးပြောစေချင်ပါသည်။ ဟောပြောပေးရပါလိမ့်မည်။ ကိုယ်မှတကယ်မလိုချင်သည့် နိဗ္ဗာန်ကြီးကို သူများဆီကို ဇွတ်အတင်းထိုးပေးနေတာကတော့ သဘာဝကျ-မကျစဉ်းစားစရာပင်" ဟူ၍ လှုံ့ဆော်ထားသော 'အတွေးအမြင်' (၂၀၁၁၊ ဇွန်လ) ပါ ဆောင်းပါးတစ်ပုဒ်ကြောင့်လည်းကောင်း၊ "ဗန်းမော်ဆရာတော်၏ စွယ်စုံပုံပြင်များ (နေဘုန်းဝေ)" စာအုပ်တွင် ဖော်ပြပါရှိသော 'နောက်တစ်ခါက်မှ လိုက်ပါရစေ' ဟူသောပုံပြင်၌ -

တစ်နေ့သ၌ ဗန်းမော်ဆရာတော် စကြံလျှောက်နေစဉ် ဒကာတစ်ဦး ဝင်ရောက်လာပြီး ဆရာတော်အား ဝတ်ဖြည့်လေသည်။ ထို့နောက် ဒကာက "ဆရာတော်ဘုရား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းဟာ နောက်ဆုံးရည်မှန်းချက်အနေနဲ့ နိဗ္ဗာန်ဆိုတာကို မျှော်မှောက်ပြုကြပါတယ်ဘုရား။ တပည့်တော်လဲ ဗုဒ္ဓဘာသာဝင်တစ်ယောက်မို့ နိဗ္ဗာန်ကိုပဲ ရည်စူးမျှော်မှောက်ပြုလိုပါတယ်။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားပေးတော်မူပါဘုရား" ဟု စကတည်းကယဉ်သကိုဇာတ်လမ်းမျိုး ခင်းလာသည်။ အများကြားကောင်းအောင်၊ လူအထင်ကြီးအောင် စကားကြီးစကားကျယ်တွေ ပြောလာခြင်းဖြစ်ကြောင်း ဆရာတော် ရိပ်စားမိလိုက်၏။

"နေပါဦးဒကာကြီးရဲ့၊ နိဗ္ဗာန်ဆိုတာကို ဒကာကြီးက တကယ်ပဲ လိုချင်တာလား။ သူတကာတွေ တောင်းတောင်းနေတာကြားလို့ ဘသား ယိမ်းလိုက် ရောယိမ်းလိုက်တောင်းတာလား"

"တပည့်တော် တကယ်ပဲလိုချင်လို့ တောင်းတာပါဘုရား"

"ဟုတ်ပြီ၊ ဒကာ့ကို ဘုန်းကြီးမေးမယ်နော်၊ မှန်တဲ့အတိုင်းသာဖြေ"

"တင်ပါ့ဘုရား"

"ဒကာကြီးအနေနဲ့ နိဗ္ဗာန်ကိုသွားတော့မယ်ဆိုရင် သားမယားစတဲ့ လောကီစည်းစိမ်တွေအားလုံးကို စွန့်လွှတ်နိုင်ပါ့မလား"

"မစွန့်လွှတ်ဘဲ ဘယ်နေပါ့မလဲဘုရား။ နိဗ္ဗာန်သာရလို့ကတော့ အဲသည်လောကီစည်းစိမ်တွေအားလုံး စွန့်လွှတ်တာပေါ့ဘုရား"

"စကားကို အလွယ်မပြောပါနဲ့ဒကာကြီး။ ကြမ်းကျွံရင် နုတ်လို့ရပေမဲ့ စကားကျွံရင် နုတ်ဖို့ဆိုတာခက်တယ်။ အခု နိဗ္ဗာန်ဆိုတဲ့ကိစ္စဟာလဲ အပြော လွယ်သလောက် လက်တွေ့ကျတော့ ခက်ပါတယ်ဒကာကြီး။ တော်ကြာ ရွှေပန်းတောက မောင်ညွန့်တင်လို 'နောက်တစ်ခေါက်မှလိုက်ပါရစေ' ဖြစ်နေ ဦးမယ်နော်"

"ဘယ်လိုများ နောက်တစ်ခေါက်မှလိုက်ပါရစေလဲဘုရား။ တပည့် တော်နားရှင်းအောင် မိန့်ကြားတော်မူပါဘုရား"

ပုံပြင်အကျဉ်းချုပ်မှာ - ရွာဦးစေတီမှာ နိဗ္ဗာန်ဆု သွားသွားတောင်း တတ်တဲ့ မောင်ညွန့်တင်အား အစအနောက်သန်သောလူတစ်ဦးက ဇာတ်ထဲ က နတ်ဝတ်နတ်စားများဝတ်ကာ ဘုရားဆင်းတုနောက်တွင် ပုန်းနေပြီး မောင်ညွန့်တင်လာပြီး ဘုရားရှိခိုးသောအခါ ကိုယ်ထင်ပြ၍ "နိဗ္ဗာန်ကို ယခုခေါ်သွားမည် လိုက်မလား" ဟု မေးကြောင်း၊ ထိုအခါ မောင်ညွန့်တင်မှာ "အိမ်ကမယားနှင့် ပြန်တိုင်ပင်ပါဦးမည်" ဟုဆိုကာ ပြန်မလာတော့ကြောင်း။

"ပုံပြင်ကလေးကတော့ ဒါပဲဒကာကြီး။ ရွှေပန်းတောက မောင်ညွန့်တင် ကတော့ နတ်မင်းနဲ့ထပ်တွေ့ရင် နိဗ္ဗာန်ကိုလိုက်ရမှာစိုးလို့ ရွာဦးထိပ်က စေတီရှိရာတောင် ခြေဦးမလှည့်တော့ဘူး။ ဒီတော့ ဒကာကြီးလဲ နိဗ္ဗာန်ဆုကို

အမှန်တကယ်လိုချင်တယ်ဆိုရင် ရွှေပန်းတောကမောင်ညွန့်တင်လို အဖျားရှူး မသွားစေနဲ့ပဲတယ်လား" ဟူ၍ ရေးသားဖော်ပြထားသောကြောင့်လည်း ကောင်း၊ တရားဟောကြားဆုံးမရာမရောက်သော၊ တရားအဆုံးအမ မဟုတ်သော ဆုံးမပုံများကြောင့် နိဗ္ဗာန်တည်းဟူသော မွန်မြတ်သော အသခ်တ ဓာတ် အစစ်အမှန်တရားအပေါ်၌ နားလည်မှုလွဲမှားနိုင်ခြင်းတည်းဟူသော အပြစ်များကို တွေ့မြင်ရပါသဖြင့် ကာမဂုဏ်တို့၏အပြစ်ကို ရွေးထုတ် ဖော်ပြ ပေးလိုခြင်းဖြစ်ပါသည်။

* * *

ထိုမဟာဒုက္ခက္ခန္ဓသုတ်တွင် "ရဟန်းတို့၊ ကာမဂုဏ်တို့၏အပြစ် ဟူသည် အဘယ်နည်းဆိုသော် ဤလောက၌ အမျိုးကောင်းသားတစ်ယောက် သည် တစ်စုံတစ်ခုသောအတတ်ပညာဖြင့် အသက်မွေးမှုကိုပြု၏။ လယ်ထွန် ခြင်း၊ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ လေးမြားအတတ်၊ မင်းမှုထမ်းခြင်းစသော တစ်စုံတစ်ခုသောအတတ်ပညာဖြင့် အပူဒဏ်၊ အအေးဒဏ်၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေကင်းသန်းတို့၏ ကိုက်ခဲထိတွေ့မှု၊ ဆာလောင်မွတ်သိပ်မှုတို့ကို ခံလျက် အသက်မွေးခြင်းကိုပြုလုပ်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကိုခံစားရခြင်းသည် ကာမဂုဏ် တို့၏အပြစ် ဖြစ်၏။

"ရဟန်းတို့၊ ဤသို့လုံ့လစိုက်ထုတ်လုပ်ကိုင်သော အမျိုးကောင်းသား အား ပစ္စည်းဥစ္စာများ တိုးပွားဖြစ်ထွန်းခြင်းမရှိခဲ့သော် ထိုအမျိုးကောင်းသား သည် 'ငါ၏ကြိုးစားအားထုတ်မှုကား အချည်းနှီးဖြစ်ချေပြီတကား' ဟူ၍ ဝမ်းနည်းပူဆွေးခြင်းသို့ ရောက်ရ၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ဆင်းရဲမှုကို ခံစားရခြင်းသည် ကာမဂုဏ် တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ဤသို့လုံ့လစိုက်ထုတ်လုပ်ကိုင်သော အမျိုးကောင်းသား အား ပစ္စည်းဥစ္စာများ တိုးပွားဖြစ်ထွန်းခဲ့သော် ထိုအမျိုးကောင်းသားသည်

ပစ္စည်းဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ လုယက်ဖျက်ဆီးခြင်း မပြုနိုင်စေရန် ကြောင့်ကြမှုကို ပြုရာ၏။ ယင်းသို့ ကြောင့်ကြမှုကိုပြုပါလျက် ပစ္စည်းဥစ္စာတို့ကို ရန်သူမျိုးငါးပါးတို့ လုယက်ဖျက်ဆီးခဲ့သော် ထိုအမျိုးကောင်းသားသည် ဝမ်းနည်းပူဆွေးခြင်းသို့ရောက်ရာ၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကို အကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကိုခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကိုအကြောင်းပြု၍ပင် မင်းတို့သည် အခြားသောမင်းတို့နှင့် ငြင်းခုံကြကုန်၏။ ပုဏ္ဏား၊ သူကြွယ် တို့သည် အခြားသောပုဏ္ဏား၊ သူကြွယ်တို့နှင့် ငြင်းခုံကြကုန်၏။ မိဘတို့သည် သားသမီးတို့နှင့်လည်းကောင်း၊ သားသမီးတို့သည် မိဘတို့နှင့်လည်းကောင်း ငြင်းခုံ ကြကုန်၏။ ညီအစ်ကိုမောင်နှမတို့သည် အချင်းချင်း ငြင်းခုံကြကုန်၏။ မိတ်ဆွေသူငယ်ချင်းတို့သည် အချင်းချင်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းသို့ ရောက်ကုန်လျက် အချင်းချင်း တုတ်၊ ဓား၊ လက်နက်တို့ဖြင့် လုံ့လပြုကာ သေခြင်းသို့လည်းကောင်း၊ သေလောက် သော ဆင်းရဲခြင်းသို့လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကိုအကြောင်းပြု၍ မျက်မှောက်ဆင်းရဲကိုခံစားရခြင်းသည် ကာမ ဂုဏ်တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကို အကြောင်းပြု၍ပင် သန်လျက်နှင့်ဒိုင်းကို စွဲကိုင်ကာ၊ လေးအိမ်တို့ကိုဖွဲ့ကာ မြား၊ လှံ၊ သန်လျက် တို့ဖြင့် ထိမှန်ကာ သေခြင်းသို့လည်းကောင်း၊ သေလောက်သောဆင်းရဲသို့ လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကို အကြောင်း ပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကိုခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကိုအကြောင်းပြု၍ပင် သန်လျက်နှင့်ဒိုင်းကို စွဲကိုင်ကာ၊ လေးအိမ်တို့ကိုဖွဲ့ကာ မြား၊ လှံ၊ သန်လျက် တို့၏ကြား၌ ညွှန်လောင်းထားသော မြို့ရိုးတံတိုင်းခြေတို့သို့ ပြေးဝင်ကြ

ကုန်၏။ ထိုသူတို့သည် မြား၊ လှံ၊ သန်လျက်တို့ဖြင့်ထိမှန်ကာ သေခြင်းသို့ လည်းကောင်း၊ သေလောက်သောဆင်းရဲခြင်းသို့လည်းကောင်း ရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကိုအကြောင်းပြု၍ မျက်မှောက်ဘဝ၌ ဆင်းရဲမှုကိုခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကိုအကြောင်းပြု၍ပင် အိမ်ခြံစပ်ကိုဖြတ်ခြင်း၊ ပစ္စည်းကိုလုယူခြင်း၊ လမ်းမှဖြတ်၍လုယက်ခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်းအမှုကို ပြုကြကုန်၏။ ထိုသူတို့ကို မင်း၊ မင်းမှုထမ်းတို့က ဖမ်းဆီး၍ ညှဉ်းဆဲနှိပ်စက်မှုအမျိုးမျိုးကို ပြုလုပ်စေကြကုန်၏။ ညှဉ်းဆဲနှိပ်စက်မှုအမျိုးမျိုးကို ခံကြရသူတို့သည် သေခြင်းသို့ လည်းကောင်း၊ သေလောက်သောဆင်းရဲသို့လည်းကောင်း ရောက်ကြကုန်၏။ ဤသို့ မျက်မှောက်ဘဝ၌ ဆင်းရဲခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ထိုမှတစ်ပါးလည်း ကာမဂုဏ်ကိုအကြောင်းပြု၍ပင် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးတို့ဖြင့် မကောင်းမှုဒုစရိုက်ကိုပြုကျင့်ကာ သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ကျရောက်ကြကုန်၏။ ရဟန်းတို့၊ ဤသို့ ကာမဂုဏ်ကိုအကြောင်းပြု၍ တမလွန်ဘဝ၌ ဆင်းရဲခံစားရခြင်းသည် ကာမဂုဏ်တို့၏ အပြစ်ဖြစ်၏။

"ရဟန်းတို့၊ ကာမဂုဏ်တို့၏ ထွက်မြောက်ရာဟူသည် အဘယ်နည်း ဆိုသော် ကာမဂုဏ်တို့၌ လိုချင်တပ်စွန်းမှုကို ဖျောက်ပယ်ခြင်းပင်ဖြစ်၏" ဟူ၍ ဟောကြားပါသည်။

ထို့ပြင် မြတ်စွာဘုရားသည် ရုပ်တို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကိုလည်းကောင်း၊ ဝေဒနာတို့၏ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာတို့ကိုလည်းကောင်း ဟောကြားထားပါသေးသည်။ ထို့ကြောင့် ကာမဂုဏ်တို့၏အပြစ်ကို မသိမမြင်ခဲ့သော် ဤလောကီလူ့ဘောင်ကို ငြီးငွေ့စိတ်ဖြစ်ရန် မလွယ်ပါ။ ထိုသို့မငြီးငွေ့ခဲ့ပါက နိဗ္ဗာန်ကိုရလိုသောစိတ်ဆန္ဒ

ဖြစ်လာနိုင်လိမ့်မည် မဟုတ်ပါ။ ထို့အတူ ကာမဂုဏ်တို့မှထွက်မြောက်ရာကို မသိရှိခဲ့သော် နိဗ္ဗာန်နှင့်ဝေးနေဦးမည်သာ ဖြစ်ပါသည်။

* * *

မဟာဗုဒ္ဓဝင်၌လည်း-အာရုံငါးပါး ကာမတရားတို့သည် သာယာဖွယ် နည်းပါး၊ ဆင်းရဲပူပန်ရသည်ကသာ များကုန်စွတကား။ အာရုံငါးပါးကာမ တရားတို့သည် အသားမကပ်သောအရိုးဖတ်နှင့် တူကုန်စွတကား။ အာရုံ ငါးပါးကာမတရားတို့သည် သားတစ်နှင့်တူကုန်စွတကား။ အာရုံငါးပါးကာမ တရားတို့သည် မြက်မီးရှူးကြီးနှင့်တူကုန်စွတကား။ အာရုံငါးပါး ကာမတရား တို့သည် မီးကျီးတွင်းနှင့်တူကုန်စွတကား။ အာရုံငါးပါးကာမတရားတို့သည် အိပ်မက်နှင့်တူကုန်စွတကား။ အာရုံငါးပါး ကာမတရားတို့သည် ခေတ္တခဏမျှ ငှားရမ်း၍ သုံးဆောင်အပ်သောဝတ္ထုပစ္စည်းနှင့် တူကုန်စွတကား။ အာရုံ ငါးပါးကာမတရားတို့သည် အသီးနှင့်ပြည့်စုံသောသစ်ပင်နှင့် တူကုန်စွ တကား။ အာရုံငါးပါး ကာမတရားတို့သည် မားသန်လျက်တို့ဖြင့်ခုတ်ဖြတ်ရာ စဉ်းတီတုံးနှင့်တူကုန်စွတကား။ အာရုံငါးပါး ကာမတရားတို့သည် ထက်မြက် လှစွာသော သန်လျက်သွား၊ လှံသွားတို့နှင့် တူကုန်စွတကား။ အာရုံငါးပါး ကာမတရားတို့သည် အဆိပ်ပြည့်ဖြိုးသည့်မြွေဆိုး၏ ဦးခေါင်းနှင့် တူကုန်စွ တကား" အစရှိသဖြင့် အပြစ်များစွာကိုပြကာ ဟောကြားထားပါသည်။

ထို့ကြောင့် ကာမဂုဏ်တို့မှကင်းဆိတ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသည့် အင်္ဂါငါးပါးတို့နှင့်ပြည့်စုံသော ပထမဈာန်၊ ဒုတိယ ဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ရူပဈာန်လေးပါးနှင့် အရူပဈာန် လေးပါး စုစုပေါင်း ဈာန်သမာပတ်ရှစ်ပါးတို့နှင့်တကွ ဝိပဿနာတရားကို အားထုတ်၍ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်စသော မဂ်လေးပါး ဖိုလ် လေးပါးတို့ကို ရရောက်လျက် ချမ်းသာခြင်းတို့ကို ခံစားနိုင်ကြောင်း သိနား လည်ကြမည်ဆိုပါလျှင် ကာမချမ်းသာထက် များစွာသာလွန်သော ဈာန် မဂ်ဖိုလ်တရားတို့၏ ချမ်းသာအစစ်ကို ရိပ်စားမိကာ နှစ်သက်ခြင်းဖြစ်၍

မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန်တကယ်ရလိုသောဆန္ဒများ ပေါ်ပေါက်လာနိုင်ပါသည်။

* * *

မဇ္ဈိမနိကာယ်၊ စူဠဒုက္ခက္ခန္ဓသုတ်တွင် ဗုဒ္ဓမြတ်စွာဘုရားအား နိဂဏ္ဌတို့က -

"အရှင်ဂေါတမ၊ ချမ်းသာဖြင့် ချမ်းသာကို မရနိုင်ပါ။ ဆင်းရဲဖြင့်သာ ချမ်းသာကို ရနိုင်ပါသည်။ အကယ်၍ ချမ်းသာဖြင့် ချမ်းသာကိုရနိုင်ခဲ့သော် မာဂဓတိုင်းကိုအစိုးရသော ဗိမ္ဗိသာရမင်းကြီးသည် ချမ်းသာကိုရပေရာ၏။ အဘယ်ကြောင့်ဆိုသော် ထိုမင်းကြီးသည် အရှင်ဂေါတမထက်ပို၍ ချမ်းသာစွာနေသူ ဖြစ်သောကြောင့်ပါတည်း"

"ငါ့ရှင်တို့၊ သင်တို့သည် စကားကိုမစူးမစမ်းဆိုသည် ဖြစ်ရာ၏။ စင်စစ် ငါနှင့်ဗိမ္ဗိသာရမင်းနှစ်ဦးတို့တွင် မည်သူကပို၍ ချမ်းသာစွာနေရသည်ကို ရှေးဦးစွာ ငါ့အား သင်တို့မေးသင့်၏"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် ယခု အရှင်ဂေါတမကို ငါတို့မေးပါမည်။ အရှင်ဂေါတမနှင့် ဗိမ္ဗိသာရမင်းနှစ်ဦးတို့တွင် မည်သူသည်ပို၍ ချမ်းသာစွာနေရပါသနည်း"

"ငါ့ရှင်တို့၊ ဤအရာ၌ သင်တို့ကို ငါတစ်ခုမေးမည်။ သင်တို့နှစ်သက်သလိုဖြေကြလော့။ ဗိမ္ဗိသာရမင်းသည် ကိုယ်ကမလှုပ်၊ နှုတ်ကမပြောဆိုဘဲ ခုနစ်ရက်ပတ်လုံး စင်စစ်ချမ်းသာကို ခံစား၍နေခြင်းငှာ စွမ်းနိုင်ပါသလော"

"အရှင်ဂေါတမ၊ ဗိမ္ဗိသာရမင်းသည် ခုနစ်ရက်ပတ်လုံး ဤကဲ့သို့နေခြင်းငှာ မစွမ်းနိုင်ပါ"

"ငါ့ရှင်တို့၊ ဗိမ္ဗိသာရမင်းသည် တစ်ရက်မျှပင် ဤကဲ့သို့နေခြင်းငှာ စွမ်းနိုင်ပါသလော"

"အရှင်ဂေါတမ၊ ဗိမ္ဗိသာရမင်းသည် တစ်ရက်မျှ ဤကဲ့သို့နေခြင်းငှာ မစွမ်းနိုင်ပါ"

"ငါ့ရှင်တို့၊ ငါသည်ကား ကိုယ်ဖြင့်မလှုပ်၊ နှုတ်ဖြင့်မမြွက်ဘဲ တစ်ရက် ပတ်လုံးလည်းကောင်း၊ နှစ်ရက်သုံးရက်မှစ၍ ခုနစ်ရက်ပတ်လုံးလည်းကောင်း စင်စစ်ချမ်းသာကို ခံစားလျက်နေခြင်းငှာ စွမ်းနိုင်ပေ၏"

"အရှင်ဂေါတမ၊ သို့ဖြစ်သော် အရှင်ဂေါတမသည်သာလျှင် ပို၍ ချမ်းသာစွာနေရသူ ဖြစ်ပါသည်"

ဤသို့လျှင် နိဂဏ္ဍတို့အား ဟောကြားချက်ကို နာ၍လည်း ကာမဂုဏ်တို့ထက်သာလွန်သော ချမ်းသာစစ် ချမ်းသာမှန်သည် ဈာန်မဂ်ဖိုလ်တရားတို့တွင် အထင်အရှားရှိနိုင်ကြောင်းကို သိရပါသည်။

ထို့ကြောင့် နုနယ်သောဗုဒ္ဓဘာသာဝင်အချို့တို့အား နိဗ္ဗာန်ဟူသည် အလွန်ပင်ချမ်းသာလှကြောင်းကို ထင်ရှားအောင် ဟောပြောနိုင်မည်ဆိုပါလျှင် ပုထုဇဉ်တို့၏ကာမချမ်းသာတို့၌ ငဲ့ကွက်သောစိတ်ကို ထိုက်သင့်သည့်အလျောက် အနည်းနှင့်အများဆိုသလို ဖယ်ရှားပေးနိုင်ပေလိမ့်မည်။ ထိုအခါ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကိုလည်း ကျင့်ကြံပွားများ အားထုတ်လိုစိတ်များ ပေါ်ပေါက်လာနိုင်ကြပါလိမ့်မည်။ ဗန်းမော်ဆရာတော်ပြောသော ပုံပြင်ကဲ့သို့ "နောက်တစ်ခေါက်မှ လိုက်ပါရစေ" ဟု ရှောင်ပြေးချင်စိတ် ရှိတော့မည်မဟုတ်ပါ။ အမှန်အားဖြင့်ဆိုရလျှင် ဗန်းမော်ဆရာတော်၏ ပုံပြင်မှာ ရိုးသားတည်ကြည်သော ဗုဒ္ဓဘာသာဝင်တစ်ဦးကို ရည်ညွှန်းပြောဆိုထားချက် မဟုတ်ချေ။ အများကြားကောင်းအောင်၊ လူအထင်ကြီးခံရအောင် လှည့်စားကြွားဝါနေသော သူတော်ယောင်တစ်ဦးကို နှိပ်ကွပ်ပြောဆိုထားချက်သာ ဖြစ်ပါသည်။ ထို့ကြောင့် ပုံပြင်ပါအတိုင်း ခံယူသူများမှာ ဗုဒ္ဓဘာသာဝင် အတုအယောင် လူလိမ်လူညာများသာဖြစ်ကြောင်း သတိပြုသင့်လှပေသည်။

*၂၀၁၃-ခုနှစ်၊ ဇန်နဝါရီလ၊ မွေ့ရုံသီမဂ္ဂဇင်း*

## ဓမ္မကိုသိသူ အဓမ္မကိုဖြန့်ချိသူ

## ( ၁ )

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံ၌ အရေးကြီးလှသော အလှည့်အပြောင်းများ အဆက်မပြတ်ဖြစ်ပေါ်နေချိန် ဖြစ်သည်။ ကဏ္ဍစုံ၊ ထောင့်ပေါင်းစုံ၊ အမြင်ပေါင်းစုံ၊ အရေးကိစ္စပေါင်းစုံတို့မှာ သူ့ထက်ငါ မလျှော့ကြဘဲ အလုအယက် ရင်ဆိုင်ယှဉ်ပြိုင်နေကြချိန်လည်း ဖြစ်သည်။

ဤနေရာ ဤအချိန်တွင် ဆင်ခြင်တိုင်းထွာရန် အရေးအခွင့်မရှိ-လှည့်မကြည့်နိုင်တော့ဘဲ မိမိတို့ ထင်ရာမြင်ရာ၊ အကျိုးရှိရာ၊ ကောင်းနိုးရာရာများကိုသာ အရေးပေးဦးစားပေးကာ ပြုလုပ်ဆောင်ရွက်နေကြချိန်ကြီးလည်း ဖြစ်သည်။ ပြင်ပကမ္ဘာမှ များစွာသောအတွေးအခေါ်များ၊ သိပ္ပံနှင့်နည်းပညာများ၊ အနုပညာသိဝရိများ၊ စာပေ၊ လူထုဆက်သွယ်ရေးနှင့် သတင်းပညာအစရှိသည်တို့သည် ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ဘာသာရေး၊ အတွေးအခေါ်၊ အစဉ်အလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ သမိုင်းကြောင်း၊ လူမှုဘဝဝန်းကျင် အစရှိသည်တို့နှင့် ဆန့်ကျင်၍လည်းကောင်း၊ ကင်းပြတ်၍လည်းကောင်း၊ တူညီမျှ၍လည်းကောင်း၊ အလိုက်သင့်ရွှေ့ပါ၍လည်းကောင်း အရှိန်အဟုန်ဖြင့် တိုးဝင်လာနေကြပါသည်။

ထို့အတူ ကျင့်ဝတ်ကင်းမဲ့သော ဖြစ်ရပ်၊ လုပ်ရပ်၊ အရေးအသား၊ ပုံရိပ်၊ နည်းနာတို့လည်း ခေတ်၏တိုးတက်လွန်းလှသော နည်းပညာကဏ္ဍနှင့် အတူ အတားအဆီးမဲ့စွာ နေ့စဉ် တိုးပွားနေကြပါသည်။

များစွာသော အပြောင်းအလဲများကြားတွင် ကျွန်ုပ်တို့သည် အကျိုးရှိနှင့် အကျိုးမဲ့ မကွဲပြားဘဲ နှစ်ခုစလုံးကို အင်မတန်လိုချင်၍ လက်နှစ်ဖက်ဖြင့် အတင်းဖမ်းယူဆုပ်ကိုင်ထားသော ကလေးငယ်တစ်ဦးကဲ့သို့ ဖြစ်နေပါသည်။ အနာဂတ်တွင် အဘယ်မျှ အကျိုးရှိလာမည်နည်း. . .။ အဘယ်မျှ အကျိုးမဲ့သွားမည်နည်း. . .။

သည်မျှအရေးကြီးလှသည့် အချိန်ကာလကြီးတွင် စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုအပ်သော စာပေ၊ သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား၊ အသံလွှင့်ဌာန အစရှိသည်များသည်လည်း တာဝန်သိသော၊ တာဝန်ယူမှုရှိသော၊ အကျိုးစီးပွားကို သိနားလည်သော လုပ်ဆောင်မှုများ၊ အရေးအသားများ၊ တင်ဆက်မှုများကို အားပေးအားမြှောက်ပြုကြရန်၊ ဆန့်ကျင်ဘက် လုပ်ဆောင်မှုများကို ဖိနှိပ်ရှုတ်ချပေးကြရန် အရေးကြီးပါ၏။

ဤနေရာတွင် စတုတ္ထမဏ္ဍိုင်၏ အကြီးအကဲ (ဝါ) အယ်ဒီတာ (ဝါ) စီစဉ်ကြီးကြပ်သူတို့၏ အခန်းကဏ္ဍသည်လည်း အရေးပါလှပါသည်။ မည်သည့်လုပ်ရပ်၊ မည်သည့်အရေးအသားတို့သည် အကျိုးဖြစ်ထွန်းစေသည်၊ သို့မဟုတ် ဆုတ်ယုတ်စေသည်ဟု ပိုင်းပိုင်းခြားခြား ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံရပါမည်။

အထူးသဖြင့် မြန်မာလူမျိုးတို့၏ ကိုးကွယ်သောဘာသာရေးနှင့် ပတ်သက်လျှင် ပို၍ပင် အလေးအနက်ထားကာ နှိုင်းနှိုင်းချိန်ချိန် ရေးသားထုတ်လွှင့်ကြရန် လိုအပ်ပါသည်။

မိမိတို့၏ အရေးအသား၊ တင်ဆက်မှု စသည်တို့သည် သူတစ်ပါးတို့၏ ကိုးကွယ်ယုံကြည်မှုကို စော်ကားရာ၊ မလေးမစားပြုရာ ရောက်စေသည်ဆိုပါလျှင် မှားယွင်းနေပြီဟု သိနိုင်သည်သာဖြစ်ပါ၏။

၁၃-၁၀-၂၀၁၂၊ (စနေနေ့) ထုတ် **First weekly** ဂျာနယ်ပါ "အတုနှင့်အစစ်၊ သူတော်ယောင်နှင့်သူတော်စင်" ဆိုသည့်ဆောင်းပါးတွင် ဗုဒ္ဓဘာသာအပေါ်၊ ဗုဒ္ဓမြတ်စွာဘုရားအပေါ် အကြည်ညိုပျက်စေသော ဓမ္မနှင့်မညီသော အရေးအသားများကို ဖတ်လိုက်ရပါသည်။

ဆောင်းပါးရေးသူ ထက်မြက်သည် ဗုဒ္ဓမြတ်စွာဘုရားအား လူတစ်ဦးက တံတွေးနှင့်ထွေးသည်ဆိုသောအချက်ကို ဆဠာယတနသုတ်မှ ကျမ်းကိုးမပြဘဲ ရေးသားခဲ့ပါသည်။

သူရေးသော အကြောင်းအရာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

( ၂ )

. . . . . ဗုဒ္ဓအား ကြည်ညိုလေးစားသူများရှိသလို ဒေဝဒတ်ကဲ့သို့ဆန့်ကျင်ဘက်လုပ်သူများလည်း ရှိ၏။ ဆန့်ကျင်ဘက်လုပ်သူများထဲမှ တစ်ယောက်သောသူသည် တစ်နေ့သောအခါ၌ ဗုဒ္ဓကို တံတွေးနှင့်ထွေးသည်။

ဗုဒ္ဓက ထိုလူထွေးသောတံတွေးကို သင်္ကန်းနှင့်သုတ်ပြီး ထိုလူအား "ဘာပြောချင်သေးလဲ" ဟု မေးမြန်းလိုက်သည်။ နောက်တော်ပါးမှလိုက်သော ရှင်အာနန္ဒာက အကြီးအကျယ်ဒေါသထွက်သွားပြီး -

"အရှင်ဘုရား၏ ခန္တီတရားဟာ အဆုံးအပိုင်းအခြားကို လွန်သွားပြီ။ အရှင်ဘုရားကို တံတွေးနှင့်ထွေးသူအား တပည့်တော်တို့ လက်ပိုက်ကြည့်နေရမှာလား" ဟုဆိုရာ ဗုဒ္ဓက ပြန်လည်မိန့်ကြား၏။

"သူလုပ်သည့်အလုပ်မှာ သည်းခံရမည့်အလုပ်ဖြစ်၏။ ငါ့ရှင်လုပ်မည့်အလုပ်ဟာ အန္တရာယ်များလှသည့်အလုပ် ဖြစ်သည်။ သူပြုလုပ်ခဲ့သည်မဟုတ်၊ တစ်စုံတစ်ခုပြောပြတာဖြစ်တယ်။ ငါ့ရှင်အာနန္ဒာ နားမလည်ဘူး။

"သင် တစ်ခါတစ်ရံ တစ်စုံတစ်ခုကိုပြောလိုတဲ့အခါ စကားလုံးထွက်မလာတဲ့အခါ ရှိတယ်။ တစ်စုံတစ်ယောက်ကို လည်ချင်းယှဉ်ဖက်ပြီး တစ်စုံတစ်ခုပြောတဲ့အခါ အလွန်တရာချစ်ခင်ပါ၏ဟု ပြောရုံမျှနှင့် ခရီးမရောက်ဘူး။ သာမန်ပြောရိုးပြောစဉ်လောက်သာ ဖြစ်တယ်။

"တံတွေးနဲ့ထွေးတဲ့သူမှာ ဒေါသထွက်နေတယ်။ ဆဲရေးတိုင်းထွာလိုစိတ် ရှိတယ်။ ဒါပေမဲ့ ခိုင်မာတဲ့ဆဲရေးတိုင်းထွာစိတ်ကို သူမရဘူး။ ဒါကြောင့် တံတွေးနဲ့သူထွေးတာဖြစ်တယ်။ သူဘာပြောတယ်ဆိုတာ ငါတို့

နားလည်သွားတယ်။ ငါတို့ ရန်တုံ့ပြန်စရာမလိုဘူး။ သင်ဘာပြောချင်သလဲဟု ငါမေးလိုက်တာဖြစ်တယ်”

ထိုသူသည် အကြီးအကျယ် အရှက်ရသွား၏။ ဗုဒ္ဓ၏ ခြေတော်စုံပေါ်တွင် လဲလျောင်းလိုက်သည်။

“တပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား။ တပည့်တော် အကြီးအကျယ် အပြစ်ရှိသူဖြစ်သွားပါတယ်။ ယနေ့အထိ တပည့်တော်အပေါ်ထားရှိတဲ့ အရှင်မြတ်ဘုရား၏ ‘ပေမ’ သို့မဟုတ် ‘ချစ်ခြင်း’ ကို တပည့်တော် မိမိလက်ဖြင့် ချေဖျက်ပစ်လိုက်ပါတယ်” ဟု ပြောသည်။ ဗုဒ္ဓက -

“သင် စိုးရိမ်ကြောင့်ကြမှုမဖြစ်နဲ့။ သင် ငါ့ကို တံတွေးမထွေးခဲ့တဲ့အတွက် သင့်ကို အနည်းအကျဉ်းမျှသာ ချစ်ခင်မှုပြုလုပ်ခဲ့ခြင်း ဖြစ်တယ်” ဟု မိန့်တော်မူလိုက်သည်။ . . . . . ထို့ကြောင့် ဗုဒ္ဓက -

“ငါ၏ ‘ပေမ’ ချစ်ခင်ခြင်းသည် ငါ၏သဘာဝဖြစ်သည်ဟု မိန့်တော်မူခြင်းဖြစ်သည်” ဟု ဗုဒ္ဓက ဟောတော်မူလေသည်။

ထိုဟောကြားချက်တွင် ဓမ္မနှင့်အဓမ္မကို သိသာအောင် ဗုဒ္ဓက ဟောကြားသွားခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များသည် ဓမ္မနှင့်အဓမ္မကို အခိုင်အမာ မသိရှိခြင်းကြောင့် အမည်ခံဗုဒ္ဓဘာသာဝင်များ ဖြစ်နေကြသည်။ တရားကို ဖတ်ပြီးနာကြ၊ တရားကိုသိပြီး မကျင့်သုံးနိုင်ကြ။ အထူးသဖြင့် အတ္တကြီးမားသောတစ်ကိုယ်ကောင်းသမားများ၊ ကြွယ်ဝချမ်းသာသူများ ဖြစ်လေသည်။

ဆင်းရဲသူများ၊ မရှိဆင်းရဲသားများထံမှ သွေးစုပ်ကြသည်။ . . . . . သို့သော် သူတို့သည် ကြေးစည်သံတညံညံဖြင့် မနက်၊ သို့မဟုတ် ညတွင် ဗုဒ္ဓဆင်းတုတော်ရှေ့၌ ဖင်ဘူးတောင်းထောင်ကာ ရှိခိုးကြ၏။ အသံကျယ်လောင်စွာဖြင့် ဂုဏ်တော်များရွတ်ကြ၏။ မေတ္တာပို့ကြ၏။ မိမိတို့ ထို့ထက်ထို့ထက်ပို၍ ကြွယ်ဝချမ်းသာအောင် ဆုတောင်းကြ၏။ သို့သော် လက်တွေ့၌မူ သူတို့သည် ဗုဒ္ဓ၏တရားတော်များကို ဆန့်ကျင်နေကြသူများ ဖြစ်သည်။

## ( ၃ )

အထက်ပါအရေးအသားများသည် ဗုဒ္ဓမြတ်စွာဘုရားနှင့် ဗုဒ္ဓဘာသာဝင်များအပေါ် အလွန်အမင်း ပုံပျက်ပန်းပျက်ဖြစ်စေရန် စွပ်စွဲလုပ်ကြံရေးထားသောစာများ ဖြစ်ပါသည်။

သူ၏ရည်ရွယ်ချက်မှာ ထိုသို့မဟုတ်ခဲ့ဘဲ မသိနားမလည်သောကြောင့် သဘောရိုးနှင့် ရေးခဲ့လျှင်လည်း ဗုဒ္ဓမြတ်စွာဘုရားအပေါ် မဟုတ်မမှန်သော အကြောင်းအရာများနှင့် စွပ်စွဲထားသော အရေးအသားများပါရှိနေကြသည်။ အလွန်ဝန်လေးသောအမှုကို ပြုလုပ်လိုက်ခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားအလောင်းတော်သည် သုမေဓာရသေ့ဘဝ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် ဗျာဒိတ်ခံယူတော်မမူခင်ကပင် ရှေးအတိတ် မဟာကပ်ကမ္ဘာပေါင်း အသင်္ချေ၌ ခုနစ်အသင်္ချေအတွင်း၌ ပွင့်တော်မူသောဘုရားရှင်တို့ထံတွင် ဘုရားဖြစ်ချင်သောစိတ်ဖြင့် ကြံစည်ကာ ပါရမီတို့ကိုဖြည့်ကျင့်ခဲ့ရခြင်း၊ ထို့နောက် ကိုးအသင်္ချေထက်၌ ပွင့်တော်မူသော ဘုရားရှင်တို့ထံတွင်လည်း ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်-တရားနာကာ “နောင်သောအခါ ငါလည်း ထိုသွင် လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်စေသော်” ဟု နှုတ်ရောစိတ်ပါ ဆုပန်ခြင်းကိုပြု၍ ပါရမီတော်တို့ကို ဖြည့်ဆည်းခဲ့ရခြင်း၊ သည့်နောက်တွင်မှ မြတ်စွာဘုရားရှင်တို့ထံမှ နိယတဗျာဒိတ်ခံယူနိုင်သော ရင့်ကျက်သောအချိန် သုမေဓာရှင်ရသေ့ဘဝသို့ ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ထိုနိယတဗျာဒိတ်ခံယူရမည့် အလောင်းတော်သည်လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံရပါသည်။ ၎င်းတို့မှာ -

၁။ လူဇာတ်စင်စစ်ဖြစ်ရခြင်း

၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း

၃။ ထိုဘဝမှာပင် အရဟတ္တဖိုလ်ရနိုင်လောက်သော တိဟိတ်ပဋိသန္ဓေနှင့် ပြည့်စုံသူဖြစ်ရခြင်း

၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း

၅။ ကမ္မဝါဒီရသေ့ (သို့) သာသနာတော်တွင်း ရဟန်းဖြစ်ရခြင်း၊

၆။ ဈာန်သမာပတ် တန်ခိုးဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ရခြင်း
၇။ ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ သက်တော်ထင်ရှား ဘုရားရှင်ထံ တော်၌ အလွန်အကြူး ပါရမီကုသိုလ်တို့ကို ပြုစုပွားများ အားထုတ်သူဖြစ်ရခြင်း
၈။ ဘုရားဖြစ်လိုသော ကုသိုလ်ဆန္ဒအားကြီးသူဖြစ်ခြင်းတို့ ဖြစ် သည်။

၎င်းအချက်များနှင့် ပြည့်စုံသော်လည်း ဗျာဒိတ်ရပြီးသည့်တိုင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလကြာအောင်ပင် ပါရမီတို့ကို ဖြည့်ကျင့် ရသည်။

"တစ်ကမ္ဘာသည် မည်မျှကြာမြင့်ပါသနည်း" ဟု မြတ်စွာဘုရားအား မေးလျှောက်ရာ မြတ်စွာဘုရားက "အလျားတစ်ယူဇနာ၊ အနံတစ်ယူဇနာ၊ အမြင့်တစ်ယူဇနာရှိသော ကျောက်တုံးကြီးကို ကာသိတိုင်းဖြစ်အဝတ်ဖြင့် နှစ်တစ်ရာကြာလျှင်တစ်ကြိမ် ပွတ်တိုက်ပေးပါက ထိုကျောက်တုံးကြီးသာလျှင် ကုန်ခန်းသွားရာ၏။ ကမ္ဘာမှာမူ မကုန်သေး၊ ဤမျှကြာမြင့်၏" ဟု ဟောကြား ခဲ့သည်။

ဤနေရာတွင် မဇ္ဈိမနိကာယ်၊ မဟာသီဟနာဒသုတ်တွင် ". . . . . သာရိပုတ္တရာ၊ 'သံသရာ၌ကျင်လည်ခြင်းဖြင့် စင်ကြယ်ခြင်းသည်ဖြစ်၏' ဟူ၍ လည်းကောင်း၊ 'ဘဝဖြင့်စင်ကြယ်ခြင်းသည် ဖြစ်၏' ဟူ၍လည်းကောင်း၊ 'နေရာဘုံဖြင့် စင်ကြယ်ခြင်းသည်ဖြစ်၏' ဟူ၍လည်းကောင်း အယူရှိသော ရဟန်းပုဏ္ဏားအချို့ ရှိ၏။ သာရိပုတ္တရာ၊ ရှည်စွာသောကာလအတွင်းဝယ် 'သုဒ္ဓါဝါသဗြဟ္မာဘုံ' မှတစ်ပါး ငါမကျင်လည်ခဲ့ဖူးသောနေရာ၊ ငါမဖြစ်ခဲ့ဖူး သော ဘဝ၊ ငါမနေခဲ့ဖူးသောဘုံသည် မရှိ။ . . . . . " ဟု ဟောကြားခဲ့သော တရားနှင့်ဆက်စပ်ကြည့်သော် ပါရမီတော်ဖြည့်ဆည်းခဲ့ပုံကို နားလည်နိုင်ပါ လိမ့်မည်။

မဟာဗုဒ္ဓဝင်တွင် "အနန္တများစွာ စကြဝဠာလောကဓာတ်၌ သတ္တဝါ တို့ပြုသမျှ ကောင်းမှုကုသိုလ်အစုကို ဉာဏ်ပညာချိန်ခွင် တစ်ဖက်၌ထား၍

ငါဘုရား၏ ပါရမီကောင်းမှု ကုသိုလ်အစုကို ဉာဏ်ပညာချိန်ခွင် အခြားတစ်ဖက်၌ထား၍ ချိန်စက်ကြည့်မည်ဆိုက သတ္တဝါတို့ပြုသမျှ ကောင်းမှုကုသိုလ်အစုသည် ငါဘုရား၏ ပါရမီကောင်းမှုများအနက် ပါရမီကောင်းမှုတစ်ခု၏ နှစ်ရာ့ငါးဆယ့်ခြောက်စိတ်စိတ်လျှင် တစ်စိတ်ကိုပင် လိုက်၍မမီနိုင်ချေ” ဟု ပြဆိုထားပါသည်။

မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်ကိုးပါးတွင် နောက်ဆုံးဖော်ပြထားသော ဘဂဝါဂုဏ်တော်မှာ အပြားအားဖြင့် ခြောက်ပါးရှိတော်မူပါသည်။ ၎င်းတို့မှာ ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူ၍ဖြစ်ပါသည်။

## (၁) ဣဿရိယဘုန်းတော်

အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့ မမြင်တွေ့နိုင်အောင် သေးငယ်သောရုပ်ကို ဖန်ဆင်းနိုင် သော “အဏိမာ” ဘုန်းတော်။

စိတ်၏အလား ကောင်းကင်ဖျား၌ ပေါ့ပါးလျင်မြန် ဈာန်ပျံကြွသွားနိုင်သော“လဃိမာ”ဘုန်းတော်။

ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းငြား မနိူင်းအားသို့ ကြီးမားလေအောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော “မဟိမာ” ဘုန်းတော်။

ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာတိုင်းပေါက် တစ်ခဏလောက်ဖြင့် ကြွရောက်နိုင်သော “ပတ္တိ” ဘုန်းတော်။

အဆင်းအတန်တန် ပုံသဏ္ဌာန်ကို စီမံဖန်တီး တစ်ခဏတည်းဖြင့် ပြီးစီးနိုင်သော “ပါကမ္မ” ဘုန်းတော်။

ကိုယ်တော်မြတ်၏ စိတ်တော်မှစ၍ မကြွင်း လူနတ်မင်းကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော “ဤသိတာ” ဘုန်းတော်။

သမာပတ်ဈာန် အဘိညာဉ်ကို ဝင်စံလိုက တစ်ခဏချင်း ပိုင်ဝင်စားနိုင်သော “ဝသိတာ” ဘုန်းတော်။

ကိစ္စတစ်ခု ပြုစုတုန်းပင် ပြီးဆုံးချင်မသော် ဆောလျှင်မသွေ ပြီးဆုံးစေနိုင်သော "ယတ္တကာမာဝသာယိတာ" ဘုန်းတော်။

## (၂) ဓမ္မဘုန်းတော်

ကိလေသာရန် ပယ်ဖျက်လှန်ဖို့ နိဗ္ဗာန် ဖိုလ်မဂ် ကိုးချက်အပြား လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်။

## (၃) ယသဘုန်းတော်

ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်း သောင်းလောကဓာတ် ပဲ့တင်ထပ်မျှ နှံ့စပ်သတင်း ကျော်စောခြင်းဟူသော "ယသ" ဘုန်းတော်။

## (၄) သိရီဘုန်းတော်

ရွှေမျက်နှာတော် လက်ခြေတော်မှစ၍မကြွင်း ပင်လုံးဝန်းသည့် ပန်းမင်းအနေ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာတင့်တယ် သပ္ပာယ်တော်မူသော "သိရီ" ဘုန်းတော်။

## (၅) ကာမဘုန်းတော်

အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီးရသည့် "ကာမ" ဘုန်းတော်။

## (၆) ပယတ္တဘုန်းတော်

တစ်လောကလုံး ညွတ်ရုံးကိုးစား အားထားဖို့ရာ လွန်စွာကြိုးကုတ်အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်။

ပါရမီကုသိုလ် ကံတော်အနန္တကို ဖြည့်ကျင့်ခဲ့သဖြင့် ဘုန်းကျက်သရေအနန္တ ဖြစ်ခဲ့ပါသည်။ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့ပါသည်။ သတ္တဝါတို့

အား ကယ်မချေချွတ်ရန် လိုအပ်ပါက တန်ခိုးတော်အနန္တကို အသုံးပြုပါသည်။

အချုပ်အားဖြင့် မြတ်စွာဘုရားရှင်သည် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူ၏။ ထို့ကြောင့်လည်း လူ နတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာဖြစ်တော်မူ၍ 'ဘဂဝါ' ဘုန်းတော်နှင့် ပြည့်စုံပါပေ၏ဟု ပူဇော်ရခြင်းဖြစ်ပေသည်။

ဤသို့ ဘဂဝါဘုန်းတော်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ မာရ်နတ်၊ သစ္စကပရိဗိုဇ်၊ စိဥ္စမာဏဝိကာ၊ အာဠဝကဘီလူး၊ အင်္ဂုလိမာလ၊ နာဠာဂီရိဆင်၊ နန္ဒောပနန္ဒနဂါးမင်းနှင့် ဗကဗြဟ္မာတို့ကို အောင်တော်မူသော အောင်ခြင်းရှစ်ပါးသည် ချဲ့ကားဖော်ပြထားသောဇာတ်လမ်းများ မဟုတ်ပါ။ သဗ္ဗညုတဘုရားရှင်တို့၏ ဂုဏ်တော်များကို ထင်ရှားစိမ့်သောငှာ တီထွင်ထားသော ဇာတ်လမ်းများလည်း မဟုတ်ပါ။

ထိုအောင်ခြင်းများတွင် မာရ်နတ်သားကို အောင်မြင်ခြင်းသည် အကြီးကျယ်ဆုံးဖြစ်ပြီး ထိုသို့အောင်မြင်ခြင်းကြောင့်ပင်လျှင် သဗ္ဗညုတဉာဏ်တော်နှင့် ဗုဒ္ဓဘုရားစစ်စစ်အဖြစ်သို့ ရရောက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထိုအောင်ခြင်းရှစ်ပါးပါ အကြောင်းများကို ချင့်ချိန်၍လည်း လောကဓာတ်အတွင်း၌ ရှိကြကုန်သော သတ္တဝါအပေါင်းတို့တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ မြတ်စွာဘုရားရှင်အား ထိပါးနိုင်သောအခွင့်ကို မရနိုင်ပါဟု သိမြင်နိုင်ပါသည်။

ဒေဝဒတ်ကျောက်မောင်းဆင်၍ မြတ်စွာဘုရား၏ အသက်ကို လုပ်ကြံခဲ့သော်ငြား မအောင်မြင်ခဲ့ပါ။ ဤနေရာတွင် မြတ်စွာဘုရား၏ ခြေမတော်အား ကျောက်ပဲ့ထိမှန်၍ သွေးစိမ်းတည်ရခြင်းမှာ ဝိပါက်အကြွင်း ရှိသောကြောင့်သာ ဖြစ်ပါသည်။

( ၄ )

ယခု ဆရာထက်မြက်၏ တစ်ဦးတစ်ယောက်က မြတ်စွာဘုရားအား တံတွေးနှင့်ထွေးသည်ဟု ရေးခြင်းသည် မြတ်စွာဘုရားအပေါ် ပြစ်မှား ကျူးလွန်ထားသော အရေးအသားသာလျှင် ဖြစ်ပါ၏။ မည်သည့်နေရာက ဆွဲထုတ်တင်ပြလာမှန်းမသိရသော အတုအယောင်ဖော်ပြချက်သာလျှင် ဖြစ်၏။

ယနေ့ဂျာနယ်စာမျက်နှာများပေါ်တွင် ဗုဒ္ဓမြတ်စွာဘုရားနှင့် တရား တော်များအပေါ် ထိခိုက်နစ်နာစေလိုသော စေတနာများဖြင့် မတရားသက် သက် လုပ်ကြံရေးသားနေကြသော စာရေးဆရာအမည်ခံ ပုဂ္ဂိုလ်များ၏ အရေးအသားများ ပေါ်ထွက်လာကြပါသည်။ မြတ်စွာဘုရား ဟောကြား သော တရားတော်များသည် တွေးခေါ်ကြံဆ တီထွင်ထားသောတရားများ မဟုတ်ကြပါ။

ယခုထက်မြက်ရေးသော 'အတုနှင့်အစစ်၊ သူတော်ယောင်နှင့် သူတော်စင်' ဆောင်းပါးတွင်ပါသော မြတ်စွာဘုရား၏ ပြောစကားဆိုသည် များမှာ စဉ်းစားလုပ်ကြံတွေးခေါ်၍ ပြောပြသော ထက်မြက်၏စကားများ သာ ဖြစ်ပါသည်။ မြတ်စွာဘုရားမဟောသော စကားများသာ ဖြစ်ပါသည်။ တရားစကားများလည်း မဟုတ်ကြပါ။

". . . သူလုပ်သည့်အလုပ်မှာ သည်းခံရမည့်အလုပ် ဖြစ်၏။ ငါ့ရှင်လုပ်ရမယ့်အလုပ်ဟာ အန္တရာယ်များလှသည့်အလုပ် ဖြစ်သည်။ သူပြုလုပ်ခဲ့သည်မဟုတ်၊ တစ်စုံတစ်ခုပြောပြတာ ဖြစ်တယ်။ ငါ့ရှင် အာနန္ဒာ နားမလည်ဘူး။

"သင် တစ်ခါတစ်ရံ တစ်စုံတစ်ခုကိုပြောလိုတဲ့အခါ စကား လုံး ထွက်မလာတဲ့အခါ ရှိတယ်။ တစ်စုံတစ်ယောက်ကို လည်ချင်း ယှဉ်ဖက်ပြီး တစ်စုံတစ်ခုပြောတဲ့အခါ အလွန်တရာချစ်ခင်ပါ၏ဟု ပြောရုံမျှနှင့် ခရီးမရောက်ဘူး။ သာမန်ပြောရိုးပြောစဉ်လောက် သာ ဖြစ်တယ်။

"တံတွေးနဲ့ထွေးတဲ့သူမှာ ဒေါသထွက်နေတယ်။ ဆဲရေး တိုင်းထွာလိုစိတ် ရှိတယ်။ ဒါပေမဲ့ ခိုင်မာတဲ့ ဆဲရေးတိုင်းထွာလိုစိတ် ကို သူမရဘူး။ ဒါကြောင့် တံတွေးနဲ့သူထွေးတာ ဖြစ်တယ်။ သူ ဘာပြောတယ်ဆိုတာ ငါတို့ နားလည်သွားတယ်။. . . . . "

ဟူသည့်စကားများသည် အပြင်ပန်းအားဖြင့် လူ့အပြုအမူများ အပေါ် တွေးခေါ်ပြီးပြောသော စကားလုံးများသာ ဖြစ်ပါသည်။

မြတ်စွာဘုရားတို့မည်သည် ဤကဲ့သို့သော အပေါ်ယံသွန်သင်ခြင်း မျိုး၊ အပြုအမူအပေါ် ကောက်ချက်ချခြင်းမျိုးကို မပြော (မဟော) ပါ။

ဟုတ်မှန် အကျိုးရှိ သူတစ်ပါးနာလိုသောစကား၊ ဟုတ်မှန် အကျိုးရှိ သူတစ်ပါးမနာလိုသောစကား နှစ်မျိုးတို့ကိုသာလျှင် ပြောလေ့ရှိပါသည်။ အကြောင်းနှင့်အကျိုးတို့ကို သဘာဝမေ့တို့နှင့်အညီသာလျှင် ဟောပြောပြီး လောဘ၊ ဒေါသ၊ မောဟကင်းကြောင်း တရားတော်တို့ကိုသာလျှင် ဟောပြော ပါသည်။

## ( ၅ )

မြတ်စွာဘုရားရှင်အားဆဲရေးသော အက္ကောသကဘာရဒွါဇမည် သော ပုဏ္ဏားတစ်ဦး ရှိခဲ့ဖူးပါသည်။ ထိုပုဏ္ဏားသည် သူ့အစ်ကိုရဟန်းပြုသွား ကြောင်းသိ၍ ကြမ်းကြုတ်သောစကားလုံးတို့ဖြင့် ဆဲရေးခြိမ်းခြောက်ပါသည်။

ထိုအခါ မြတ်စွာဘုရားသည် အကျိုးသင့်အကြောင်းသင့်စကားများ ဖြင့်သာ မိန့်ကြားဆုံးမတော်မူပါသည်။ ၎င်းစကား (တရား) တို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

"ပုဏ္ဏား၊ သင်၏အိမ်သို့ ဆွေမျိုးမိတ်ဆွေများလာသည့်အခါ သင်သည် ထိုသူတို့အား စားဖွယ်သောက်ဖွယ်များ ပေးကမ်းခြင်းပြုပါသလော"

"အရှင်ဂေါတမ၊ ကျွန်ုပ်သည် တစ်ခါတစ်ရံ ထိုသူတို့အား စားဖွယ် သောက်ဖွယ်များ ပေးကမ်းခြင်းပြုပါသည်"

"ပုဏ္ဏား၊ အကယ်၍ သင်ပေးသော စားဖွယ်သောက်ဖွယ်ကို ထိုသူတို့က လက်မခံခဲ့သော် ထိုစားဖွယ်သောက်ဖွယ်သည် အဘယ်သို့ ရောက်သွားသနည်း"

"အရှင်ဂေါတမ၊ ယင်းသို့လက်မခံခဲ့သော် ထိုစားဖွယ်သောက်ဖွယ်သည် ကျွန်ုပ်ထံသို့ပင် ပြန်ရောက်ပါသည်"

"ပုဏ္ဏား၊ ထိုနည်းတူပင် သင်၏ဆဲရေးခြိမ်းခြောက်ခြင်းများကို ငါသည် လက်မခံပေ။ ထို့ကြောင့် ယင်းတို့သည် သင့်ထံသို့ပင် ပြန်ရောက်၏။ ပုဏ္ဏား၊ မိမိကိုဆဲရေးသူအား ပြန်၍ဆဲရေးသူသည် ထိုသူနှင့် အတူခံစားရခြင်း၊ ဖက်ပြိုင်ခြင်းပြုသည်မည်၏။ ငါသည်ကား သင်နှင့်အတူ ခံစားခြင်း၊ ဖက်ပြိုင်ခြင်း ပြုသူမဟုတ်ပေ။ ထို့ကြောင့် သင်၏ဆဲရေးခြင်းသည် သင့်ထံသို့သာ ပြန်ရောက်၏"

"အရှင်ဂေါတမ၊ မင်းနှင့်တကွသော ပရိသတ်သည် အရှင်ဂေါတမကို အပူဇော်ခံထိုက်သောပုဂ္ဂိုလ်ဟု သိနေကြပါသည်။ သို့ဖြစ်ပါလျက် အရှင်ဂေါတမသည် အမျက်ထွက်တုံဘိ၏"

"ပုဏ္ဏား၊ ယဉ်ကျေးသောတရားနှင့် အသက်မွေးသော၊ သစ္စာလေးပါးတရားကို ကောင်းစွာသိ၍ ကိလေသာမှလွတ်ကာ ငြိမ်သက်အေးချမ်းသောစိတ်ရှိသောပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။

"မိမိကို အမျက်ထွက်သူအား ပြန်၍အမျက်ထွက်သူသည် လူယုတ်မာဖြစ်၏။ မိမိကို အမျက်ထွက်သူအား ပြန်၍အမျက်မထွက်သူသည် အောင်နိုင်ခဲသောရန်ကို အောင်မြင်၏။ တစ်ပါးသူက မိမိအား အမျက်ထွက်နေသည်ကိုသိလျှင် သတိဖြင့် ထိုအမျက်ကိုငြိမ်းစေသူသည် မိမိသူတစ်ပါး နှစ်ဦးသား၏ အကျိုးစီးပွားကို ကျင့်သည်မည်၏။ တရား၌ မလိမ္မာသူတို့သည်ကား မိမိသူတစ်ပါး နှစ်ဦးသားအမျက်ကို ငြိမ်းအောင်ကုစားနိုင်ခြင်းပြုသူကို လူမိုက်ဟူ၍ ထင်မှတ်ကြကုန်၏" ဟူ၍ ဖြစ်ပါသည်။

ဓမ္မပဒ၊ နိရယဝဂ်၊ သုန္ဒရီပရိဗိုဇ်မ-ဝတ္ထုတွင် တိတ္ထိတို့အား ကြည်ညိုကြသောလူများနှင့် အချို့သောလူများသည် သုန္ဒရီအသတ်ခံရမှုတွင် ရဟန်း

တို့အား အထင်မှားဆဲရေးကြ၏။ ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားလေလျှင် မြတ်စွာဘုရားက "အသင်တို့သည် ဆဲရေးသူတို့အား ဤသို့ပင် ပြောဆိုကြကုန်လော့" ဟု ဟောကြားတော်မူ၏။

"မဟုတ်မမှန် ပြောဆိုလေ့ရှိသူသည်လည်းကောင်း၊ မကောင်းမှုကို ပြုလုပ်ပြီး (မိမိ) မလုပ်ဟု ပြောဆိုသူသည်လည်းကောင်း ငရဲသို့ရောက်ရ၏။ ထိုသူနှစ်ဦးတို့သည် ယုတ်မာသောအမှု ရှိကုန်သည်ဖြစ်၍ တမလွန်၌ (ငရဲခံရခြင်း) တူညီကြကုန်၏" ဟူ၍ ဖြစ်ပါသည်။

ထိုတရားများနှင့် နှိုင်းယှဉ်ကြည့်သော် ဆရာထက်မြက်၏ ရေးသားချက်များသည် လုပ်ကြံတွေးခေါ်ထားသော စကားများသာဖြစ်ကြောင်း ထင်ရှားပါပြီ။

ဆရာထက်မြက်သည် ဗုဒ္ဓတရားတော်များနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်များကို နားမလည်ခြင်းကြောင့် ဤကဲ့သို့သောဆောင်းပါးမျိုးကို ရေးမိခြင်း ဖြစ်တန်ရာပါ၏။ အလွန်မှားယွင်းလှသော ရေးသားချက်တစ်ခုမှာ -

"သင် ငါ့ကို တံတွေးနဲ့မထွေးခဲ့တဲ့အတွက် သင့်ကို အနည်းအကျဉ်းမျှသာ ချစ်ခင်မှုပြုလုပ်ခဲ့ခြင်းဖြစ်တယ်။ ထို့ကြောင့် ဗုဒ္ဓက ငါ၏ 'ပေမ' ချစ်ခင်ခြင်းသည် ငါ၏သဘာဝဖြစ်သည်ဟု မိန့်တော်မူခြင်းဖြစ်သည်ဟု ဗုဒ္ဓက ဟောတော်မူလေသည်" ဆိုသော ရေးသားချက်ဖြစ်ပါ၏။

'ပေမ' ဆိုသည်မှာ တဏှာဖြစ်၏။ အရဟံဂုဏ်တော် အစချီသော ဂုဏ်တော်ကိုးပါးတွင် -

(က) အရဟံ-ကိလေသာတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား။
(ခ) အရဟံ-ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူတတ်သော မြတ်စွာဘုရား။
(ဂ) အရဟံ-သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရား။

(ဃ) အရဟံ-ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

(င) အရဟံ-ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုပြုတော်မမူသော မြတ်စွာဘုရားဟူ၍ ဖွင့်ဆိုထားပါသည်။

ကိလေသာအပေါင်းတို့ကို ဝါသနာမျှမကျန်ရအောင် ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရားတွင် အဘယ့်ကြောင့် 'ပေမ' ဆိုသော တဏှာသည် ရှိပါအံ့နည်း။ ဆရာထက်မြက်ကတော့ တံတွေးနှင့်ထွေးလိုက်မှ ဗုဒ္ဓကပိုပြီးတော့ အများကြီး၊ အကျယ်ကြီး ချစ်ခင်လာတာပဲဟုပင် ဆိုချင်ဟန်ရှိပေသည်။

ရည်ရွယ်ချက်ရှိရှိဖြင့် တော်တော့်ကို ကြံကြံဖန်ဖန် လုပ်ကြံထားသည်။ ဓမ္မနှင့်အဓမ္မကို သိသာအောင် ဗုဒ္ဓကဟောကြားသွားခြင်းဟုပင် တည်လိုက်သေးသည်။ ဗုဒ္ဓဘာသာဝင်များကိုလည်း ဓမ္မနှင့်အဓမ္မကို ခိုင်ခိုင်မာမာမသိသူများဟု ဖိနှိပ်လိုက်သေးသည်။

ဆရာထက်မြက်က ဗုဒ္ဓကို ပုတ်ခတ်စော်ကားနေသူ မိုးပြာဦးဉာဏကိုသာ ဓမ္မကိုသိသူများဟု ဆိုချင်ဟန်ရှိနေပေသည်။ ဗုဒ္ဓကို ပူဇော်ဆည်းကပ်နေသူတို့ကို အဓမ္မကိုသိသူများဟု ဆိုချင်ဟန်ရှိနေပေသည်။ စဉ်းစားကြည့်ကြပါ။

ဗုဒ္ဓဟောကြားသော တရားတော်များကို ရေးသားဟောမည်၊ ဖော်ပြတော့မည်ဆိုပါက သင်္ဂါယနာတင် တရားတော်များနှင့် ကိုက်ညီခြင်းရှိ-မရှိ စစ်ဆေးပြီးမှသာလျှင် ရေးသင့်ကြပါကြောင်း၊ ဖော်ပြသင့်ကြပါကြောင်း အများအကျိုးရှိစေခြင်းငှာ ဝေဖန်လိုက်ရပါသည်။

*၂၀၁၃-ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဓမ္မရံသီမဂ္ဂဇင်း*

## စကားကြီးခြောက်ခွန်းသည့်သာ

### ( ၁ )

ဦးသန်းထိုက် (သုတေသန) ၏ "မြန်မာစာပေလေ့လာမှုစစ်တမ်း (ဒုတိယတွဲ)" စာအုပ်တွင် "ဒေါက်တာလှဘော်၏ သုတေသနကိုလေ့လာခြင်း" ဆောင်းပါး၌ -

"စကားခြောက်ခွန်းလား၊ ရှစ်ခွန်းလား။ 'စကားခြောက်ခွန်း၊ လူ့ဝယ်ထွန်း၊ လေးခွန်းကိုပယ် နှစ်ခွန်းတယ် (တည်)' ဟူသော ရှေးအဆိုကို ဂျွန်အိုခဲ (မြန်မာအမည် ဦးလှသိန်း) က ရှစ်ခွန်း ဖြစ်သင့်ကြောင်း စတင်ပြောဆိုရာမှ မှော်ဘီဆရာသိန်း၏ ပေါရာဏ ဒီပနီကျမ်း (ပထမတွဲ)၊ လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏက ကျမ်း၊ အသျှင်ဦးသြဘာသ၏ သုတေသနသရုပ်ပြအဘိဓာန်၊ ဦးဝန်၏ တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း (၄) (စ-အက္ခရာ)၊ ရှင်သီလဝံသ၏ ပါရမီတော်ခန်းပျို့၊ ကံပဲ့ဘုန်းတော်ကြီး၏ ပညာက ထနကျမ်းတို့ကို အကြိမ်ကြိမ်နှီးနှော၍ ပါရမီတော်ခန်းပျို့နှင့် ပါရာဇိကအဋ္ဌကထာမှ စတင်ညွှန်းထား မှီးထားပုံကို တွေ့ရသဖြင့် ဖလှယ်နည်းစနစ် (ဏနမာကအအေသေည) ကို အသုံးပြုကာ 'စကားရှစ်ခွန်း၊ လူ့ဝယ်ထွန်း၊ ခြောက်ခွန်းကိုပယ် နှစ်ခွန်းတယ် (တည်)' ဟု အဆိုပြုချက်ကို ဖော်ထုတ်ပြသခဲ့သည်" (စာ-၄၄။) ဟု ဖော်ပြထားသည်။

ထို့ပြင် 'ပြန်လည်ရှင်းလင်းချက်' အဖြစ် စာ-၅၂ တွင် ဦးသန်းထိုက် (သုတေသန) က -

"ဤအချက်အလက်များသည် စာပေသမိုင်း ရေးသားပြုစုရာ၌ အချက်အလက်မှန်ခြင်း၊ အတ္ထုပ္ပတ္တိရေးသားရာ၌ အချက်အလက် မမှားခြင်းတို့မှလွဲ၍ မထူးခြားပါ။ စကားခြောက်ခွန်းမှ ရှစ်ခွန်းဖြစ်ခြင်းသည် အချက်အလက်ဆိုင်ရာ ယုတ္တိရှိမှုအတွက် သက်သေပြခြင်းသာ ဖြစ်သည်။ အချက်အလက် အမှားမှအမှန်သို့ အဆိုပြုချက်သာ ဖြစ်ပါသည်။ ရှေးကသိခဲ့သော အချက်အလက်ဆိုင်ရာ အသိများကို အသိမှန်အဖြစ် ပြောင်းလဲစေခြင်းသာ ဖြစ်ပါသည်။

"အဓိကအချက်မှာ စကားခြောက်ခွန်း၊ ရှစ်ခွန်းမဟုတ်ဘဲ ဗုဒ္ဓ၏ စကားဟောပြောခြင်းဆိုင်ရာ သတ်မှတ်ချက်ဖြစ်သော 'ကောင်းသောမှန်သောစကား' ကိုသာ ပြောဆိုသင့်သောအချက်သာဖြစ်သည်ကို မမေ့ရန်သာ ဖြစ်ပါသည်" ဟု ဖော်ပြထားပါသည်။

( ၂ )

ဤနေရာတွင် အနည်းငယ်စိစစ်ဝေဖန်လိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြပါစကားခြောက်ခွန်းမှာ ဗုဒ္ဓမြတ်စွာဘုရားဟောကြားခဲ့သော တရားတော်ထဲတွင်ပါရှိသော စကားခြောက်မျိုးဖြစ်သောကြောင့် ဖြစ်ပါသည်။ မဇ္ဈိမနိကာယ်၊ အဘယရာဇကုမာရသုတ်၌ 'စကားခြောက်မျိုး' ဟူ၍ မြတ်စွာဘုရား ဟောထားပါသည်။

"(၁) အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

(၂) အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါးတို့လည်း မနှစ်သက်၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

(၃) အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးလည်းရှိ၏၊ သူတစ်ပါးတို့ကား မနှစ်သက်၊ ထိုစကားကို အခါအားလျော်စွာ မြတ်စွာဘုရားသည် ပြောဆို၏။

(၄) အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးလည်းမရှိ သူတစ်ပါးတို့ကား နှစ်သက်၏၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

(၅) အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးမရှိ သူတစ်ပါးတို့ကား နှစ်သက်၏၊ ထိုစကားကို မြတ်စွာဘုရားသည် မပြောဆို။

(၆) အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးတို့လည်း နှစ်သက်၏၊ ထိုစကားကို အခါအားလျော်စွာ မြတ်စွာဘုရားသည် ပြောဆိုတော်မူ၏။

အဘယ်ကြောင့်ပြောသနည်းဆိုသော် မြတ်စွာဘုရားသည် သတ္တဝါတို့အပေါ်ဝယ် သနားကြင်နာမှုရှိသောကြောင့် ဖြစ်၏" ဟူ၍ ဟောထားပါသည်။

အထက်ကဆိုခဲ့သည့် 'စကားရှစ်ခွန်း' ဆိုခြင်းမှာ ဘုရားဟောနှင့် မညီပါ။

ထို့ကြောင့် ဂျွန်အိုခဲ (မြန်မာအမည်ဦးလှသိန်း) က ရှစ်ခွန်းဖြစ်သင့်ကြောင်း စတင်ပြောဆိုခြင်း နောက်သို့လိုက်ပါ၍ ဘုရားဟောတရားကို ပြင်ဆင်သင့်သည်ဟု မမှတ်သင့်ပါ။ သဗ္ဗညုတမြတ်စွာဘုရားတို့မည်သည် ချွတ်ယွင်းသောစကားကို ဆိုလေ့မရှိကြောင်းကို သတိရသင့်ပါသည်။

အဘယ်ကြောင့် စကားရှစ်မျိုး မဖြစ်ရပါသနည်းဆိုသော် ဂျွန်အိုခဲ၏နည်းအရဆိုလျှင် -

"အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးရှိ၏၊ သူတစ်ပါးတို့လည်း နှစ်သက်၏" ဟုဆိုသော စကားတစ်ခွန်းနှင့် -

"အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးရှိ၏၊ သူတစ်ပါးတို့ မနှစ်သက်" ဟု ဆိုသောစကားတစ်ခွန်း ကျန်ရှိနေသေးသယောင် ထင်ရပါသည်။

အမှန်တွင် ယင်းစကားနှစ်မျိုးမှာ မပါဝင်နိုင်တော့ပါ။

အဘယ်ကြောင့်နည်း။ "မဟုတ်မမှန်၊ ဒကျိုးရှိ၏" ဟုဆိုအပ်သော ဝစီဒုစရိုက်တရားတစ်ပါးကို လောက၌ ရှာမတွေ့နိုင်သောကြောင့် ဖြစ်ပါသည်။

မဟုတ်မမှန်ပြောခြင်းကို မည်သည့်နည်းနှင့်မျှ အကျိုးရှိသည်ဟု ဆို၍မရနိုင်ပေ။

မဟုတ်မမှန်ပြောခြင်းသည် မုသာဝါဒကံကို ကျူးလွန်ခြင်းပင် ဖြစ်ပါသည်။ သူတစ်ပါးတို့အား မသင့်လျော်သောဝစီကံ၌ ဆောက်တည်စေခြင်းဖြင့် လူအများ၏ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သောသူသည်သာလျှင် "မဟုတ်မမှန်၊ အကျိုးရှိ၏" ဟု ဆိုဝံ့ပေလိမ့်မည်။

မဟုတ်မမှန်ပြောခြင်းသည် အကျိုးရှိသည် ဆိုငြားအံ့၊ ရှေးအစဉ်အဆက်ကတည်းက ကျင့်သုံးဆောက်တည်ခဲ့သောတရားဖြစ်သည့် ငါးပါးသီလထဲမှ မုသာဝါဒသိက္ခာပုဒ်သည် သီလအင်္ဂါတစ်ခုအဖြစ်သို့ ရောက်လာစရာ မရှိပြီ။ ထို့ကြောင့် လောကတွင် မဟုတ်မမှန်စကားနှင့် အကျိုးရှိခြင်းကို ယှဉ်တွဲဖော်ပြ၍ လုံးဝမဖြစ်နိုင်ကြောင်း ထင်ရှားလှပါ၏။

"မဟုတ်မမှန်၊ အကျိုးရှိ၏" ဟု ဆိုနိုင်သောစကားသည် မရှိသော် "ဟုတ်မှန်၏၊ အကျိုးမရှိ" ဟု ဆိုနိုင်သောစကားနှစ်ခွန်းလည်း မရှိနိုင်ပါဟု ချေပငြားအံ့၊ မြတ်စွာဘုရားဟောကြားတော်မူသော တရားတစ်ပုဒ်မှ ထုတ်နုတ်၍ ကိုးကားဖော်ပြပေးချင်ပါသည်။

သံယုတ္တနိကာယ်၊ ပပါတဝဂ်၊ လောကစိန္တာသုတ်တွင် -

"ရဟန်းတို့၊ ရှေးအခါက ရာဇဂြိုဟ်ပြည်မှ ယောကျ်ားတစ်ယောက်သည် သုမာဂမည်သော ရေကန်၏အနီး၌ လောကအကြောင်းကို ကြံစည်လျက် ထိုင်နေ၏။ ယင်းသို့ထိုင်နေစဉ် ထိုယောကျ်ားသည် ကြာတောအတွင်းသို့ဝင်သွားသည့် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးတစ်ခုကို တွေ့မြင်ရလေ၏။

"ထိုအခါ ယောကျ်ားအား 'ငါသည် ရူးသွပ်သွားပြီလော၊ စိတ်ဖောက်ပြန်သွားပြီလော၊ လောက၌ မရှိသောအရာကို မြင်၏' ဟု အကြံဖြစ်လေ၏။ ထို့နောက် ထိုယောကျ်ားသည် မြို့တွင်းသို့

ပြန်သွားပြီး လူအပေါင်းအား မိမိ၏အဖြစ်အပျက်ကို ပြောပြလေ၏။ သူ့စကားကို ကြားရသောလူအပေါင်းကလည်း 'သင်ကားရူးသွပ်နေပြီ' ဟု ပြော၏။

"ရဟန်းတို့၊ စင်စစ်ကား ထိုယောကျ်ားသည် အမှန်ကို တွေ့မြင်ခဲ့ခြင်းသာ ဖြစ်၏။ ထိုအချိန်က နတ်နှင့်အသူရာတို့ စစ်ပွဲဖြစ်ပွားရာ စစ်ရှုံးသောအသူရာတို့သည် နတ်တို့ကို မျက်ခြည်ပြတ်အောင်လှည့်စားလျက် ကြာတောသို့ ဝင်သွားကြကုန်၏။ ထိုယောကျ်ားသည် ထိုအသူရာစစ်တပ်ကို တွေ့မြင်ခဲ့ခြင်း ဖြစ်၏။

"ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် 'လောကသည် မြဲ၏၊ လောကသည် မမြဲ' စသော လောကအကြောင်းကို မကြံစည်ကြကုန်လင့်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ကြံစည်ခြင်းသည် အကျိုးစီးပွားနှင့်မစပ်၊ အကျင့်မြတ်၏ အဦးအစလည်းမဟုတ်၊ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်းစသော အလို့ငှာလည်း မဖြစ်သောကြောင့် ပေတည်း။

"ရဟန်းတို့၊ သင်တို့သည် ကြံစည်စဉ်းစားကုန်သည်ရှိသော် 'ဤကား ဒုက္ခတည်း' ဟု ကြံစည်ကြကုန်လော့။ 'ဤကား ဒုက္ခဖြစ်ကြောင်းတည်း' ဟု ကြံစည်ကြကုန်လော့။ 'ဤကား ဒုက္ခချုပ်ရာတည်း' ဟု ကြံစည်ကြကုန်လော့။ 'ဤကား ဒုက္ခချုပ်ရာသို့ ရောက်စေသောအကျင့်တည်း' ဟု ကြံစည်ကြကုန်လော့။

"အဘယ်ကြောင့်ဆိုသော် ထိုသို့ကြံစည်ခြင်းသည် အကျိုးစီးပွားနှင့်လည်းစပ်၊ အကျင့်မြတ်၏ အဦးအစလည်းဖြစ်၊ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်းစသောအလို့ငှာလည်း ဖြစ်သောကြောင့် ပေတည်း" ဟု ဟောကြားထားရာတွင် ရာဇဂြိုဟ်ပြည်မှ ထိုယောကျ်ား၏စကားသည် 'ဟုတ်မှန်၏၊ အကျိုးမရှိ' စကားမျိုးပင် ဖြစ်ပါသည်။

## ( ၃ )

ဆရာဦးသန်းထိုက် (သုတေသန) က -

"ရှေးကသိခဲ့သော အချက်အလက်ဆိုင်ရာ အသိများကို အသိမှန် အဖြစ် ပြောင်းလဲစေခြင်းသာ ဖြစ်ပါသည်။ အဓိကအချက်မှာ စကားခြောက်ခွန်း၊ ရှစ်ခွန်းမဟုတ်ဘဲ ဗုဒ္ဓ၏စကားဟောပြောခြင်းဆိုင်ရာ သတ်မှတ်ချက်ဖြစ်သော 'ကောင်းသော မှန်သောစကား' ကိုသာ ပြောဆိုသင့်သောအချက်သာဖြစ်သည်ကို မမေ့ရန်သာ ဖြစ်ပါသည်" ဟု ပြန်လည်ရှင်းလင်းချက် ရေးခဲ့သော်ငြား ဘုရားဟောတရားသည် မပြည့်စုံ (မှားယွင်းနေသည်) ဟု ဆိုလိုရာရောက်နေပါသောကြောင့် ယခုလိုဆောင်းပါးရေး၍ တင်ပြရခြင်း ဖြစ်ပါသည်။

"ဒေါက်တာလှဘေ၏ သုတေသနကိုလေ့လာခြင်း" ဆောင်းပါး ကျမ်းကိုးစာရင်းတွင် ဆရာကြီး ဒေါက်တာလှဘေ၏ "စဉ်းစားဖွယ်ရာ (၁)၊ စကားခြောက်ခွန်းလား ရှစ်ခွန်းလား" ရှုမဝမဂ္ဂဇင်း၊ အတွဲ-၃၁၊ အမှတ်-၃၆၆ (နိုဝင်ဘာ၊ ၁၉၉၇) ၉၇-၁၀၃။ ဟု ဖော်ပြထားပြီး "စဉ်းစားဖွယ်ရာ (၂)၊ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့ သိမ်သမုတ်ရာ မပါဝင်ရ" ရှုမဝ တွဲ-၃၂၊ အမှတ်-၃၇၄ (ဇူလိုင်၊ ၁၉၇၈) ၄၁-၄၅။ ဟု ဖော်ပြထားပါသည်။

စဉ်းစားဖွယ်ရာ (၁) ရှုမဝတွင်ဖော်ပြပါရှိသောခုနှစ်အမှန်မှာ ၁၉၇၇-ဖြစ်ရပါမည်။ စာစီမှားယွင်းနေသည်ကို တွေ့မြင်ရပါသည်။

စဉ်းစားဖွယ်ရာ (၂) နှင့်ပတ်သက်၍ အနည်းငယ်တင်ပြချင်သော အကြောင်းတစ်ရပ် ရှိနေပါသည်။ ၎င်းမှာ မဟာဓမ္မသင်္ကြံ၏ မြန်မာ့ သာသနာဝင်ခေါ် "သာသနာလင်္ကာရစာတမ်း" (တတိယအကြိမ်) တွင် ဖော်ပြထားပုံနှင့် ဒေါက်တာလှဘေ၏ 'ထွင်ဇာတ်' တွင် ဖော်ပြထားပုံမှာ မတူပါ။

မဟာဓမ္မသင်္ကြံက "သက္ကရာဇ် ၈၄၂-ခုနှစ် နန်းတက်သော ရှမ်းဈေးလမ်းမအရှေ့ မနော်ရမ္မဥယျာဉ်နှင့် မနီးမဝေးတွင် သိမ်တော်

သမုတ်ရသည်။ သိမ်မြောက်က ဘုရားလည်းတည်သည်။ ထိုသိမ်ကို ဒုတိယမင်းခေါင်သိမ်ဟု တွင်၏” ဟု ရေးထားသည်။

ဆရာကြီးဒေါက်တာလှဘေ၏ ထွင်ဇာတ်ခေါင်းစဉ်နှင့် ဦးသန်းထိုက် (သုတေသန) ၏ ဆောင်းပါး (စာ-၄၅) တွင် -

“ထွင်ဇာတ်။ ။ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့ သိမ်သမုတ်ရာ မပါဝင်ရ။

“မဟာဓမ္မသင်္ကြံပြုစုသော ‘သာသနာလင်္ကာရစာတမ်း’ ၌ ပါဝင်သော ‘သက္ကရာဇ် ၈၄၂-ခုနှစ်၊ ရှမ်းဈေးလမ်းမအရှေ့ မနော်ရမ္မံ ဥယျာဉ်နှင့် မနီးမဝေးတွင် သိမ်တော်သမုတ်ရသည်။ ဒုတိယ မင်းခေါင် သိမ်သမုတ်သည့်ကာလ အခြားဆရာသယ်ာများက သာချင်းသည်တို့ပါလျှင် ငါတို့မလိုက်ပြီဆိုသောကြောင့် ရှင်သီလ ဝံသ၊ ရှင်ရဋ္ဌသာရတို့ သိမ်သမုတ်ရာ မပါဝင်ဟူ၍ ဆရာစဉ်ဆက် ဥဒါန်းစည်ရှည် ပြောဆိုကြသည်’ စာပိုဒ်သည် ပထမမောင်းထောင် ဆရာတော် ဦးဉာဏာဘိဝံသ ဆင်ခြင်တုံတရားလစ်၍ (သို့မဟုတ်) အစွဲအလမ်းဝင်နေ၍ ထွင်ခြင်းဖြစ်သည်။

“သုတေသနပြုချက်မှာ ထွင်ဇာတ်၌ ဖော်ပြထားသော ၈၄၂-ခုနှစ်၌ ၈၃၀-ခုနှစ်ဖွား ရှင်ရဋ္ဌသာရသည် ၁၂-နှစ်သား အရွယ်သာဖြစ်၍ ၈၁၅-ခုနှစ်ဖွား ရှင်သီလဝံသသည် နတ်မှီးလင်း ဆရာတော်ထံ၌ ပညာသင်ဆဲဖြစ်ပြီး ၈၅၆-ခုနှစ်မှသာ အင်းဝ နေပြည်တော်သို့ရောက်ကြောင်း နောင်ပညာရှိများ မမှားစေရန် ထောက်ပြနိုင်ခဲ့သည်” ဟု ရေးသားဖော်ပြထားသည်။

ဤသုတေသနပြုချက်တွင် ‘နန်းတက်သော’ ဆိုသည့်စကားလုံး ကျန်နေခဲ့ပါသည်။ ထို့နောက် ခုနှစ်အယူအဆမှာ ချွတ်ချော်နိုင်သည် ဟု ကျွန်တော် ထင်မိပါသည်။

သာသနာလင်္ကာရစာတမ်း၌ “သက္ကရာဇ် ၈၄၂-ခုနှစ် နန်းတက်သော ရှမ်းဈေးလမ်းမအရှေ့ မနော်ရမ္မံဥယျာဉ်နှင့်

မနီးမဝေးတွင် သိမ်တော်သမုတ်ရသည်" ဟု ရေးထားခြင်းသည် သိမ်တော်ကို ၈၄၂-ခုနှစ်တွင် သမုတ်သည်ဟု ဆိုလိုရာ မရောက်သောကြောင့် ဖြစ်ပါသည်။

အောက်ဖော်ပြပါ သာသနာလင်္ကာရစာတမ်း (ဒုတိယအကြိမ်) တွင်ပါသော အရေးအသားအချို့နှင့် နှိုင်းယှဉ်ကြည့်ပါ။

၂၇။ တစ်စီးရှင် သီဟသူလက်ထက် ရှင်ယောင်အရည်းတို့ များပြားလာခြင်းအကြောင်း (စာ-၁၃၃) တွင် -

"သက္ကရာဇ် ၆၇၄-ခုနှစ်တွင် မြင်စိုင်းရွှေနန်းရှင်ရာဇသင်္ကြံမလွန်မီ သုံးနှစ်က ပင်လယ်တစ်စီးရှင်သီဟသူ ပင်းယမြို့ကို တည်တော်မူ၏" ဟုလည်းကောင်း၊

၂၈။ ဥစ္စနာမင်းကြီး စကားခုနစ်ကျောင်းကို ဆောက်လုပ်ခြင်းအကြောင်း (စာ-၁၃၄) တွင် -

"သက္ကရာဇ် ၆၈၄-ခုနှစ်တွင် သားတော်အကြီး အိမ်ရှေ့ဥစ္စနာမင်းဖြစ်တော်မူ၍ ပင်းကျားအရပ်၌ စကားခုနစ်ကျောင်းကို ဆောက်လုပ်တော်မူသည်။ သက္ကရာဇ် ၇၀၂-ခုနှစ်တွင် ထိုကျောင်းများကို တင်လှူတော်မူ၏" ဟုလည်းကောင်း၊

၃၂။ သတိုးမင်းဖျားလက်ထက် ရှင်သွမ်းရှင်ပျက်တို့ မဆိုးသွမ်းဝံ့ခြင်းအကြောင်း (စာ-၁၄၃) တွင် -

"သက္ကရာဇ် ၇၂၆-ခုနှစ် ကဆုန်လ စစ်ကိုင်းပျက်သည်။ နယုန်လ ပင်းယပျက်သည်။ တပေါင်းလ အဝကို သတိုးမင်းဖျားတည်တော်မူသည်" ဟုလည်းကောင်း၊

၃၈။ ဒုတိယမင်းခေါင်လက်ထက် တောင်တွင်းကြီးရှင်မဟာသီလဝံသရောက်လာကြောင်း (စာ-၁၅၄) တွင် -

"သက္ကရာဇ် ၈၄၂-ခုနှစ်တွင် ဒုတိယမင်းခေါင် မင်းဖြစ်တော်မူ၏" ဟုလည်းကောင်း တိကျသောအရေးအသားများဖြင့် ဖော်ညွှန်းရေးသားထားပါသည်။

၄၀။ ဒုတိယမင်းခေါင်လက်ထက် သိမ်သမုတ်တော်မူရာ ရှင်မဟာသီလဝံသ၊ ရှင်ရဋ္ဌသာရမထေရ် ၂-ပါးတို့ မပါဝင်ရကြောင်း (စာ-၁၅၆) တွင်မူ -

“သက္ကရာဇ် ၈၄၂-ခုနှစ် နန်းတက်သော ရှမ်းဈေးလမ်းမ အရှေ့မနော်ရမ္မဥယျာဉ်နှင့် မနီးမဝေးတွင် သိမ်တော်သမုတ်ရသည်” ဟု ရေးခြင်းတွင် သက္ကရာဇ် ၈၄၂-ခုနှစ်သည် နန်းတက်သောအချိန်ကို ရည်ညွှန်းထားသည်ကဲ့သို့သာ ထင်မိပါသည်။

ထို့ပြင်လည်း ထိုခေါင်းစဉ်အောက်မှာပင် “သာသနာတော်ရေးကို အရှည်မြော်ထောက်၍ အဂတိ ၄-ပါးမလားဘဲ အစဉ်စကားရှိသည်၊ အစဉ်စာတမ်းရှိသည်များကိုသာ ရေးသားရသည်” ဟု ဖော်ပြထားခြင်းနှင့်၊

၃၉။ ပျို့၊ ကဗျာ၊ လင်္ကာကို ဘုရားမြစ်တားတော်မူခြင်းအကြောင်း (စာ-၁၅၅) ၌ ဘုရားဟော သဠာယတနသံယုတ်၊ အာဏိသုတ်လာ တရားတော်ကိုပါ စုံစေ့စွာ အကိုးအကားပြု ရေးသားဖော်ပြထားခြင်းကို အလေးဂရုပြုထိုက်ပါကြောင်းကိုလည်း တင်ပြလိုပါ၏။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်ဝန်ခံလိုသည်မှာ ယခုကဲ့သို့ ဆောင်းပါးရေးရခြင်းသည် မိမိနှင့် ထိုဆရာကြီးများကို နှိုင်းယှဉ်လိုခြင်း မဟုတ်ရပါကြောင်းနှင့် ထိုဆရာကြီးများသည် မိမိထက် ပညာဂုဏ်၊ သိက္ခာဂုဏ်စသည်ဖြင့် အများကြီးပိုလွန်လှကြောင်းပင်တည်း။

သို့ပါသော်လည်း မိမိတို့ယုံကြည်ကိုးကွယ်သော ဗုဒ္ဓသာသနာအရေးနှင့် ပတ်သက်နေသောကြောင့်သာလျှင် ယခုကဲ့သို့ ရေးသားလိုက်ရခြင်းဖြစ်ကြောင်း၊ မိမိအလှမ်းဝေးလွန်းလှသော သုတေသနနယ်ပယ်တွင်ဝင်၍ ကျူးကျော်ဝံ့သောစိတ်သဘော မရှိပါကြောင်း ဝန်ခံအပ်ပါသည်။

*၂၀၁၃-ခုနှစ်၊ မတ်လ၊ ဓမ္မရတနာမဂ္ဂဇင်း*

## အကုသိုလ်ကံများသည် အမှီတံကဲဖြစ်–မဖြစ်

ဆရာကြီးဦးရွှေအောင်ရေးသားသော 'ကုသိုလ်နှင့်အကုသိုလ်' စာအုပ်ထဲမှ ကုသိုလ်နှင့်အကုသိုလ်ဆောင်းပါးကို ဖတ်မိပြီးသည့်နောက် မိမိ၏အမြင်ကို တင်ပြလိုပါသဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ထိုဆောင်းပါးတွင် -

"သတ္တဝါတို့သည် သံသရာ၌ ကျင်လည်နေသူများ ဖြစ်၏။ သံသရာသည် အပြောကျယ်သောသမုဒ္ဒရာနှင့် တူ၏။ သမုဒ္ဒရာသည် ဘေးဘျမ်းအတိ ပြီး၏။ နှစ်သက်စရာမဟုတ်။ သံသရာ၌ ကျင်လည်ခြင်းသည် အပြောကျယ်သောသမုဒ္ဒရာ၌ လက်ပစ်ကူးနေခြင်းနှင့်တူ၏။ သမုဒ္ဒရာ၌ လက်ပစ်ကူးနေသူသည် ငြိမ်းချမ်းရာတစ်ဖက်ကမ်း ရောက်ရေးအတွက် အသေကောင်ပုပ်ကိုတွေ့လျှင်လည်း အမှီတံကဲပြု၏။ သစ်တုံးကိုတွေ့လျှင်လည်း အမှီတံကဲပြု၏။ သို့ရာတွင် အသေကောင်ပုပ်ကိုတွေ့သောအခါ စက်ဆုပ်၏။ စက်ဆုပ်သော်လည်း မစွန့်ပစ်၊ သင့်သလို အမှီတံကဲအဖြစ် အသုံးပြု၏။ သစ်တုံးကိုတွေ့သောအခါ ဝမ်းမြောက်၏။ ဝမ်းမြောက်သော်လည်း မသိမ်းပိုက်၊ သင့်သလိုအမှီတံကဲအဖြစ် အသုံးပြု၏။

. . . အသေကောင်ပုပ်သည်လည်း အဓိကမဟုတ်၊ သစ်တုံးသည်လည်း အဓိကမဟုတ်၊ လက်ပစ်ကူးနေစဉ်ကာလအတွင်း အသုံးပြုစရာ တန်ဆာပလာများသာ ဖြစ်၏။ တစ်ဖက်ကမ်း ကြည်းကုန်းထက်သို့ ရောက်ပါက အသုံးပြုစရာ တန်ဆာပလာများသည် ဘာမျှအသုံးမကျတော့။ စွန့်ပစ်

ရမည်ချည်း ဖြစ်၏။ . . . ဗုဒ္ဓဒေသနာတော်အရ သမုဒ္ဒရာ၌ လှေလှေးလာ ခေါက်ပြန် လက်ပစ်ကူးနေသူအတွက် အသေကောင်ပုပ်သည် အကုသိုလ်နှင့်တူ၏။ သစ်တုံးသည် ကုသိုလ်နှင့် တူ၏။" *(စာ-၁၁၊ ၁၂။)*

"အကုသိုလ်ကို အသုံးပြုစရာတန်ဆာပလာအဖြစ် အသုံးပြုခြင်းဆိုသည်မှာ ပုထုဇဉ်တို့၏သဘာဝအရ မလွှဲသာမရှောင်သာ အကုသိုလ်ကို ပြုမိပါက ယင်းပြုမိသောအကုသိုလ်ကို မေ့ထားရမည်မဟုတ်။ မသိကျိုးကျွန်ပြုရမည်မဟုတ်။ ယင်းအကုသိုလ်ကို ပယ်သတ်ရန်အားထုတ်ရမည်။ *(စာ-၁၃။)*

". . . ကျွန်ုပ်တို့သည် လူ့ဘောင်တွင်နေထိုင်ကြသော လူသားများဖြစ်သည့်အားလျော်စွာ မလွှဲသာ၊ မရှောင်သာဘဲ စစ်ကိုလည်းတိုက်ကြရ၏။ ခွေးရူးကိုလည်း သတ်ကြရ၏။ လူဆိုးသူခိုးများကိုလည်း နှိမ်နင်းကြရ၏။ ဤလုပ်ငန်းများသည် မကောင်းသော အကုသိုလ်လုပ်ငန်းများ ဖြစ်ကြ၏။ အကုသိုလ်လုပ်ငန်းများဖြစ်သည့်အလျောက် မလုပ်ဘဲရှောင်ကြဉ်ရန် ဗုဒ္ဓဒေသနာက ညွှန်ကြား၏။

. . . သို့ရာတွင် ရှောင်ကြဉ်၍မရသော အခါသမယသည် ပေါ်ပေါက်လာတတ်၏။ ယင်းအခါသမယကား ဒုစရိုက်တရားများနှင့် အဓမ္မဝါဒများက လောကကိုဖျက်ဆီးရန် အားထုတ်သောအခါ၊ သုစရိုက်တရားများနှင့်ဓမ္မဝါဒကို လွှမ်းမိုးရန်ကြိုးပမ်းသောအခါ၊ မိမိအတွက် အသက်အန္တရာယ်ကြုံသောအခါ ဖြစ်လေသည်။ ထိုအခါသမယမျိုးတွင် ကျွန်ုပ်တို့သည် 'အသေကောင်ပုပ်'ကို အမှီတံကဲပြု၍ အသေကောင်ပုပ်၏ အကူအညီဖြင့် တစ်ဖက်ကမ်းကြည်းကုန်းသို့ အရောက်ကူးသကဲ့သို့ ကျူးကျော်စစ်ကိုတိုက်ခြင်းအားဖြင့်လည်းကောင်း၊ ခွေးရူးကိုသတ်ခြင်းအားဖြင့်လည်းကောင်း၊ လူဆိုးသူခိုးများကို နှိမ်နင်းခြင်းအားဖြင့်လည်းကောင်း လောက၏အစီးအပွားအတွက်၊ ဓမ္မဝါဒရှင်သန်ထွန်းကားရေးအတွက် ဆောင်ရွက်ကြရ၏။" *(စာ-၁၅၊ ၁၆။)*

ဤအရေးအသားများသည် 'ကုသိုလ်အကုသိုလ်' မှ ဆရာကြီး ဦးရွှေအောင်၏ အယူအဆအတွေးအမြင်များ ဖြစ်ပါသည်။ 'အသေကောင်ပုပ်' ကို အမှိုက်ကဲ့ပြုခြင်းကိုရေး၍ အကုသိုလ်ကံကို အမှိုသဟဲပြုရမည်၊ သို့မဟုတ် အကုသိုလ်တရားများကို ပြုအပ်သည်ဟု အနက်သဘောရောက်သည်အထိ စာစကားလုံးများဖြင့် တိုက်တွန်းထားပါသည်။

ဤအချက်သည် တရားနှင့်မညီသော၊ ဘုရားဟောမဟုတ်သော အယူဝါဒသာဖြစ်သည်ဟု ထင်မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် အင်္ဂုတ္တရနိကာယ်၊ ဒုတိယပမာဒါဒိဝဂ်၌ မြတ်စွာဘုရားက -

"ရဟန်းတို့၊ ဤအကုသိုလ်တရားတို့ကို အားထုတ်ခြင်း၊ ကုသိုလ်တရားတို့ကိုအားမထုတ်ခြင်းသည် မိမိ၏အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အတွင်းသန္တာန်၌ဖြစ်ပေါ်သော အကြောင်းဟုပြု၍ များစွာအကျိုးမဲ့ခြင်းငှာဖြစ်သော အခြားတစ်ခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့၊ အကုသိုလ်တရားတို့ကို အားထုတ်ခြင်း၊ ကုသိုလ်တရားတို့ကို အားမထုတ်ခြင်းသည် များစွာအကျိုးမဲ့ခြင်းငှာ ဖြစ်၏"ဟု ဟောကြားထားသောကြောင့် ဖြစ်ပါသည်။

ဆရာကြီးက သံသရာကို အပြောကျယ်သောသမုဒ္ဒရာနှင့် နှိုင်းယှဉ်ကာ တင်စားမှုပြုထားပြီး အသေကောင်ပုပ်နှင့် သစ်တုံးကို အကုသိုလ်နှင့် ကုသိုလ်အဖြစ် တင်စားဖော်ပြခဲ့ပါသည်။

* * *

"အကုသိုလ်ကို အသုံးပြုစရာတန်ဆာပလာအဖြစ် အသုံးပြုခြင်းဆိုသည်မှာ ပုထုဇဉ်တို့၏ သဘာဝအရ မလွှဲသာမရှောင်သာ အကုသိုလ်ကို ပြုမိပါက ထိုပြုမိသောအကုသိုလ်ကို မေ့ထားရမည်မဟုတ်။ မသိကျိုးကျွန်ပြုရမည်မဟုတ်။ ယင်းအကုသိုလ်ကို ပယ်သတ်ရန် အားထုတ်ရမည် (စာ-၁၃)"ဟု ဆိုသော်လည်း ထိုဆောင်းပါးတစ်နေရာတွင်ကား -

"ကျွန်ုပ်တို့သည် စစ်ကိုတိုက်ကြ၏။ ထိုသို့တိုက်ရာတွင် စစ်ကို တိုက်ချင်၍ တိုက်ကြသည်မဟုတ်။ 'အသေကောင်ပုပ်' ၏ အကူအညီဖြင့် တစ်ဖက်ကမ်းသို့ ကူးသောယောကျ်ားသည် 'အသေကောင်ပုပ်'ကို ရွံရှာ စက်ဆုပ်သကဲ့သို့ ကျွန်ုပ်တို့သည် စစ်ကို ရွံရှာစက်ဆုပ်ပါ၏။ သို့ရာတွင် 'အသေကောင်ပုပ်' ၏ အကူအညီကိုမရယူပါက ကမ်းကူးသောယောကျ်ား သည် ရေပြင်တွင် ပျက်စီးပျောက်ကွယ်သွားမည်ဖြစ်သကဲ့သို့ ကျူးကျော် စစ်ကိုမတိုက်ပါက ကျွန်ုပ်တို့သည် မြေပြင်တွင် ပျက်စီးပျောက်ကွယ်သွား ကြမည်ပင် ဖြစ်၏။

"အကုသိုလ်ကို အသုံးပြုစရာတန်ဆာပလာအဖြစ်၊ ဖောင်အဖြစ် အသုံးပြုရာတွင် အကုသိုလ်သဘောနှင့် ကုသိုလ်သဘောကို မရောနှောမိရန် လို၏။ 'အသေကောင်ပုပ်' ၏ အကူညီဖြင့် ကမ်းတစ်ဖက်သို့ကူးသော ယောကျ်ားသည် အသေကောင်ပုပ်၏ အနိဋ္ဌာရုံကို ခံစားနေရသကဲ့သို့ ကမ်းနှင့် ပို၍ပို၍နီးလာသော ဣဋ္ဌာရုံကိုလည်း ခံစားရ၏။ . . . လောက၏ အစီးအပွားအတွက်၊ ဓမ္မဝါဒရှင်သန်ထွန်းကားရေးအတွက် မိမိ၏အကျိုး စီးပွားကိုမငဲ့ခြင်း၊ အနစ်နာခံခြင်း၊ တာဝန်ကို ကျေပွန်အောင်ဆောင် ရွက်ခြင်းသည် ကုသိုလ်သဘောရှိ၏။ ထိုကုသိုလ်ကား ကုသိုလ်သက်သက် ဖြစ်၏။ ငါ၊ ငါ့ဥစ္စာ၊ ငါ့အတွက်ဟူသော 'အတ္တ'ကို ပို၍ပို၍ခေါင်းပါးစေ သော ကုသိုလ်ဖြစ်၏။ သံသရာတစ်ဖက်ကမ်းနှင့် ပို၍ပို၍နီးကပ်လာသော ကုသိုလ် ဖြစ်၏။ ယင်းကုသိုလ်က ဆိုင်ရာအကုသိုလ်ကို ပယ်နိုင်၏ (စာ- ၁၆၊ ၁၇။)" ဟု ဆိုထားပြန်သည်။

"ကျူးကျော်စစ်ကိုမတိုက်ပါက မြေပြင်တွင် ပျက်စီးရလိမ့်မည်" ဟု ဆိုသော်လည်း သံသရာတည်းဟူသော သမုဒ္ဒရာတွင် နစ်မြုပ်လိမ့်မည် ဟူ၍ကား မယူသင့်။ အသေကောင်ပုပ်(ဝါ)အကုသိုလ် (ဝါ)စစ်တိုက်ခြင်း၏ အနိဋ္ဌာရုံကို ခံစားနေရသည်ဆိုပါလျက် ဘယ်နည်းနှင့်မှ တစ်ဖက်ကမ်း (ဝါ) နိဗ္ဗာန်နှင့် ပိုနီးသွားလိမ့်မည်ဟု တွေးမြင်၍မရနိုင်။ အကုသိုလ်ကို ပြုသည့် အတွက် အကုသိုလ်၏အကျိုးပေးအဖြစ် အပါယ်သို့ကျရောက်ခြင်း (ဝါ)

သမုဒ္ဒရာ၌နစ်မြုပ်ခြင်းကိုသာလျှင် ကြုံတွေ့ရမည်ဖြစ်ပါသည်။ ဓမ္မဝါဒ ရှင်သန်ထွန်းကားရေးအတွက် မိမိအကျိုးစီးပွားကို မငဲ့ခြင်း၊ အနစ်နာခံခြင်း၊ တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်းများသည် အကုသိုလ်တရားများကို ပြုလုပ်ရခြင်း (ခွေးရူးကိုသတ်ခြင်း၊ လူဆိုးသူခိုးများကို နှိမ်နင်းခြင်းစသည်) ဖြစ်သည်ဟုယူဆသော် မသင့်ချေ။ ဤနေရာတွင် အကုသိုလ်ကို မိမိ၏ အသက်ဟူသောအကြောင်းနှင့်မျှသော်မှ မပြုမကျူးလွန်ခြင်းသည်သာလျှင် အနစ်နာခံခြင်းအစစ်အမှန် မည်ပါလိမ့်မည်။

(အယ်ဒီတာ့မှတ်ချက်။ ။ ဤနေရာတွင် ဆင်ခြင်စရာတစ်ချက်ကမူ ဆရာကြီးဦးရွှေအောင်သည် ဘုရားလောင်းလျာတို့၏ သဘောထားများကို စိတ်ညွတ်၍ ရေးသားထားခြင်းလားဟူ၍ပင် ဖြစ်သည်။ ဘုရားလောင်းလျာ တို့သည် လူဆိုးသူခိုးများကို နှိမ်နင်းခြင်းစသော အကုသိုလ်ကံကြောင့် အပါယ်ကျခြင်းခံကြရသည်။ လူဆိုးသူခိုးများမှတစ်ပါးကုန်သော လူသား များစွာတို့အတွက် ချမ်းသာစွာနေရခြင်းစသော ကောင်းကျိုးများကို ပြုလုပ် ပေးရာရောက်သော ကုသိုလ်ကံကြောင့် ပါရမီပြည့်ခြင်း ဖြစ်ကြရသည်။)

မြတ်စွာဘုရားက သံယုတ္တနိကာယ်၊ ဓာတုသံယုတ်၊ သဂါထာသုတ် တွင် -

“. . . ရဟန်းတို့၊ တဏှာဖြင့်ကပ်ငြိခြင်းကြောင့် ကိလေသာတောကြီး သည် ဖြစ်ပေါ်လာ၏။ တဏှာဖြင့် မကပ်ငြိခြင်းကြောင့် ကိလေသာတော ကြီးသည် ပြတ်၏။ မဟာသမုဒ္ဒရာအတွင်း၌ သစ်တုံးငယ်ကို တက်စီးမိ၍ နစ်မြုပ်ရသူကဲ့သို့ ထို့အတူပင် ကောင်းသောအသက်မွေးခြင်းရှိသူပင် ဖြစ်သော်လည်း ပျင်းရိသောသူကို အကြောင်းပြု၍ နစ်မြုပ်ရတတ်၏။ ထို့ကြောင့် ပျင်းရိသောသူကိုရှောင်ကြဉ်သင့်၏။ ဆိတ်ငြိမ်ရာသို့ကပ်၍ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိသည့် လုံ့လဝီရိယထက်သန်သော ပညာရှိတို့နှင့်သာလျှင် ပေါင်းဖော်နေသင့်၏” ဟု ဟောကြားထားပါသည်။

ပျင်းရိခြင်းတရား (ပျင်းရိသောသူ) ကိုပင် မမှီဝဲအပ်၊ သံသရာတွင် အောက်သို့သက်စေတတ်သော အကြောင်းတရားဖြစ်သည်ဟူ၍ ဟောကြား

ထားပေရာ အကုသိုလ်ကံများသာဆိုပါလျှင် ကျိန်းသေနစ်မြုပ်ပျက်စီးရလိမ့် မည်သာဖြစ်ကြောင်း အလိုလိုသိရှိနိုင်ပါ၏။ ထိုအခါ ဆရာကြီးဦးရွှေ အောင်၏ အသေကောင်ပုပ်ကို အမှိုက်ကဲပြုခြင်းဆိုသည့် ဥပမာသည် မသင့်တော်မလျော်ကပ်ပတ်ခြင်းကို တွေ့မြင်နိုင်ပါသည်။

ဤနေရာတွင် သီးလုံးဆရာတော်ကြီး၏ ဂမ္ဘီရတ္ထဒေသနာစာအုပ် ကြီးတွင် ရေးသားထားသော တရားအချို့ကို (မူရင်းသတ်ပုံအတိုင်း) ကောက်နုတ်ဖော်ပြပေးလိုပါသည်။ စာအုပ်ကြီး၏ နိဂုံးပိုင်းတွင် “. . . သာသနာ တော်တွင်း၌ ကြုံကြိုက်သည်နှင့်အညီ မအိုမိ၊ မနာမိ၊ မသေမိကာလက မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်ကို တောင့်တ၍ ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ် ကောင်းမှုတို့ကို အားထုတ်ကြကုန်ရာသည်။ ထိုကုသိုလ်ကောင်းမှုတို့၌ အားထုတ်ကုန်သောသူတို့သည်ကား ၁-နေ့ နောက် ၁-နေ့၊ ၁-ရက် နောက် ၁-ရက်၊ ၁-လ နောက် ၁-လ၊ ၁-နှစ် နောက် ၁-နှစ်၊ ၁-ဘဝ နောက် ၁-ဘဝ၊ ၁-ကမ္ဘာ နောက် ၁-ကမ္ဘာ သံသရာစက်မှထွက်မြောက်၍ နိဗ္ဗာန် တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်ရာ၏။

“ဥပမာကား အလွန်တရာကျယ်ဝန်းလှစွာသော သမုဒ္ဒရာ၌ သင်္ဘော ပျက်၍ နစ်မွန်းမျောပါသောသူတို့သည် ဒွတ္တိံသကာယအစုဖြစ်သော သူကောင်ပုပ်အစုသည် ရေတွင်ပေါလောမျောလာသည်ကိုတွေ့လျှင် ‘ဤ သူကောင်ပုပ်သည် ငါ၏ကိုးကွယ်ရာ ဖြစ်တော့သည်’ ဟု အကြံပြု၍ ထိုသူ ကောင်ပုပ်ကို စက်ဆုပ်ရွံရှာလျက်ပင် မြဲမြံစွာဖက်၍ ကူးသည်ရှိသော် လှိုင်းတံပိုးခတ်၍ ကမ်းတစ်ဖက်သို့ ရောက်လေတော့သည်။ ထိုအခါ ထိုသူကောင်ပုပ်ကို စက်ဆုပ်ရွံရှာဖွယ်ရှိ၍ စွန့်သကဲ့သို့ ထိုဥပမာစကား၌-

- မဟာသမုဒ္ဒရာသည်ကား သံသရာနှင့်တူ၏။

- ထိုမဟာသမုဒ္ဒရာ၌ နစ်မွန်းမျောပါသောသူတို့သည်ကား သံသရာ ၌ ကျင်လည်ရသော ငါတို့ သူငါနှင့် ဘူ၏။

- ဒွတ္တိံသကာယအစုဖြစ်သော သူကောင်ပုပ်သည်ကား ကူးတို့လှေ နှင့် တူ၏။

- နာမ်တရားတို့သည်ကား ကူးတို့စီးသောသူတို့နှင့် တူ၏။

- ဒါန၊ သီလစသောကုသိုလ်ကောင်းမှုသည်ကား ဤမှာဘက်ကမ်းမှသည် ဟိုမှာဘက်ကမ်းသို့ရောက်အောင် ကူးပို့သောကူးတို့သူကြီးနှင့် တူ၏။ . . . ” စသဖြင့် ရေးသားဟောညွှန်ပြသည်။

သီးလုံးဆရာတော်ကြီးက သူကောင်ပုပ်ကို သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေး (ဒွတ္တိံသကာယ) အဖြစ်သာ ဥပမာပြုခဲ့ပါသည်။ သီးလုံးဆရာတော်ကြီး၏ ဥပမာသည်လျှင် တရားနှင့်လိုက်ဖက်ညီသော ဥပမာပြုခြင်းဖြစ်သည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

ထို့ကြောင့် အသေကောင်ပုပ်ကို သုံးဆယ့်နှစ်ကောဋ္ဌာသအဖြစ် ဥပမာပြုခြင်းသည်သာလျှင် မှန်ကန်လိမ့်မည်ဟု ထင်မိပါသည်။ သစ်တုံးကို ကုသိုလ်တရားများအဖြစ် ဥပမာပြုနိုင်ပါသည်။ ထို့အတူ မဂ္ဂင်ရှစ်ပါးတရားတော်ကို ဖောင်အဖြစ် ဥပမာပြုနိုင်ပါသေးသည်။

* * *

မဇ္ဈိမနိကာယ်၊ အလဂဒ္ဒူပမသုတ်တွင် -

“. . . ရဟန်းတို့၊ ငါသည် ဖောင်ဥပမာတရားကို ဟောကြားပေအံ့၊ နာကြကုန်လော့။ ရဟန်းတို့ ဥပမာကား ခရီးရှည်သွားသော ယောကျ်ားတစ်ယောက်သည် လမ်းခရီး၌ အပြောကျယ်သော ရေပင်လယ်ကြီးတစ်ခုကို တွေ့မြင်ရာ၏။ ထိုရေပင်လယ်ကြီး၏ ဤမှာဘက်ကမ်းသည် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဘေးအန္တရာယ်ထူပြောပြီး ဟိုမှာဘက်ကမ်းသည်ကား ဘေးရန်ကင်းဝေး အေးချမ်းသာယာသည်ဖြစ်ရာ၏။ သို့သော် ဟိုမှာဘက်ကမ်းသို့ကူးရန် လှေလည်းမရှိ။ တံတားလည်းမရှိချေ။ ခရီးသွားယောကျ်ားသည် အနီးအနားရှိ သစ်ပင်များကိုစုဆောင်း၍ ဖောင်ဖွဲ့ပြီး ဟိုမှာဘက်ကမ်းသို့ သွားလေရာ၏။ ဟိုမှာဘက်ကမ်းသို့ ရောက်သောအခါ ‘ဤဖောင်ကား ငါ့အားကျေးဇူးများ၏’ ဟုကြံ၍ ထိုဖောင်ကို ပခုံးဖြင့်ထမ်းဆောင်သွားသော် ပြုသင့်ပြုထိုက်သောကိစ္စကို ပြုသည်မမည်။ စင်စစ် ထိုဖောင်ကို ကုန်းပေါ်သို့

တင်၍ဖြစ်စေ၊ ရေထဲမျှောခဲ့၍ဖြစ်စေ လိုရာသို့ဆက်လက်သွားခြင်းသည် သာလျှင် ပြုသင့်ပြုထိုက်သောကိစ္စကို ပြုသည်မည်၏။

"ရဟန်းတို့၊ ထိုနည်းတူပင် ငါသည် ဆင်းရဲမှထွက်မြောက်ရန် အလို့ငှာ ဖောင်ဥပမာတရားကို ဟောကြားအပ်၏။ စွဲယူရန်အလို့ငှာ ဟောကြားအပ်သည်မဟုတ်။ ရဟန်းတို့၊ ဖောင်ဥပမာတရားကို နားလည် သောသင်တို့သည် ဓမ္မကိုပင် စွန့်ပယ်အပ်၏။ အဓမ္မကိုကား ဆိုဖွယ်မရှိတော့ ချေ"ဟု ဟောထားပါသည်။

မြတ်စွာဘုရား၏ တရားတော်သည် သဥပါဒိသေသ နိဗ္ဗာန်ဝင်ပြီး ကြကုန်သော ရဟန္တာပုဂ္ဂိုလ်များနှင့် အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် ပုဂ္ဂိုလ်များကို ရည်ရွယ်ဟောကြားခြင်းဖြစ်ပြီး ဆရာကြီးဦးရွှေအောင်သည် ကား လောကီနယ်သား ဗုဒ္ဓဘာသာဝင်ပုထုဇဉ်များကို ရည်ရွယ်၍ရေးသား ခြင်းဖြစ်ပါသည်။

သို့သော်လည်း ကျွန်တော် အဓိကတင်ပြချင်သောအချက်သည်ကား အကုသိုလ်ကံကို အမှီသဟဲမပြုအပ်ကြောင်းပင် ဖြစ်ပါသည်။ အကုသိုလ် တရားများသည် ကုသိုလ်တရားများအား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု သည်ဆိုရာ၌ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ(Ph.D) ဟောပြော ရေးသားသော "ပဋ္ဌာန်းစွသမုပ္ပာဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း" စာအုပ်တွင် -

"ဘုန်းကြီးတို့တစ်တွေတရားနာရလို့ အသိတရားတွေ ရလာတဲ့အခါ ကျတော့ 'အဝိဇ္ဇာဆိုတာ မကောင်းဘူး၊ အကုသိုလ်တရားပဲ။ သစ္စာလေးပါးကို အမှန်မသိတဲ့ အဝိဇ္ဇာကို တို့ဖယ်ရှားပစ်မှဖြစ်မယ်' ဆိုပြီး အဝိဇ္ဇာကလွတ် မြောက်ဖို့အတွက် ဒါနကောင်းမှုတွေလုပ်မယ်၊ သီလတွေဆောက်တည်မယ်၊ ဘာဝနာတွေပွားမယ်၊ ဒီလိုကောမလုပ်ဘူးလား။ အဝိဇ္ဇာကို ဖယ်ရှားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုရင် အဲဒီအဝိဇ္ဇာဟာ ဖြစ်ပေါ်လာတဲ့ ဒါန ကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကို ဥပနိဿယပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ် (စာ-၃၆)"ဟူ၍လည်းကောင်း။

ဆရာတော်အရှင်ဇနကာဘိဝံသ၏ 'အခြေပြု ပဋ္ဌာန်းတရားတော်' တွင် -

"အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံ -

"အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

"ရာဂံ-ရာဂကို၊ ဥပနိဿာယ-အားကြီးသော မှီရာဖြစ်၍၊ ဒါနံ-အလှူကို၊ ဒေတိ-ပေး၏၊ သီလံ-သီလကို၊ သမာဒိယတိ-ဆောက်တည်၏၊ ဥပေါသထကမ္မံ-ဥပုသ်စောင့်သုံးမှုကို၊ ကရောတိ-ပြု၏၊ ဈာနံ-ဈာန်ကို၊ ဈာန်ရကြောင်းဖြစ်တဲ့ သမထကမ္မဋ္ဌာန်းကို၊ ဥပ္ပာဒေတိ-ဖြစ်စေ၏၊ ဝိပဿနံ-ဝိပဿနာကမ္မဋ္ဌာန်းကို၊ ဥပ္ပာဒေတိ-ဖြစ်စေ၏၊ မဂ္ဂံ-မဂ်ကို၊ ဥပ္ပာဒေတိ-ဖြစ်စေ၏ (စာ-၁၂၉)" ဟူလည်းကောင်း ဖော်ပြထားပါသည်။ ဤဖော်ပြချက်များသည် ဆရာကြီးဦးရွှေအောင်၏ -

"သို့ရာတွင် ရှောင်ကြဉ်၍မရသော အခါသမယသည် ပေါ်ပေါက်လာတတ်၏။ ယင်းအခါသမယကား ဒုစရိုက်တရားများနှင့် အဓမ္မဝါဒများက လောကကိုဖျက်ဆီးရန်အားထုတ်သောအခါ၊ သုစရိုက်တရားများနှင့် ဓမ္မဝါဒကို လွှမ်းမိုးရန်ကြိုးပမ်းသောအခါ၊ မိမိအတွက် အသက်အန္တရာယ်ကြုံသောအခါ ဖြစ်လေသည်။ ထိုအခါသမယမျိုးတွင် ကျွန်ုပ်တို့သည် 'အသေကောင်ပုပ်' ကို အမှီတံကဲပြု၍ အသေကောင်ပုပ်၏ အကူအညီဖြင့် တစ်ဖက်ကမ်းကြည်းကုန်းသို့ အရောက်ကူးသကဲ့သို့ ကျူးကျော်စစ်ကိုတိုက်ခြင်းအားဖြင့်လည်းကောင်း၊ ခွေးရူးကိုသတ်ခြင်းအားဖြင့်လည်းကောင်း၊ လူဆိုးသူခိုးများကို နှိမ်နင်းခြင်းအားဖြင့်လည်းကောင်း လောက၏အစီးအပွားအတွက်၊ ဓမ္မဝါဒရှင်သန်ထွန်းကားရေးအတွက် ဆောင်ရွက်ကြရ၏(စာ-၁၅၊ ၁၆)"ဒ ဟူသော ရေးသားချက်နှင့် ဆန့်ကျင်နေကြပါသည်။

သံယုတ္တနိကာယ်၊ ဒေဝပုတ္တသံယုတ်၊ စန္ဒနသုတ်တွင် ". . . အကြင်သူသည် အစဉ်သဖြင့် သီလပညာတို့နှင့်ပြည့်စုံ၍ ကောင်းစွာတည်ကြည်၏။ ထက်သန်သောလုံ့လဝီရိယရှိ၏။ နိဗ္ဗာန်သို့စေလွှတ်အပ်သော လုံ့လဝီရိယ

ရှိ၏။ ထိုသူသည် ကူးမြောက်နိုင်ခဲသော သံသရာရေအလျဉ်ကို ကူးမြောက်နိုင်၏။ ကာမသညာကင်း၍ ရူပသံယောဇဉ်ကို လွန်မြောက်ပြီး နှစ်သက်စွဲမက်ခြင်းကုန်ပြီးသူသည် နက်လှစွာသော သံသရာရေအလျဉ်၌ မနစ်မြုပ်နိုင်ချေ” ဟူ၍ လည်းကောင်း၊ “ရဟန်းတို့ ဖောင်ဥပမာတရားကို နားလည်သော သင်တို့သည် ဓမ္မကိုပင်စွန့်ပယ်အပ်၏။ အဓမ္မကိုကား ဆိုဖွယ်မရှိတော့ချေ” ဟူ၍လည်းကောင်း ဟောကြားထားသော တရားတော်များနှင့်လည်း ဆန့်ကျင်နေကြပါသည်။

ထို့ကြောင့် နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ဗုဒ္ဓဘာသာတရားတော်တွင် အကုသိုလ်ကံများကို တစ်ဖက်ကမ်းသို့ ရောက်စေတတ်သော အသုံးပြုစရာ တန်ဆာပလာ၊ လမ်းစဉ်၊ အမှီတံကဲအဖြစ် မသုံးနိုင်ပါဟု ဆိုလိုရင်း ဖြစ်ပါသည်။

*၂၀၁၃-ခုနှစ်၊ ဧပြီလ၊ ဓမ္မရံသီမဂ္ဂဇင်း*

အမှတ် ၂၉၈၈၈
ရက်စွဲ ၁၈.၁.၁၈

## ထုတ်ဝေပြီး နှလုံးလှ ဓမ္မစာစဉ်များ

စာစဉ် ( ၁ ) ဗုဒ္ဓဝါဒ ဝိဘင်္ဂ — အောင်ထိုက် (ရွှေဘို)

---

စာစဉ် ( ၂ ) — လေးမြိုင် ဓမ္မပူဇာစာပေဆုရ

အရှင်ကောဝိဒ (ယော) ၏

# ဗုဒ္ဓ၏ ဗုဒ္ဓဝါဒ

* အမှန်ကို အမှန်ဟု ခိုင်ခိုင်လုံလုံ ဖော်ပြ၏။
* အမှားကို အမှားဟု တိတိကျကျ ဖွင့်ပြ၏။
* ဤသည်မှာ ဗုဒ္ဓ၏ ဗုဒ္ဓဝါဒ ဖြစ်၏။

---

စာစဉ် ( ၃ ) ကိုယ်တွေ့ဓမ္မဂုဏ်ရည် — စန်းစန်း (မိုးမခ)

စာစဉ် ( ၄ ) တစ်ကမ္ဘာပတ်လုံး အသက်ရှည်နိုင်သူ — အရှင်ဣန္ဒာစရိယာဘိဝံသ

စာစဉ် ( ၅ ) ဖယ်ရှားပါ. . . တွယ်ထားပါ — အရှင်ဣန္ဒာစက္က (ဇလွန်)

---

စာစဉ် ( ၆ ) — မသန်းသန်း (မန်းတက္ကသိုလ်) ၏

ကြီးပွားချမ်းသာရေး လက်တွေ့အသုံးချ

# ကိုယ်ကျင့်မင်္ဂလာ

ကြီးပွားချမ်းသာလိုသူတိုင်းအတွက် လက်စွဲစာအုပ်။
လွယ်လွယ်ရှင်းရှင်း ဖတ်ရှုပြီး သိစရာတွေ အများကြီး ရရှိသွားလိမ့်မည်။
အိမ်သုံး ကျောင်းသုံး သင်တန်းသုံး စားပွဲတင် ဆည်းခံစာအုပ်

စာစဉ် ( ၇ )  ကုန်းထက်သို့. . . ရုန်းထွက်စို့                ဦးကျော်စိန်

---

စာစဉ် ( ၈ )        ကောလေး (ဘုမ္မဝတီ) ၏

## လောကရှုထောင့်  တွင်

ကြည့်လျက် မမြင်ခြင်းသည် မျက်စိကန်း၍ မဟုတ် - ဘာ့ကြောင့်နည်း. . .။
မိမိ၏ လက်တစ်ကမ်း လောကကို မြင်အောင်ကြည့်ပါ။
လက်တစ်ကမ်းဟူသည်ကို အလျင်သိအောင် ကြည့်ထားရပါမည်။
အရုပ်မျိုးစုံ - အရိပ်မျိုးစုံ - ပုံသဏ္ဌာန်မျိုးစုံကို ကြည့်ရှုနိုင်ပါသည်။

---

စာစဉ် ( ၉ )        ဦးညွန့်မောင် (ဓမ္မာစရိယ၊ B.A,R.L.) ၏

## နိဗ္ဗာန်ကို ရှုမြင်ချက်များ

သာသနာ၀င် ဂန္ထဝင်တစ်လျှောက် အထူးကျော်ကြားသော ပညာရှိ ပုဂ္ဂိုလ်များစွာတို့၏ နိဗ္ဗာန်ကို ရှုမြင်သုံးသပ်ချက်. . . စိစစ်ဖော်ထုတ်ချက်. . . ဉာဏ်ခံစားချက်များကို စုစည်းတင်ပြထားသည်။

---

စာစဉ် ( ၁၀ ) ဗုဒ္ဓနှင့် ခေတ်ပြိုင်မှတ်ချက်များ                မောင်လှိုင်မွှေး

စာစဉ် (၁၁) ပြဟ္မစိုရ်နှလုံးသားထဲက  ဓမ္မအတွေးအမြင်
ကေသီရိ (တောင်ငူ)

စာစဉ် ( ၁၂ ) ဒဿနသမ္မဒါတရား၏
လာရာနှင့် လားရာ        အရှင်ဣန္ဒာစရိယာဘိဝံသ

စာစဉ် ( ၁၃ ) ရွှေစခန်းအရောက် ရွှေလမ်းဖောက်ခြင်း ဆလိုင်းရွှေလင်း

စာစဉ် ( ၁၄ ) မိစ္ဆာလမ်းခွဲ ညဏ်ဝင်း (ပင်လည်ဘူး)

စာစဉ် ( ၁၅ ) မြင်တတ်မှ မျက်လုံး ညဏ်နွ

---

စာစဉ် ( ၁၆ )

ကြည်လွင် (မြန်မာစာ) ၏

## ပုထုဇဉ်မှ ပုထုဇဉ်သို့

ဿမိးမိုက်၏ ကျည်ပွေ့သည် မိခင်၏ဦးခေါင်းကို
ဘာ့ကြောင့် ထိမှန်သွားသနည်း။
မင်းတုန်းမင်းသည် ယောမင်းကြီးကို လှံဖြင့်ထိုးရန် ချိန်ရွယ်ပြီးမှ
ဘာ့ကြောင့်မထိုးသနည်း။
(မှ နှင့် သို့ × သို့ နှင့် မှ)

---

လေးမြိုင် ဓမ္မပူဇာစာပေဆုရ

စာစဉ် ( ၁၇ )

ဝင်းအောင်ကြည် ၏

## ခြိမ့်ခြိမ့်သဲသဲ ဩဝါဒခံယူပွဲ

ဆရာတော်ကြီးကိုးပါး၏ မိုးလုံးဟိန်းမျှ ထူးခြားထက်မြက်သော မြွက်ဆိုချက်များ။

ဓမ္မကထိကများနှင့် သာသနာတော်ကို ကြည်ညိုမြတ်နိုးသူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ဩဝါဒရတနာများ။

---

စာစဉ် ( ၁၈ ) ဓမ္မ အဓမ္မ ဝိနိစ္ဆယ ဦးညွန့်မောင် (ဓမ္မာစရိယ၊ B.A.,R.L)

စာစဉ် ( ၁၉ ) တက္ကသိုလ် မဃဒေဝလင်္ကာသစ် အဖွင့်

တက္ကသိုလ်သောတုဇန (မဟာဓမ္မာစရိယ)

စာစဉ် ( ၂၀ ) အသေဝနာစ ဗာလာန်  အရှင်ကုန္ဒာစရိယာဘိဝံသ

စာစဉ် ( ၂၁ ) ကဗျာထဲက ထေရဝါဒ  မုံရွာနေဇာ

---

စာစဉ် ( ၂၂ )

ဖတ်မိသူတိုင်း၊ မှတ်မှတ်သားသားဖြစ်ရမည့် သင်ခန်းစာများ. . .

ဓမ္မကို ကျင့်သုံးခိုက်၊ အဓမ္မနှင့် တိုက်မိပြီး

ဓမ္မရေးရာများနှင့် ဥပဒေရေးရာများ. . .

ဝင်းမာခင် ၏

# ရှင်လျက်သေသူ

---

စာစဉ် ( ၂၃ )

လိုချင်သူများအား ပေးသူမရှိ။ ပေးသူရှိသူများက မလိုချင်။

ဘာသာရေးဆိုင်ရာ ပြုပြင်စရာများနှင့် ပြုပြင်ရမည့် နည်းလမ်းများ

အညတရဘိက္ခု (အာခါ ဗုဒ္ဓဘာသာကျောင်း) ၏

# နှလုံးသား၌ ဘုရားတည်ပါ

---

စာစဉ် ( ၂၄ )

အသိနောက်ကျခြင်းသည် ကြီးမားသောဆုံးရှုံးမှုကြီး ဖြစ်ပါသည်။

အသိမှားခြင်းသည် ကြီးမားသောဆုံးရှုံးမှုကြီး ဖြစ်ပါသည်။

ဗုဒ္ဓ၏တရားတော်များနှင့် ပတ်သက်၍

အသိမှန်ရေး ၊ အသိနောက်မကျရေးအတွက် . . .

ဝင်းအောင်ကြည် ၏

# အနတ္တစကားဝိုင်း



အရဂ်ုမိုးသောက်၊ ပွင့်ချိန်ရောက်ပြီ
မပီမှုန်မွှဲ၊ အမှောင်ထဲမှ
လက်တွဲ ထူမ၊ ဖေးကူကြမည်
ထပါတော့လေ ထွက်ခဲ့လေ။

မြစ်တို့သည် ဘာ့ကြောင့် မစီးသနည်း။
လေတို့သည် ဘာ့ကြောင့် မတိုက်သနည်း။